www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အုပ်ရေ ........ နှစ်ထောင်
တန်ဖိုး ........... နှစ်ဆယ့်ငါးကျပ်
ပထမ အကြိမ် ........... ၁၉၈၆ ခုနှစ်၊ မေ လ

စာမူကြိုတင်ခွင့်ပြုအမှတ် ........... (၁၄၃)
ရာကျော်ပုံနှိပ်တိုက် ........... ဒေါ်ဝါဝါမြင့် (၀၁၄၁၈)
အမှတ်-၁၄၈/၁၅၀၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် ရေခံ ကြိုတင်ခွင့်ပြုအမှတ် ........ (၁၆၅)
စန်းနေရောင်ပုံနှိပ်တိုက် ........ ဒေါ်မြင့်မြင့်စိန် (၀၁၄၃၉)
အမှတ် ၁၅၈၊ ၁၉ လမ်း၊ ရန်ကုန်မြို့။

ဘိုးတော်စာပေ ........... ဒေါ်မြမြ (၀၁၆၆၃)
အခန်း-၆၊ တိုက်-၈၊ ဖဆပလ၊ ရန်ကုန်မြို့

မျက်နှာဖုံးပန်းချီ ........... တင်မောင်မျိုး
အတွင်းပန်းချီ ........... အေကျော်စွာ

## (တစ်)

### ဤဝတ္ထုနှင့်ပတ်သက်၍

တကယ့်အဖြစ်အပျက် ဇာတ်လမ်းကို အခြေခံ၍ စိတ်ကူးဇာတ်လမ်း ဖြည့်စွက်လျက် ဇာတ်အိမ် ဖွဲ့စည်းထားပါသည်။

လူ့ဘဝ လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လမ်းမှန်နှင့် လမ်းမှားဟူသော လမ်းနှစ်သွယ်ကို မလွဲမသွေ တွေ့ဆုံရမည်ဖြစ်ရာ လမ်းမှန်ကို ရွေးချယ် လျှောက်လှမ်းသူအဖို့ အောင်မြင်မှုနှင့် အောင်နိုင်မှုကို ပိုက်ထွေးရစမြဲ ရှိသလို၊ လမ်းမှားပေါ် လျှောက်လှမ်းမိသူများအတွက်မူ ဆုံးရှုံးခြင်းနှင့် ဘဝပျက်ခြင်းကို ကောန်မလွဲ ပိုက်ထွေးရစမြဲ ရှိလိမ့်မည်ပါ။ လမ်းနှစ်သွယ် ရွေးချယ်မှုကို နှိုင်းယှဉ်ဖော်ပြလိုသည့် ဆန္ဒမှန်ဖြင့် ဇာတ်လမ်း သွယ်လျှားထားပါသည်။

ဇာတ်လမ်းအရ မပါမဖြစ်သော ဂျပန်ပြည် အကြောင်း တစိတ်တဒေသနှင့် ခရီးသွား အတွေ့အကြုံကို ရေးဖွဲ့ရာဘွင် စာရေးသူကိုယ်တိုင် မသွားဘူး မရောက်ဘူးပါ၊ သွားဖူး ရောက်ဖူး၊ နေထိုင်ခဲ့ဖူးသူများထံမှ မေးမြန်း လေ့လာ၍ ရေးသားရသောကြောင့် နားမည်

www.burmeseclassic.com

အခေါ်အဝေါ်မှ အစစ လွဲမှားနိုင်ရာသော အချက်အလက်အချို့ ပါဝင်ကောင်း ပါဝင်လိမ့်မည်ဖြစ်ရာ၊ ဇာတ်လမ်းကို ယေဘုယျအားဖြည့်ခြင်းဟု သဘောမှု၍ ခွင့်လွှတ်ကြပါရန် တင်ကြို တောင်းပန်အပ်ပါသည်။

(နှစ်)

"တိဗ္ဗတ်ပါလား၊ ကားပါလား" စာအုပ်ကို ဖတ်ရှုပြီးနောက် ထိုဇာတ်လမ်း သဘောဆောင်သည့် ဝတ္ထုတအုပ် ထပ်ရေးပါဦးဟု စာဖြင့် ဆန္ဒပြုကြသော စာချစ်သူများ၏ လိုအင်ဆန္ဒကို ဖြည့်စွမ်းသောအားဖြင့် "တိဗ္ဗတ်ပါတယ်၊ ကားပါတယ် ဒါပေမယ့်"ကို ရေးလိုက်ရပါကြောင်း။

စာရေးသူ၏ စာအုပ်များနှင့် ပတ်သက်၍ ဝေဖန်၊ အကြံပေးကြသော စာချစ်သူများကို အထူး ကျေးဇူးတင်ရှိပါကြောင်း ပြန်ကြားယင်း ဘက်လိုက်မှုကင်းသော မမှိတ်ဒွန်ကျကျ ဝေဖန်မှုကို အစဉ်ငံ့လင့် ကြိုဆိုလျက်။

ရွှင်လန်းချမ်းမြေ့ကြပါစေ
ကျော်မြသန်း

* ခန္တီစ၊
သည်းခံခွင့်လွှတ်ခြင်းသည်
ကြီးမားမြင့်မြတ်သော အောင်မြင်မှုဖြစ်သည် *

(တစ်)

မဂ်လာဒုံလေဆိပ်မှာ။

လေဆိပ်၏ ကောင်းကင်ပြင်မှာ တိမ် ညိုတိမ် လွှာများ တင်းရှင်းနေသည်။ မိုးရာသီ ကုန်ပြီးစ၊ ဆောင်းရာသီသို့ အဝင်။

မြောက်လေပြေမှာ ညှင်းအေးစွာ တိုက်ခတ်နေသည်။

နိုင်ငံခြားလေယာဉ်များ ဆင်းမည့်နေ့။

ထိုင်းအဲယားဝေးခေါ် ယိုးဒယား လေကြောင်းကုမ္ပဏီမှ လေယာဉ် ဆင်းသက်မည့် နေ့ဖြစ်သောကြောင့် လေဆိပ်သို့ ကြိုတင် ရောက်နေသည့် ကားများမှာ ခါတိုင်းထက် ပိုများသည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေပြာရောင် ချက်ပလက်ဘဲလ်အဲယား အင်ပါလာ ကားတစီးမှာ လေဆိပ်သို့ အရှိန်ဖြင့် ကွေ့ဝင်လာပြီး၊ လေဆိပ်အငှားယာဉ်များ ထိုးရာ သီးခြားဂိတ်တွင် ကပ်ရပ်လိုက်၏။ ထိုနောက်မှ ကားတန်းများကြား လွတ်သည့်နေရာသို့ ဖင်ထိုးဝင်လိုက်သည်။ ကားကြီးမှာ မသစ်သော်လည်း ဆေးပြန်မှုတ်ထားသောကြောင့် ဝင့်ဝင့်လွှင်လွှင် ကြွားကြွား ရွှားရွှားရှိသည်။

ကားကြီးပေါ်က ဆင်းလာသူမှာ သက်ရွယ်မျှမြစ်သည့် လူငယ်တယောက်၊ သူ၏ အသားအရေမှာ ဖြူဆွတ်လွန်းသည်။ အသားဝါဝါ ဖြူပုံမျိုး မဟုတ်၊ ဖြူလွန်းသောကြောင့် ပန်းနုရောင် သွေးထင်နေသည်။ သူ့ရုပ်သွင်မှာ တရုတ်လိုလို၊ ဂျပန်လိုလို၊ ခေတ်လူငယ်တို့ ဝတ်စားဆင်ယင်မှုအတိုင်း ဂျင်းဘောင်းဘီနှင့် စပို့ရှပ်အနီရောင် ဝတ်ဆင်ထားသည်။ သူ၏ အသားအရေနှင့် လိုက်ဖက်လှ၏။

မျက်ပေါက် အနည်းငယ် ကျဉ်းသယောင် ရှိသော်လည်း ထူထဲသည့် မျက်ခုံးမွေးများနှင့် နက်မှောင် သန်စွမ်းသော ဆံပင်များက သူ၏ မျက်နှာအသွင်ကို ထိန်းပေးထားသလို ရှိနေသည်။

သူ၏ အမည်မှာ တင်မောင်မြင့်။

ရင်းနှီးသူများက သူ၏ သန်စွမ်းလှသော မျက်ခုံးမွေးများကြောင့် စိန်မျက်ခုံးလို့ ခေါ်ကြသလို ဂျပန်နှင့် တူသောကြောင့် ဂျပန်လေးလို့လည်း ခေါ်ကြသည်။



သူကတော့ ဘယ်လိုခေါ်ခေါ် နှစ်နှစ်ခြိုက်ခြိုက် ခေါင်းညိတ်တတ်သည်ပါ။

တင်မောင်မြင့်၏ မိဘနှစ်ပါးစလုံးမှာ မြန်မာလူမျိုးများဖြစ်စေကာမူ သူ့ကျတော့ အသွေးအမွေးရော ရုပ်သွင်ပါ တမျိုးထင်နေသည်။

သူ့ကား နည်းတူ အခြားသော ဆီဒင်ကားကြီးများသည်လည်း လေဆိပ်၌ ကားရပ်ရမည့်နေရာတွင် အစီအရီ ထိုးဆိုက်ထားကြသည်။ ထိုကားများ ထဲတွင် နံပါတ်အနီလည်းပါသည်။ နံပါတ်အနက်လည်းပါသည်။ အားလုံးမှာ ကိုယ်နည်းကိုယ့်ဟန်ဖြင့် တိုင်စီဆဲ့နေသော ကားများဖြစ်ရာ ကားအမျိုးအစား အရောင်အသွေးစုံလင်သလို ယာဉ်မောင်းသူများမှာလည်း အလှအသီးသီး စုံလင်လှ၏။

ပင်စင်နာများ၊ ကုန်သည်ဘဝမှ စီးပွားပျက်လာသူများ၊ နိုင်ငံရေးသမားဟောင်း၊ ကျောင်းဆရာဟောင်း၊ တပ်မတော်အငြိမ်းစား၊ ပွဲစား၊ ဘိလိယက်ခုံပိုင်ရှင်၊ ဘွဲ့ရပြီးအလုပ်မရသေးသည့် ကျောင်းသား စသည်ဖြင့် အလှာစုံပါဝင်ကြသည်။

သည်အထဲမှာ တင်မောင်မြင့်က အငယ်ဆုံး။

အပြောအဆို သိမ်မွေ့သည်။ အနေအထိုင် အေးဆေးသည်။ တကိုယ်ကောင်း မဆန်တတ်သဖြင့် အားလုံးကသူ့ကို ခင်ကြသည်။ ချာတိတ်၊ ချာတိတ်နှင့် နောက်လိုက်ပြောင်လိုက် ရှိကြသည်။ သူတို့အထဲမှ အများစုမှာ ယင်းလုပ်ငန်းကိုအမြဲတန်းလုပ်မည့်သူဟု ဇောက်ချလုပ်ကိုင်နေသူများမဟုတ်။ ကြေးစားများ တဦးပေါ်တခိုး ညစ်စိတ်မထားကြ။ သူ့အလှည့်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အလှည့် မျှမျှတတ အပေးအယူရှိကြသည်။ လေဆိပ်ဂိတ်မှာ စောင့်ရသည့် အချိန်ကကြာသည်။ စိတ်မရှည်သူများက စိတ်မသိုးချင်။ လေယာဉ်အဝင်အထွက်က အချိန်မမှန်။

ခရီးသည် ရပြီဆိုတော့လည်း တခေါက်ဆို ဆိုသလောက် မြက်မြက်သက်သက်ကလေး ရှိသပ။

ပြည်တွင်းလေယာဉ်များက နံနက်ပိုင်းမှာ ထွက်သွားကြပြီး မွန်းလွဲနှင့်ညနေပိုင်းမှာ ပြန်ဝင်လာလေ့ရှိ၏။ အချိန်ကိုတော့ အတိအကျ တွက်လို့မရ။ သို့ဘစေ ပစ္စည်းမများ လူမများပဲ တခေါက်ကို အစိတ်သုံးဆယ်ရသည်။ သုံးလေးဦးပေါင်းတင် လိုက်လျှင် ခုနစ်ဆယ်၊ ရှစ်ဆယ်ပြေးမလွတ်။ သူတို့ကားတွေက ကားကြီးတွေမို့ စီးသူတွေလည်း ချောင်ချောင်ချိချိစီးရသည်။ ဆီကုန်သက်သာသလို ကားလည်းမနာ။

ပြည်ပခရီးစဉ်မှ ခရီးသည်ရလျှင်ပို၍ တွက်သားကိုက်သည်။ ဘီ၊ အော၊ စီ လေယာဉ် ဘန်ကောက်မှ ပြန်လာသည့်အခါ ရှေ့ခြမ်းနှင့် အနောက်ခြမ်းမှ ခရီးသည်များ ပါလာစမြဲ။

အဆင့်အတန်း မြင့်မြင့် ကမ္ဘာလှည့် ခရီးသည်များ၊ ကုန်သည်များ၊ ပရိုဂျက်လုပ်ငန်းတွင် တာဝန် ထမ်းဆောင်ရသူများ ပါလာလျှင် အင်းလျားလိတ်၊ သမ္မတ၊ စထရင်းဟိုတယ်များသို့ ပို့ပေးရသည်။ တချို့က မောင်းသူနှင့် ကားကြိုက်လျှင် နောက်နေ့တွေ အတွက်ပါ ဆက်ငှားတတ်သည်။

သည်လိုအလှည့်မျိုး ကြုံပြီဆိုယင် စို့စို့ပို့ပို့ရသည်။

နိုင်ငံခြားသား အများစုမှာ ဂျစ်ကားနှင့် ကားအငယ်စားများကိုမကြိုက်ကြ၊ မစီးချင်ကြ၊ သူတို့ အရပ်အမောင်းကြီး



တွေနှင့် တက်ရအခက်၊ထိုင်ရအခက်အဆင်မပြေ။ဆင်းရတာက်ရ ကိုးရိုးကားရား ကားမျိုးဆိုဝေလာလေး။ သူတို့ နိုင်ငံမှာလေ့ အတိုင်း ကားကြီးကြီးတွေကို ကြိုက်သည်။ နောက်မှီကလေးလှပြီး အကျအန စီးရမှ သဘောတွေ့သည်။ အများအားဖြင့် နိုင်ငံခြား ခရီးသည်များ အတွက် ရည်ရွယ်ပြီး ဂိတ်ထိုးသည့် ကားများမှာ ခြောက်လုံးထိုး၊ ရှစ်လုံးထိုးကားကြီးတွေ များသည်။

ချက်ပလက်၊ ဗြူ၊ တိုယိုတာက ရောင်း၊ မာစီဒီး၊ ဟမ်းဘား၊ အဲလ်အဲယား၊ ဖို့ဒ်နှင့် သံရိုးကျကားကြီးတွေသာ များသည်။ ခေတ်ဆီစားပေမယ့် ရသည့်နှုန်းနှင့် တွက်သားကိုက်နေသည်။

ကားကြီးတွေကို ကြော့မော့နေအောင် မွမ်းမံပြုပြင် မြင့်ဆင်ထားကြ၏။အမြင်လှအောင် ခြယ်သထားကြ၏။သည်ကားကြီးများကို တချိန်က ကိုယ်ပိုင်သုံးအဖြစ် ဇိမ်ခံစီးခဲ့ကြသော်လည်း လက်ရှိအခြေအနေတွင် ငှားကားကြီးများ အဖြစ်သို့ ပြောင်းလဲလိုက်ကြပြီ။

ခု...တင်မောင်မြင့် မောင်းနေသော ကားကြီးမှာ တချိန်က သူတို့ အိမ်သုံးကားကြီးပါ။ အခြေအနေအရ တဖြစ်လဲလိုက်ရသော်လည်း အငှားဒရိုင်ဘာမထားပဲ သူကိုယ်တိုင် မောင်းနေသည်။ လျှောက်ထားသည့်အလုပ်က အဆင်မပြေသေး။ သူ့ကိုယ်ဗီဇက ပေါ့ပေါ့တန်တန် မနေတတ်။ အလုပ်တခုခုလုပ်နေရမှ။ ကျောင်းတက်နေစဉ်ကလည်း ကျောင်းစာမှ တပါးအခြားသောအရာသည် သူနှင့် မဆိုင်သကဲ့သို့ ကျောင်းစာကို

www.burmeseclassic.com

www.burmeseclassic.com



သာ သဲသဲမဲမဲကြိုးစားခဲ့သည်။ စာအုပ်နှင့်မျက်နှာ မခွာတမ်း အပ်ထားတတ်သူ။ ဘွဲ့မရ အတွဲလေး ထည်လဲနှင့် ဆိုသူထဲမှာ သူမပါ။

ခုလည်း အလုပ်အတွက်စောင့်ယင်း အလကား လပ်ယား လပ်ယား နေရမည့်အစား အိမ်က ကားနှင့် ငွေထုတ်ရှာနေသည်။

လေဆိပ်ဂိတ်တွင် ဂိတ်ထိုးထားသူများမှာ အများသော တိုင်စီမောင်းသူများနှင့် မတူ။ အင်္ဂလိပ်လို ဒွတ်ဒက်ရှာဒက် မပြောတတ်ယင် အလုပ်မဖြစ်။ လည်လည်ပတ်ပတ် မဟုတ် တောင် ထမင်းစားရေသောက်အဆင့်ထက် မြင့်မြင့်လေးပြော တတ်မှ အလုပ်ဖြစ်သည်။

နိုင်ငံခြားသားများနှင့် အထိအတွေ့များသည့်နေရာ။

တင်မောင်မြင့်က အင်္ဂလိပ်လို လည်လည်ပတ်ပတ်ပြောနိုင် သည်။ သည် အ လုပ် လုပ် ပြီ ဆိုတော့လည်း ပိုပြီး ပြောနိုင် အောင် လေ့လာရသည်ပါ။

စက်မှုတက္ကသိုလ်က ဘွဲ့ရပြီးသား။

ဗိမ်ခကားကြီးမျိုး စီးနိုင်သည့် မိသားစုနှင့် ဆက်နွှယ်နေ စေကာမူ စက်မှုတက္ကသိုလ်မှ ဘွဲ့ရပြီးစေကာမူ သူ့ဘဝဇာတ် ကြောင်းက တထွေတမျိုး။

လူတိုင်းမှာ ကိုယ့်အကြောင်းနှင့် ကိုယ်ရှိကြသည်ချည်း။

တင်မောင်မြင့်မှာလည်း သူ့အကြောင်းနှင့်သူ။

× × ×

## ( နှစ် )

"သားရေ လူကလေး"

"ဗျာ...မေမေ"

"သားဘာလုပ်နေသလဲဟင်"

"စာကျက်နေပါတယ် မေမေ"

"နောက်ဖေးကို ခဏဝင်လာပါအုံးကွယ်အဟွတ် အဟွတ်"

အိမ်နောက်ဖေး မီးဖိုဆောင်ဘက်မှ အမေ၏ ခေါ်လိုက် သံကြောင့် တင်မောင်မြင့်မှာ စာကျက်နေရာက စာအုပ် ကလေးကိုချပြီး ကပျာကသီပင် မီးဖိုဆောင်ဘက်သို့ ပြေးဝင် သွားရသည်။ ခုံပေါ်တွင်ထိုင်နေသည့် အမေ၏နဖူးပြင်ပေါ်မှာ ချွေးစေးများ ပြန်နေသည်။ အမေ၏ အသက်ရှူပုံမှာ အား ယူ၍ ရှူနေရဟန်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ မေမေ"

"နည်းနည်း မောလို့ပါကွယ်"

"မောယင်လဲ ဟင်းချက်မနေပါနဲ့တော့ မေမေရယ် လမ်းထိပ်ဆိုင်က ဟင်းဝယ်စားလိုက်ကြတာပေါ့"

တင်မောင်မြင့်က အမေ့နဖူးပေါ်မှ ချွေးသီးချွေးပေါက်များကို မျက်နှာသုပ်ပဝါဖြင့် သုတ်ပေးယင်း ဟင်းဝယ်စားဖို့အကြောင်း ပြောလိုက်၏။

"နေ့တိုင်း ဟင်းဝယ်စားနေလို့ ဘယ်ဖြစ်ပါ့မလဲ သားရယ်၊ ဆိုင်ကဟင်းဝယ်စားယင် ပိုက်ဆံပဲပိုကုန်တယ်၊ ပြီးတော့ ဖွယ်ဖွယ်ရာရာလဲ မစားရဘူး။ ပြီးတော့ အမေတို့မှာ ခြိုးခြံချွေတာပြီး သုံးစွဲနေရတာ မဟုတ်လား"

အမေ၏စကားအဓိပ္ပာယ်ကို ရှစ်နှစ်သား တင်မောင်မြင့်က အပြည့်အဝ နားမလည်သော်လည်း တုံ့ပြန်စကား မဆိုရှာပါ၊ သူက ခုမှသုံးတန်းကျောင်းသား။ ဖခင်ဖြစ်သူမှာ ကျောင်းစနေသည့်နှစ်မှာပင် သားအမိနှစ်ယောက်ကို လူ့လောကအလယ်တွင်ထားရစ်၍ လာရာလမ်းသို့ ပြန်သွားရရှာသည်။

အဖေရှိတုန်းက အမေဒေါ်အေးမြင့် မီးဖိုချောင် ဘယ်ဝင်ရမှာပ။ အိမ်ဖော်နှစ်ယောက်နှင့် ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် အခန့်သား နေခဲ့ရသည်ပါ။

အဖေက ဘီ၊ အိုင်၊ စီ ကုမ္ပဏီလက်ထက်ကတည်းက ရေနံတွင်းတူး လက်ထောက်အင်ဂျင်နီယာ။ နိုင်ငံပိုင်ဖြစ်လာပြီးနောက် အုပ်ချုပ်ရေးမှူး ရာထူးအထိ တိုးမြှင့်စေခဲ့သည်။ သို့တစေ အဖေက သက်ဆိုးမရှည်ရှာ။



သူက သားနှောင်း သားထွေး။

သူ့အရင်မွေးခဲ့သည့် သားသမီးများမှာ အဖတ်မတင်။ တင်မောင်မြင့်မှာ မိဘနှစ်ပါးစလုံး၏ မေတ္တာနှင့် အယုအယအပိုက်အထွေးကို နှစ်နှစ်ကာကာကြီး ရရှိခံစားခဲ့ရသည်။ ဖခင်ကွယ်လွန်ပြီးသည့်နောက် မိခင်ဖြစ်သူက ချစ်ခြင်းမေတ္တာနှင့် အယုအယကို သူ့အပေါ်သို့ ပုံအောပေးခဲ့ပြန်သည်။ သို့ဘစေ မိခင်ဖြစ်သူ၏ ကျန်းမာရေးမှာလည်း သိပ်မကောင်း၊ မိခင်ဖြစ်သူမှာ မုဆိုးမတို့ ထုံးစံအတိုင်း ပူပင်သောကများ တပွေ့တပိုက်ကြီး ပိုက်ထွေးနေရသည်မှ နှလုံးရောဂါ ဝေဒနာစွဲငြိလာခဲ့သည်။

သောကပြင်းထန်လေ နှလုံးရောဂါစွဲငြိလေမှာ ဓမ္မတာ။

ခင်ပွန်းသည် ဦးတင်မောင်နှင့် လုပ်ဖော်ကိုင်ဘက် ဦးဘဇော်တို့ လင်မယားမှာ မိတ်ဆွေကောင်းပီသစွာ ဦးတင်မောင်ရှိတုန်းကလိုပင် အဝင်အထွက်မပျက် အားပေးနှစ်သိမ့်စကားအဆိုမပျက်။ လိုအပ်သမျှအကူအညီကိုလည်း အပေးမပျက်၊ ဦးဘဇော်ဇနီး ဒေါ်ထက်ထက်နှင့်ဒေါ်အေးမြင့်တို့မှာ ညီအစ်မအရင်းထက်ပင် ချစ်ခင်ကြ၍ သံယောဇဉ် တွယ်ငြိမှု ခိုင်မြဲခဲ့ကြသည်။ တင်မောင်မြင့်ကိုလည်း တအားကြီးချစ်သည်။

ဦးတင်မောင်နှင့် ဒေါ်အေးမြင့်တို့၏ နှစ်ဘက်မိဘများမှာ လူလတ်တန်းစားများ ဖြစ်ကြသဖြင့် နှစ်ဘက်စလုံးက အမွေပုံအမွေအနှစ်ကို မရခဲ့၊ သူတို့နှစ်ယောက်မှာ ရရစားစားနေခဲ့စား ဘမားတို့ထုံးစံအတိုင်း ငွေပင်ငွေရင်းမစုဆောင်းနိုင်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဦးအားဇော်တို့ကတော့ သူတို့လိုမဟုတ် ဒေါ်ထက်ထက်၏ အိုးဘွားမိဘများမှာ ရွှေးခေတ်ရေနံ တွင်းရှိုးတွင်းစားများ ဖြစ်ကြသည့်အတိုင်း ဒေါ်ထက်ထက်မှာ မိဘအမွေအနှစ်ကို စုစုပုံပုံရလိုက်သည်။ ဦးတင်မောင်ရှိစဉ်က ငွေကြေးချေးငှားမှု ဆက်ဆံရေးမျိုး မရှိခဲ့သော်လည်း အလှူအတန်း သွားသည့်အခါ ဝတ်ဆင်ဖို့ စိန်ထည်ပစ္စည်းများကို ဒေါ်ထက်ထက်က အတင်းအကြပ် ထုတ်ပေးဝတ်ဆင်စေခဲ့သည်။

ဒေါ်ထက်ထက်တို့မှာ သားတယောက်နှင့် သမီးတယောက် သာရှိသည်။

သားက ဇော်ဇော်ထက်။

သမီးက မော်မော်ထက်။

ဇော်ဇော်ထက်က တင်မောင်မြင့်ထက် တနှစ်ကြီးသည်။ မော်မော်ထက်က တနှစ်ခွဲငယ်သည်။ သူတို့သုံးယောက်မှာ ငယ်ငယ်ကတည်းက ကစားဖော် ကစားဘက်။ မော်မော်ထက်က အစ်ကိုဖြစ်သူထက် တင်မောင်မြင့်ကို ပိုခင်သည်။ သူတို့နှစ်မိသားစုမှာ အိမ်ချင်းကပ်လျက် မဟုတ်စေကာမူ သိပ်မဝေး လေးအိမ်ပဲခြားသည်။

ဦးတင်မောင် မရှိတော့သည့် နောက် ဒေါ်ထက်ထက်မှာ နှစ်ရက်ခြားတခေါက်၊ သုံးရက်ခြား တခေါက်လောက်တော့ ရောက်လာစမြဲ ရှိသည်။

တနေ့....။



ဒေါ်အေးမြင့်မှာ ဘုရားရှိခိုးပြီးပြန်အထ မတ်တတ်ကနေ လဲကျသွားခဲ့သည်။ လဲကျသွားပုံမှာ ခြေပစ်လက်ပစ် အရှပ်ကြီးပြုတ်သို့နှယ်။

ဒေါ်ထက်ထက်မှာ ဆရာဝန်နှင့် အတူ ရောက်လာသည်။ ဆရာဝန်က ဆေးရုံတက်မှ ဖြစ်မည်ဆိုသော်လည်း ဒေါ်အေးမြင့်က ဆေးရုံကိုကြောက်သည်။ ဆရာဝန် ပြန်သွားပြီးနောက် အနည်းငယ် သက်သာသလို ရှိသော်လည်း အခြေအနေမှာ အားရဖွယ်မရှိ။ ဒေါ်ထက်ထက်က ဆေးရုံတက်ဖို့ နားချနေရသည်။

"ဆေးရုံတက်လို့လဲ မထူးပါဘူး ထက်ရယ်၊ မြင့် မှာချင်တာကလေးတွေသာ မှာခဲ့ပါရစေ"

"မြင့်ကလဲ အားလျှော့လိုက်တာကွာ၊ သည်အခြေအနေမျိုး မဟုတ်သေးပါဘူး"

"ကိုယ့်ဟာကို သိပါတယ် ထက်ရယ်....သားလေးအတွက်သာ"

"ဒါတွေ ပြောစရာ မလိုပါဘူးမြင့်ရယ် ဆေးရုံတက်ဖို့သာ"

"ထက်စကားကို မြင့် နားထောင်ပါ့မယ်၊ မြင့် မှာခဲ့ချင်တာကိုတော့"

"ကဲ....ကဲ....ပြော"

"မြင့်တို့အခြေအနေ ထက် သိပါတယ်လေ၊ ဒီအိမ်ကလေးနဲ့ အတွင်းပစ္စည်း အသင့်အတင့်ပဲ ရှိပါတယ်၊ ဒါတွေ မြင့်ကိုပဲ အပ်ခဲ့ပါရစေ၊ သားလေးကို လူလားမြောက်အောင် မွေးပြီး ပညာသင်ပေးပါ ထက်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



"သည့်အတွက် မြင့် ဘာမှမပူနဲ့၊ သားအတွက် တာဝန်အားလုံး ကိုယ်ယူမယ်၊ ကိုယ့်သားအရင်းလိုပဲ မွေးပြီး ပညာသင်ပေးမယ်၊မြင့်အတွက်လဲ ကိုယ်တာဝန်ယူမယ်၊ ကိုယ် မြင့်ကို ကတိပေးပါတယ်ကွာ"

ဒေါ်ထက်ထက်မှာ မျက်လုံးအိမ်ထဲတွင် ပြည့်လျှံလာသည့် မျက်ရည်များကို မထိန်းနိုင်။

ဆေးရုံရောက်ပြီး ငါးရက်မြောက်နေ့။

သင်္ချိုင်းကုန်းသို့ ရောက်သွားရလေသည်။

တင်မောင်မြင့်မှာ မျက်စိသူငယ်နှင့် ကျန်ရစ်ခဲ့သည့် အဖြစ်မျိုးတော့ မရောက်။ ဦးဘဇော်ရော ဒေါ်ထက်ထက်ကပါ ထွေးထွေးပိုက်ပိုက်၊ ယုယုယယ ဂရုစိုက်ခဲ့ကြသည်။ နှစ်သိမ့်ခဲ့ကြသည်။ မေ့တ္တာအသစ်ကို ပြန့်ပွားပေးခဲ့သည်။

နှစ်ယောက်စလုံးက သားရင်းပမာသို့နှယ်။

မော်မော်ထက်ကလည်း အစ်ကို အရင်းသို့နှယ်။

ဇော်ဇော်ထက်ကတော့ နည်းနည်း ဗိုလ်ကျချင်သည်။

ဒေါ်ထက်ထက်တို့နှင့် နေရသည်မှာ လိုလေသေးမရှိ။ အစားအဝတ် အားလုံး ပြည့်စုံရုံမက သားအရင်း ဇော်ဇော်ထက်နှင့်တန်းတူအလိုလိုက် အရေးပေးခြင်းကို ခံရသည်။အမွေစားအမွေခံ သားအဖြစ် စာချုပ်စာတမ်း ပြုလုပ်၍ လူသိရှင်ကြား မွေးခဲ့သည်အထိ စိတ်အားမငယ်အောင် ထားခဲ့သည်။ သို့တစေ အမေနှင့် နေရစဉ်ကလို မပျော်။

တင်မောင်မြင့်က စာကိုတော့ ကြိုးစားသည်။

ခြောက်တန်း ရောက်သည့်နှစ်။



အတန်းပိုင်ဆရာ ဦးရဲထွတ်က သူ့အိမ်ကိုခေါ်ပြီး စာသင်ပေးရုံမက လူငယ်တယောက် နားလည်လွယ်စေသည့် စကားလုံးများကိုပြော၍ လျှောက်လှမ်းရမည့် ဘဝခရီးလမ်းကြောင်းကို တည့်မတ်ပေးခဲ့သည်။

တင်မောင်မြင့် ရှစ်တန်း အောင်သည့်နှစ် ဦးဘဇော်မှာ ရန်ကုန် ရှမ်းချုပ်သို့ ပြောင်းရွှေ့ခဲ့ရသည်။ ဒေါ်ထက်ထက်က ရွှေရေးအတွက်ပါ အမျှော်အမြင် ရှိသည့်အလျောက် ကျောက်ကုန်းဘက်တွင် မကျဉ်းမကျယ် မြေတကွက်နှင့် တိုက်တလုံးကို ဝယ်ထားလိုက်သည်။ သောင်းစကား အများဆုံး ပြောသည့်ကာလ။

ဦးဘဇော်မှာ ပင်စင်ယူဖို့ အချိန် နီးကပ်လာပြီ ဖြစ်သည့်အလျောက် အပြင်လုပ်ငန်း တခုခု ထူထောင်ဖို့ ဖြင်ဆင်နေကြသည်။

သွပ်ဗူး၊ သွပ်ပုံး၊ သွပ်ခွက် အဖုံး အမျိုးမျိုးနှင့် ပတ်သက်သည့် လူသုံးကုန်ပစ္စည်း လုပ်ငန်း လုပ်ကိုင်ဖို့ ဘီ၊အို၊စီ။ (မြန်မာ့ရေနံ)တွင် ကံထရိုက်လုပ်နေသည့် ကူးမားဝါလ်က အဆိုပြုလာသည်။ ဦးဘဇော်နှင့် ကူးမားဝါလ်တို့မှာ လုပ်ငန်း သဘောအရ အဆက်အဆံ ရှိခဲ့ကြသည့်အပြင် ကျေးဇူးခံ ကျေးဇူးစား သဘောလည်း ရှိနေသည်။

ဒေါ်ထက်ထက်နှင့် ကူးမားဝါလ်တို့ အစုစပ် လုပ်ငန်းအတွက် စာချုပ်ချုပ်ဆိုလိုက်ကြ၏။တဦးလျှင် ငွေရင်းတသိန်းစီ ထည့်ဝင်ကြရမည်။ ဒါက စာချုပ်ပါ သဘောတူညီချက်။ ဒေါ်ထက်ထက်တို့ တကယ် ထည့်ဝင်ရသည်မှာ ငါးသောင်း

www.burmeseclassic.com

www.burmeseclassic.com



မျှသာ။ လိုအပ်သည့် ကိစ္စအရပ်ရပ်ကိုတော့ ဦးဘဇော်က ကူညီပံ့ပိုးပေးရမည်။

သံပြားဖြတ်စက်၊ ဖိစက်၊ ပုံလောင်း ပုံသွင်းစက်၊ အချောကိုင်စက်၊ ကပ်စက်များမှာ ကူးမားဝါလ်တွင် ရှိပြီးသား။ ကူးမားဝါလ်က သူတို့ကို ရှယ်ယာခေါ်သည်မှာ သူ၏လုပ်ငန်းကို တိုင်းရင်းသားပိုင် လုပ်ငန်းအဖြစ် လှည့်စားပြဖို့နှင့် နေရာတကာတွင် သူ၏ဆက်ဆံရေးထက် ဦးဘဇော်နှင့် ဒေါ်ထက်ထက်တို့ ဆက်ဆံရေး ပါလာဖို့ဖြစ်သည်။

အတွင်းလုပ်ငန်းပိုင်းဆိုင်ရာ အားလုံးကို ကူးမားဝါလ်က လုပ်သွားမည်။ အပြင်လုပ်ငန်းနှင့် ပတ်သက်ရာများ၊ ရုံးလုပ်ငန်းနှင့် ဆက်ဆံရာများကို ဒေါ်ထက်ထက်က လုပ်ရမည်။

ဦးဘဇော်၏ အဆက်အသွယ် ဒေါ်ထက်ထက်၏ အစွမ်းအစကြောင့် ကုန်ကြမ်းပစ္စည်းတွေ ဖောဖောသီသီ ရသလို၊ ကူးမားဝါလ်၏ စျေးကွက်ရှာတတ်မှုကြောင့် ထွက်သမျှပစ္စည်းများမှာ ရောင်းကွက် တွင်ကျယ်ခဲ့သည်။

ဇော်ဇော်ထက်က ဆယ်တန်း တောင် ကို မကျော်နိုင်၊ ပထမတော့ ကြိုးစားတက်သည်။ လန်ကျပါများတော့ ကြိုးစားမတက်တော့ ကျော်နိုင်လျှင် ကျော်မည်၊ မကျော်နိုင်လျှင် နေလေတော့ဟု ပေါ့ပေါ့တန်တန် သဘော မူနေခဲ့ရာမှ တက္ကသိုလ်နယ်မြေမှာ ခြေချခွင့်မရခဲ့။

ထင်မောင်မြင့် အဖို့မူ ဆယ်တန်းတောင်ကြီးမှာ တောင်ကြီးဖဝါးအောက် ဆိုသလို သူ့ဖဝါးအောက်မှာ ပြားဝပ်ရသည်။ ကြိုးစားမှု ရလာဒ်ကြောင့် တောင်တက်ရာတွင်



အခက်အခဲ လုံးဝမရှိ။ မှန်မှန်လေးတက်ပြီး လွယ်လွယ်လေး ကျော်လိုက်နိုင်သည်။ ဇွဲလုံ့လဝီရိယနှင့် ကြိုးစားမှုအားမာန် မွေးနိုင်သူများအတွက် အောင်မြင်မှု ပန်းတိုင်ဆိုသည်မှာ လက်ဆကမ်းမျှသာ။

ဒေါ်ထက်ထက်တို့မှာ စီးပွားရေး လုပ်ငန်း အောင်မြင်လာသမို့ ရုံးကားရှိပါလျက် လင့်ရှိဗာ ကားတစီးကိုပင် အပိုဆောင်း ဝယ်ထားနိုင်သည်။ ကားအပိုတစီး အိမ်မှာရှိလာသည်ကြောင့် ဇော်ဇော်ထက်မှာ ကျောင်းစာနှင့် ပို၍ လွတ်ကင်းသွားသည်။ ခြေဗွေပေါက်နေသူကို ဘီး တပ်ပေးလိုက်သည်သို့ ရှိသွားပါချေ၏။

ဒေါ်ထက်ထက်က သားကို အလိုလိုက်သည့် နေရာတွင် လွန်ကဲကဲ၊ သာသာထိုးထိုး ရှိလွန်းသည်။ ပညာရေးဘက်တွင် မအောင်မြင်သည့် သားမျက်နှာမငယ်အောင် မမှန်သော ဆင်ခြေသမ်းများဖြင့် အကာအကွယ် ပေးခဲ့သည်။ ဖိုတင်ပေးခဲ့သည်၊ ငွေကြေး သုံးစွဲခွင့်ကို အကန့်အသန့်မထား။ အဝတ်အစားကို လိုတာထက် ပို၍ဝယ်ပေးသည်။ လင့်ရှိဗာကား ဝယ်လိုက်သည်မှာလည်း သားဖြစ်သူ ဇော်ဇော်ထက် အသုံးချဖို့ ရည်ရွယ်ခဲ့သည်ပါ။ အိမ်သုံးအတွက်၊ လုပ်ငန်းသုံးအတွက် အကြောင်းပြစေကာမူ ဒေါ်ထက်ထက် သွားစရာလာစရာ ရှိလျှင် ရုံးကားကိုပဲ ယူသုံးသည်။

လင့်ရှိဗာ ကားတစီးနှင့် ဇော်ဇော်ထက်ကို နေရာတကာ တွေ့လာရသည်။

www.burmeseclassic.com



ဦးဘဇော်က သားသမီးအရေးကို မျက်နှာမမူနိုင်။ အလုပ်က သိပ်များသည်။ မနက်ရှစ်နာရီလောက် အိမ်ကထွက်ပြီး ည ခုနစ်နာရီ ရှစ်နာရီလောက်မှ အိမ်ပြန်ရောက်တတ်သည်။ ပင်စင်ယူကာနီး နောက်ဘဆင့် တက်ရမည့် နေရာအတွက် သူ့စိတ်နှင့် သူ့ခန္ဓာကိုယ်ကို အလုပ်စားပွဲမှာပဲ နစ်မြှုပ်ထားနေရသည်။ ပြီး....ဦးဘဇော် ကိုယ်တိုင်ကလည်း နဂိုကတည်းက သားကို အလိုလိုက်ထားသူ။

မော်မော်ထက်သည်း ဆယ်တန်းမအောင်။

တင်မောင်မြင့် တယောက်သာ စက်မှုတက္ကသိုလ် ရောက်နေသည်။ ဒေါ်ထက်ထက်က သားအရင်းကို အလိုလိုက်ထားသလို မွေးစားသားကိုလည်း လိုလေသေးမရှိ ပံ့ပိုးပေးထားသည်။ တင်မောင်မြင့်မှာ ဇော်ဇော်ထက်လောက် ငွေကြေး မသုံးစွဲရစေကာမူ အစစအရာရာတွင် မချို့ငဲ့။

တင်မောင်မြင့်ကလည်း သူ့ကိုယ်သူ နားလည်သည်။ ဇော်ဇော်ထက်ကို လိုက်မတု။ သူ့လို မသုံးစွဲရကောင်းလားလို့လည်း စိတ်ငြိုငြင်မှုမဖြစ်။ သူ့အတွက် ဘွဲ့တခုခု ရထားဖို့ အရေးကြီးကြောင်း သဘောပေါက်ပြီးသား။ ဒေါ်ထက်ထက်က ဇော်ဇော်ထက်ကို ဘာကြောင့် သာသာထိုးထိုး အလိုလိုက်နေရသည်ကို နားလည်မှု ရှိပြီးသားမို့ သူတို့အိမ်တွင်းရေးမှာ အဖုအထစ်မရှိ၊ ပြဿနာမပေါ်။

သို့တစေ။

မိသားစုတိုင်း၏ ကံကြမ္မာဆိုသည်မှာ တပြောင့်တည်း မရှိတတ်။



ငြိမ်သက်နေသော ရေပြင်ကြီးသည်၊ လေမထန်လျှင် ငြိမ်နေမြဲ။ လေထန်လာပြီဆိုယင် မငြိမ်သက်တော့။

ဦးဘဇော်မှာ သူ၏ ရည်မှန်းချက် ပန်းတိုင်ကို မရောက်ခင်၊ သွေးတိုးရောဂါမှ ဆက်နွယ်လာသည့် လေဖြတ် ဝေဒနာကို ရုတ်တရက် ခံစားလိုက်ရသည်။ တချို့က ပထမဆုံးအကြိမ် လေဖြတ်ခြင်းဒဏ်ကို ပြင်းပြင်းပျပျ မခံစားရ။ တချို့ကျတော့ တချီတည်းနှင့် ရှင်လျက် သေသလို ဖြစ်တတ်သည်။

ဦးဘဇော်မှာ တချီတည်း ဘီးတပ် ကုလားထိုင်ကို အားပြု၍ လှုပ်ရှားနေရသည့် ဘဝသို့ ရောက်သွားသည်။

တအိမ်သားလုံးပင် စိတ်ကျရောဂါ ခံစားလိုက်ရတော့၏။

ဒေါ်ထက်ထက်က အစုစပ် စီးပွားရေးလုပ်ငန်းနှင့် ဂျင်ခြေ ဆည်နေသည်။ လုပ်ငန်းကလည်း အယင်လိုမကောင်း။ ကုန်ကြမ်းပစ္စည်း အခက်အခဲကြောင့် ကိုယ့်အိတ်ထဲက မပါအောင် မနည်း ကြိုးစားနေရသည်။

အဆင်မပြေမှုများသည် ထပ်ဆင့် ထပ်ဆင့်ဖြင့် ပိုးပိလာ၏။ အမြတ်ခွန်ကိုစတွင် ကူးမားဝါလ် လှည့်ကွက်ကို ခံလိုက်ရသည်မှ စက်ရုံပိတ်ရမည့် အခြေသို့တိုင် ရောက်ခဲ့သည်။ နောက်ဆုံး စက်ရုံပိတ်စာရင်း ရှင်းလိုက်သည့်အခါ အစုထည့်ဝင်ငွေ တစက်ပင် ပြန်မရတော့။

ဦးဘဇော်၏ ပင်စင်လစာမှာ သူ့ဆေးဖိုးဝါးခနှင့် အရာ ဝန်အတွက်ပဲ လုံလောက်သည်။ အိမ်သုံးစရိတ်ကို အိတ်စိုက် ထားနေရပြီ။ သို့တိုင် ဇော်ဇော်ထက်က အသုံးအစွဲမလျှော့။

www.burmeseclassic.com

ငယ်စဉ်အရွယ်က စည်းစနစ်ကျကျ ပြုပြင်ပဲ့ကိုင်ခြင်းအားနည်းသည့် သားသမီးများကို ကြီးမှ ပြန်ထိန်းဖို့ ပြုပြင်ဖို့ ကြိုးစားခြင်းသည် သဲထဲရေသွန်ပမာသို့ အရာမထင် ဖြစ်တတ်ပါလေ၏။

တင်မောင်မြင့် နောက်ဆုံးနှစ်။

ဦးဘဇော်ခမျာ ရောဂါဝေဒနာကို အလူးအလဲ ခံစားပြီး ချမ်းငြိမ်းခြင်းသို့ ရောက်သွားသည်။ တောင်ပြို့ပြီ ဆိုယင် တောင်ခြေမှာနေသူတွေ ကသိကအောင့် ဖြစ်ရစမြဲ။

ဒေါ်ထက်ထက်မှာ အတွင်းပစ္စည်းအပြည့်အစုံ ရှိသေးသော်လည်း ထပ်ထပ်ဖဲ့ရမည့် အနေအထား။ သားကြီးဖြစ်သူက လက်ဝါးဖြန့်မလျော့။ အိမ်လည်းမကပ်။ သားခြေငြိမ်မလား ဇိ ကားကိုရောင်းလိုက်သည် ခြေမငြိမ်။

တင်မောင်မြင့်ကို တလတရာ့ငါးဆယ် ပေးထားသည်။အခုသူက မယူတော့။ လမ်းစရိတ်ရော မုန့်ဖိုးပါ တလငါးဆယ်နှင့် လောက်အောင် သုံးပြီး ဖိုင်နယ်စာမေးပွဲအတွက် ကုန်းရုန်းကြိုးစားနေရသည်။

တနေ့ ဒေါ်ထက်ထက်က မပြောစဖူး မဆိုစဖူး စကားဆိုလာသည်။"မြင်တဲ့အတိုင်းပဲ မာမီအဖြစ်လဲ ပါတာပေါ့လေ။ တလွဲအလိုလိုက်နည်းနဲ့ လိုက်ခဲ့မိတာကိုး ခုမှပြန်ပြင်ဖို့က မလွယ်တော့ဘူးလေ၊ သူ့ဟာသူ အသိတရားရပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ"

"အားမငယ်ပါနဲ့ မာမီရယ်၊ ကျွန်တော် တယောက်လုံး ရှိပါသေးတယ်၊ ကျွန်တော် ကျောင်းပြီးတာနဲ့ ရတဲ့အလုပ် ဝင်လုပ်မှာပါ"



"မာမီတို့ အခုအနေ ဂ ဒီလောက် ဟော့တ်ပါဘူး သားရယ်၊ စာမေးပွဲကိုသာ စိတ်အေးလက်အေး ဖြေပါ၊သားစာမေးပွဲပြီးယင် မာမီကားတစီး ထောင်မယ်လို့ စိတ်ကူးတယ်လေ၊ သားပဲ ဦးစီးလုပ်ရမှာ တို့သားအမိတွေမှာ ဝင်ငွေရှိယင် ကိုယ့်ဆီမှာ ရှိတာ မပွန်းဘူးပေါ့"

"ကျွန်တော် နားလည်ပါတယ် မ မီ"

"အေးကွယ်....သားရု ...သားရု"

* * *

စာမေးပွဲပြီးသွားပြီ။ မအောင်မှာ မပူရ။ ပူ ‌‌ သည် မှာ အလုပ် ချက်ချင်းရ မရသာ။

ဒေါ်ထက်ထက်က လေးဘီးတစီးဝယ်ထောင်ဖို့ သင့်မသင့် သူ၏ သဘောထားကို မေးလာသည်။ သူက လေးဘီးထောင်ပြီး ကိုယ်တိုင်မလုပ်နိုင်ယင် စိတ်ညစ်ရမည့် ပြဿနာအခက်အခဲတွေကို ပြောပြသည်။ ကိုယ်တိုင်မောင်းဖို့ မှာလည်း သူ့တွင် လိုင်စင်မရှိ။ အိုလိုင်စင်သာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထက်ထက် အဘောထားမှာ သူကိုယ်တိုင်ခမောင်းဖို့ကို သဘောမတူ။ ခါးခါးသီးသီး ခေါင်းခါသည်။ သားအရင်းကို မခိုင်းပဲ မွေးစားသားကိုခိုင်းလျှင် ပတ်ဝန်းကျင်က ဝိုင်းထိုးမည့် လက်ညှိုးဒဏ်ကို ခံရမည်။ မလိုတမာ အပြောများကို ခံရမည်။ ဘွဲ့ရသည်အထိ သားအရင်းလို မွေးကျွေး ပျိုးထောင်လာပြီးမှ စကားတင်းဆိုလာမည်ကို မခံနိုင်။ ခိုင်းလည်း မခိုင်းရက်။ ဒေါ်ထက်ထက်က သူ့သဘောထားကို ပွင့်ပွင့်လင်းလင်းပဲ ထုတ်ဖော်လာသည်။

အခု ကားထောင်မည့် ကိစ္စမှာ ဇော်ဇော်ထက်ကို လွှဲဖယ်ထားဖို့ စိတ်မချလို့ တင်မောင်မြင့်ကို လွှဲထားပုံဖြစ်သည်။ သူက သင့်ဘော်မည့် ဒရိုင်ဘာငှား၍ ဦးစီးလုပ်ရုံသာ။

တင်မောင်မြင့်က တက္ကသိုလ်မှ ဘွဲ့ရပြီး ကားမောင်းနေသည့် သူငယ်ချင်းနှင့် ထိုင်ပင်ယင်း ထိုလောက အကြောင်းကို လေ့လာခဲ့ရာမှ ပရိုက်ဗ်တ်တိုင်စီထောင်ပြီး ကိုယ်တိုင်မောင်းသည့်က ဂုဏ်ငြိလည်းမမဲ့ ဝင်ငွေလည်း သင့်တင့်မျှတစွာ ရသည့်အပြင် ကားလည်းမနာခကြောင်း လက်တွေ့ လုပ်နေသူများက လုပ်ပုံ လုပ်နည်းများနှင့် ဘယ်လိုလုပ်ရမည် လမ်းညွှန်ပြကြသည်။

အဲဒီတုန်းက ပရိုက်ဗ်တ်တိုင်စီတွေကို ထိထိရောက်ရောက် အရေးမယူသေး။ အခုလိုလည်း အများအစားမရှိသေး။

ပထမ ဖယ်မလီယာ ဝယ်ဆွဲသည်။



အစဦးပိုင်းတွင် ဒေါ်ထက်ထက်က သဘောမတူ၍ ကားဝယ်မပေးပဲထားသည်။ သူကအိမ်မှာ အလကားနေရမည့်အစား အလကားမနေပဲ သူငယ်ချင်း ကားများကို အော်ဒါလိုက်မောင်းပေးပြီး ဝင်ငွေရှာခဲ့ရာ ဒေါ်ထက်ထက်က တားပေမဲ့မရ။ နောက်ဆုံး သူ့ဆန္ဒအတိုင်း လိုက်လျောလိုက်ရသည်။

လုပ်ယင်းကိုင်ယင်း အကွက်မြင်လာသည်မှ လေဆိပ်တိုင်စီစတင်းတွင် အခြေကျနေပါလေပြီ... ။

တနေ့... ။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## ( သုံး )

ထိုင်းအဲယားဝေး လေယာဉ်ကြီး ဆင်း သက် လာ ပြီ မို့ လေဆိပ်တွင် လှုပ်လှုပ်ရှားရှား ရှိနေကြသည်။

တင်မောင်မြင့်တို့ ဂိတ်မှာလည်း အဆင်သင့်။

သူတို့ဂိတ်မှာက ဂိတ်ထိုးနံပါတ်စဉ်အတိုင်း အလှည့်နှင့်ထွက်ရသည်။ ခရီးသည်ကို အလုအယက်ခေါ်စရာမလို။သူတို့အချင်းချင်း ညှိထားသည့် မှုရှိသည်။ အဲဒီနေ့တွင် တင်မောင်မြင့်ချိတ်ထားသည့် နံပါတ်မှာ နံပါတ်ငါး။ ဘယ်လိုခရီးသည်မျိုးရမည်ကိုတော့ မပြောသာ။

သူတို့အချင်းချင်း ညှိထားသည့်မှုက လုပ်ငန်း သဘောအရ ဤကန့်လည်းရသည်။ ရှုတ်ရှုတ်သဲသဲလည်း မဖြစ်။လေဆိပ်လိုနေရာမှာ ရှုတ်ရှုတ်သဲသဲ လုပ်လို့လည်းမရ။



ရန်ကုန်ဘူတာကြီးမှာလို၊ ကမ်းနား သင်္ဘောဆိပ်မှာလို၊ သုံးဘီး လေးဘီးတွေ အလုအယက် ခရီးသည် ခေါ်သလို လုပ်လို့မရ။ ခရီးသည် တယောက်ယောက်ကို အယင်ဆွဲ ကားပေါ် တင်ထားပြီး၊ နောက်ခရီးသည် မရမချင်း မထွက်ပဲ ညစ်ကပ်နေတာမျိုးလည်း လုပ်လို့မရ။

သူတို့က ခရီးသည်ကို စနစ်တကျ ခေါ်ရသလို လိုရာခရီးကို အဆင်ပြေပြေ ရောက်အောင်လည်း ပို့ရသည်။ နှစ်ဦးသုံးဦး စပ်တင်သည့်တိုင်၊ ခရီးလမ်း တလမ်းတည်းကိုမှ တင်ကြသည်။

အထူးသဖြင့် လေဆိပ်နှင့် ဟိုတယ်ကြီးများတွင် ဂိတ်ထိုးသည့် တိုင်စီသမားနှင့် လမ်းပေါ်တွင် ပြေးလွှား ဆွဲနေသည့် တိုင်စီသမားများမှာ အထာချင်းမတူ။ လမ်းပေါ်တွင် ပြေးလွှားနေသည့် အငှားကားများမှာ ကိုယ့်ပြည်တွင်း ခရီးသည်များကိုသာ တင်ဆောင်ပြီး ပြေးဆွဲနေကြသည်မို့ ထူးထူးထွေထွေ ပြဿနာမရှိ။

နံပါတ် အနက်နှင့် ပရိုက်ဗိတ် တိုင်စီ ဆွဲနေသူများမှာ တရားဝင် ခွင့်ပြုထားသည့် လုပ်ငန်း မဟုတ်သောကြောင့် ပြဿနာအထွေထွေနှင့် ရင်ဆိုင်ရစမြဲ ရှိသည်။

စိန့်ဂျွန်းဈေး၊ ဗိုလ်ချုပ်ဈေး၊ လမ်းမတော်၊ လသာလမ်း၊ မောင်ခိုင်လမ်းမှသည် အနော်ရထာလမ်းတလျှောက်၊ ဘလက်တိုင်စီစတင်းတွေ အများကြီးရှိသည်။ တနာရီအစိတ်၊ ဘယ်ကားမျိုးစီးမလဲ၊ ဖယ်မလီယာမှ နောက်ဆုံးပေါ် ကားမျိုးစုံ အကြီးအသေး စီးလိုရာ စီးနိုင်သည်။ နာရီများများ စီးယင်

www.burmeseclassic.com

www.burmeseclassic.com



တနာရီနှစ်ဆယ်။ လိုရာခရီး ရောက်ကြယင်ပြီးရော စီးနိုင်သည့် အော်စတင်လို ဟီးလ်မင်လို ကားမျိုးတွေလည်း ရှိသပ။ သူတို့ကတော့ ဈေးသက်သာသည်။

လေဆိပ်နှင့် ဟိုတယ်တွင် ပင်တိုင်ဆွဲသည့် ဘလက် တိုင်စီ သမားများမှာမူ တိုးရစ်ခေါ် ကမ္ဘာလှည့် ခရီးသည်များ၊ နိုင်ငံခြားသားများနှင့် အမြဲတမ်း ထိတွေ့ ဆက်ဆံရသည်။ စစ်စစ် ပေါက်ပေါက် ဈေးဆစ်သူရှိသလို ပြောသည့် ဈေးနှုန်းအတိုင်း ခေါင်းညိတ်ပြီး စီးသူများလည်းရှိသည်။ လိုရာခရီး ရောက်ပြီး ပိုက်ဆံ ပေးခါနီးကျမှ အီလေးအာလေး လုပ်သူများနှင့်လည်း ကြုံရတတ်သည်။

တိုးရစ်တွေကလည်း အမျိုးမျိုး။ ဂုဏ်ရေရရ သိက္ခာရှိရှိ သမားတွေ ပါသလို ဘာရှုတ်သုက္ခ သမားတွေလည်း ပါသည်။ ဖြစ်သလို ဝတ်စားဆင်ယင်မှုနှင့် လာကြသည့် တိုးရစ်မတွေ ကိုတော့ အထူးသတိထားရသည်။ သူတို့မှာက ပြဿနာပေါင်း စုံနှင့်။ သူတို့ဆီကမရပဲ ကိုယ့်ဆီက ပါသွားတတ်သည်ကို အတွေ့ အကြုံ ရှိကြပြီးသား။ ဆေးဝါးနှင့် မကာင်းသူတွေနှင့် ဆက်ဆံ မိရာမှ ကိုယ်ပါရော ဒုက္ခရောက်ပြီး၊ တိုင်စီမမောင်းနိုင်ပဲ ဝက်ထီး ကန် ရောက်သွားသူတွေလည်း အများကြီး။

"ဟေ့ ချာတိတ်....နောက်အလှည့် မင်းအလှည့်ပဲကွ"

ဦးလေးမြကဲ သတိပေးလိုက်သည်။

စီးမည့် ခရီးသည်က နိုင်ငံခြားသား၊ သို့တစေ အနောက် တိုင်းသားတော့ မဟုတ်။ အရှေ့တိုင်းသား ဂျပန် အမျိုးသား ကြီး၊ အသက်လည်း ကြီးသည်။ ဂုဏ်သိက္ခာအ ပြည့်နှင့်။



ခရီးစဉ်မှာ ပထမ အင်းလျားလိတ်၊ ထိုမှ ဂျပန်သင်္ချိုင်းသို့။

ခရီးဆောင် သေတ္တာကို ကားနောက်ဖုံးထဲ ထည့်ပေးပြီး၊ ကားတံခါးကို တရိုတသေ ဖွင့်ပေးသည်။

တင်မောင်မြင့်၏ အင်္ဂလိပ်လို ဖြေပြော သွက်လက်ခြင်းနှင့် ဂုဏ်ရေရရ တလေးတစား ဆက်ဆံပုံ ကိုဂျပန်ကြီးက သဘော ကျသွားဟန်ရှိသည်။ ခေါင်း တညိတ်ညိတ်နှင့်။

သူ့ကို စူးစူးရဲရဲ ကြည့်လိုက်ပုံမှာ တမျိုးကြီး။

အရပ်ပြတ်ပြတ် မျက်မှန် ထူထူနှင့် ဆံပင်ရှေ့ပိုင်း ပြောင် နေသော်လည်း နှစ်လိုဖွယ်ရာ အပြုံးကြောင့် ဥပမိရုပ်မှာ ပေါ်ပေါ်လွင်လွင်ရှိသည်။ ဥပမိရုပ် တင့်တယ်သူဟု ဆိုရမည်သို့ ရှိပါချေ၏။ ဝတ်ထားသည့်ဝတ်စုံမှာ သစ်သစ်လွင်လွင်သပ်သပ် ရပ်ရပ်။

အသက် ခြောက်ဆယ်ကျော်လောက် ရှိလိမ့်မည်ဟု သူ ခန့်မှန်းနိုင်ရသော်လည်း ဘယ်လောက် ကျော်ပြီကို မခန့် မှန်းနိုင်။

တင်မောင်မြင့်က ကားစက်နှိုးပြီး ညင်ညင်သာသာ လိမ့် ထွက်ခဲ့သည်။ လေဆိပ်အပြင် လမ်းမကြီးပေါ် မရောက်မချင်း လီဗာကို မှန်တန်းအနေအထားပဲ နင်းထားသည်။ လေဆိပ် အပြင် လမ်းမပေါ်ရောက်မှ နောက်ကခရီးသည်ကြီးကို အမေး စကား ပြုလိုက်ရသည်။

"မြန်မြန်သွားလိုပါသလား....ပုံမှန်သွားလိုပါသလား" ဟု

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားသား ခရီးသည်များတွင် ကားအမြန်မောင်းသည်ကို ကြိုက်သူနှင့် ပုံမှန်မောင်းသည်ကို ကြိုက်သူ နှစ်မျိုးနှစ်စား ရှိသည်။

တချို့ကနာရီနှင့်ငှားပြီး ကားကိုတရကြမ်း မောင်းခိုင်းသည်။ တချို့က ပုဘ်ပြတ်နှင့်ငှားပြီး ပုံမှန်မောင်းသည်ကို ကြိုက်သည်။

အခု သူ့ကားပေါ်တွင် ပါလာသည့် ခရီးသည်ကြီးမှာ အသက်အရွယ် ကြီးရင့်သူ ဖြစ်သမို့ ပုံမှန်မောင်းသည်ကို ကြိုက်လိမ့်မည်ဟု အတွေ့အကြုံအရ အထင်ရှိသောကြောင့် မေးလိုက်ရသည်ပါ။

သူက ပုံမှန်ပဲမောင်းခိုင်းသည်။

ရန်ကုန်လမ်းမကြီးပေါ်သို့ ရောက်မှ ဒိုင်ကွက်ကိုကြည့်၍ တနာရီမိုင်သုံးဆယ်နှုန်းထားဖြင့် လိဗာကိုလိုသလို အလျော့အတင်း လုပ်ပေးလိုက်သည်။

မရမ်းကုန်းလမ်းဆုံ မီးပွိုင့်ကိုချိုး၍ ကမ္ဘာအေးစေတီလမ်းပေါ်သို့ ကားဦးတည်လိုက်သည်နှင့် နောက်ပါခရီးသည်ကြီးထံက အမေးစကား ထွက်လာသည်။

"မင်းဗမာလူမျိုးပဲလားဟ"

သူက မြန်မာလူမျိုးစစ်စစ် ဖြစ်ကြောင်း ပြန်ဖြေလိုက်သည်။

ခရီးသည်ကြီးထံမှ နောက်ထပ် အမေးစကား ထွက်မလာ။

သူက ကားကို ပုံမှန်အတိုင်း မောင်းလာပြီး အင်းလျားကန် ဟိုတယ်လမ်းပေါက်သို့ ချိုးဝင်ခဲ့သည်။ ကားပေါ်ပါ



ခရီးဆောင်သေတ္တာကြီးကို နောက်ဖုံးဖွင့်၍ ချပေးပြီး သူက လိုက်ပို့မည့်ဟန်ပြင်လိုက်ရာ ဂျပန်ကြီးက လက်ကာပြပြီး အလုပ်သမားများအားခေါ်ယူ၍ သယ်ဆောင်သွားစေခဲ့သည်။

"နာရီဝက်လောက်စောင့်ပါ ကျုပ်ပြန်လာခဲ့မယ်"

"ဟုတ်ကဲ့ ကျွန်တော်စောင့်နေပါ့မယ်"

တင်မောင်မြင့်က ကားပေါ်တွင် စောင့်ယင်း သူအကြိုက်ဆုံး ဟာရိုးရော့ဘင်မူရင်း ဝတ္ထုစာအုပ်တအုပ်ကို ဖတ်နေသည်။ သူကဘာသာပြန်ထက် မူရင်းဝတ္ထု ဖတ်ရသည်ကို ကြိုက်သည်။ ဘာသာပြန် ဖတ်ရသည်ကိုအားမရ။ တချို့အပိုင်းတွင် အနောက်နှင့် အရှေ့အသုံးအနှုန်း ကွာခြားမှုန်းသည်ကို အနီးစပ်ဆုံးဖြစ်အောင် အားမထုတ်ပဲ ပြီးလွယ်စီးလွယ်ဘာသာပြန်သဖြင့် မူရင်းဖတ်ရသည်လောက်စိတ်မတွေ့။ သူတို့လိုလူငယ်တွေက ဂန္ထဝင်စာပေများထက် ဟာရိုးရော့ဘင့်တို့ ချေးစ်တို့ကိုကြိုက်သည်။

နာရီဝက်လောက်ကြာမည် ဆိုသွားသော်လည်း မိနစ်လေးဆယ်အထိ ဆင်းမလာသေး။ နိုင်ငံခြားသားများမှာ အချိန်အတိအကျ လုပ်တတ်စေကာမူ တခါတရံတော့လည်း သည်လိုရှိတတ်သည်။

လေးဆယ့်ငါးမိနစ်ကျော်မှ ဆင်းလာသည်။ ဆင်းလာသာချင်း သူ့ခနောက်ကျသွားရသည်ကို ဘောင်းပန်စကားဆိုသော်လည်း ဆောရီးဆိုသောစကားလုံးနှင့် တပ်လှန်းဆက်ရသည့် အခက်အခဲကြောင့် နောက်ကျသွားရကြောင်း ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ရှိစေ ထိုအပြုအမူကလေးမှာ ချစ်စရာပါ။

ဂျပန်သံရုံးကို မောင်းပို့ရသည်။

ဂျပန်သံရုံးရှေ့ ဆင်ဝင်အောက်တွင် ရပ်ပေးပြီး နောက်ဆက်စောင့်ပါ။ အကယ်၍ သူသိပ်နောက်ကျလျှင် ကားခပို့ပေးပါမည်ဟု ကြိုတင်စကားဆိုလာသဖြင့် စောင့်နေမည့်အကြောင်း ပြန်ပြောလိုက်ရသည်။

တနာရီခန့်စောင့်ပြီး အင်းလျားလိပ်ကို ပြန်မောင်းခဲ့ရသည်။

ဂျပန်ကြီးပြောသည့် အင်္ဂလိပ်စကားလေသံမှာ အနောက်တိုင်းလေသံမပေါက်၊ စကားပြောရတာ အဆင်ပြေသည်။

အင်းလျားလိပ်ဟော်တယ်သို့ ရောက်သည့်အခါ သုံးနာရီအတွက် ကားခရှင်းပေးသည့်အပြင် အပိုကြေး အစိတ်ပေးလိုက်သည်။

တွက်သားကိုက်သည့်နေ့။

သို့တစေ နိုင်ငံခြားသားတိုင်း သည်လိုမပေးကြ၊ တချို့ဆိုလျှင် နာရီကို နောက်ပြန်လှည့်ပြီး ငြင်းခုန်သူမျိုးတွေပင်ရှိသပ။ မကြာခဏ ပြဿနာပေါ်ရသည်။ ကားပေါ်တက်တက်ချင်း နာရီကိုတိုက်ခိုင်းလိုကလည်း မကောင်း၊ ရိုးစိုးသောအပြုအမူမို့ နာရီချင်းအချိန်မညှိနိုင်းသာ။

တင်မောင်မြင့်က နာရီကိုကြည့်လိုက်သည်။ ညနေဆင်းမည့်လေယာဉ် မီနိုင်သေးသည်။ ညနေဆင်းမည့် ပြည်တွင်းလေယာဉ်ကိုမှီလျှင် မဆိုး။ မြက်မြက်သက်သက် ရတတ်သည်။ ထို့ကြောင့် အင်းလျားလိပ်မှအထွက် လက်ဝဲဘက်သို့ ချိုးကွေ့



မောင်းပြီး ကားခေါင်းဦးတည်လိုက်သည်။ ပရိုက်ဗိတ်တိုင်စီမောင်းရသည်ဆိုသည်မှာ ဝင်ငွေကို အသေတွက်ထားလို့မရ။ တခါတလေ ခုတ်ဆိုဖိုးလောက်ပဲ ကြေသည့်နေ့မျိုးပင်ရှိတတ်ရာ ရတုန်းရခိုက် ဆွဲထားနိုင်မှ တန်ကာကျမည်။

မရမ်းကုန်းမီးပွိုင့်အလွန်တွင် ကားအရှိန်ကို လျှော့လိုက်ပြီး မရမ်းကုန်း တရားရုံးရှေ့ လက်ဖက်ရည်ဆိုင်ရှေ့မှာ ကားထိုးရပ်လိုက်၏။ လူ ဆီဖြည့်ဦးမှ။

ကား တံခါးသော့များခတ်ဖို့ နောက်မှန်ကို တင်မည်အလုပ် ကားခြေနင်းအခင်းပေါ်တွင် တစုံတရာကို တွေ့လိုက်ရသည်။ ဆောက်ယူကြည့်လိုက်ရာ အညိုရင့်ရောင် သားရေအကောင်းစားနှင့် ချုပ်ထားသည့် အိတ်ရှည်ရှည်လေးတခု။

ထွေထွေထူးထူး စဉ်းစားစရာမလို။

ဖွင့်ကြည့်လိုက်သည်၊အထဲက မိတ်ဆက်ကတ်ပြားလေးထွက်လာ၏။

အိဂျူ-နာကာတာနီ
နယ်လှည့်မန်နေဂျာချုပ်
ယိုကိုဟာမား ဓာတ်သတ္တုစွမ်းအင် ထုတ်လုပ်ရေးကုမ္ပဏီ။
၃၀၆၊ ၃၆-၄။ (၆) ချိမ်--ဂျင်ဂူပေ
ရှိဘူယာကူ၊ တိုကျို၊ ဂျပန်ပြည်။

www.burmeseclassic.com

www.burmeseclassic.com



**သားရေအိတ်အတွင်းမှာ...**

- ခရီးသွား ချွတ်လက်မှတ် စာအုပ်တအုပ်၊
- ဂျပန်ယန်းငွေ တသောင်းတန် သုံးရွက်၊
- အမေရိကန်ဒေါ်လာ စုစုပေါင်း ဒေါ်လာနှစ်ရာကျော်၊
- မြန်မာငွေ ရှစ်ရာခကျော်၊
- ဂျပန်စာများဖြင့် ရေးထားသော မှတ်စုစာအုပ်ငယ် တအုပ်။
- ဓာတ်ပုံအချို့၊
- သော့နှစ်ချောင်း။

လက်ဖက်ရည် ဝင်သောက်မည့် အစီအစဉ်ကို ဖျက်ပြီး ကားစက်နှိုး၍ "ဂ" ငယ်ကွေ့ ပြန်ကွေ့လိုက်၏။

အင်းလျားလိပ် ဟိုတယ်သို့။

တကယ်ကတော့ သားရေအိတ်ကလေးကို ပြန်မပေးလည်း ဖြစ်သည်။ ပြဿနာပေါ်ခဲ့သော် သူ့ကားပေါ်မှာ မကျန်ရစ်ပါဟု ငြင်းရုံသာ။ ဒါပေသိ တင်မောင်မြင့်က သည်လိုစိတ်ထားမျိုး မရှိ။ ရိုးသားဂုဏ်ကို မြတ်နိုးသည်။ တန်ဖိုးထားသည်။ ထိုသားရေအိတ်ကလေး ပြန်ပေးသည်မှ ရရှိလာမည့် အခွင့်အရေးမျိုးကိုလည်း မချော်လင့်။

ကားရပ်ရမည့် နေရာတွင် ကားကိုရပ်၍ ကားတံခါးများကို အသေအချာပိတ်ပြီး ဟိုတယ်ထဲသို့ ဝင်ခဲ့သည်။ ဧည့်သည်လက်ခံသည့် ကောင်တာတွင် မစ္စတာ နာကာတာနီ၏ နာမည်ကို ပြော၍ တည်းခိုနေသည့် အခန်းကို မေးရသည်။



ကောင်တာ စာရေးက မှတ်ပုံတင်စာအုပ်ကို လှန်ကြည့်ပြီး သူ့အမေးကို ပြန်ဖြေလိုက်သည်။

အခန်းနံပါတ် ၂-၁၃ မှာပါ။

အခန်းနံပါတ် "၂-၁၃" ဆိုသည်မှာ အခန်းပေါင်း နှစ်ရာတဆယ့်သုံးခန်းတွင် တည်းခိုနေသည်ဟု အဓိပ္ပာယ် မထွက်ပါ။ ဟိုတယ်သုံး ဝေါဟာရအရ '၂' ဂဏန်းသည် နှစ်ထပ်ကို ဆိုလို၍ '၁၃' မှာ အခန်းနံပါတ် ဖြစ်သည်။ နှစ်ထပ် အခန်းနံပါတ် ဆယ့်သုံးဟု ဆိုလိုခြင်းဖြစ်၏။

"ကျွန်တော် သူနဲ့ သွားတွေ့ပါရစေ"

ကောင်တာ တာဝန်ခံက ခေါင်းခါပြလိုက်သည်။

"နိုင်ငံခြားသား ခရီးသည်များရဲ့ အခန်းကို ပြင်ပပုဂ္ဂိုလ်များ သွားခွင့်မရှိပါဘူး ခင်ဗျာ။ ကိစ္စလေး အမိန့်ရှိပါ လိုအပ်ရင် ကျွန်တော်တို့ အကြောင်းကြားပေးပါမယ်"

တင်မောင်မြင့်က သူ့နာမည်နှင့် အလုပ်အကိုင်ကို ပြော၍ သားရေအိတ်ကလေး အကြောင်း ရှင်းပြလိုက်ရသည်။

"ဒါဆိုယင် ဟောဒီဧည့်ခန်းမှာ ခဏစောင့်နေပါ။ ကျွန်တော်တို့ အကြောင်းကြားပေးပါမယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

ကောင်တာ တာဝန်ခံက အတွင်းပြော တယ်လီဖုန်း အဖုလေးကို ကိုင်ပြီး ဖုန်းဖြင့် စကားလှမ်းပြောလိုက်ပြီး "သူ ဆင်းလာပါလိမ့်မယ် စောင့်နေပါတဲ့"ဟု အဖြေပေးလာသည်။

ဆယ်မိနစ်လောက် စောင့်လိုက်ရ၏။

သူ၏ နှစ်လိုဖွယ်ရာ အပြုံးမှာ....။

www.burmeseclassic.com

www.burmeseclassic.com



*　*　*

လေယာဉ်ပေါ်က ဆင်းလာစဉ်တုန်းကထက် ပို၍ နွေးလာသလို ထင်လိုက်ရသည်။ ဟာဝေယံရှပ်နှင့် သက္ကလပ်အပါးစား ဘောင်းဘီကို ဝတ်ဆင်ထားသည်။

တင်မောင်မြင့်က ထိုင်နေရာမှထ၍ သူ၏အိတ်ကို တရိုတသေ လှမ်းပေးလိုက်ရာ နှစ်လိုဖွယ်ရာအပြုံးမှ အံ့သြသည့်အသွင်သို့ ပြောင်းသွားသည်။

အာရိဂတ်တော. စကားလုံးများမှာ ထပ်ခါတလဲလဲ”

“ကျုပ် သေတ္တာသော့ဖွင့်ဖို့ သော့ရှာတော့မှ သားရေအိတ် ပျောက်နေတာ သိလိုက်ရပါတယ်။ ကားပေါ်မှာ ကျန်လိမ့်မယ် မထင်လို့ သံရုံးကိုတောင် ဖုန်းဆက်ဘားပါတယ်။ သေတ္တာ တလုံးကိုတော့ ဖြစ်တဲ့နည်းနဲ့ ဖွင့်လိုက်ရပါတယ်။ သိပ် ကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျားကို တခုခု တိုက်ကျွေးပါရစေ၊ ပြီးတော့ ဟော ဒီ မြန် မာ ငွေ တွေ ကို ခင် ဗျားပဲ ယူလိုက်ပါ”

“ဟာ … မဟုတ်တာပဲ မစ္စတာရယ် လူကြီးမင်းက ကျွန်တော့်ကားကို စီးဘာမို့ ကျွန်တော့် ကားပေါ်မှာ ပစ္စည်းကျန်ခဲ့ယင် ပြန်ပေးရမယ့် တာဝန်ဟာ ကျွန်တော့် တာဝန်ပါ”



“ဒီလိုဆိုယင် ကျုပ်ပြုစုတာကိုတော့ လက်ခံပါ”

ခေါင်းညိတ်လိုက်ရသည်။

မီးနူး စားသောက်စာရင်း ကတ်ပြားကို တင်မောင်မြင့်ထံ ပေးပြီး ကြိုက်ရာ မှာခိုင်းနေသည်။

“ကျွန်တော် အရက်မသောက်တတ်ပါဘူး”

“ဘီယာကော”

“ဘီယာလဲ မသောက်တတ်ပါဘူး”

“အိုး….တို့တိုင်းပြည်မှာ ဘီယာကို မိန်းကလေးတွေတောင် သောက်နေကြပြီလေ”

“ကျွန်တော်တို့ဆီမှာလဲ အရက်ကို လူတော်တော်များများ သောက်နေကြပြီ။ ကျွန်တော်ကတော့ မသောက်နိုင်လို့ပါ။ ဒါကြောင့် အရက်ကို အကျင့်မလုပ်ပါဘူး”

“ကဲ….ဒါဖြင့်လဲ အအေးနဲ့ ကြိုက်တဲ့စားစရာကိုမှာပါ….”

စားသောက်စရာနှင့် အအေးမှာလိုက်သည်။

“မင်းနာမည် ဘယ်လိုခေါ်သလဲ”

“တင်မောင်မြင့်ပါ”

ဂျပန်ကြီး နာကာတာနီက သူ၏ မှတ်စုစာအုပ်လေးထဲတွင် ရေးမှတ်လိုက်သည်။

“မင်းလိပ်စာကော”

“အမှတ်(၂၂) စေတနာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်း”

ဂျပန်ကြီးက ဘယ်လို ဆက်ရေးရမှန်းမသိ ဖောင်တိန်နှင့် စာအုပ်လေးကို သူ့ရှေ့သို့ ထိုးပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ကျောင်း မနေ တော့ဘူး လား။ ကားပဲမောင်း သလား၊ တို့တိုင်းပြည်မှာတော့ လူတယောက်ကို အလုပ်သုံး မျိုးလောက် လုပ်ကြတယ်ကွ"

"ကျွန်တော် ဘွဲ့ရပြီးပါပြီ အလုပ်ရှာနေတုန်း ကားမောင်း နေတာပါ"

"ကောင်းတယ်....သိပ်ကောင်းတယ်၊ မင်း အင်္ဂလိပ်စကား ပြောပုံဆိုပုံလဲ သိပ်ကောင်းတယ်"

သူက လျှပ်စစ်စွမ်းအားနှင့် အာရ်၊ အိုင်တီမှ ဘွဲ့ရထား ကြောင်းနှင့် သူတို့ မိသားစု အနေအထားကို အကျဉ်းချုပ် ပြောပြလိုက်သည်။

စားသောက်ပြီး သူက စီးကရက်ဗူးကို မကိုင်၊ နာကာတာနီ က သူကိုယ်တိုင် စီးကရက်ကိုထုတ်ပြီး ကမ်းပေးလာသည်။

"ကျွန်တော် ဆေးလိပ်မသောက်တတ်ပါဘူး ခင်ဗျာ"

"အို... မင်းဟာ တကယ့်ကလေးပဲ၊ ငါစေတနာနဲ့ပေးတဲ့ လက်ဆောင်ကို မင်းလက်ခံပါနော်၊ ဘာဖြစ်လို့လဲ ဆိုတော့ မင်း ငါ့ဆီကို ပစ္စည်းပြန်လာပေးတဲ့ အချိန်အတွက် အလုပ်ချိန် အများကြီး လျော့သွားတယ်"

နာကာတာနီက ပြောပြောဆိုဆို ရာတန်စက္ကူနှစ်ရွက်ကို သူ့ရှေ့သို့ ချပေးလာသည်။

အတန်တန်ငြင်းသော်လည်း ငြင်းလို့မရ။

"မင်းကို ဘယ်မှာ မေးသလဲ"

"ရေနံချောင်းမှာပါ"



"ပြည်ဘက်မှာကော ဆွေမျိုးတွေဘာတွေ ရှိသလား"

"မရှိပါဘူး"

သည်တခါ အံ့ဩတကြီးဖြစ်သွားရသူမှာ တင်မောင်မြင့်။

အင်္ဂလိပ်လို ပြောနေကြရာမှ နာကာတာနီက ရုတ်တရက် မြန်မာလို ပြောပြလိုက်သောကြောင့်ပါ။

"ကျုပ် စစ်မဖြစ်ခင်ကတည်းက မြန်မာပြည်ကို ရောက်ဖူး တာပါ၊ အဲဒီတုန်းကတော့ ကျုပ်က မင်းတို့အရွယ်လောက်ပေါ့၊ စစ်ဖြစ်လာတော့လဲ ကျုပ်ဟာမြန်မာပြည်မှာပဲ ကျုပ်ရဲ့အသက် ကို ကယ်ခဲ့တဲ့ ကျေးဇူးရှင်တယောက်ရှိတယ်။ ကျုပ်လဲ မြန်မာ ပြည်ရောက်တိုင်း သူတို့အကြောင်း အမြဲစုံစမ်းနေတာပဲ။ ဒါပေ မယ့် အချိန်က သိပ်မရဘူး၊ ဒီမှာ တို့ကုမ္ပဏီရဲ့ လုပ်ငန်းတွေ ရှိ တယ်။ ခု ကျုပ်ဒီမှာ ငါးရက်လောက် နေရမယ်၊ လိုအပ်ယင် မင်းရဲ့ကားကိုပဲသုံးမယ်၊ ကျုပ် မင်းအိမ်ကို လာလည်ချင်တယ်၊ နက်ဖြန်မနက် ဆယ်နာရီ ကျုပ်ဆီကိုလာပါ"

"ဟုတ်ကဲ့ ကျွန်တော်လာခဲ့ပါ့မယ်"

"မင်းကို အများကြီး ကျေးဇူးတင်တယ်"

တင်မောင်မြင့်က ရိုသေစွာ နှုတ်ဆက်လိုက်သည်။

နာကာတာနီက ဂျပန်ထုံးစံအတိုင်း ဦးညွှတ်၍ ပြန်လည် နှုတ်ဆက်လိုက်သည်။

နှစ်ယောက်စလုံးမှာ အပြုံးတဝေဝေနှင့်....။

www.burmeseclassic.com

www.burmeseclassic.com



* * *

နောက်တနေ့ မနက်။

"ကိုဇော်ကော မာမီ"

ဂိုဒေါင်ထဲမှာ ကားမတွေ့သဖြင့် အပေါ်ပြန်တက်လာပြီး မေးလိုက်ခြင်းဖြစ်၏။

"သူ့ အရေးကြီးတဲ့ ကိစ္စလေးရှိလို့ ကားခဏယူသွားတယ် သား၊ ရှစ်နာရီခွဲအရောက် ပြန်လာလိမ့်မယ်"

'အဲဒါမှ ဒုက္ခပဲ မာမီရယ်၊ အချိန်မီ ပြန်မရောက်ယင် ကျွန်တော် မျက်နှာပျက်ရတော့မှာ ဂျပန်ခရီးသည် တယောက်ကို ဆယ်နာရီလာပါမယ်လို့ ကျွန်တော် ကတိပေးထားတယ်၊ နိုင်ငံခြားသားဆိုတာက..."

"ကိုကြီးကတော့ ဒီလိုပဲ ဘယ်တော့မှ မမေးမမြန်းဘူး။ ကားက လုပ်ငန်းလုပ်နေတာ မဟုတ်လားမာမီရဲ့"

မော်မော်ထက်က အစ်ကိုကြီးအပေါ် မကျေနပ်ချက်များကို ဖော်ထုတ်လာသည်။

မိခင် ဒေါ်ထက်ထက်မှာ မည်သို့မှ မပြောသာ။ သားကြီးကိုလည်း မနိုင် ပြဿနာတခုခု ဖြစ်လာတိုင်း စိတ်ညစ်ရသည်ပဲ ရှိသည်။ ပြတ်ပြတ်သားသား မဖြေရှင်းနိုင်၊



ဇော်ဇော်ထက်က အလုပ်တခုကို မယ်မယ်ရရ မလုပ်သေး။ ဘာလုပ်ယင် ဘယ်လိုအကျိုးရှိမည်ဟု အကြောင်းပြပြီး ငါးရာမျိုး၊ တထောင်မျိုး တောင်းသွားတာပဲ ရှိသည်။ တခါမှ လုပ်ငန်း အကောင်အထည် ပေါ်မလာ။

ဆူလည်းမဆူ၊ ပြောလည်းမပြောရက်။ ပြောယင်ဆိုယင် အားလုံး သိကုန်မှာမို့ ဖုံးဖုံးဖိဖိ လုပ်နေရသည်။ သားသမီးကို တလွဲအလိုလိုက်ခဲ့သည့် ဒဏ်ကို ကြိတ်မှိတ် ခံစားနေရပါလေပြီ။

ဇော်ပါသေးသည်။ ကား အချိန်မီ ပြန်ရောက်ပေလို့။

တင်မောင်မြင့်က ဘာမှမပြော၊ ကား ခေါတ်ဆီတိုင်း၌ ခေါတ်ဆီထပ်ဖြည့်ပြီး မောင်းထွက်ခဲ့သည်။

တင်မောင်မြင့်မှာ ဇော်ဇော်နှင့် ပတ်သက်၍ ပြောစရာတွေ ရှိသော်လည်း မပြောသာ။ သူ့ကို ဘွဲ့ရသည်အထိ ဖြစ်စုမျိုး ဖိုးဝေ ထောင်းပေးပြီး၊ အစစအရာရာ လိုသေးမရှိအောင် ပံ့ပိုး ပေးခဲ့ရှာသည့်ကျေးမိခင်ကိုသူက တလုံးညွှတ်ပတ် လုပ်ကျွေးနေသည်မှာ နှစ်ပိုင်းပင် မရှိသေး။ကိုယ်က တဘက်တလမ်း ဝင်ငွေရှာပေးနေလို့ ပြောသည်ဆိုသည်မျိုး အထင်ရောက် မခံနိုင်။ မြဲ သူက ဒေါ်ထက်ထက်ကို သိပ်ချစ်သည်။ ကျွေးမေမေလို သဘောမထား။ မွေးမေမေလို့ပဲ သဘောထားခဲ့သည်။ ဒေါ်ထက်ထက် စိတ်စနောင့်စနင်း မဖြစ်စေချင်သလို ညီမလေး သဖွယ်ချစ်ရသည့် မော်မော်ထက်ကိုလည်း စိတ်အနှောင့်အယှက် မဖြစ်စေချင်။

သူက သူ့တာဝန်ပိုင်းကိုပဲ လုပ်သည်။ မိသားစု ပြဿနာတွင် ဘယ်လိုမှ ဝင်မပြော။

www.burmeseclassic.com

www.burmeseclassic.com



တင်မောင်မြင့် အင်းလျားလိတ် ဟိုတယ်ကို ရောက်တော့ ဆယ်နာရီထိုးဖို့ ဆယ်မိနစ်။ ကောင်တာစာရေးထံ သွား၍ မစ္စတာ နာကာတာနီကို အကြောင်းကြားပေးရန် အကူအညီ တောင်းရသည်။

နာကာတာနီ ထွက်လာသည်နှင့် ကားတံခါးကိုအဆင်သင့် ဖွင့်ပေးပြီး အပြုံးဖြင့် နှုတ်ဆက်စကား ဆိုလိုက်ရသည်။

"ဂွတ်မော်နင်း မစ္စတာ"

"ဂွဘ်မော်နင်း တင်မောင်မြင့်စန်"

"ကျွန်တော် ဘယ်ကိုမောင်းရမလဲခင်ဗျား"

"စက်မှုလက်မှု ရုံးချုပ်ကို မောင်းပါ၊ သိတယ်နော်"

"ဟုတ်ကဲ့ပါ . သိပါတယ်"

ထိုနေ့က နေ့တနာရီကျော်မှ ဟိုတယ်သို့ပြန်ရောက်ကြသည်။ ဝင်ငွေ မြက်မြက်သက်သက် ရလိုက်သလို မစ္စတာ နာကာတာနီ နှင့်လည်း ပို၍ ရင်းနှီးသွားသည်။

သန်ဘက်ခါ ဆယ်နာရီလာရန် အမှာရှိလိုက်သည်။ နေ့ တွက်ကိုက်ပြီဟု ဆိုနိုင်သော်လည်း သူက အိမ်ပြန်ဖို့ စိတ်မကူး သေး။ လေဆိပ်သို့ ဦးတည်လိုက်၏။ တခေါက်တကျင်း ခရီး သည်ရလည်း အမြတ်ပဲ၊ မရလည်း အကြောင်းမဟုတ်။

သည်လို နေ့တွက်ကိုက်သော နေ့မျိုးတွင် အိမ်ကိုပြန်ပြီး နားနားနေနေ နေဖို့တော့ကောင်းသည်။ ဒါပေသိ မနေချင်။ မနေချင်သည်မှာ အကြောင်းရှိသည်။ ခုတလော အိမ်မှာ ဇော် ဇော် သူငယ်ချင်းတွေ စုရုံးစုရုံး ရှိနေကြသည်။ တီးကြမှုတ်ကြ သည့် အသံများမှာ နားမခံသာ။ ဇော်ဇော် အပေါင်းအသင်း



များလည်း သူ့လိုလူချည်း။ ဝတ်နိုင်စားနိုင် သုံးနိုင် ဖြုန်းနိုင် ကြသည်။ ဒါပေမယ့် ပညာရေးဘက်မှာတော့ တယောက်မှ မစွန်။

သူတို့လူစုမှာ ဆယ်တန်း မအောင်ကြစေကာမူ တက္ကသိုလ် နယ်မြေမှာ သူတို့ ခြေရာချည်းဟု ပြောရလောက်အောင် ရောက်ကြစမြဲပင်။ အဓိပတိ လမ်းမပေါ်မှာ ကြည့်မလား၊ ဦးချစ်လက်ဖက်ရည်ဆိုင်မှာ ကြည့်မလား၊ မာလာဆောင် သီရိ ဆောင် ပတ်ဝန်းကျင်မှာ ကြည့်မလား။သူတို့ကို ကျောင်းသား အသွင်ဖြင့် မြင်ရပါလိမ့်မည်။ ဒါတင်မက ဒေသကောလိပ် နယ်မြေများသို့လည်း ခြေဆန့်ကြသည်။ သူတို့၏ အသွင် အပြင်နှင့် လှုပ်ရှားဟန်ကို ကြည့်လိုက်လျှင် တကယ့် ကျောင်း သားကြီးများ ဟန်အပြည့်။

အလှအပ တို့စုံမြူးရာ လေးများ ရှိသည့် နေရာတိုင်းသို့ သူတို့လူစု ပျံ့ဝဲ ရောက်ရှိကြစမြဲ။

သူတို့မှာ တန်ဖိုးကြီးသည့် အော်ဂင် အပါအဝင် တူရိယာ ပစ္စည်း အစုံအလင် ဝယ်ထားနိုင်ကြသော်လည်း စင်ပေါ် တက် လောက်အောင် မဖြစ်မြောက်။သို့တစေ သူတို့ကိုယ် သူတို့တော့ အထင်တကြီး ရှိကြသည်။

တို့က ကြေးစားတွေ မဟုတ်ဘူး၊ အပျော်တမ်း သမား တွေဟု ဟစ်ကြွေးပြီး အိမ်တွေမှာပဲ စုဝေး တီးမှုတ်နေကြ ရသည်။

ခုတလော ဇော်ဇော်တို့ အိမ်မှာ စခန်းဖွင့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တော်သေးသည်ဟုဆိုရမည်မှာ ညဘက်တွင်အဖျော်ယမကာဆိုင်တွင် စုဝေးသေ့ ရှိသေးသောကြောင့် နားသက်သာခွင့်ရသည်။

စစ်တွေလေယာဉ် ဆိုက်သွားပြီ။ သူက ဂိတ်ထိုးနောက်ကျသောကြောင့် အလှည့်မဝင်ရ။ နောက်ဆိုက်မည့် မန္တလေးလေယာဉ်ကျမှသာ သူ့အလှည့်ဝင်ရမည်။

စောင့်ရကျိုးနပ်သွားသည်။ သုံးဆယ့်ငါးကျပ်တန် ခရီးသည်ကို ရလိုက်သောကြောင့်။

မန္တလေးလေယာဉ် အဝင်နောက်ကျသောကြောင့် အိမ်အပြန်လည်းနောက်ကျသည်။

“သားရယ်… မေမေတို့ အခြေအနေက ဒီလောက်ကြီး ရှာစရာ မလိုသေးပါဘူး၊ ညနေလေးနာရီလောက်ဆို သိမ်းပေါ့၊ ခုသားကိုကြည့်ရတာနဲ့ သားပိုက်ဆံကိုတောင် မေမေ မကိုင်ချင်တော့ဘူး”

ဒေါ်ထက်ထက်က ကရုဏာစကား ဆိုရှာသည်။

“မာမီရယ် အလကားနေမယ့်အစား ဝင်ငွေလဲရ၊ အချိန်လဲကုန်လွယ်တာပေါ့၊ တနေကုန် မောင်းနေရတာမှ မဟုတ်ပဲဟာ။ မပင်ပန်းပါဘူး”

“သား အလုပ်လျှောက်ထားတဲ့ အခြေအနေကကော”

“ရွှေလထဲမှာ စာမေးပွဲဖြေရမယ် မာမီ”

“အဲဒီအလုပ် ရအောင်သာ ကြိုးစားစမ်းပါ သားရယ်…. မင်း ဒယ်ဒီသာရှိနေယင်”

ဒေါ်ထက်ထက်က ပြောယင်း ဆိုယင်း မျက်ရည်များ ဝေ့သွယ်လာသည်။



“ကျွန်တော်လဲ တတ်နိုင်သလောက်တော့ အဆက်အသွယ်လေးဘာလေး ရှာထားပါတယ် မာမီ”

“မာမီလဲ အပြင်မထွက်တာကြာပြီ သား အတွက် ထွက်ဦးမှဖြစ်မယ်”

“သာ အတွက်တော့ မျက်နှာအငယ်မခံပါနဲ့မာမီ၊ ကံတရားပေါ့၊ ကဲ ကဲ မာမီ အေးအေးသက်သာ ပုတီးပဲစိတ်နေပါ…. မာမီရယ်”

မွေးစားသားက အလိမ္မာပိုလွန်းပြီး သားအရင်းက ခုထက်ထိ အလိမ္မာစာရင်း မဝင်သေးသမို့ ဒေါ်ထက်ထက်မှာ နေ့တိုင်း စိတ်ထိခိုက်နေရသည်။

တကယ်တော့ ဒေါ်ထက်ထက်မှာ အတွင်းပစ္စည်း အပြည့်အစုံရှိနေသေးသည်ပါ။ သမီး မော်မော်ထက် အတွက်လည်း အပြည့်အစုံ ရှိနေသည်။ တင်မောင်မြင့်ကို ပြောသည်မှာ သည်းအပေါ်ယံမဟုတ်။ တကယ့်စေတနာ တကယ့်ကရုဏာနှင့် ပြောခြင်းဖြစ်၏။

ဇော်ဇော်ထက်ကြောင့် စိတ်အနှောင့်အရှက် ရှိရသည်ကလွဲ၍ သူတို့ မိသားစုမှာ ပြဿနာကြီးကြီးထွေထွေ မရှိ။ အေးချမ်းလျက်။

သို့တစေ….။

* * *

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ကားမထွက်ဖြစ်။ မနေ့က ဖြိုးဖြိုးဝေဝေရထား သည်ကလည်းရှိ။ မနက်ဖြန် အတွက် မစ္စတာနာကာတာနီ အော်ဒါလည်း ရထားသမို့ ကားကိုဆီထိုး ရေဆေးလုပ်ပြီး အပေါ်ယံ ပွတ်ပြင်စရာလေးများကို ပွတ်ပြင်ရန် ရက်နား ယူလိုက်၏။

မနက်ပိုင်း ဆီထိုး ရေဆေးသွားပြီး အပြန်တွင် ဆီပျောက် မီးပျောက် စစ်ဆေးမှုလုပ်၍ ကားကို ပေါလစ်တိုက်ထားလိုက် သည်။ ကုသားတွေ တိုက်ခိုင်းလျှင် သုံးလေးဆယ်လည်းပေးရ သေး စိတ်တိုင်းလည်း မကျ။ တင်မောင်မြင့်က အနည်းဆုံး တပတ်တခါ ပေါလစ်တိုက်သည်။ မိုးတွင်းဆိုလျှင် ရက်ခြား တိုက်တတ်သည်။ သူက သူ့ကားကို တသသ တတင်တင်ထား တတ်သူ။

ထမင်းစားသောက်ပြီး မှေးကနဲအိပ်ပျော်သွားသည့်အချိန်။

ဇော်ဇော် ကားသော့ယူပြီး ကားမောင်းထွက်သွားသည်ကို မသိလိုက်။ ညနေစောင်းမှ ပြန်ရောက်လာသည်။

ညဘက်မီးလုံး ကြေမွနေသလို ညဘက် ခေါင်းပိုင်း တခြမ်းလုံးမှာလည်း မြင်မကောင်း ရှုမကောင်း။

ကားကိုကြည့်ပြီး တင်မောင်မြင့်မှာ အသားတွေ တဆတ် ဆတ် တုန်နေသည်။ပေါက်ကွဲလုလု ဒေါသကို အံကြိတ်မြိုး တင်း ထားရရှာသည်။ ဇော်ဇော်၏ အပြုအမူကလည်း ခံပြင်းစရာ။



အာယ်သို့ဘယ်ပုံ ဖြစ်လာသည်ကိုသော်မှ ရှင်းမပြ။ ရေချိုး ခန်းထဲတန်းဝင်သွားသည်။ တကယ်ဆို အဖြစ်အပျက်လောက် တော့ ရှင်းပြသင့်သည်ပါ။ ပြောသူက မပြောတော့မှ မေးသူက မမေး၍မဖြစ်။ နက်ဖြန် သည်ကားပုံစံကြီးနှင့် မစ္စာနာကာ တာနီထံ ဘယ်လိုသွားရပ။ ပြီးတော့ ကားတိုက်မှု နောက် ကြောင်း ရှင်းမရှင်းဆိုသည့် ကိစ္စကလည်း ရှိသေးသည်။

အဲဒီအချိန်က ဒေါ်ထက်ထက်တို့ သားသမီ အိမ်မှာမရှိ။ အတူနေ ဒေါ်ကြီးစိုးပဲရှိသည်။ ဒေါ်ကြီးစိုးမှာ ဒေါ်ထက် ထက်၏ အစ်မဝမ်းကွဲ။

ဇော်ဇော် ရေချိုးခန်းထဲက ပြန်ထွက်လာတော့ မမေးမဖြစ် သည့် ကိစ္စကို မေးလိုက်ရသည်။

"ကိုဇော် ကားဘယ်ဖြစ်လာတာလဲ"

သူက မကျေနပ်သံ မပါအောင်ထိန်းပြီး မေးလိုက်သည်ပါ။ ဇော်ဇော် ဖြေပုံက ပြေလျော့စပြုနေသည့် ဒေါသကို ပေါက်ကွဲ အောင် လုပ်ပေးလိုက်ဘိသကဲ့သို့ ရှိပါချေ၏။

"မင်းမြင်ကားပဲဟာ မေးနေရသေးသလားကွ၊ မြင်စရာ ရှိတာ မြင်လိုက်ပေါ့"

သူ၏တုံ့ပြန်သံမှာလည်း တင်းမာသွားရပြီ။

"တိုက်လာတာမှန်းတော့ သိတာပေါ့။ ဘယ်လိုဖြစ်လာ တယ်ဆိုတာ သိဖို့လို့ မေးတာပဲ"

"မင်းသိချင်ယင် မော်တော်ပီကယ်ကို သွားမေး"

"ကိုဇော်ဘယ်လိုပြောလိုက်တာလဲ၊ နက်ဖြန် ကားအော်ဒါ ရှိတယ် ခုလိုပုံနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အော်ဒါဖျက်ပစ်လိုက်ရုံပေါ့ကွ။ ဘာလဲမင်းကမကျေနပ်လို့လား"

"ဟုတ်တယ် မကျေနပ်လို့"

"နေစမ်းပါဦး သည်ကားကမင်းကားလား ငါ့ကားလား"

အေးအေးဆေးဆေး ပြေရှင်းလို့မရတော့ စကားတွေကျွံလာပြီ။

"သည်ကားက ကိုဇော်ကားလည်းမဟုတ်ဘူး၊ ကျွန်တော့်ကားလည်းမဟုတ်ဘူး မာမီကား၊ အပျော်စီးဖို့ ဝယ်ထားတာလည်း မဟုတ်ဘူး"

"ဒါမင်းပြောစရာ မလိုပါဘူးကွ"

"လိုလို့ပြောနေတာပေါ့ ကိုဇော်ရ"

"တော်ပြီ မင်းဘာမှထပ်မပြောနဲ့၊ မင်းကို ငါကြည့်မရတာကြာပြီ၊ မင်းကထောင်ထောင်၊ ထောင်ထောင်နဲ့ မင်းဘာလုပ်နေတယ်ဆိုတာ ငါအကုန်လုံးသိတယ် မင်းသည်ကားရဲ့ဝင်ငွေအိမ်ကို ဘယ်လောက်ပေးလို့လဲ၊ တရာရှမှ သုံးဆယ်လောက်ပေးပြီးတော့ မင်းကကြီးကြီးကျယ်ကျယ် ပြေူးက ပြုံပြုံမနေစမ်းပါနဲ့"

"ကိုဇော်စကားတွေ သိပ်လွန်လာပြီနော်"

"လွန်တော့မင်းက ဘာလုပ်ချင်လို့လဲ"

စနက်တံတပ်ပြီး ရှိနေသည့် ယမ်းအိုးကို ဇော်ဇော်က မီးတို့လိုက်ပါလေပြီ။

နှုတ်ကျွံရာက လက်လွန်ကုန်ကြတော့၏။



သူတို့ဖိုက်ပွဲမှာ အဆုံးသတ်သို့ မရောက်လိုက်။ တဝက်တပျက်တွင် ဒေါ်ထက်ထက်တို့ ပြန်ရောက်လာကြသည်။

နာသည်ကတော့ နှစ်ယောက်စလုံး၊ ဇော်ဇော်က ပိုနာသည်။ သူက တင်မောင်မြင့်ထက် ကြီးပေမယ့် လူဗလုန်ကလေး။

မျက်ရည်သွယ်ရသူမှာ ဒေါ်ထက်ထက်။

ဖြစ်ရပ်ကြောင်းကို မသိခင်ကတည်းက ဘယ်သူလွန်သည်ကိုသိပြီးသား။ ဖြစ်ရပ်ကြောင်းစုံကိုသိတော့ တင်မောင်မြင့်ဘက်က ရပ်တည်လိုက်၏။

ဇော်ဇော် အိမ်ပေါ်ကဆင်းသွားသည်။

တင်မောင်မြင့်လည်း စိတ်မကောင်း၊ စိတ်လိုက်မာန်ပါလုပ်မိသည့်အတွက် သူမှားကြောင်း ဒေါ်ထက်ထက်ကို ထိုင်ကန်တော့ပြီး တောင်းပန်ယင်း သူတခြားသို့ ပြောင်းရွှေ့နေတော့မည့်အကြောင်းပါ ပြောလိုက်သည်။

ဒေါ်ထက်ထက်က လက်မခံ။ ဒါပေမယ့် အငယ်ကအကြီးကို ကိုယ်ထိလက်ရောက်လုပ်တာ မှားကြောင်း ဇော်ဇော်ထက်ကို တောင်းပန်ရမည်ဖြစ်ကြောင်း ပြောလာသည်။

သူက ခေါင်းခါတော့မလိုဖြစ်ပြီးမှ ခေါင်းညိတ်လိုက်ရသည်။

ဒေါ်ထက်ထက် အဆုံးအဖြတ်မှန်ကန်သည်။ မျှတသည်ကိုတော့ သူလက်ခံရမည်ပါ။

ထိုမှ နောက်ပိုင်း အိမ်တွင်းရေး အဲနေအထားမှာ ဘယ်သို့ရှိမှာပါလိမ့်။

တည်ငြိမ်နေသောရေပြင်ပေါ်သို့ ခဲတလုံးကျသွားပါလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



* * *

နောက်တနေ့။

မစ္စတာနာကာတာနီ ချိန်းဆိုသည့်အချိန်မှာ ဆယ်နာရီ။ မသွားရျှမဖြစ်။ သူ့ကိုယုံစားပြီး စောင့်နေသော်လည်း မစ္စတာ နာကာတာနီ ချိန်းဆိုထားသည့် အစီအစဉ်များ လွှဲချော်သွား နိုင်သလို သူ့အဖို့လည်းမကောင်း၊ မစ္စတာ နာကာတာနီ အချိန်မီအစီအစဉ် အပြောင်းအလဲ လုပ်နိုင်ရန်အတွက် ရှစ်နာရီ မထိုးခင် အိမ်မှထွက်ခဲ့ရသည်။

မစ္စတာနာကာတာနီကို အကျိုးအကြောင်း ပြောပြပေးဖို့ ကောင်တာစာရေးကို တောင်းပန်ရသည်။

သူနှင့် မျက်မှန်းတန်းမိနေသည့်ကောင်တာစာရေးကလည်း လိုလိုလားလားပင် ဖုန်းဆက်ပေးရှာသည်။

မစ္စတာနာကာတာနီက သူနှင့်တိုက်ရိုက် စကားပြောလို သည်ဆိုသဖြင့် ကောင်တာစာရေးက ပြောလက်စဖုန်းကို သူ့လက်ထဲသို့ လွှဲပြောင်းပေးလိုက်၏။



"တင်မောင်မြင့် ဘယ်လိုဖြစ်တာလဲ"

"မနေ့က လေးဆိုင်ကအပြန်မှာ မတော်တဆ ကားတိုက်မှု ဖြစ်ပြီး ကားရှေ့ပိုင်း နည်းနည်းထိခိုက်သွားပါတယ်"

"လူရောထိသွားသလား"

"မထိပါဘူး ခင်ဗျ"

"အခုကားပါလာတယ် မဟုတ်လား"

"ဟုတ်ကဲ့...ပါပါတယ်။ ဒါပေမယ့် ကားက အမြင် ကောင်းပါဘူး။ ဒါကြောင့် မစ္စတာ အနှောင့်အယှက် ဖြစ် နေမှာစိုးလို့ အချိန်မီ အကြောင်းကြားပါတယ်။ တခြား ကား စီစဉ်ပေးပါဆိုယင်လဲ ကျွန်တော် သူငယ်ချင်း ကားကို ငှားပေးပါမယ်။ မစ္စတာက သီးခြား အစီအစဉ် လုပ်ချင်ယင် လဲ လုပ်နိုင်ပါတယ်။ အခုလို အနှောင့်အယှက် ပေးရတာ ဝမ်း နည်းပါတယ် ခင်ဗျာ"

"နိုး...နိုး မင်းကား ကောင်းယင် မင်းကားနဲ့ပဲ သွားမယ် ဆယ်နာရီကို ဆက်ဆက်လာပါ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် မစ္စတာ၊ ကျွန်တော် ချိန်း တဲ့အချိန်မှာ အဆင်သင့် ရှိနေပါမယ်"

"အာရိဂတ်ခတော"

"အာရိဂတ်တော"

မစ္စတာ နာကာတာနီက အာရိဂတ်တောသလို သူက လည်း ပြန်လည်၍ အာရိဂတ်ခတော လိုက်ရသည်။

တနာရီလောက် လိုသေးသော်လည်း သူက အိမ်ပြန် တော့။ ကားဆွဲဖို့သည်း စိတ်မပါ။ ကိုယ့်ကား ကိုယ်ကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဟာကိုယ်တောင် စိတ်ပျက်နေသည်။ စီးမည့် ခရီးသည်ကလည်း သည်ကားမျိုး ငှားလိုမည် မဟုတ်။ သူ့ကားပုံကြောင့် အင်းလျားလိတ်မှာလည်း ဆက်မနေချင်။ ကမ္ဘာအေးလမ်းဘက် ထွက်ပြီး ပါရမီထိပ် လက်ဖက်ရည်ဆိုင်မှာ အချိန်ဖြုန်းဖို့ ပြန်ထွက်လာခဲ့သည်။

မနေ့ညကလည်း ကောင်းကောင်း အိပ်မရ။ အတွေးများပေါင် စုံနှင့် မဆုံးဖြတ်နိုင်ရာသော ပြဿနာ အဖုံဖုံက အိပ်စက်ခြင်းကို အနှောင့်အယှက် ပေးခဲ့သည်။

အိမ်မှာ ဆက်နေသင့် မနေသင့်။

နေလျှင် နောက်ဆက်တွဲ ဖြစ်လာမည့် ပြဿနာများ။ မနေလျှင် သူ့ စားဝတ်နေရေး အတွက်က အကြောင်းမဟုတ်။ သူ့အပေါ် အမေအရင်း ပမာသို့ အကောင်းလွန်ခဲ့ရှာသည့် ကျေးမိခင်ကြီး အလွန်အမင်း စိတ် ထိ ခိုက် သွား လိမ့် မည်မှာ သေချာသည်။ သည် အ နေ အ ထား မျိုး ကို အ ဖြစ် မ ခံနိုင် အရောက်မခံနိုင်။ ခုပဲကြည့် သားအရင်းနှင့် ဖြစ်သည့် ပြဿနာတွင် သားအရင်းဘက်က မလိုက်၊ မှန်မှန်ကန်ကန် မျှမျှတတ အဆုံးအဖြတ် ပြုခဲ့သည်။

လောလောဆယ် သူက အိမ်ဝင်ငွေကို တဘက်တလမ်းက ပံ့ပိုးပေးနေလို့ သူကို အားကိုးအားထား ပြုနေသည် မဟုတ်မှန်းလည်း သိထားသည်။

လွန်ခဲ့သည့် ခြောက်လလောက်တုန်းက ဇော်ဇော် တီးဝိုင်းအဖွဲ့နှင့် ပျဉ်းမနားသို့ လိုက်သွားစဉ် ဒေါ်ထက်ထက်ဟာ မော်မော်နှင့် သူ့ကိုခေါ်ပြီး သားအရင်းကိုပင် မပြခဲ့သော



ဝယ်ယူ စုဆောင်းထားသည့် ငွေစုလက်မှတ်များနှင့် အတွင်းပစ္စည်းများကို ထုတ်ပြခဲ့ရုံမက သူသိမ်းဆည်းထားသည့် နေရာကိုပါ အသိပေးခဲ့သည်။

အဲဒီနေ့က....။

"မာမီ တစုံတခုမဖြစ်ခင် မော်မော် အိမ်ထောင်ရက်သားကျသွား ယင်တော့ အကြောင်းမဟုတ်ဘူး။ သမီးအတွက်ရသင့်ရထိုက်တာကို မာမီ တခါတည်း ခွဲဝေပေးလိုက်မှာ။ မတော်တဆ မာမီကအယင် တစုံတခုများ ဖြစ်သွားခဲ့ယင် သားတို့က ညီမလေးကို စောင့်ရှောက်ပြီး သူ့ဘဝ သူရပ်တည်တဲ့အခါ သည်ပစ္စည်းတွေထဲက ရသင့်ရထိုက်တာကို ခွဲပေးဖို့ပဲ။ အကယ်၍ သမီးက အိမ်ထောင်ရက်သား မပြုသေးယင် မင်းတို့မောင်နှမနှစ်ယောက် တိုင်တိုင်ပင်ပင် လုပ်သွားဖို့ပဲ။ ကိုဇော်အတွက် ရသင့်ရထိုက်တဲ့ ပစ္စည်းကိုတော့ တလီတည်း မပေးနဲ့၊ မောင်နှမနှစ်ယောက် တိုင်ပင်ပြီးပေး။ အခု မာမီပြောတဲ့အကြောင်းကိုရော ပစ္စည်းတွေ အကြောင်းကိုပါ ကိုဇော်ကိုလုံးဝအသိမပေးနဲ့၊ လေသံလဲ မဟနဲ့၊ မာမီသားကို ယုံတယ်။ သားကြီးကတော့ သိချင်တဲ့အတိုင်းပဲ မာမီတစုံတခု မဖြစ်ခင်သူ လိမ္မာလာယင်တော့ တမျိုးပေါ့။ ခု...မာမီ သားနဲ့သမီးကိုခေါ်ပြောထားတာက တခြားကြောင့် မဟုတ်ဘူး။ လူဆိုတာကျေးဇူးသောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေ့ခင် သခါရှိနယ်ကို သွားရမဲ့ ဖြစ်လို့ပဲ"

မိခင်ကြီး ဒေါ်ထက်ထက်က သူ့အပေါ် အဲဒီလောက်ယုံကြည်သည်၊ ကိုးစားသည်။

www.burmeseclassic.com



တကယ်တော့ သူကလည်း သည်ပစ္စည်းပစ္စယတွေကို မက်မောချမ်ဟုတ်။ သို့ကြောင့် ကျေးဇူးရှင်မိခင်ကြီး တစုံတခုမဖြစ်စေချင်။ ဘဝတာမှာ မနောင်တရမဆုံး ဖြစ်ရမည့် ကိစ္စကြီး။

ဘာလုပ်သင့်သည် ဆိုသော အဆုံးဖြတ်မရ။ ဖြစ်လာမည့် အခြေအနေပေါ် မီးစင်ကြည့်က ဖို့ပဲ ဆုံးဖြတ်လိုက်ရတော့၏။

အင်းလျားလိတ် ဟိုတယ်ရှေ့သို့ ပြန်ရောက်တော့ ဆယ်နာရီထိုးဖို့ မိနစ်နှစ်ဆယ်။ ရောက်နေကြောင်း အကြောင်းမကြားတော့ပဲ ထိုင်စောင့်နေလိုက်သည်။

မစ္စတာ နာကာတာနီ ဗ ဆယ်နာရီထိုးဖို့ သုံးမိနစ်အလိုတွင် ကားရှိရာသို့ ရောက်လာသည်။ ထုံးစံအတိုင်း သူ၏ နှစ်လိုဖွယ်ရာ အပြုံးနှင့်။

သူက တံခါးအဆင်သင့် ဖွင့်ပေးထားသော်လည်း ကားပေါ်သို့ ချက်ချင်း မတက်ပဲ ကားတိုက်မိသည့် နေရာကိုကြည့်ပြီး ကားပေါ်ရောက်မှ အမေးစကား ဆိုလာသည်။

"မင်း ကားကို ဂရုတစိုက်မောင်းလျက်နဲ့ ဘယ်လိုဖြစ်ပြီး တိုက်မိတာလဲ"

"မနေ့က ကျွန်တော် ကားပြုပြင်ဖို့ တရက်နားပါတယ်။ ကျွန်တော့် အစ်ကိုက ကားကို ခဏယူမောင်းတုန်း တိုက်မိတာပါ"

"[illegible]ါကို မင်းတို့ဆီမှာ ဘယ်လိုပြန်ပြင်သလဲ"

"ပြန်ထုပြီး ဆေးမှုတ်ရပါတယ်"

"[illegible]ယ်လို ထုတာလဲ"



သူက ကားဘော်ဒီ ထုသည့် လုပ်ငန်းအကြောင်း ရှင်းပြလိုက်ရသည်။

"ကျုပ် သန်ဘက်ခါပြန်မယ်၊ တလလောက် ကြာယင် တခေါက်ပြန်လာခဲ့မယ်၊ မင်း လေဆိပ်မှာ အမြဲရှိတယ် မဟုတ်လား...."

"ဟုတ်ကဲ့....ရှိပါတယ်"

"မင်းကို ဆက်သွယ်နိုင်မယ့် တယ်လီဖုန်းရှိယင် ပေးထားပါ...."

"ကျွန်တော့် အိမ်မှာ တယ်လီဖုန်း ရှိပါတယ်"

"ဒီတခေါက်တော့ မင်းအိမ်ကို မလာနိုင်တော့ဘူး။ နောက်တခေါက်တော့ ဆက်ဆက် လာခဲ့မယ်"

"ကျေးဇူးတင်ပါတယ် မစ္စတာ၊ မြန်မာ့ထမင်းဟင်းကောင်းကောင်းနဲ့ ဧည့်ခံဖို့ ကျွန်တော်မျှော်နေပါ့မယ်။ လေဆိပ်ဆင်းဖို့ ကားလိုပါသေးသလား"

"လေဆိပ်ဆင်းဖို့တော့ ကားမလိုတော့ဘူး၊ တင်မောင်မြင့်စန် သံရုံးက လိုက်ပို့လိမ့်မယ်"

ထိုနေ့က အပြန်ခရီးတွင် မမျှော်လင့်သော အမေးစကားတခွန်း အမေးရှိလာသည်။

"မင်း ဂျပန်ပြည်မှာ အလုပ်မလုပ်ချင်ဘူးလားတဲ့"

လုံးဝမျှော်လင့်မထားသည့် မေးခွန်းမို့ ချက်ချင်း အဖြေပေးဖို့ တွန့်ဆုတ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရပ်ခြားမှာ အလွန်ပင်ပန်းသည့် သဘော်သားအလုပ်ရဖို့ အတွက်ပင်လျှင် ငွေသောင်းကျော် အကုန်ခံပြီး ချွေးဒီးဒီးနှင့် မဲမဲသဲသဲလိုက်နေသူတွေ အများကြီး။

ခု သူက စကားမဆိုရပဲ မစ္စတာ နာကာတာနီက စကားပေးလာသည်။

"ကျွန်တော် မစ္စတာ ပြောတဲ့စကားကို ကြားတော့ ကျွန်တော့်နားကို ကျွန်တော် မယုံဖြစ်သွားရပါတယ်။ သည်အခွင့်အရေးမျိုးကို ကျွန်တော် မမျှော်လင့်ရဲပါဘူး၊ ကျွန်တော်သိပ်လိုပ်ချင်ပါတယ်၊ ဒါပေမယ့် ကျွန်တော့် မိသားစု အခြေအနေကြောင့် ကျွန်တော်စဉ်းစားရမယ့် အကြောင်းတွေ အများကြီးရှိနေပါတယ်၊ မစ္စတာ နောက်တခေါက် လာတဲ့အခါမှ အဖြေပေးပါရစေ"

"မင်း စဉ်းစားထားပါ၊ ကျုပ် မင်းကိုကူညီမယ်"

ချက်ချင်း ခေါင်းညိတ်ဖို့ကောင်းသော်လည်း မညိတ်လိုက်မိသည်ကို အင်းလျားလိတ်က အပြန် သူ့စိတ်ထဲမှာ မတင်မကျ လိပ်ခဲတင်းလင် ကြီး ဖြစ်နေပါသည်။ မှားသွားလေပြီလားဆိုသော နောင်တစိတ်လည်း ထင်လာသည်။

နောက် တခေါက်ဆိုသည်မှာ မသေချာ။ ပေးလာသည့်အခွင့်အရေးကို ပေါ်လာသောအခိုက် အမိအရ ဖမ်းဆုပ်လိုက်ဖို့ကောင်းသည်။ သူ့မှာ နောင်တ တရရ။

အိမ်ပြန်ရောက်ရောက်ချင်း မိခင်ဒေါ်ထက်ထက်ကို ပြောပြရသည်။



"အေး....ဂျပန်ခေတ်က မြန်မာပြည်ကို ရောက်ဖူးပြီး မြန်မာစကားကောင်းကောင်းတတ်တယ်ဆိုယင်တော့ကင်ပေတိုင် ဖြစ်မှာပေါ့၊ ဂျပန်ခေတ်ကမြန်မာစကားကောင်းကောင်းတတ်တာ ကင်ပေတိုင်နဲ့ ဂျပန်ကုန်သည်တွေပဲ တတ်ကြတာ၊ မင်းအဖေဆို ဂျပန်ကုန်သွယ်ရေးဘဏ်က ဂျပန်တွေနဲ့ သိပ်ရင်းနှီးခဲ့တာပေါ့၊ မင်းအဖေက သဘောကောင်းတယ်၊ ပျော်ပျော်ပါးပါး နေတတ်တယ်၊ ခုလို အလုပ်ပေးမယ် ဆိုတာမျိုးကတော့ ရခဲတဲ့အခွင့်အရေးပဲ၊ အဲဒီတော့ မာမီတို့ကို ငဲ့မနေနဲ့ သွားဟာသွားမဲ့ဆုံးဖြတ်ပေါ့ကွယ်"

ဒေါ်ထက်ထက်က တားမြစ်စကားမဆို။ တင်မောင်မြင့်တို့ မမီလိုက်သည့် ဂျပန်ခေတ် အကြောင်း ပြောပြသည်။ ဂျပန်ခေတ်ကတည်းက သူတို့မိသားစုနှင့် တွဲနေခဲ့ရဖူးသည်။ ဦးဘဇော်က ဒေါ်ထက်ထက်နှင့် ဦးတင်မောင်က ဒေါ်ခင်မြင့်နှင့် အိမ်ထောင်ကျပြီးစ အချိန်။

ဂျပန်ခေတ်ရောက်တော့လည်း ရေနံမြေမှာ အတူတူ။

"ကျွန်တော် ဂျပန်ကိုသွားပြီး အလုပ် လုပ် ယင် လဲ မာမီကျေးဇူးကို ဆက်လက်ပြီး ဆပ်နေမှာပါ မာမီရယ်၊ ကျွန်တော့်အတွက် ကိုယ်လွတ်ရုန်းဖို့ မဟုတ်ပါဘူး"

"ပြောစရာမလိုပါဘူး သားရယ်၊ သားသဘောကို မာမီအသိဆုံးပါ၊ ဒါကြောင့်လဲ မာမီ အတွင်းရေးကိစ္စတွေကို လွှဲထားတာပေါ့။ ဪ....ဒါထက် မနက်က ဇော်ဇော်လာတယ်၊ မာမီက အိမ်မှာပြန်နေဖို့နဲ့ သားကတောင်းပန်မယ့် အကြောင်း ပြောလိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တောင်းပန်ပါမယ် မာမီ ကျွန်တော်က အငယ်ပဲဥစ္စာ"

"အေးကွယ်....သာဓု....သာဓု"

ဇော်ဇော်ထက် အိမ်က ထွက်သွားသည့် နေ့ကစည်းက မျက်နှာ ညိုနေသည့် ဒေါ်ထက်ထက် မျက်နှာ ရွှင်လန်းသွားသည်။

တင်မောင်မြင့်လည်း ရင်ဝယ်ပီတိ တသိမ့်သိမ့်။

× × ×

(လေး)

အိမ်တွင်းရေး အခြေအနေမှာ ပြေလည်သွားပြီဟု ဆိုနိုင်လှသော်လည်း တင်ရှိခဲ့သည့် အဖုအထုံးကလေးမှာ ပြေပြေလျော့လျော့ ရှိသွားပြီဟု မဆိုသာ။

ဇော်ဇော်နှင့် တင်မောင်မြင့်တို့ ဆက်ဆံရေးမှာ မတင်းမာသော်လည်း ခပ်တန်းတန်းပင် ဖြစ်နေသည်။

ဇော်ဇော်က သူ့အနေအထိုင် အချိုးအဆင်ကို လုံးဝမပြင်။ ဒေါ်ထက်ထက်က ပြောရတာ အာပေါက်လှမတတ် ရှိခဲ့သမို့ မပြောတော့ချေ။ မတော်သူကို တော်အောင် ပြုစုပျိုးထောင်ပေးရသည်မှာ လွယ်၏။ မကောင်းသူကို ကောင်းအောင် ပြုပြင်ဖို့ကျတော့ မလွယ်။

www.burmeseclassic.com

www.burmeseclassic.com



သားတယောက် သမီးတယောက်ဆိုပြီး၊ အလိုလိုက် မှာ ခဲ့ရာမှ ပြန်လည်ထိန်းကွပ်ရန် ကြိုးစားရသည်မှာ တိမ်မယောင် နှင့်နက်၍ လွယ်မယောင်နှင့် ခက်လှစွာ၏။

ခုတော့ အိမ်မှာ မဖြစ်ဖူးတာတွေ ဖြစ်လာပြီ။

ပထမ တင်မောင်မြင့် နာရီပျောက်သွားသည်။

အိမ်မှာ ဇော်ဇော်ထက် သူငယ်ချင်း အပေါင်းအသင်းတွေ အဝင်အထွက်များစေကာမူ ဘယ်နှသူ ယူသည်ကို ဘတ်ချ မတ်ချ စွပ်စွဲနိုင်သည်ပါ။ တင်မောင်မြင့်က အိမ်ပြန်ရောက်ယင် နာရီကို ပတ်ထားလေ့မရှိ။ သူ့အခန်းထဲမှာလည်း မထား ဧည့်ခန်းတိုင်တွင် ချိတ်ထားလေ့ရှိ၏။ သည်လို ထားခဲ့သည်မှာလည်း ကြာပြီ။ အယင်တုန်းကတော့ အိမ်မှာ ပစ္စည်း ပျောက်လေ့ပျောက်ထ မရှိ။ ဒေါ်ထက်ထက်နှင့် မော်မော်တို့ကို ထားတော့ ဒေါ်ကြီးစိုးကိုလည်း မယိုးစွဲသာ။ ဒေါ်ကြီးစိုးက ရိုးအေးပြီး မီးဖိုချောင် ကိစ္စပြီးယင် သူ့အခန်းမှာ သူ ပုတီးစိပ်နေမြဲ။

ဇော်ဇော်နှင့် မျက်နှာကျော လုံးဝမတည့်။

ဒေါ်ကြီးစိုးက မပြောယင်လည်း နေခရာ၊ ပြောပြီဆိုယင်လည်း ပိဿာလေးနှင့် ဘေးပစ်သလို နာသာခံခက် ပြောတတ်သည်။

တင်မောင်မြင့်က နာရီပျောက်သည့် ကိစ္စကို ဒေါ်ထက်ထက်အား မပြောပဲ ဒေါ်ကြီးစိုးနှင့် မော်မော်တို့ကိုသာ ပြောပြခဲ့သည်။ ပြောပြခဲ့သည့် အကြောင်းရင်းမှာ အိမ်က ပစ္စည်း



များကို ဂရုစိုက်ဖို့ သတိထားဖို့ဖြစ်၏။ သို့တစေ ဒေါ်ကြီးစိုးက မနေ ဒေါ်ထက်ထက်ကို ပြောပြလိုက်သည်။

ဒေါ်ထက်ထက်ကတော့ ထုံးစံအတိုင်း မျက်ရည် သွယ်ရုံမှတပါး ဘာမှမတတ်နိုင်။ သည်တခါတော့ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားရှာသည်။ တိုးတိုးကြိတ်ကြိတ်ပေးနေပါလျက် အိမ်က ပစ္စည်း ထိပါးသည့် အဆင့်သို့ တက်လာပြီ။

တင်မောင်မြင့်ကို နာရီတလုံးဝယ်ဖို့ ငွေထုတ်ပေးသည်။

"မာမီကို ကျွန်တော် တခုတော့ ပြောပါရစေ"

"ဘာများလဲ သားရယ်"

"ကိုဇော်ကိစ္စပါ"

"ဘာဖြစ်ပြန်လို့လဲသား"

"ကိုဇော် လောင်းကစားဝိုင်းမှာ ထိုင်နေပြီဆိုတဲ့ သတင်းကြားရတယ် မာမီ၊ အခြေအနေ မကောင်းဘူး၊ တော်ကြာ မဖြစ်သင့်တာတွေ ဖြစ်ကုန်လိမ့်မယ်"

"မာမီလဲ ကြုံတိုင်း ဆုံးမနေတာပါပဲသားရယ်၊ သူ့အတွက် ဘယ်လိုလုပ်ရမယ်ဆိုတာ မာမီလဲ စဉ်းစားလို့ မရတော့ဘူး၊ မာမီလဲ မြွေပွေးကိုခါးကို ပိုက် ပိုက်ထားရသလို ဖြစ်နေပါပြီ သားရယ်"

"ကားဂိုဒေါင်ထဲမှာ ကားတာယာအသစ် သုံးလုံးနဲ့ တခြားအဖိုးတန်တဲ့ ကားပစ္စည်းကိရိယာတွေ ရှိတယ်၊ အဲဒါတွေ ကျွန်တော့်အခန်းထဲကို ရွှေ့ထားချင်လို့"

"ဒါများ မာမီ ပြောနေရ သေးသလားကွယ်....သား သဘောနဲ့ သား လုပ်ပိုင်ခွင့် ရှိတာပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



"တသက်လုံး ဂိုဒေါင်ထဲ ထားလာပြီးမှ ရွှေ့တယ်ဆိုတော့ အမြင်တမျိုးဖြစ်လာမှာ စိုးလို့ပါ"

"မာမီအတွက်တော့..."

"မာမီအတွက် ကျွန်တော် ပြောနေတာမဟုတ်ဘူး ကိုဇော် ပြောနေရတာ တော်ကြာ သူ့အပေါ် အထင်သေးတယ်ဆိုပြီး ပြဿနာလုပ်လာမှာ စိုးလို့ပါ"

"သွား လုပ်စရာရှိတာလုပ် ဖြစ်လာယင် မာမီ ရှင်းလိုက်မယ်"

နာရီ ပျောက်ပြီး တလပင်မကြာ။ တအိမ်လုံး ပွက်လောရိုက်သွားသည့် ပစ္စည်းပျောက်ကိစ္စ ဖြစ်လာပြန်သည်။

မော်မော် စိန်လက်စွပ် ပျောက်သွားခြင်း။

မြကို အလယ်ကခံ၍ စိန်ဆယ့်နှစ်လုံး စီထားသည့် လေးထောင့်ပုံစံ စိန်လက်စွပ်မှာမော်မော် အမြဲတမ်း ဝတ်ထားလေ့ရှိသည့် လက်စွပ်။ မော်မော်က လက်ဝတ်ရတနာကို များများစားစား မဝတ်တတ်။

စိန်နားကပ်၊ စိန်လက်စွပ်တကွင်းနှင့် နာရီတလုံးပဲဝတ်တတ်သည်။ အိမ်မှာနေနေ အပြင်ထွက်ထွက် ထိုထက်ပိုမဝတ်။

သူရေချိုးခန်းဝင်တော့ လက်စွပ်ကို သူ့အခန်းထဲက မှန်တင်ခုံပေါ်မှာ ချွတ်ထားခဲ့သည်။ အဲဒီအချိန်က အိမ်မှာ ဇော်ဇော်ရှိနေသည်။ မော်မော်ပြန်ထွက်လာတော့ ဇော်ဇော် လည်းမရှိ၊ လက်စွပ်လည်းမရှိတော့။

ဘယ်သူများလဲလို့ တွက်ချက်ရန်မလို၊ ပစ္စည်းပျောက်နာမည်ကြီးသည့် ခွေးလေးဖေဒင်လည်း မေးစရာမလို။



အဲဒီနေ့က မိုးကြီးချုပ်မှ ဇော်ဇော် ပြန်ရောက်လာသည်။ မော်မော်က ချက်ချင်း လက်ငင်းပဲ ပြဿနာကို ဖြေရှင်းဖို့ စကားစလိုက်ရာ မောင်နှစ်မနှစ်ယောက် အကြီးအကျယ် စကားများကြသည်။ တင်မောင်မြင့်က ဝင်မပြောမိအောင် သူ့အခန်းထဲ ဝင်နေလိုက်သည်။

သူခိုးက လူလူဟာစ်ပြီဆိုတော့လည်း မနေသာ အခန်းထဲက ပြန်ထွက်ရသည်။

တင်မောင်မြင့် ယူတာကော မဖြစ်နိုင်ဘူးလား ဆိုသည့် စကားပါလာသောကြောင့်။

တင်မောင်မြင့်ကဟုတ်သည် မဟုတ်သည် ငြင်းချက်မထုတ် ဂိုဒေါင်ထဲက ကားထုတ်ပြီး သွားရမည့်နေရာကို သွားလိုက်သည်။

သုံးရက်မရွေးလျှင်အဆုံး လက်စွပ်ကို ငွေငါးရာနှင့်ပေါင်ထားကြောင်း အထောက်အထားပြ ပြောနိုင်တော့မှ အိမ်ကို ပြန်ခဲ့သည်။

မငြင်းနိုင်သူက ရှက်ရမ်းရမ်းပြီ။

"မင်း....တို့မိသားစုကိစ္စမှာ ဘာမှ ဝင်စွက်စရာမလိုဘူး"

"ကျွန်တော်ဝင်စွက်တာမဟုတ်ပါဘူး ကျွန်တော့နာမည် သန့်သွားပဲ သက်သေပြနိုင်အောင်ပဲ လုပ်ရတာပါ"

"ခုမင်းက ငါ့အရှက်ကို ခွဲတာပေါ့ဟုတ်လား"

"ကျွန်တော် ကိုဇော်အရှက်ကို မခွဲပါဘူး လုပ်သင့်တာကို လုပ်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာသား....သားက မဟုတ်တာလဲ လုပ်သေးတယ် ပြီးတော့ ဇော်လဲဇော်ကားတယ် ဆိုတာတော့ မကောင်းဘူး။ မင်းအိမ်ကနေဆင်းသွားယင် အကောင်းဆုံးဖြစ်လိမ့်မယ်။ ဒါမှမဟုတ် မင်းအန်ကယ်ကို ငါးသွားပြောရလိမ့်မယ်၊ တို့အိမ်တွင်းရေး အတူးသဖြင့် မင်းအကြောင်း အပြင်မှာမပြောချင်လို့ မာမီစိတ်အဆင်းရဲခံပြီး အောင့်အည်းနေခဲ့ရတာ၊ တကယ်တော့ မင်းဟာ မာမီကို သတ်နေတဲ့သားပဲ"

"ဩော်... မာမီကိုယ်တိုင်က ဒီအကောင်ဆင်တဲ့ အကွက်ထဲ ဝင်နေပြီပေါ့လေ"

"သား ဘယ်လိုပြောလိုက်တာလဲ၊ မင်းစကားတွေ တော်တော်လွန်လာပြီနော်"

ဇော်ဇော်က သူ့အမှားကိုဝန်မခံ။ ကိုယ့်ဘက်ကို လက်ညှိုးထိုးရမည့်အစား ကိုယ့်မျက်ချေး ကိုယ်ပြန်သုတ်ရမည့်အစား၊ သူများကို လက်ညှိုးထိုး၍ မျက်ချေးတွေနဲ့ပါလားဟု စွပ်စွဲပြီး ကိုယ့်ကိုယ်ကို ကာကွယ်ဖို့ ကြိုးစားနေပါလေပြီ။

"ကျွန်တော် ညီမလေးလက်စွပ်ကိုယူသွားတာ၊ ကျွန်တော် မဟုတ်တာလုပ်တာမဟုတ်ဘူး သူငယ်ချင်းတယောက် အကြပ်အတည်း တွေ့နေတာကို ခဏကူညီလိုက်ရတာပါ။ သည်လက်စွပ်ကို သုံးရက်အတွင်း ညီမလေးလက်ထဲ ရောက်စေရမယ် ဒါပေမယ့် ကျွန်တော်တခုတော့ ပြောမယ် မာမီပစ္စည်းတွေနဲ့ ပတ်သက်ပြီး မာမီဘယ်လို စီစဉ်မယ်ဆိုတာတော့ ကျွန်တော့် ကိုပြောဖို့ကောင်းတယ်။ ခု...အိမ်မှာ အေးဒါမြ ရှိနေတယ်



ကျွန်တော်ကတော့ ပြောင်သမား၊ ခေါင်းမြီးခြုံထဲက လက်သီးမထိုးတတ်ဘူး"

မိုးကြိုးပစ်သည်ကို ထန်းလက်နှင့်ကာသည် ဆိုဒါမျိုးလေလား၊ တင်မောင်မြင့်က နှုတ်ဆိတ်နေလိုက်သည်။ ဘာမှဝင်မပြော။

ဇော်ဇော်က ပြဿနာလမ်းကြောင်းကို လွှဲဖို့ အားယူနေပါလေပြီ။

"မာမီဘာမှမဖြစ်ခင် သည်ကိစ္စကို ဘာမှရှင်းဖို့ မလိုဘူး၊ အချိန်တန်တော့ မင်းသိချင်တာတွေ သိရမယ် ဒါပဲ"

"ဒါဖြင့် ကျွန်တော့်ကို ကားတစီးဝယ်ပေးပါ။ ကျွန်တော်အိမ်အတွက်လဲပေးမယ်၊ ကျွန်တော့် အသုံးစရိတ်ကိုလဲ ကျွန်တော့်ဟာ ကျွန်တော် ရှာမယ်"

ပြဿနာလမ်းကြောင်းကို မထင်မှတ်ရာဘက် လိုင်းလွှဲလိုက်ရာ ဒေါ်ထက်ထက်မှာ ဘာပြန်ပြောရမှန်း မသိအောင် မှင်သက်မိသွားရသည်။ ဒေါ်ထက်ထက်မှာ တုံ့ပြန်စကား မထွက်လာခင် ဒေါ်ကြီးစိုးက ကြားဝင်လိုက်သည်။

"သည်မှာမောင်ဇော် ပထမဆုံး မင်းလုပ်ဖို့က မင်းရဲ့အနေအထိုင်ကို တည်တည်ငြိမ်ငြိမ်ဖြစ်အောင် ပြုပြင်ဖို့ပဲ။ ခု...မင်းနေပုံမျိုးနဲ့ ဘယ်လိုလုပ်ပြီး ကားဝယ်ပေးရပါ့မလဲ။ မင်းရဲ့အပေါင်းအသင်းတွေကို ကြည့်စမ်း၊ သူများကို မှီချိုးမျှစ်ချိုး မပြောချင်ပါဘူး အားလုံးဟာ အသက်နှစ်ဆယ် ဝန်းကျင်နဲ့ နှစ်ဆယ်ကျော်နေပြီ။ မိဘကို လုပ်ကျွေးဖို့ထားတော့ ကိုယ့်သုံးဖို့ပိုက်ဆံ ကိုယ်ဟာကိုယ် မရှာနိုင်ကြသေးဘူး။ သည်

www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်ကြီးတွေရောက်နေတာတောင်မှ မိဘဆီလက်ဝါးဖြန့်တုန်း။ ဟေးလားဝါးလား လုပ်နေတုန်း။ အေး....လူဆိုတာ အချိန်တန် အရွယ်ရောက်ယင် အလုပ်လုပ်ရတာသက်ကွဲ့။ အချိန်တန်အရွယ်ရောက်လို့မှ အလုပ်မလုပ်ပဲ မိဘအရိပ်ကို ခိုလှုံနေသေးယင် သည်တသက်ဘယ်အရွယ်မှ အလုပ်လုပ်ကြမှာလဲ ကိုယ့်ကိုယ်ကို မရှက်တတ်သို့ ရှက်တတ်ယင် လောကမှာ နေဖို့တောင် မကောင်းတော့ဘူး။ တနေ့လာလည်း တဒေါင်ဒေါင် တဒင်ဒင်။ တနေ့လာလည်း တဒေါင်ဒေါင် တဒင်ဒင်နဲ့ မင်းအဖေမို့ သာပေါက္ကယ် ငါသာ အမေဆိုယင်....”

“ဒေါ်ကြီးစိုးကိုက တခေယာက်ကိုသိပ်ကောင်းတယ်လို့ မြင်နေတော့ တယောက်အပေါ် ဘယ်အကောင်း မြင်တော့မလဲ”

“မင်း....အဲဒါလူ စကားပြောတာ မဟုတ်ဘူး”

ဒေါ်ကြီးစိုးက မပြောယင်နေရော ပြောယင် သည်လိုမျိုး။

“ကဲ... အခု ကျွန်တော် အလုပ်လုပ်မယ်ဆိုတော့ ဘယ်သူက အားပေးစကား ပြောသလဲ၊ လုပ်ချင်အောင် ဘယ်သူက တိုက်တွန်းသလဲ”

ဒေါ်ထက်ထက်က အခြေပြဿနာကို ကန့်ပေးလိုက်သည်။

“သားတကယ် အလုပ်လုပ်ချင်တယ်ပေါ့”

“တကယ်လုပ်ချင်လို့ ပြောတာပေါ့ မာမီရယ်”

“ကဲ...အခုရှိတဲ့ကားကို သားလက်ထဲအပ်မယ် သားလက်တွေ့လုပ်ပြစမ်း”

“ဒီကားမျိုးတော့ မမောင်းချင်ဘူး ဖယ်မလီယာမှ”



“အဲဒါတော့ မေမေလဲ့ မတတ်နိုင်ဘူး”

“ဒါဖြင့် ကျွန်တော် ကိုယ့်အားကိုယ်ကိုးပြီး ရတဲ့အလုပ်လုပ်ရတော့မှာပေါ့”

“ဒါတော့ သားသဘောပဲ”

“ဒါဆို ကျွန်တော်သွားမယ်”

ဇော်ဇော်က သောင်မတင် ရေမကျ စကားဆိုပြီး အိတ်ဆွဲထွက်သွားသည်။

စိန်လက်စွပ် ပြဿနာမှာ တိုးလိုးတန်းလန်း။ ရှင်းယင်းလင်းလင်း မရှင်း ပြဿနာပျောက်သွားပါလေပြီ။

နောက်တနေ့ စိန်လက်စွပ်ရွေးဖို့ တင်မောင်မြင့်ကို ခိုင်းသော်လည်း သူမသွားချင်ကြောင်း ပြော၍ ရွေးရမည့်နေရာကိုညွှန်ပို့ပေးခဲ့ရာ ဒေါ်ကြီးစိုးကိုယ်တိုင် သွားရွေးလိုက်ရသည်။

ဝိုင်းတွင် အပေါင်ခံသည့် ထုံးစံ တမျိုး။

ဝိုင်းပြီးအဆုံး ရက်ပိုင်းအဆုံးဟူ၍ဖြစ်ရာ ခုဟာက ဝိုင်းပြီးအဆုံးမဟုတ်ပဲ ရက်ပိုင်းအဆုံးမို့သာ ပြန်ရခြင်းဖြစ်၏။ အတိုးသာကျတော့ အပေါင်အတိုးလည်း မဟုတ်။ အလွတ်ချေးသည့် အတိုးလည်းမဟုတ် ကြားဘိုး။ ငွေတရာတဆယ်တိုး။

ပြဿနာက သည်မှာတင်ပြီး မသွား။

ဇော်ဇော် ကြောက်သည့် ဦးလေး ဦးဘသော်ထံ ရောက်သွားသည်။ ဦးဘသော်က ဇော်ဇော်အဖေ့ညီအရင်း။ အထက်ဆောက်တော့မဟုတ် တယောက်ခြား။ အလုပ်အကိုင်ကကြီး။

www.burmeseclassic.com



မျက်နှာထားတည်သည်။ ဇော်ဇော် ဘာမှ မလုပ်ရပဲ ငယ်ငယ်ကလေးတည်းက ကြောက်သည်။ ထိုအကြောက်ရောဂါမှာ ကြီးသည်အထိစွဲနေတုန်း။ ဦးဘသော်တွင်သားယောကျ်ားလေး သုံးယောက်ရှိရာ ဖခင်ကို အလွန်ကြောက်ကြရသည်။ ဖခင်မျက်စောင်း တချက်ထိုးလျှင်ပင်သူတို့မှာ နေစရာမရှိ။ ငယ်ငယ်က ရိုက်သည်ကို ဇော်ဇော် မြင်ဖူးသည်။ ခါးပတ်ချွတ်ပြီး ဆော်တာ။

ဒါကြောင့်လည်း ကြောက်နေသလား မသိ။

ဒေါ်ထက်ထက်က မတ်ဖြစ်သူကို ပြောမည်ဟု ဆိုလိုက်သော်လည်း တကယ်တာ မပြောဖြစ်။ ဇော်ဇော်က အယင်ဦးခင်အောင် သွားပြောလိုက်သည်။ ပြောပုံကတမျိုး။

သူပြုလုပ်ခဲ့သည့် အပြစ်များကို သာမန်ကာရှန်ကာ အပေါ်ယံကြောလောက် ပြောပြီး တင်မောင်မြင့် လှည့်ကွက်ထဲကို မိခင်ရော နှစ်မဖြစ်သူပါ ပါနေပုံ။ တင်မောင်မြင့်က ပျားရည်နှင့်ဝမ်းချပြီး ပစ္စည်းတွေ အပိုင်းစီးဖို့ လုပ်နေပုံ။ သားအရင်းထက် မွေးစားသားအပေါ် အကဲပါနေပုံ။ သူ့အလုပ်လုပ်ချင်ကြောင်း ပြောပေမယ့် ကားဝယ်မပေးပုံ။ တင်မောင်မြင့်က အိမ်ကကား ဝင်ငွေကို ဘယ်လိုဖြုတ် သုံးနေပုံ စသည်များကို ချဲ့ကားပြီး ဦးလေးဖြစ်သူအား ပြောပြခဲ့ရာ ဦးဘသော်မှာ နှဝေတိမ်တောင် ဖြစ်သွားရသည်။

လူရိုးဆိုသည်မှာ သံချိုင်းကုန်းတွင်သာ ရှိသည် ဟူသော ဆိုစကားရှိသည် မဟုတ်ပါလား။ အဲဒီတော့ မွေးစားသား



အကော ဘယ်လောက်များ ရိုးသားမှာမို့လဲ စဉ်းစားစရာပါ။ ဦးဘသော်က ရဲအရာရှိ မှုခင်းကိုမဖြစ်ခင် ကာကွယ်မည်ဆိုသော ထုံးကို နှလုံးမူထားသူ။ ပြဿနာတရပ်ကို ဖြစ်ပြီးမှ ရှင်းခြင်းထက် မဖြစ်ခင်ရှင်းခြင်းကို အလေးအမူထားသူ ဖြစ်သည့် အလျောက် ဒေါ်ထက်ထက်တို့အိမ်သို့ ရောက်လာသည်။

အဲဒီနေ့က တင်မောင်မြင့် အိမ်မှာမရှိ။

ဒေါ်ထက်ထက်ကရော ဒေါ်ကြီးစိုးကပါ သားအရင်း ဇော်ဇော်အတွက် ရင်နာရင်နင့် ခံစားနေရသည့် ဝေဒနာဆိုး အသွယ်သွယ်ကိုရင်ဖွင့်ပြလိုက်ကြ၏။ ကားဝင်ငွေ၊ ကားပြင်ဆင်ရိတ်များကို တင်မောင်မြင့်က အသေးစိတ် စာရင်းစာအုပ်နှင့် ထားသည့်အလျောက် တင်မောင်မြင့် စာအုပ်ထားသောနေရာကို သိသည့် မော်မော်က စာရင်းစာအုပ်ကို ယူပြလိုက်သည်။

ဦးဘသော်က ဇော်ဇော်ပြန်လာယင် သူ့ဆီ လွှတ်လိုက်ဖို့ ပြောပြီး တပ်ခေါက်ပြန်သွားရ၏။

ဇော်ဇော်က သပ်ဝပ်လျှိုပေမယ့် အရာမရောက်၊ အရာမထင်၊ ကိုယ့်ရှူးကိုယ်ပတ်ပဲ ဖြစ်ရသည်။

ဦးဘသော် လာသွားသည့် အကြောင်းကိစ္စကို ဒေါ်ထက်ထက်ရော၊ ဒေါ်ကြီးစိုးကပါ ရေငုံနှုတ်ပိတ် လုပ်ထားစေကာမူ မော်မော်က အကြောင်းစုံ ရှင်းပြလိုက်ရာ ယောကျ်ားတန်မဲ့ တင်မောင်မြင့်မှာမျက်ရည်လည်ရုံ မဟုတ်ဘဲ မျက်ရည်သွယ်စီးသည့်အထိ နင့်နင့်သီးသီး ခံစားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကောင်းယင် ခေါင်းဘယ်မှမရွေ့ ဆိုစကား ရှိသော်လည်း ပတ်ဝန်းကျင်ကြောင့် ခေါင်းရွေ့ရသည်မျိုးလည်း ရှိတတ်သည်ပါ။

သည်အကြောင်းကို ဒေါ်ထက်ထက်နှင့် ဒေါ်ကြီးစိုးတို့က သူ့ကိုဘာလို့ပြန်မပြောပါလိမ့်ဟု သံသယစိတ်မဝင်။ ပြန်မပြောကြသည့် အရင်းခံ စေတနာကို သူ သဘောပေါက်ပါသည်။ နားလည်လက်ခံနိုင်ပါသည်။ သို့တစေ အခုရှုပ်မှ နောင်ရှင်း ဆိုသလို အမေးအမြန်းစကား မဆိုမဖြစ်သောကြောင့် ဦးဘသော်လာသွားသည့် အကြောင်းကိစ္စအပေါ် ဒေါ်ထက်ထက်တို့ ဘယ်လိုသဘောထား ရှိသည်ကို ပွင့်ပွင့်လင်းလင်းပဲ မေးလိုက်သည်။

“သားကို ပြန်မပြောတာကတော့ ဒီကိစ္စအပေါ် မာမီတို့ ဘယ်လိုမှ သဘောမထားလို့ပဲ၊ သားအပေါ်မှာ ယုံကြည်မှု သဘောထား တပြားသားမှ မလျော့ဘူးသားရယ်”

‘ကိုဇော်ကို ကားတစီး ဝယ်ပေးလိုက်ယင် ကောင်းမယ် မာမီ၊ လွတ်တဲ့ငါးကြီး ဆိုသလို သူမလုပ်ရလို့ပါ လုပ်ရယင် ဘယ်လိုဆိုဘာမျိုးနဲ့ အကြပ်ကိုင်လာလိမ့်မယ်”

“သူပြောတဲ့ ကားမျိုးတော့ မာမီဘယ်လိုမှ ဝယ်မပေးနိုင်ပါဘူး၊ တောင်းဆိုးပလုံးဆိုးသာပစ်ရိုးရှိတယ်၊ သားသမီးဆိုး ပစ်ရိုးမရှိလို့သာ လက်ခံနေရတာ၊ သူ့လက်ထဲသာ ကားတစီး ဝယ်ပေးလိုက်ယင် မာမီတို့မှာ နောက်ပိုင်းက ပြဿနာ လိုက်ရှင်းလို့ ဆုံးမှာ မဟုတ်ဘူး၊ ရေထဲချလိုက်တာမှ အသံမြည်ဦး



မယ်၊ ရေပွက်ထတာ မြင်ရဦးမယ်၊ သူ့လက်ထဲ ထည့်လိုက်လို့တော့....”

“ခု ကျွန်တော်က ကြားထဲမှာ တော်တော် အနေရ အထိုင်ရ ခက်နေတယ်မာမီ”

“မာမီတို့ မိသားစုအားလုံးက သားအပေါ်မှာ အမြင်ရှင်းနေတာပဲသားရယ်”

“မာမီတို့ သဘောထားကို ကျွန်တော် နားလည်ပါတယ်၊ ဒါပေမယ့် သားအမြင် ရှင်းဖို့ဆိုတာကတော့ သိပ်မလွယ်ဘူး၊ ကျွန်တော့်မှာ နေယင်း ထိုင်ယင်း သိက္ခာချခံနေရမယ့် အနေအထား ရောက်နေတယ်မာမီ”

“သား ဘာလုပ်ချင်တယ်ဆိုတဲ့ ဆန္ဒကိုလဲ ပြောဦးမှပေါ့”

“ကျွန်တော် ဘော်ဒါဆောင် တခုခုမှာ သွားနေမယ်၊ အလုပ်အဆင်မပြေခင် စပ်ကြား မာမီတို့ကားကိုပဲ မောင်းပေးမယ်၊ မနက်လာယူ ညနေပြန်ပို့ပေါ့”

“သား အဲဒီလိုနေပြီး အိမ်ကကားကို လာမောင်းယင် ပတ်ဝန်းကျင်က ဘယ်လိုပြောမလဲ မာမီတို့ကရော သားကို ဒီလိုနေဖို့ ဘယ်လို ခွင့်ပြုနိုင်ပါ့မလဲ”

“ဒါဖြင့်လဲ ဒီတခေါက် မစ္စတာနာကာတာနီ လာယင် ကျွန်တော် နိုင်ငံခြားမှာ အလုပ်သွားလုပ်ဖို့ ကြိုးစားတော့မယ် မာမီ”

“အဲဒါကိုတော့ မာမီတို့ မတားတော့ပါဘူး သား၊ သား သဘောပါပဲ”

www.burmeseclassic.com

www.burmeseclassic.com



လူငယ်တိုင်း မက်မက်မောမောရှိသည့် တိုင်းဘပါးတွင် အလုပ်သွားလုပ်ဖို့ကို တင်မောင်မြင့်လည်း လိုလိုလားလား စိတ်ဝင်တစားရှိသည်ပါ။ သို့တစေ မစ္စတာ နာကာတာနီ မေးခဲ့က စဉ်းစားပါရစေဦးဟု ပြောလိုက်သည်မှာ မိမိအပေါ် မိခင်အရင်းတမျှ ကောင်းရှာသည့် ဒေါ်ထက်ထက်နှင့် ညီမလေးသဖွယ် သံယောဇဉ် တွယ်ပိုးရသည့် မော်မော် အတွက်ကြောင့်သာဖြစ်၏။

ခုတော့....။

* * *

ဆုံရပြန်ရပြီ၊ မစ္စတာနာကာတာနီ။

သူရောက်နေသည်ကို မသိ လေဆိပ်တွင် မဆုံလိုက်ရ။ အင်းလျားလိတ်ဟိုတယ်ကနေ ဖုန်းဆက်မှပဲ ရောက်နေကြောင်း သိလိုက်ရသည်။ အပြေးအလွှား သွားတွေ့လိုက်ရ၏။

မစ္စတာ နာ ကာ တာ နီက ထုံးစံအတိုင်း နှစ်လိုဖွယ်ရာ အပြုံးနှင့်။

"မစ္စတာနဲ့ မစ္စတာမိသားစုတွေ နေကောင်းပါတယ်နော်"



"ကောင်းပါတယ် တင်မောင်မြင့်စန် မိသားစုကောနေကောင်းတယ် မဟုတ်လား"

"ဟုတ်ကဲ့ ကောင်းပါတယ်"

"တင်မောင်မြင့်စန် နည်းနည်းပိန်သွားတယ်"

"ဟုတ်ကဲ့ မစ္စတာ"

"ကားလဲ ကောင်းတယ်နော်"

"ဟုတ်ကဲ့ ကောင်းပါတယ်"

"ကျုပ် သန်ဘက်ခါ ပြည်ကိုသွားချင်တယ်၊ တင်မောင်မြင့်စန်ကား ပြည်ကိုသွားလို့ ဖြစ်မလား"

"ဖြစ်ပါတယ် မစ္စတာ ကျွန်တော် နက်ဖြန် ကာကို စစ်ဆေးပြီး ပြုပြင်ထားလိုက်ပါမယ်"

"ကျုပ်တို့အားလုံး သုံးယောက်သွားမယ်။ ပြည်တာဘက်တမ်း ဆင်တဲမှာ တင်းကျနှစ်ရက် ကြာမယ်။ တင်မောင်မြင့်စန်ပြည်က စောင့်နေပါ။ ကျုပ်တို့ ဟိုမှာ စောင့်ရတဲ့အတွက်လဲ ပေးမယ်၊ တင်မောင်မြင့်စန်ကားခ ဘယ်လောက်ယူမှာလဲ"

"ကျွန်တော် ဈေးစကား မပြောလိုပါဘူး၊ မစ္စတာပဲ ဆုံးဖြတ်ပေးပါ"

"တင်မောင်မြင့်စန် ထုံးစံအတိုင်းယူပါ"

"ကျွန်တော်နဲ့ မစ္စတာကြားမှာ ထုံးစံဆိုတာမျိုး မရှိသင့်ပါဘူး"

"ကောင်းပြီလေ ကျုပ် တင်မောင်မြင့်စန် မနစ်နာစေရအောင် ပေးမယ်"

"ကျေးဇူးတင်ပါတယ် မစ္စတာ"

www.burmeseclassic.com

www.burmeseclassic.com



သူ့ကား တာယာလေးလုံးမှာ နှစ်လုံးက အသစ်၊ နှစ်လုံးက အဟောင်း၊ အဟောင်းနှစ်လုံးကို အသစ်နှင့်လဲပြီး အသေးအဖွဲ့ပြုပြင်စရာများအားလုံး ပြုပြင်ထားလိုက်သည်။

နွေဦးပေါက် ရာသီ၏ နံနက်ခင်းမှာ သာသာယာယာ လန်းလန်းဆန်းဆန်း။ ဆောင်းနှင်းဖြူကလေးများ မကင်းစင်သေး၊ ဝေ့သီနေဆဲ။

ကားပေါ်တွင် မစ္စတာနာကာတာနီ၊ ကိုနီအိုဂုဂျုယား အာနိုဂျီမုယာတို့ လိုက်ပါလာကြသည်။ ခါတိုင်း မီးရထားနှင့် သွားနေကြသည်။ သည်ဘခေါက် ကားလမ်းက သွားလိုသည့် မစ္စတာနာကာထာနီ ဆန္ဒကြောင့် ကားလမ်းခရီး ထွက်ခဲ့ကြသည်ပါ။

တိုက်ကြီးမြို့ကို ဝင်စပြုပြီ။

"တင်မောင်မြင့်စန်"

"ဟုတ်ကဲ့ မစ္စတာ"

"ကျုပ်တို့ တခုခုစားဖို့ ကားခဏရပ်ပေးပါ"

"ဘယ်လို အစားအသောက်မျိုး စားချင်ပါသလဲ မစ္စတာ"

"အအေးတခုခု သောက်လို့ရမယ့် ဆိုင်ကောင်းကောင်းမှာ ရပ်ပေးပါ"

တင်မောင်မြင့်က သာယာဝတီအထိပဲ ရောက်ဖူးသည်။ သည်လမ်းခရီးနှင့် မကျွမ်း၊ ဆိုင်ကောင်းကောင်းရှိသည့် နေရာကို မသိ။ ကားကို ဖြည်းဖြည်းမောင်းပြီး ဝဲယာသို့ ကြည့်လာယင်းမှ ဆိုင်ကြီးတဆိုင်ရှေ့တွင် ရပ်ပေးလိုက်သည်။



ဆိုင်ကမုန့်ကိုမစား အင်းလျားလိတ်က ယူလာသည့် မုန့်နှင့် လိမ္မော်ရည် ပုလင်းများ မှာသောက်ကြသည်။ သူ့ကို မုန့်များ ကြိုက်သလို စားဖို့ကျွေးသော်လည်း သူကမစား။ စမူစာသုတ် ဝယ်စားပြီး တိုက်ကြီး စမူဆာသုတ် နာမည်ကြီးသည့် အကြောင်း ပြောပြရသည်။

"ကိုယ့် တိုင်း ပြည် က အ စား အ စာ ဟာ ကိုယ့်အတွက် အကောင်းဆုံးပဲ တင်မောင်မြင့်စန်၊ ကျုပ်လဲ နိုင်ငံတွေအများကြီး ရောက်ဖူးတယ်၊ အမေရိကား၊ အီတလီ၊ ပြင်သစ်၊ ဂျာမဏီအစုံပဲ၊ ဒါပေမယ့် ဘယ်တိုင်းပြည်က အစားအစာတွေ ဘယ်လောက် ကောင်းတယ်ပြောပြော ကျုပ်တို့ဂျပန်အစားအသောက်ကို မီတယ်လို့ မထင်ဘူး။ ကျုပ်က မြန်မာအစားအစာနဲ့ ရင်းနှီးပြီးသား။ ကျုပ်မစားဘူးတာ မရှိသလောက်ပဲ။ ကျုပ်ကြိုက်တဲ့ အစားအစာတွေလဲ ရှိပါတယ်။ ခုတော့ ခိတ္တင်းသိပ်မငတ္တတော့ဘူး"

သူက ဘာမှမခပြော ပြုံးနေလိုက်သည်။

တိုက်ကြီးမှ ထွက်လာပြီးနောက် တထောက်နားသည့် နေရာမှာ ကြို့ပင်ကောက်။ ဆီ-ရေ-လေကို ကြည့်ဖို့နှင့် တာယာ အပူသက်သာအောင် ခဏနားရသည်ပါ။

တင်မောင်မြင့်က ကားကို မှန်မှန်ပဲ မောင်းခဲ့သည်။ ပြည်လမ်းမှာ ကျဉ်းလည်းကျဉ်းသည်။ လမ်းတွေကလည်း မညီ။ ကားနှစ်စီးရှောင်သည့် အခါမျိုးတွင် ပို၍သတိထားရသည်။ ကားလေးချင်းတွေလို့က အကြောင်းမဟုတ်။ ကားကြီးနှင့်တွေလို့ အရှိန်မသတ်ပဲ လမ်းဘေးဆွဲချမိယင် လမ်းစောင်းမညီ

www.burmeseclassic.com

www.burmeseclassic.com



သမို့ ကားကို ဒုက္ခပေးနိုင်သည်။ အဝေးပြေး ဟီးနိုးကားကြီးများ ရိမ်းဂျူးများနှင့်တွေ့ယင် ပို၍ သတိထားရသည်။

မစ္စတာနာကာတာနီကလည်း ဖြည်းဖြည်း မှန်မှန်မောင်းဖို့ မကြာခဏဆိုသလို သတိပေးနေသည်။ သူတို့သုံးယောက်မှာ စကားတွေ ဖောင်လောက်အောင် ပြောလာကြရာ ဝမ်းခေါင်းသံနှင့် စကားပြောတတ်သည့် သူတို့၏ စရိုက်မလေ့ကြောင့်လား မသိ၊ တခါတခါ တင်မောင်မြင့်မှာ ကားမောင်းနေယင်း သမင်လည်ပြန် လှည့်၍ လှည့်၍ ကြည့်မိရသည်။

သူတို့ အားရပါးရ စကားပြောပုံမှာ အထိတ်တလန့် ရှိရပါတိ။

ပေါင်းတည်မှာ ခဏနားသည် သူတို့က အအေး၊ တင်မောင်မြင့်က လက်ဖက်ရည် သောက်ကြသည်။ ပြည်မြို့ရောက်တော့ နှစ်ချက်ထိုးပြီးပြီ။ ကမ်းနားကိုမပို့ခင် တင်မောင်မြင့် တည်းခိုမည့် တည်းခိုခန်းသို့ အယင်သွား၍ တယ်လီဖုန်းနံပါတ် ရေးမှတ်ယူပြီး သူတို့သုံးယောက်ကို ကမ်းနားသို့ ပို့ပေးရသည်။

သူတို့ကို လာကြိုသည့် မော်တော်မှာ အဆင်သင့်။

တင်မောင်မြင့်က ပြည်မြို့မှာ အသိအကျွမ်းမရှိ။ အိပ်ဖို့နေဖို့ နေရာကအကြောင်းမဟုတ်။ ကားထားဖို့နေရာကအကြောင်း သူ့ကားကို မျက်ကွယ်တွင်ထားဖို့ စိတ်မချ။ တည်းခိုခန်းတွင် တည်းခိုနေစေကာမူ ညဘက်တွင် တည်းခိုခန်းပေါ်မှာ ဇိမ်နှင့် မအိပ်နိုင်။ သူ့ကားပေါ်မှာပင် ခေါက်ခေါက် ကွေးကွေး အိပ်ရသည်။



ညဉ့်ဦးပိုင်း ရွှေဆံတော်ဘုရားကြီးပေါ်သို့ တက်၍ ဖူးမျှော်သည်မှအပ ဘယ်ကိုမှမရောက်။ နေ့လယ်ဘက်တွင် တည်းခိုခန်းမှ ခေါ်ပေးသည့် ကောင်လေး တယောက်ကို ကားစောင့်ကြည့်စေပြီး တရေးတမော အိပ်စက်ရ၏။ နောက်တနေ့ညဘက်လည်း ယမန်နေ့ညကအတိုင်း ကားပေါ်မှာပင် အိပ်ရသည်။

ညနေဘက်က မစ္စတာ နာကာတာနီထံမှ ဖုန်းဆက်ထားသည်။ မနက် ခုနစ်နာရီ ကမ်းနားမှာ လာကြိုဖို့။ သူက မနက်ငါးနာရီကတည်းက နိုးနေပြီ။ ခြောက်နာရီမှာ လက်ဖက်ရည်သောက် မုန့်စားပြီး အဆင်သင့် မနက်စောစော နာမည်ကြီးလှသည့် ပြည်ပလာတာနှင့် ကြက်သားဟင်း စားရသည်မှာ ခံတွင်းတွေ့လှပါတိ။

အပြန်ခရီးမှာလည်း အားလုံး ချောချောမောမော။ ရွှေတောင်အလွန်တွင် ဆိပ်ပိတ်သည်ကလွဲလို့ တလမ်းလုံးအဆင်ချောသည်။ သူက ကားကို တသသလုပ်ထားသမို့ ခရီးဝေးဖြစ်စေကာမူ ကားဒုက္ခပေးခြင်းကို မခံလိုက်ရ။

"တင်မောင်မြင့်စန် ပြည်မှာတော်တော်နှံ့နှံ့ လည်ခဲ့သလား"

"ကျွန်တော် ဘုရား ကလွဲလို့ ဘယ်မှမရောက်ပါဘူးခင်ဗျား၊ ကားကို စိတ်မချတာနဲ့ ညဘက်ဘောင် ကျွန်တော်ကားပေါ်မှာပဲ အိပ်ပါတယ်"

"မင်းဟာ လူငယ်ပေမယ့် လူကြီးစိတ်ရှိတယ်၊ ကြိုးစားတယ် ရိုးသားတယ်၊ မင်းကို ကျုပ်အကူအညီပေးဖို့ ဆုံးဖြတ်ထားတယ်၊ မင်းဘက်ကကော ဆုံးဖြတ်ပြီးပလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆုံးဖြတ်ပြီးပါပြီ"

"ကောင်းတယ် ရန်ကုန်ရောက်ယင် မင်းအတွက် အစီအစဉ်ကို ပြောပြမယ်၊ မင်းမိဘနဲ့လဲ တွေ့ချင်တယ်၊ မင်းအကြောင်းလဲ ပြောပါ၊ ငါ့အကြောင်းလဲ ပြောပြမယ်"

"ကျေးဇူးအများကြီး တင်ပါတယ်ခင်ဗျား၊ မစ္စတာကို ကျွန်တော်ရဲ့ ဖေဖေ့ဖားသားလို နှလုံးသားထဲမှာ စွဲမှတ်ထားပါမယ်"

"ငါဒီစကားကြားရတာ သိပ်ဝမ်းသာတယ်....တင်မောင်မြင့်စန် အခုပြည်ကို လာတဲ့ခရီးမှာ မင်းကား ခေတ်ဆီဘယ်လောက်ကုန်သလဲ"

"ဂါလံ ငါးဆယ်လောက် ကုန်ပါတယ်"

(ထိုအချိန်က ခေတ်ဆီမရှားသေး။ သွားယင်းလာယင်း နယ်ဆိုင်များတွင် အလွယ်တကူဝင်ထည့်လို့ မရသည့်တိုင် ဝယ်လို့ ချမ်းလို့ အဆင်ပြေသည်။ ဈေးသက်သာသည်။)

မစ္စတာ နာကာတာနီက သုံးရက်ကားငှားခငွေ ခြောက်ရာ ထုတ်ပေးသည့်အပြင် သူ့အတွက် စီကိုနာရီတလုံးပါ လက်ဆောင်ပေးလာသည်။ တင်မောင်မြင့်က ငွေကို လက်မခံပဲ နာရီ လက်ဆောင်ပေးသည်ကိုပဲ လက်ခံပါရစေဟု ပြောပြီး ငြင်းပယ်သော်လည်း မရ။

"နက်ဖြန်ညနေ လေးနာရီသာခေါ်ပါ၊ ငါ မင်းတို့အိမ် လိုက်လည်ပြီး မင်းတို့မိသားစုနဲ့ ပျော်ပျော်ပါးပါး တွေ့ချင်တယ်...."



"ကျွန်တော့်မိခင်က သိပ်ဝမ်းသာမှာပါ မစ္စတာ၊ မစ္စတာ အချိန်ရမယ် ဆိုယင် မြန်မာ ညစာထမင်းနဲ့ ဧည့်ဝတ် ပြုပါရစေ...."

"ကျုပ် မြန်မာ အစားအစာကို နှစ်သက်ပါမယ့် ဆိုင်တွေမှာ မစားရဲဘူး၊ မင်းတို့အိမ်မှာတော့ စားမယ် ထမင်းတော့ မလုပ်နဲ့ ငရုတ်သီးနည်းနည်းနဲ့ အုန်းနို့ခေါက်ဆွဲ စားမယ်.... ဆန္ဒင်းမကင်း ကောင်းကောင်းလုပ်ပါ"

"အကောင်းဆုံးဖြစ်အောင် ကျွန်တော် ကြိုးစားပါ့မယ်"

တင်မောင်မြင့်တို့ အိမ်ကို နာကာတာနီ လာလည်သည့်အတွက် အထူးတလည် ပြင်ဆင်စရာမလို။ နဂိုကတည်းက လူနည်းစု နေသည့်အပြင် သန့်သန့်ပြန့်ပြန့် နေတတ်သည့် အခလေ့ကြောင့် အိမ်မှာ အမြဲတမ်း သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်းရှိနေသည်။ အိမ်ထောင်ပရိဘောဂများမှ အသစ်မဟုတ်သော်လည်း တောက်တောက်လွင်လွင် ရှိနေရာ မေမေက ခန်းဆီးများလဲ၍ ဧည့်ခန်းစားပွဲနှင့် ထမင်းစားပွဲတွင် ထားမည့် ပန်းအိုးများကို လှလှပပလေး ဖြစ်အောင် ပြင်ဆင်ထားသည်။ ထမင်းစားခန်းမှာ မကျယ်သော်လည်း မိသားစု ချောင်ချောင်ချိချိထားနိုင်သမို့ စပယ်နံ့သင်းအောင် စပယ်ကုံးများကို ထမင်းစားခန်း နံရံတွင် ချိတ်ဆွဲထားသည်။

စပယ်နှင့် နှင်းဆီပန်းရေစိမ်ထားသည့် မျှ နှာသုတ်ပဝါ နွေးနွေးလေးကလည်း အဆင်သင့်။

နာကာတာနီ၏ နှစ်လိုဖွယ်ရာ အပြုံးမှာ၍ လက်သက်သင်ထင်ရှိသွားသည်။

www.burmeseclassic.com



အားလုံး မြန်မာလိုပင် ပြောကြရာ မစ္စတာ နာကာတာနီမှာ တချို့သော စကားလုံးများကို မေ့လျော့နေသဖြင့် 'အာခဆောကာ၊ အာခဆောကာ' နှင့် တဝါးဝါး ပွဲကျကြရသည်။ မစ္စတာ နာကာတာနီလာမည့် အကြောင်း ဇော်ဇော်ကိုပြောထားသော်လည်း ဇော်ဇော်က အိမ်မှာမရှိ။

မရှိသည်ကလည်း ခပ်ကောင်းကောင်း။ ရှိနေပြီး ပြောချင်ရာတွေ စွတ်ပြောနေယင် မျက်နှာ အထားရ ခက်ကြမည်။

နူးအိပ်နေကြသည့် ကြက်သားနှင့် ချက်ထားသည့် အုန်းနို့ခေါက်ဆွဲဟင်းကို ပုစွန်ထုပ်ကြီးနှင့် ငါးဖယ်နမ်းခြင်း ဖြည့်စွက်ထားရာ မစ္စတာ နာကာတာနီ ခွဲဘွင်းတွေ့သွားသည်ထင်ပ။ သိပ်ကောင်းတယ် စားလို့သိပ်ကောင်းတယ်ဟု အားရပါးရကြီး တဖွဖွပြောနေရာ အုန်းနို့ခေါက်ဆွဲ လက်ရာရှင် ဒေါ်ကြီးစိုးမှာ တပြုံးပြုံး။

အိမ်မှာ အကျအန ဖုတ်ထားသည့် ဆနွင်းမကင်းကိုပင် ဟုတ္တိပတ္တိ မစားနိုင်။

စားသောက်ပြီးနောက် ပြောကြဆိုကြသည့် စကားဝိုင်းမှာ ရယ်သံ တသောသောနှင့်။

ပြန်ခါနီးတွင် မစ္စတာ နာကာတာနီက ဂျပန်ဓလေ့အတိုင်း အားလုံးကို ဦးညွတ်နှုတ်ဆက်ပြီး နှစ်လိုဖွယ်ရာ အပြုံးတဝေဝေနှင့်။ အာရိဂတ်တော သံ အဆုံးမသတ်နိုင်။

တင်မောင်မြင့်ကို နောက်တနေ့မနက် ဆယ်နာရီလာဖို့ မှာပြီး ပြန်သွားခဲ့သည်။



တွေ့ဆုံခြင်းမှာ ချောချောမွေ့မွေ့၊ ကြည်ကြည်မြမြ၊ ပျော်ပျော်ရွှင်ရွှင်။

*  *  *

ပထမ တင်မောင်မြင့်က သူ့အကြောင်းကို ပြောပြရသည်။ သားအရင်း မဟုတ်သည်ကအစ သားအရင်းနှင့် ပြသနာတက်နေသည့် အိမ်တွင်းရေး အနေအထားကိုပါ ထိန်းထိန်းသိမ်းသိမ်း ပြောပြခဲ့သည်။

ဒေါ်ထက်ထက်နှင့် မော်မော်အပေါ် မိခင်နှင့် နှမအရင်း အချာသဖွယ် သဘောထားပုံ။ သူတို့အတွက် သူ့မှာတာဝန်ရှိသည်ဟု ခံယူထားပုံ၊ နိုင်ငံတော်က ပညာသင်ပေးထားသည့်အတွက် နိုင်ငံတော်ကို ပြန်လည် အကျိုးပြုဖို့ ဆုံးဖြတ်ထားပုံ။ ဒါကြောင့် မစ္စတာ နာကာတာနီ ပြောစဉ်က စဉ်းစားပါရစေဟု ပြောခဲ့ရသည့် အကြောင်းရင်းကိုပါ ပြည့်ပြည့်စုံစုံ ပြောပြလိုက်ရသည်။

မစ္စတာ နာကာတာနီ၏ မျက်နှာပေါ်တွင် ထင်ရစ်လာသည့် ကရုဏာရိပ်မှာ သဲသဲဝင်ဝင် ရှိဘိ၏။ နှစ်လိုဖွယ်ရာအပြုံးမှာ ပြေလျော့နေသည်။ စိတ်ထိခိုက်မှု ခံစားရသူများ၏မျက်ဝန်းမှာ မကြည်လင်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ မင်းရဲ့အကြောင်းကို ကြားရတာ စိတ်မကောင်းပါဘူးကွာ ဒါပေမယ့် မင်းလို အားမန်ရှိတဲ့၊ ဇွဲရှိတဲ့ လူငယ်တယောက်အတွက် အောင်မြင်မှု လမ်းကြောင်းဟာ ဘယ်တော့မှ မတိမ်ကောပါဘူး။ ရေစီးသန်တဲ့ မြစ်မှာ သောင်မထွန်းဘူး ဆိုသလိုပေါ့ကွာ။ လူတိုင်းဟာ သေတဲ့အထိ ကိုယ့်ဆန္ဒ ပြည့်ဝတယ်လို့ ဘယ်တော့မှ မရှိဘူး။ ငါ့မှာ အရာရာ ပြည့်စုံပါတယ်၊ ဒါပေမယ့် ဆန္ဒမပြည့်ဝဘူး။ မင်းလို သားယောကျ်ားလေးမျိုး တယောက် လိုချင်တယ်။ မရဘူး။ ငါ့မှာ မွေးထားတာ အားလုံး သမီးတွေချည်းပဲ။ ငါ မင်းကို သားလိုမဲ့ သဘော ထားပါတယ်ကွာ၊ ဘာမှ အားမငယ်ပါနဲ့"

"ကျေးဇူးတင်ပါတယ် မစ္စတာ"

မစ္စတာ နာကာတာနီက သူ့အကြောင်းကို ပြောပြသည်။

× × ×

(ငါး)

၁၉၃၉ ခု။

ဒုတိယ ကမ္ဘာစစ်မီးကြီး မြန်မာပြည်သို့ ကူးစက်မလာမီ ...နှစ်ခန့် အကြိုကာလ။

၁၉၃၇ ခု၊ မေလမှစ၍ တရုတ်၊ ဂျပန်စစ်ပွဲ စတင်ဖြစ်ပွား...ရာ ထိုစစ်ပွဲကို အကြောင်းပြု၍ အာရှတိုက် နိုင်ငံများမှာ ...မကောင်းစိတ်များ ဖြစ်ပေါ်လာရသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေး တိုက်ပွဲအတွက် အပြင်း...ဆုံး ကြိုးပမ်းရန် ဆုံးဖြတ်သည့်ကာလ။

၁၉၄၀ ပြည့်နှစ် မေလ ၁၂-ရက်နေ့။

သာယာဝတီမြို့၌ ကျင်းပသည့် တို့ဗမာအစည်းအရုံး ပဉ္စမ ...ကြိမ် ညီလာခံ ဆုံးဖြတ်ချက် ၁၄ (ဃ)တွင်...။

www.burmeseclassic.com

www.burmeseclassic.com



"ဗမာ့ လွတ်လပ်ရေးအတွက် အိမ်နီးချင်း နိုင်ငံများနှင့် ဆက်သွယ်မှု ပြုလုပ်ပြင်ဆင်ရန်"

ဆို ဖြတ်ချက်ကို ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အရ လက်နက်ကိုင် တော်လှန်ရေးအတွက် ပြင်ဆင်စီစဉ်ကြသည်။

ထိုစဉ်ကာလတွင် ဂျပန်အစိုးရက အရှေ့တောင်အာရှတိုင်း နိုင်ငံအသီးသီးသို့ ဂျပန်သူလျှိုများကို အသွင်အမျိုးမျိုးဖြင့် စေလွှတ်ခဲ့ကြသည်။

- သွားစိုက်ဆရာများ။
- အသံဖမ်း အင်ဂျင်နီယာများ။
- ပိုးထည် အထည်ရောင်းကုန်သည်များ။
- မျက်မှန်ဆိုင်များ၊ မျက်စိကု ဆရာဝန်များ။
- လူသုံးကုန် ပစ္စည်းအမျိုးမျိုး အရောင်း ကိုယ်စားလှယ်များ။

- ခေတ်ပုံဆိုင်နှင့် ခေတ်ပုံဆရာများ.... စသည်ဖြင့် အသွင်ပြောင်းထားသော ဂျပန်အမျိုးသားများ ရောက်လာကြသည်။

တကယ့်ကုန်သည်များပါသလို သူလျှိုလုပ်ငန်းလုပ်မည့်သူများလည်း ပါဝင်ကြရာ မစ္စတာနာကာတာနီမှာ နယ်လှည့် ခေတ်ပုံဆရာအဖြစ် မြန်မာနိုင်ငံသို့ ရောက်လာပြီး ပြည်လမ်းမတော်လမ်း 'သူရိယခေတ်ပုံဆိုင်' အမည်ဖြင့် ခေတ်ပုံဆိုင် ဖွင့်လှစ်၍ မြန်မာပြည်အလယ်ပိုင်း တခွင်သို့ လှည့်လည်သည်။

ထိုအချိန်က သူ၏အသက်မှာ နှစ်ဆယ်ကျော်ရုံမျှသာ။



ခေတ်ပုံဆရာလေး နာကာတာနီမှာ နှုန်းနယ်ဖျော့မြစ် သော်လည်း နှုတ်ခမ်းမွေးနှင့် မျက်မှန်ကိုင်းနက်ကြီး တပ်ဆင်ထားသောကြောင့် ပျော့ပြောင်းရိုပ်မထင်။

ဒုတိယကမ္ဘာစစ် မစတင်မီကာလတွင် နာကာတာနီ ပြည်မှ ပြန်လည်ထွက်ခွာသွားသည်။

ဂျပန်ခေတ်။

မစ္စတာ နာကာတာနီ မြန်မာပြည်သို့ ပြန်လည် ရောက်ရှိလာသည်။

ပေါင်းတည်မြို့အရှေ့လမ်းတွင် ဖွင့်လှစ်ထားသော ဂျပန်ဘက်တိုက်ခွဲ၏ မန်နေဂျာအဖြစ်။

"ယိုကိုဟားမား စပီးရှီးဘင့်"

ဘဏ်တိုက်ခွဲ မန်နေဂျာအလုပ်မှာ လုပ်ငန်းပြသ ဖြစ်၍ ဂျပန်ကင်ပေတိုင် အဖွဲ့၏ လျှို့ဝှက် လုပ် ငန်း ကို ပူးတွဲထမ်းဆောင်ရသည်။

သို့တစေ စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်အသွင်မဆောင်။

ဂျပန်စစ်ဗိုလ် စစ်သားမှန်သမျှ ကတုံးတွေချည်း။ ကုန်သွယ်ရေးလုပ်ငန်းဆိုင်ရာ ဂျပန်များမှာမူ ဗိုလ်ကေအကြေသားနှင့် အရပ်ဝတ်အရပ်စားကို ဝတ်ကြသည်။ စကားအပြောအဆို ရေမှန်၍ ဘာပေါင်းအသင်းဝင်ခန့်သည်။

ဆံပင်ကို သပ်သပ်ရပ်ရပ်ဖြီး၍ ခေတ်အစားကို ချပ်ချပ်ရပ်ရပ် ဝတ် ဆင်သော့ရှိသည့် နာကာတာနီ၏ ရုပ်သွင်မှာ ဂျပန်စစ်ဗိုလ်စစ်သားတို့၏ ရုပ်သွင်မျိုးမထင်။ သူ၏နှုတ်ခမ်းပေါ်မှာ တာဝဲရုံအမြှုံးမှာ နှစ်လိုဘွယ်ရာ ပြုံးလွှမ်း၏။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်လိုလည်းတတ် ဘာနေအထိုင်လည်း သိမ်မွေ့သော ကြောင့် လူကြီးလူကောင်းများနှင့် အကျွမ်းတဝင် ရှိသည်။ သူ၏ ဆက်ဆံရေးမှာ ချောရည်မွန်မွန်ရှိဘိ၏။

မစ္စတာ နာကာတာနှံ နေသောဘက်နှင့် ကပ်လျက် ခြံဝင်းကြီးထဲတွင် ဆရာဝန်ကြီး ဦးလှတင်တို့ မိသားစု နေထိုင်ကြသည်။

ဦးလှတင်က အယ်လ်၊ အမ်၊ ပီ ဘွဲ့ရဆရာဝန်။

အင်္ဂလိပ်ခေတ်က အမ်-ဘီ-ဘီ-အက်စ် ဘွဲ့ရမြန်မာဆရာဝန်များရှိသော်လည်း နည်းသည်။

မြို့ကြီးများရှိ မြို့နယ်ဆရာဝန်နှင့် ဆေးရုံအုပ်ကြီးရာထူးကို လူမျိုးခြားများသာ ရယူထားကြသည်။ အယ်လ်၊ အမ်၊ ပီ၊ ဘွဲ့ရ မြန်မာဆရာဝန်များမှာ လက်ထောက် ဆရာဝန်များ အဖြစ်သာ လုပ်ကိုင်ကြရသည်။

ဆရာဝန်ကြီး ဦးလှတင်မှာ အင်္ဂလိပ်လက်ထက် ကတည်းက ပေါင်းတည်ဆေးရုံတွင် လက်ထောက်ဆရာဝန်အဖြစ် အမှုထမ်းခဲ့ရာမှ ပေါင်းတည်သူနှင့် အိမ်ထောင်ကျပြီး အရှေ့လမ်းတွင် ဝင်းခြံနှင့် ဆင်ဝင်အိမ်ကြီး ဆောက်လုပ်၍ အေးချမ်းစွာ နေထိုင်ခဲ့ကြ၏။

ဆရာဝန်ကြီး ဦးလှတင်နှင့် ပြေပြေပြစ်ပြစ် ရေရေမွန်မွန် ရှိသည့် နာကာတာနီတို့မှာ ခင်ခင်မင်မင် တရင်းတနှီးရှိကြသည်။ ဂျပန်အရာရှိတယောက်နှင့် အသိအကျွမ်းဖြစ်ရသည်မှာ ဂျပန်ခေတ်တွင် အချိန်အခါမရွေး ဖြစ်ပေါ်လာတတ်သည့်



အန္တရာယ်အသွယ်သွယ်ကို အကာအကွယ်ပြုရန် အုတ်တံတိုင်းကြီးသဖွယ်သို့ ရှိပါချေသောကြောင့် ဆရာဝန်ကြီး ဦးလှတင်တို့မိသားစုက မစ္စတာနာကာတာနီကို တရင်းတနှီး ပေါင်းထားကြရ၏။

ဆရာဝန်ကြီး ဦးလှတင်တို့အိမ်သည် မစ္စတာနာကာတာနီ၏ စားအိမ်သောက်အိမ် ဖြစ်သလို မစ္စတာ နာကာတာနီကလည်း ဂျပန်ခေတ် ရှားပါးကုန်များဖြစ်သည့် မီးချစ်၊ သကြား၊ ဝါးကနက်၊ ဆပ်ပြာကအစ အသည်အလိပ်ပစ္စည်းများကိုပါ ပံ့ပိုးပေးခဲ့၏။ ထိုပြင် မစ္စတာ နာကာတာနီက ဆရာဝန်ကြီးဦးလှတင်ထံ၌ မြန်မာစာကိုပါ သင်ယူခဲ့ရာ နဂိုကမတောက်တခေါက်ချမ်းသည့် မြန်မာစကားကို မြန်မာတယောက်လို ပြောတတ်ဆိုတတ်လာသည်။

ဆရာဝန်ကြီး ဦးလှတင်မိသားစုမှာလည်း ဂျပန်စကာကို ထမင်းစား ရေသောက် ပြောနိုင်လာရုံမက ဂျပန်ခေတ်က ရေပန်းစားခဲ့သည့် 'ရှိနာနောယာရှု' သီချင်းကို ဂျပန်သံပီပီ အသံဆိုနိုင်လာကြသည်။

မစ္စတာ နာကာတာနီမှာ မကြာခဏ ခရီးထွက်ရသော်လည်း ရက်သိပ်မကြာ၊ ကြာလှမှ တပတ်ဆယ်ရက်မျှသာ။

ခင်မင်မှုခိုင်ကြသ်လာသည့်အခါ လူမျိုးရေး၊ ဘာသာရေးနှင့် နိုင်ငံရေးအမြင်တို့မှာ အနှောင့်အယှက် အထားအသိမ်း မဖြစ်ရုံမက သဘောထားချင်း သွိရာတွင် ပွင့်လင်းမှုရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီး ဦးလှတင်က ဒုတိယကမ္ဘာစစ်ပွဲကြီးတွင် ဂျပန်တို့မှာ စစ်ရှုံးသူများအဖြစ်သို့ မလွဲမသွေ ရောက်ရှိပြီး အင်္ဂလိပ်တို့က စစ်အောင်နိုင်သူအဖြစ် မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်အုပ်ချုပ်လိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်ထားသူဖြစ်သည်။ သို့တစေ သူ၏သဘောထားကို လုံးဝဥဿုံထုတ်မပြော။

မစ္စတာနာကာတာနီကမူ သူ့သဘောထားကို ပွင့်ပွင့်လင်းလင်း ပြောင်တိုက်ကြီးပြောသည်။ မစ္စတာနာကာတာနီမှာ ကင်ပေတိုင်နှင့် မကင်းသည်ကို သိထားသူ ဆရာဝန်ကြီးဦးလှတင်က စကားကို ချိုနိုင်သမျှချိုပြောသည်။ ဒါကို မစ္စတာနာကာတာနီကလည်း သိသည်။ ဂျပန်ခေတ်က ကင်ပေတိုင် ခေါ်သွားပြီဆိုယင် ပြန်လမ်းမရှိ။ ကံအလွန်ကောင်းသူ အနည်းအကျဉ်းသာ ပြန်လမ်းရှိသည်။ သို့တစေ ပြန်လမ်းရှိသူများမှာလည်း လူစဉ်မမီကြတော့ပေ။

မစ္စတာနာကာတာနီက သူ့အကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောပြခဲ့ရာ သူသည် ကင်ပေတိုင်နှင့် အဆက်အစပ် ရှိသည်မှာ မှန်သော်လည်း လူများ ဖမ်းဆီးခြင်း နှိပ်စက်ခြင်းလုပ်ငန်းနှင့် မသက်ဆိုင်ကြောင်း၊ သူ၏ တာဝန်မှာ မြန်မာလူမျိုးတို့၏ သဘောထားအပြောင်းအလဲနှင့် စီးပွားရေးကိစ္စ များကိုသာ သက်ဆိုင်ရာသို့ အစီရင်ခံရခြင်းဖြစ်ကြောင်း ပြောပြခဲ့သည်။

ဂျပန်တို့၏ စစ်ရေးအခြေအနေ မကောင်းကြောင်း၊ ယခု ဆင်နွှဲနေသည့်စစ်ပွဲတွင် မုချရှုံးနိမ့်မည်ဖြစ်သည်ကို သိသော်လည်း ဘုရင်မင်းမြတ်အပေါ်တွင်သစ္စာစောင့်သိရိုသေရမည်ဖြစ်



သည့်အတိုင်း သူတို့မှာ မယုံကြည်သောလုပ်ငန်းကို ဆက်လုပ်နေရမည်သာဖြစ်ကြောင်း၊ မကြာသောအချိန်တွင် မြန်မာလူမျိုးများ သူတို့ကိုတော်လှန်လိမ့်မည်ကို သိကြောင်း၊ သူတင်မက ဂျပန်စစ်ဘက်ဆိုင်ရာ အထက်အရာရှိများကလည်း သိကြောင်း၊ သူ၏ဘဝတွင် မိဘညီအစ်ကိုမောင်နှမများနှင့် သည်တသက် ပြန်လည်ဆုံစည်းရန် မည်သို့မျှ မဖြစ်နိုင်တော့ကြောင်းများကို မစ္စတာနာကာတာနီက ဆရာဝန်ကြီးဦးလှတင်ကို ပွင့်ပွင့်လင်းလင်း ပြောပြခဲ့သည်။

ထိုသို့ပြောပြခဲ့စဉ်က မစ္စတာနာကာတာနီမှာ ယောကျ်ားတို့ ထိန်းသိမ်းအပ်သည့် သိက္ခာကိုသော်မှ မထိန်းသိမ်းနိုင်ရှာ၊ သူ၏မျက်အိမ်ထဲတွင် မျက်ရည်များ ဝေ့လည်ပြည့်လျှံနေသည်။

မြန်မာလူမျိုးတို့၏ ဓလေ့စရိုက်မှာ ကရုဏာစိတ်ပြည့်လျှံ၍ လူတဘက်သားအပေါ် ကြင်နာသနားတတ်သည့် စိတ်ရင်းရှိသည့်အတိုင်း ဆရာဝန်ကြီးဦးလှတင်က မစ္စတာနာကာတာနီအပေါ်မှာ ကရုဏာစိတ် ယိုဖိတ်သွားရသည်။ နာကာတာနီကို မည်သို့မျှမပြောစေကာမူ တော်လှန်ရေး တကယ်ဖြစ်လာလျှင် အခွင့်အရေးအခြေအနေလည်း ပေးမည်ဆိုလျှင် မစ္စတာနာကာတာနီကို အစွမ်းကုန်ကူညီဖို့ ဆုံးဖြတ်လိုက်၏။

၁၉၄၅ ခု ဇန်နဝါရီလ၏ တနေ့သောညနေခင်း။

ဆောင်းရာသီ၏ ကောင်းကင်ပြင်မှာ မိုးသားတိမ်ရိပ်များ ကင်းစင်နေသည်။ ပြာလဲ့နေသော ကောင်းကင်ပြင်ကြီး၏ သဘာဝအလှမှာ တုနှိုင်းမယှဉ်နိုင်သို့နှယ်။

www.burmeseclassic.com

www.burmeseclassic.com



သည်းဆာ၏အလှမှာ ဝင့်မြူးဝေဖြာလျက်။

မြန်မာဝတ်စုံကို ဝတ်ဆင်ထားသည့် မစ္စတာနာကာတာနီမှာ မြူနီစပါယ် ကန်၏ကန်ဘောင်ရိုး ခုံတန်းလျားပေါ်တွင် ထယောက်တည်း ထိုင်နေသည်။ ဆည်းဆာ၏အလှ ဝင့်ဖြာနေသော်လည်း သူ၏မျက်နှာ မှိုင်းအုံနေသည်။ ရီဝေနေသည့် မျက်လုံးအစုံမှာ ကန်ရေပြင်ဆီသို့ စူးစိုက်လျက်။

ပေါင်းတည်မြို့အရှေ့လမ်း၏ရှေ့ဘက် နောက်ခြမ်း၊ ဂျပန် ဘက်တိုက်မှ မျက်နှာချင်းဆိုင် တခြံကျော်တွင် မြို့သုံးရေကန်ကြီး ရှိရာ ထိုကန်၏နဖူးတွင် မြူနီစပါယ်ရုံး ရှိသောကြောင့် မြူနီစပါယ်ကန်ဟု ခေါ်တွင်ခဲ့ကြ၏။

မစ္စတာနာကာတာနီမှာ ထိုကန်၏ဘောင်ရိုး ခုံတန်းလျား ကလေးပေါ်တွင် ထိုင်လျက်။

သူ၏ အတွေးစဉ်များမှာ မတည်ငြိမ်။

စစ်မျက်နှာအရပ်ရပ်တွင် သူတို့၏စစ်ဆင်ရေး အခြေအနေမှာ မကောင်း။

အရှေ့တောင်အာရှတွင် နလံမထူနိုင်အောင် အရှုံးဘက်သို့ မျက်နှာမူနေရရုံမက ဆာမူရိုင်းလေးယောက်ဟု နာမည်ကျော်ကြားခဲ့သော ဖိုလစ်ပိုင် သိမ်းတပ်မှူး ဒုဗိုလ်ချုပ်ကြီး မာဆာရူးဟုန်းမား၊ မာလာယုနှင့် စင်္ကာပူသိမ်းတပ်မှူး ဗိုလ်ချုပ်ကြီး တိုမိုယူကီရာမရှိတာ၊ အင်ဖားသိမ်းတိုက်ပွဲ တပ်မှူး ဒုတိယဗိုလ်ချုပ်ကြီး ရန်ညားမူတာဂူချီ၊ မြန်မာနိုင်ငံ စစ်ဦးစီး ချုပ် ကာဝါဘီနေရာသို့ ပြောင်းလာသည့် ဒုဗိုလ်ချုပ်ကြီး မာစကီဟွန်းဒါးတို့လည်း ခေါင်းမထောင်နိုင်တော့။



မစ္စတာနာကာတာနီမှာ တော်လှန်ရေးမဖြစ်ခင် ဂျပန်ပြည် ပြန်ရဖို့ ကြိုးစားနေသော်လည်း ဖြစ်နိုင်ဖွယ်လမ်းသိပ်မရှိ။

နောက်ဆုံးတွင် မစ္စတာနာကာတာနီက ဆရာဝန်ကြီး ဦးလှ တင်ကို အတိအလင်း ဖွင့်ဟစကားဆိုလာသည်။

သူ့ကို အကူအညီပေးဖို့။

ဆရာဝန်ကြီး ဦးလှတင်ကလည်း ခေါင်းညိတ်လိုက်သည်။

ဆရာဝန်ကြီး ဦးလှတင်မှာ နာကာတာနီ ကို ဂျပန် တယောက်ပဲဟု လူမျိုးရေးအမြင်မထား။ လူသားတဦးလို့ သဘောမူ၍ ဖြင့် တော်လှန်ရေးဖြစ်လာသည်နှင့် သူ့တို့ပြောင်း ရွှေ့မည့် ပေါင်းတည်အရှေ့ဘက် လယ်ဦးစုရွာသို့ခေါ်ဆောင် သွားခဲ့သည်။ ထိုမှတဆင့် သူ့ကို ဆရာဝန်ကြီးဦးလှတင်ဩဇာ လွှမ်းသည့် တပည့်တပန်းများရှိရာ အရှေ့ရိုးမ ရွှေလေး တောင်ညိုရွာသို့ ပို့ထားလိုက်သည်။ ထိုရွာတွင် အင်္ဂလိပ် ခေတ်က ကွန်ပေါင်ဒါလုပ်သွားသူ ဆရာဝန်ကြီး ဦးလှတင်၏ တပည့် ကရင်အမျိုးသားကြီးစောခွားမောင် ရှိနေသဖြင့် အစစ အရာရာတွင် စိတ်ချရသည်။

ဖက်ဆစ်တော်လှန်ရေး ပြီးသည်အထိ နာကာတာနီမှာ စောခွားမောင်၏ စောင့်ရှောက်မှုဖြင့် အရှေ့ရိုးမ ရွှေလေး ရွာတွင် ဘေးကင်းရန်ကင်း နေထိုင်ခဲ့ရသည်။ အသား အသောက် ဆင်းရဲသည်မှအပ ဘာမှမဖြစ်ခဲ့။

သို့တစေ ထောင်ထဲသို့ ရောက်သွားခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နာကာဘာနီမှာ ဆရာဝန်ကြီး ဦးလှတင်၏ အကူအညီဖြင့် ဗြိတိသျှတပ်တွင် လက်နက်ချခဲ့ရာ ဂျပန်စစ်သုံ့ပန်းများကိုထားရှိရာ ရန်ကုန်မြို့တောင်သို့ ပို့လိုက်၏။ စစ်သုံ့ပန်းများကိုပြန်ပို့သည့်အခါ မစ္စတာ နာကာတာနီမှာ ပထမဆုံးအသုတ်ပြန်ခွင့်ရသူများထဲတွင် ပါသွားသောကြောင့် ဂျပန်ပြည်သို့စောစီးစွာပင် ပြန်ရောက်သွားခဲ့သည်။

"ငါ့ကို အဲဒီလိုကယ်ဆယ်စောင့်ရှောက်ခဲ့တဲ့ ဆရာဝန်ကြီးဦးလှတင်နဲ့ စောခွားမောင်တို့ ကျေးဇူးကြောင့် ငါဟာ အသက်မသေပဲ ဂျပန်ပြည်ကို ပြန်ရောက်သွားခဲ့ရတယ်။ စစ်ပြီးစခေတ်မှာ တို့ဂျပန်ပြည်ဟာလည်း မင်းတို့တိုင်းပြည်လိုပဲ ပြန်လည်ထူထောင်ရေးကို အားသွန်ပြီး လုပ်ခဲ့ကြရတယ်။ ငါလည်းမြန်မာပြည်ကိုထောင့်ကိုးရာခုနှစ်ဆယ့်ငါးခုနှစ်ကျမှပထမဆုံးအခေါက် ပြန်ရောက်ခဲ့တယ်။ အဲဒီအချိန်မှာ ငါ့ရဲ့အသက်သခင် ကျေးဇူးရှင်နှစ်ယောက် စလုံးဟာ အသက်ရှင်လျက်မရှိကြတော့တာနဲ့ ငါ သူတို့နှစ်ယောက်ကို ကျေးဇူးဆပ်ချင်ပေမယ့် ကျေးဇူးဆပ်ခွင့် မကြုံတော့ဘူး။ ကျန်ရစ်ခဲ့သူတို့မိသားစုထဲက တွေ့တဲ့လူကိုပဲ ကျုပ်တတ်စွမ်းသမျှ ကျေးဇူးဆပ်ခဲ့ရတယ်"

မစ္စတာနာကာတာနီက စစ်အတွင်း ဦးလှတင်မိသားစုနှင့်တွဲဘက်ရိုက်ကူးထားသည့် အဖြူအမည်း ဓာတ်ပုံနှစ်ပုံကိုထုတ်ပြသည်။ နှစ်ပေါင်းသုံးဆယ်ကျော်ခန့်က ဓာတ်ပုံများမှာ ထင်းထင်းလင်းလင်းမရှိ ဝိုးတဝါးမျှသာ။



တင်မောင်မြင့်က အဘိုးဖြစ်သူကို မမြင်ဖူးလိုက်။ သူ့အဘိုးဘယ်သူဘယ်ဝါ ဆိုသည်ကိုတော့ အမေရှိစဉ်က ပြောပြဖူးသည်။ နေရပ်၊ နာမည်၊ အလုပ်အကိုင် အားလုံးတူသည်။ အဘိုးဖြစ်သူမှာ သူ့သားကို ချွေးမနှင့် သဘောမတူသဖြင့် သူ့မိခင်နှင့် တင်မောင်မြင့်တို့မှာ ဆွေမျိုးခန်းပြတ်သလို ဖြစ်ခဲ့ရသည်။

သည်အကြောင်းကို တင်မောင်မြင့်က မစ္စတာနာကာတာနီအား ပြန်လည်ပြောပြခဲ့ရာတွင် ရေးရေးရာရာ၊ သေသေချာချာဟုမပြောခဲ့။ သူကလည်း ဝိုးတဝါးအသိကိုသာ ပြန်လည်ပြောပြနိုင်သည်။

"မင်းမှာ အဘိုးရဲ့ရုပ်ရည် ရုပ်သွေး ပါလာတာကို ငါအကဲခတ်မိတယ်။ ငါ့ရဲ့ကျေးဇူးရှင် ဆရာဝန်ကြီးသာ မင်းအဘိုးဖြစ်ခဲ့တယ်ဆိုယင် မင်းကိုကြည့်ရှုရတာဟာ ငါ့အတွက်ဖြေသာရာဘာခုပေါ့ကွာ။ ဘာပဲဖြစ်ဖြစ် မင်းဒီမှာစီစဉ်စရာရှိတာတွေကို စီစဉ်ပါ။ အလုပ်ကိစ္စနဲ့ မင်းကိုခေါ်နိုင်ဖို့ ငါအားလုံးစီစဉ်ပေးမယ်။ မင်းရဲ့ သည်ကအခြေအနေကို ငါဆီစာရေးပါ...."

"ဟုတ်ကဲ့ ကျွန်တော်အမြဲတမ်း စာရေးဆက်သွယ်ပါ့မယ်"

သူတို့၏ ဘဝသက်တမ်းတွင် မျှော်လင့်ထားသလို မဖြစ်တတ်ပဲ မမျှော်ပင့်ထားသလို ဖြစ်လာဘာသည့် အကြောင်းများအနက် တင်မောင်မြင့်၏ အဖြစ်အပျက်မှာ စိတ်ဝင်စားဖွယ်ဆန်းလှန်းသည်ဟု ပြောရမည်သို့ ရှိပါချေ၏။

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာနာကာတာနီက ဂျပန်သံရုံးမှ စီးပွားရေးဆိုင်ရာ သံရုံးအတွင်းဝန် မစ္စတာ တာကာဂျီမားနှင့် မိတ်ဆက်ပေးခဲ့သည်။

တင်မောင်မြင့်က ကားကိုမရောင်းသေး။ တကယ်တမ်း သွားဖို့သေချာမှ ရောင်းတော့မည်ဟု မိခင်ဖြစ်သူ ဒေါ်ထက်ထက်နှင့် အတိုင်အပင် ပြုထားသည်။ ဒီကြားထဲမှာ သူ၏ သွားရေးလာရေး ကိစ္စအတွက် ကားကို အသုံးပြုမည့်အပြင် ရသည့်အချိန်ပိုင်းတွင် တိုင်စီဒရိုင်ဘာအဖြစ် ဆက်လက်လုပ်ကိုင်ဖို့ စီစဉ်ထား၏။

နိုင်ငံခြားသွားဖို့ကိစ္စကို အပိုင်တွက်ထားလို့မရ။ မသေချာမရေရာသည့် အကြောင်းကိစ္စ အမျိုးမျိုး ပေါ်ပေါက်မြဲရှိ၏။ လေယာဉ်ပျံပေါ်ရောက်မှ သေချာပြီဟု စိတ်နှလုံး ဒုန်းဒုန်းချလို့ရသည်။

တချို့ဆိုလျှင် နိုင်ငံရပ်ခြားသို့ သင်္ဘောသားအဖြစ်သော်လည်းကောင်း အခြားသောလုပ်ငန်းများ အတွက်သော်လည်းကောင်း၊ သွားဖို့လာဖို့ သေချာသလောက် ဖြစ်ပြီးကာမှ အကြောင်းအမျိုးမျိုးကြောင့် မသွားလိုက်ရသူတွေ ဒုနှယ်ဒေး။

အပိုဟုတွက်ပြီး လက်ရှိအလုပ်က ထွက်လိုက်ရာ ထီးတင်ပွဲလည်း မမီ၊ ဆွမ်းတော်ကြီးပွဲလည်း မမီလိုက်ပဲ ယောင်ချာချာနှင့် ဘဝပျက်သွားရသူတွေ မျောက်သစ်ကိုင်လွတ်ပမာသို့ ဖြစ်သွားရသူတွေ အများကြီး။

တချို့လည်း ရှရီဖိုးတွမ်တီးခေါ် မဟာလူလိမ်များနှင့် တွေ့ပြီး ရှိတာလေး တက်တက်ပြောင်သွားရာမှ ဟိုလိုလို



သည်လိုလို၊ ယောင်ချာချာ ဖြစ်နေသူတွေလည်း လက်ညှိုးထိုး မလွဲ ရှိနေကြသည်။

ရောက်သွားပြီးမှ ရာဇဝင်ကြေး အဆပ်လွန်သွားသူများမှာ ဟိုက်လက်၊ ဒိုင်နာ၊ ပတ်ဘလီကာ ပါမလာပဲ ဘက်ထရီနှင့်မောင်းသည့် ကလေးစီး ကားကလေးသာ ပါလာသူများလည်း ရှိသည်။

သုံးလေးလနှင့် သင်္ဘောရောင်းပစ်လိုက်လို့ ရောက်မြန်သမားတွေရှိသလို ကက်ပတိန်နှင့် မတည့်လို့ သင်္ဘောကဆင်းပြီး ပြန်မရိတ် ချေးငှားပြန်လာရသူတွေလည်း ရှိသည်။ ကူးစက်ရောဂါနှင့် လုပ်ငန်းခွင်တွင်ဆက်လုပ်ရန်ကျန်းမာရေးမကောင်းဟု သတ်မှတ်ခံရလို့ ရသမျှလေးထုပ်ပိုး၍ ရတန်းလုပ်လာရသူတွေလည်း ရှိကြပါသည်။

အပြန်ခရီး ဟန်လာသူများကို အတွေ့အမြင် အသိများကြသော်လည်း မဟန်ပဲ ပြန်လာရသူတွေကိုမူ အတွေ့အမြင်အသိ နည်းကြသည်။

ဆိုလိုသည်မှာ နိုင်ငံခြားရောက်တိုင်း အပြန်ဟန်လိမ့်မည်ဟု တထစ်ချ တွက်ချက်လို့မရ။

တင်မောင်မြင့်မှာ ကြိမ်းသေပေါက် အလုပ်ခန့်စာနှင့် အတူ လေယာဉ်လက်မှတ်ပါ ပို့ပေးမည့်သူ ရှိသည့်တိုင် ပတ်စ်ပို့တ်နှင့် သက်ဆိုင်ရာ၏ ခွင့်ပြုချက်ရဖို့ လိုက်ရသည်မှာ ကိုယ်ဆောင်ဘဲပါ မောလှန်းရပါပြီ၊ မနက် အိမ်ကထွက်ကတည်းကပင်၊ အရွက်ကြီးများကို အိတ်ထဲမှာ အလုံအလောက်ထည့်သွားရသည်။ ညနေ ပြန်လာတော့ အိတ်ထဲမှာ ပြားချပ်ချပ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်သွားဖို့ ပြင်ဆင်လုပ်ကိုင် နေသည်ကို တွေ့ရတော့ ဒေါ်ထက်ထက် မျက်နှာမသာ။ သားအရင်းထက် အားကိုးရသည့် အားကိုးစိတ် လွန်ကဲသည့် သားပေကိုး။

မသွားစေချင်၊ တားဖို့ ကလည်း မဖြစ်။

တင်မောင်မြင့်မှာလည်း သွားဖို့သာ ပြင်ဆင်နေရသည်။ တက်ကြွမှု အားမပြည့်။ အိမ်အတွက်စိတ်တထင့်ထင့်နှောက်ဆံတင်းနေရသည်။

သည်ကြားထဲ ဇော်ဇော်က တမှောင့်။ ပြဿနာကို ရှာဖွေပြီး အိမ်ပေါ်အရောက် တင်ဆောင်လာသည်။

* * *

တနေ့။

ည ဆယ့်တစ်နာရီလောက် ဇော်ဇော် အိမ်ပြန်ရောက်လာသည်။ တယောက်တည်း မဟုတ် နှစ်ယောက်။ အတူပါလာသည့် ကောင်မလေးမှာ ငယ်လွန်းအားကြီးသည်။ ညီမဖြစ်သူ မော်မော်ထက်ပင် အသက် ငယ်လိမ့်မည်။

ဒေါ် ထက် ထက်က အိပ်ရာထဲလှဲ၍ ပုတီးစိပ်နေသည်။ တင်မောင်မြင့်က သူ့အခန်းထဲမှာ စာဖတ်နေသည်။ ဒေါ်ကြီးစိုးနှင့် မော်မော်တို့နှစ်ယောက်မှာ အိပ်ရာထဲ ဝင်နေကြပြီ ဖြစ်သော်လည်း၊ ဒေါ်ကြီးစိုးမှာ မအိပ်သေး။ ဇော်ဇော် ညအချိန်မတော် ပြန်လာတိုင်း အကြိမ်အများဆုံး တံခါးဖွင့်ပေးရသူမှာ ဒေါ်ကြီးစိုး။

ခုလည်း ဒေါ်ကြီးစိုးပင် တံခါးထဖွင့်ပေးရသည်။

ဒေါ်ကြီးစိုး၏ ပါးစပ်မှ 'ဟယ်'ကနဲ အာမေဍိတ်သံ လွတ်ကနဲ ထွက်သွားရပြီး။ တံခါးဝင်ပေါက်မှ ရုတ်တရက် မဖယ်လိုက်မိ။ မှင်သက်မိသလို ဖြစ်သွားရသည်။

"ဟဲ့ ဇော်ဇော်က....။

"ကြီးကြီးစိုး ဒါ ကျွန်တော့် ချစ်သူပါ"

"မင်းနှယ်ကွာ ညကြီးမိုးချုပ်"

"ကျွန်တော် မိန်းမခိုးလာတာ ကြီးကြီးစိုးရဲ့"

"ဟောတော့....ဒုက္ခပါပဲ"

ဒေါ်ကြီးစိုးက ဘာမှ ဆက်မပြောတော့ပဲ သူတို့ကို ဝင်ပေါက် ဖယ်ပေးလိုက်ပြီး ဒေါ်ထက်ထက် အခန်းထဲသို့ တန်းဝင်သွားသည်။

"သားရယ်....မင်း ဘယ်လိုလုပ်လိုက်တာလဲ"

"မေ မေ က လဲ မိန်း မ ခိုး လာ တာ ကို အဆန်းလုပ်လို့၊ သတ်လတ်က အသက်စေ့နေပါပြီ မေမေရဲ့။ တက္ကသိုလ်ကျောင်းသူပါ"

"ဖြစ်မှဖြစ်ရလေ သားရယ်...မင်းလုပ်လာပုံက မိကောင်းဖခင် သားသမီး မဆန်လိုက်တာ၊ သားတို့ချင်း ချစ်နေကြင်လဲ မေမေတို့ကို ပထမ ဖွင့်ပြောရမှာပေါ့။ မိသားဖသားပီပီ အလေးမ မိဘတွေနဲ့ ပြောရဆိုရမှာပေါ့"

www.burmeseclassic.com



"လတ်လတ် မိဘတွေက ကျွန်တော်နဲ့မှ သဘောမတူတာ။ ဒါကြောင့် ကျွန်တော်တို့နှစ်ယောက် ခုလိုဘာဘူ"

"သားရယ်....အမေ့ကို ဘယ်ထိအောင်များ ဒုက္ခပေးဦးမှာလဲကွယ်"

ဒေါ်ထက်ထက်မှာ ပြောယင်းဆိုယင်း မျက်ရည်များ တတွေတွေ စီးကျလာသည်။

သားအမိနှစ်ယောက် ပြောနေ ဆိုနေကြသည်ကို မျက်စိကလယ်ကလယ်နှင့် နားထောင်နေသူ လတ်လတ်ချစ်မှာလည်း မျက်စိမျက်နှာပျက်လျက်။

မော်မော်ထက်က အိပ်နေပြီ။ အိမ်ခေါင်ပေါ်က် ရောက်လာသည့် မီးတောက်ကြီး၏ အပူရှိန်ကိုမသိ။ တင်မောင်မြင့်က သိသော်လည်း အပြင်သို့မထွက်။ ငြိမ်းဖို့ခက်၍ လောင်အားကောင်းမည့် မီးတောက်ကြီး ဖြစ်လိမ့်မည်ကိုတော့ ခန့်မှန်းလိုက်မိ၏။

ဒေါ်ကြီးစိုးကတော့ သူ့ထုံးစံအတိုင်း အေးအေးသက်သာ မပြော၊ ဇော်ဇော် ကိုသာ သဲကြီးမဲကြီး ဖိဆူနေသည်။

သန်းခေါင်ယံလွန်ပြီ။ ပြဿနာကို မရှင်းနိုင်၊ မတင်မကျဖြင့် အိပ်ရာဝင်လိုက်ကြရတော့၏။ ထိုညအဖို့ ဒေါ်ထက်ထက် အိပ်စက်ခြင်းကို စွန့်လွှတ်ရမည်မှာ သေချာသည်။

* * *



လတ်လတ်ချစ် အကြောင်း။

တက္ကသိုလ်မှာ တတိယနှစ်ကျောင်းသူ။

အဖေက ဌာနတဲခုမှာ ညွှန်ကြားရေးမှူး၊ အငြိမ်းစားဗိုလ်မှူး၊ အမေက အထက်တန်းပြ ဆရာမ။

ကိုယ်ပိုင် တိုက်တာနှင့် ထည်ထည်ဝါဝါ နေနိုင်သူတွေ။

ဇော်ဇော်လိုလူမျိုးနှင့် ဘယ်လို သဘောတူလိမ့်မှာပ။

အနည်းနှင့်အများ ပြဿနာ တက်လာမည်မှာ သေချာနေပြီ။ စောင့်ကြည့်ရမည်မှအပ မည်သို့မှ မတတ်နိုင်။

တချို့သော အိမ်ထောင်စုများသည် ပြဿနာကို မရှာကြ။ ပြဿနာတက်အောင် မနေကြ။ မရှိအေးအေး၊ ရှိအေးအေး နေထိုင်ကြသော်လည်း သားသမီးများ လက်ထက်တွင်မူ အေးအေးချမ်းချမ်း နေထိုင်မှုကို မျက်ကွယ် ပြုကြရသလို၊ အသက်လုံး မရောက်ဖူးရာ ရဲစခန်း၊ တရားရုံးနှင့် ထောင်သို့ အဝင်အထွက် ပြုကြရသည်။

ရတနာဟု ဆိုအပ်သော သားသမီးများထဲတွင် သားဆိုး သမီးဆိုးများ ပါလာသောအခါတွင်မူ ရတနာ မဟုတ်တော့ပဲ 'ရတနာ'ဟု ဆိုရမည်သို့ ရှိပါချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မိုးလင်း အိပ်ရာက ထတော့ ဇော်ဇော်ရော လတ်လတ်ချစ်ပါ မရှိတော့။ ဘယ်အချိန်က ထလစ်သွားသည်ကို မည်သူမှ မသိလိုက်။ သည်တော့မှ အိမ်ကပစ္စည်းတွေ စစ်ပါဦး ဆေးပါဦး လုပ်ကြရသည်။

ကက်ဆက်ကြီးထားသည့် နေရာတွင် ဘာမှမရှိ။ အင်္ဂလိပ်ခေတ်ကတည်းက ငွေသား အစစ်များနှင့် ပန်းတိမ်ဖိုတွင် အော်ဒါပေး အပ်ခဲ့သည့် မင်္ဂလာ ဧည့်ခံပွဲသုံး ဖလားကြီး နှစ်လုံး အပါအဝင် ငွေထည်ပစ္စည်းများလည်း မရှိတော့။ ငွေနှင့် ရွှေထည်စိန်ထည်များ ပါမသွားသော်လည်း ရောင်းလို့ရနိုင်သမျှ ပစ္စည်းတွေ ယူဆောင်သွားသည်။

ညဥ့်က အိမ်သားတွေအားလုံး အိပ်ရာဝင် နောက်ကျသည့်အပြင် သည်လိုလုပ်လိမ့်မည်ဟု မထင်မှတ်သောကြောင့် အမှတ်တမဲ့ပင် နေလိုက်မိကြသည်ပါ။

အပူဆိုသည်မှာ တပူတည်းနှင့် မဆုံးတတ်။ တပူပေါ် တပူဆင့်တတ်စမြဲရှိ၏။

ငွေထည် ပစ္စည်းများမှာ ဒေါ်ထက်ထက် အမြတ်တနိုးထားသည့် ပစ္စည်းများဖြစ်၏။ အင်္ဂလိပ်ခေတ်က လူကုံထံအိမ်များတွင် လက်ရာသန့်သန့် ဖလားစုံ ငွေထည်ပစ္စည်းတစုံထားလေ့ရှိသည်မှာ ထုံးစံ။

ဟိုတုန်းက လက်ရာသန့်သန့် အကောင်းဆုံး ငွေထည်ပစ္စည်းတစုံမှာ ငါးရာထက်မပို။ ယနေ့ခေတ်စျေးနှုန်းအရ ငါးထောင်



အထက် သောင်းဂဏန်းနား ရောက်လောက်အောင် တန်ဖိုးတက်နေပြီ။ ငွေထည်စစ်စစ် ပစ္စည်းများလည်း ရှားပါးနေပြီ။ ဘော်ရောထားသည့် ငွေဒင်္ဂါး တပြား၏ တန်ဖိုးသည်ပင် ငါးဆယ်ကျော် ရှိနေရာ ဒေါ်ထက်ထက်မှာ သူ၏ ငွေထည်ပစ္စည်းများ ထားရှိရာ ဗီရိုကိုကြည့်ပြီး မျက်ရည် တတွေတွေ စီးကျမဆုံး ရှိနေသည်။

သားမိုက်တယောက်အတွက် မိခင်တယောက် ခံစားရသည့် ခံစားချက်ကို စာမဖွဲ့သာ။

ဇော်ဇော်ယူသွားသည့် ပစ္စည်းတန်ဖိုးမှာ နှစ်သောင်း နီးပါးဖိုး။

မိဘမေတ္တာဟူသည် တုနှိုင်းရာမရှိ ကြီးမား လွန်းဘိ၏။ သားသမီးများ အတွက် အရာရာကို စွန့်လွှတ်နိုင်စွမ်းကြ၏။ ကိုယ်မဝတ်ရ ကိုမစားရမှာကို ပူပင်သောမိဘဟူ၍မရှိ။ သားသမီးတွေ မဝတ်ရ မစားရမည်ကိုသာ ပူပင်သောကပိုက်ထွေးထားသည့် မိဘမျိုးပဲရှိကြသည်။ သားလက်က ခူနာ ပြည့်ပေါက်ဘာတောင် မျိုကာချလေသည်ဟူ၍ ဖော်ကျူးခဲ့သည်ပါ။

သားသမီးကို ဘာဖြစ်ပါစေ ညာဖြစ်ပါစေဟု ကျိန်တွယ်လေ့ မရှိ။ ရင်နာရလွန်းသော အခါမျိုးတွင်သာ ပါးစပ်က လွှတ်ကနဲထွက်သွားတတ်သည်။ သို့တစေ ထိုစကားလုံးများမှာ အသည်းနှလုံးကပြောသော စကားပုံများမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



အလွန်အင်မတန် ပါးစပ်စည်းထားသည့် ဒေါ်ထက်ထက်၏ နှုတ်ဖျားမှ ဇော်ဇော်အပေါ် ကျိန်တွယ်မိလျက်သား စကားကြမ်းများ ထွက်သွားရသည်။

မိုးမလင်းခင် အကုသိုလ်ဝင်ဆိုသလို ဆူညံဆူညံသံမဆုံးခင် သူတို့ ရောက်လာကြသည်။ သူတို့ ဆိုသည် လတ်လတ်ချစ်၏ မိဘများ အဖေရောအမေပါ အတူလာကြရုံမက ငွေကြယ်တပွင့်တပ် ဒု-ရဲအုပ်တယောက်နှင့် ရဲသားတယောက်တို့လည်း ပါလာကြသည်။ ယမ်းပုံမီးကျ ဒေါ်သူပုန်ထလာသူများမှာ ကိုယ့်အဆင့်အတန်းနှင့် သိက္ခာကို မထိန်းသိမ်းနိုင်ကြ။

မျက်နှာထားတွေက တင်းမာလွန်းသည်။ ပြောလုံးဆိုလုံးတွေက ထန်ထန်ခက်ခက် မောက်မောက်မာမာ နိုင်လွန်းပါဘိ။

အမဲရိုးက ဟင်းအိုးမှ အားမနာ ပမာသို့ ဆိုစကားမျိုးအထိ ပါလာသည်။

ဒေါ်ကြီးစိုးက တုံ့ပြန်စကားဆိုမည် တကဲကဲရှိနေသည်ကို ဒေါ်ထက်ထက်က ထိန်းပြီး ဒေါ်ကြီးစိုးကို ဘာမှဝင်မပြောဖို့ တောင်းပန်ထားရသည်။

ကိုယ့်မှာလည်း သမီးနှင့် ကိုယ့်သမီးလေးများ သည့်လိုဖြစ်ခဲ့ယင် ဆိုသော စာနာစိတ်က သူတို့ပြောသမျှ ဆိုသမျှကို သည်းခံတော့မည်ဟု သဘောမှတ်ထားလိုက်သည်ပါ။

ကိုယ့်ဘက်က မမှန်ပြီ ဆိုယင် ကိုယ် ခံရမည် မဟုတ်ပါလား။



"ကျွန်မတို့မှာလည်း ဒီသား တယောက် အတွက် စိတ်သောကအမျိုးမျိုး ခံစားနေရပါတယ်၊ ကျွန်မတယောက်သာ မဟုတ်ပါဘူး၊ တအိမ်လုံးပါ၊ ညက ဆယ့်တစ်နာရီလောက်ရောက်လာကြပါတယ်၊ ကျွန်မရော သူ့ကြီး ကြီးကပါ ဝိုင်းပြီးဆူပူ ကြိမ်းမောင်းကြပါတယ်၊ ကျွန်မတို့လဲ ညကြီးမင်းကြီးဘာမှ မလုပ်တတ်ပါဘူး၊ သားသမီးချင်းလဲ စာနာပါတယ်၊ ဒါကြောင့် လတ်လတ်ချစ်ကို ကျွန်မသမီးနဲ့ အတူတူအိပ်စေပြီး မနက်မိုးလင်းယင် အိမ်ကိုပြန်ပို့ပေးဖို့ စီစဉ်ထားပါတယ်၊ ဒါပေမယ့်...."

ဒု-ရဲအုပ်၏ မေးမြန်းချက်ကို ဒေါ်ထက်ထက်က ဤသို့ ဖြေကြားနေစဉ် လတ် လတ် ချစ် တို့ အမေက မဲ့ဘာရွဲ့ဘာ စကားဝင်ထောက်လိုက်သည်။

"ဩော်.... ပြောမှ ပြောတတ်ပလေရှင် ညကြီးမိုးကြီးမို့ ဘာမှမစီစဉ်တတ်ဘူး ဟုတ်လား၊ ရှင်တို့အိမ်မှာလဲ တယ်လီဖုန်းရှိတယ် ကျွန်မတို့အိမ်မှာလည်း တယ်လီဖုန်းရှိတယ်၊ ဒါနဲ့များ ခုမှ သည်စကားမျိုးပြောတာကို ယုံရမယ်ဆိုပါတော့"

သစ်တုံးပင် လှုပ်ပါများတော့ မခံနိုင်ဆိုသလို အစွမ်းကုန် သည်းခံတော့မည်ဟု စိတ်ပိုင် ဖြတ်ထားသူ ဒေါ်ထက်ထက်မှာ သည်းခံခြင်းကို စွန့်လွှတ်လိုက်၏။

"ကျွန်မပြောနေတာက ရှင်တို့ ယုံဖို့မယုံဖို့ မဟုတ်ဘူး.... ဟောဒီက အမေးရှိသလို့ ပြောနေရတာ၊ ပြီးတော့ ဒီကိစ္စမှာ ကျွန်မသားက ဘာလုပ်လုပ် ရှင်တို့သမီးမပါပဲ ဖြစ်တာမှ မဟုတ်တာ၊ ကဲ....ဆက်လက်ပြီး ပြောနေမယ်ဆိုယင် ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မပြောလိုတော့ပါဘူး၊ ရှင်တို့ ကြိုက်သလိုလုပ်နိုင်ပါတယ်၊ ကျွန်မသားမှာ ပညာရေးချို့တဲ့တာကလွဲလို့ အမဲရိုးက ဟင်းအိုးမှ အားမနာဘူးလို့ ပြောနေစရာ အနေအထားမျိုး မရှိပါဘူး”

ဒေါ်ထက်ထက် စကားအဆုံးတွင် လတ်လတ်ချမ်း မိခင်က ‘ဒါဖြင့်လဲ ပြီးရောပေါ့၊ ကဲ...လာ သွားမယ်ကိုကို ကျွန်မတို့ လုပ်စရာရှိတာ ဆက်လုပ်ရုံပဲ’ ဟု ပြောပြောဆိုဆို သူကပင် ရှေ့ဆောင်၍ အိမ်ပေါ်က ဆင်းသွားသည်။

သို့တစေ ဦးဘထွန်းချစ်နှင့်ရဲ့ အရာရှိတို့မှာမူ ဒေါ်မေလတ် ထွက်သွားသည့်နောက်သို့ လိုက်မသွားသေးပဲ မေးစရာ မြန်းစရာ ပြောစရာ ဆိုစရာ ကိစ္စများကို ဆက်လက်ပြောဆိုနေကြသည်။ ဒေါ်မေလတ်က မာဇဒါဂျစ်ပေါ်မှာ။

“ဒီလိုပါ ဒေါ်ဒေါ်၊ ခုကိစ္စမှာ မိန်းကလေးက အသက်ပြည့်ပါပြီ၊ အသက်ပြည့်မပြည့် ပြဿနာ မဟုတ်ပါဘူး၊ မိန်းကလေးမှာ ရွှေနဲ့စိန်ထည်တွေ ပါသွားပါတယ်၊ အဲဒါက ပြဿနာပါ၊ ဒီကိစ္စအတွက် ကျွန်တော်တို့ လိုက်လာရတာပါပဲ၊ ခြေလွန်လက်လွန်မဖြစ်ခင် ပြန်အပ်နိုင်ယင် အမှုအခင်းပြဿနာ မပေါ်နိုင်ပါဘူး၊ နို့မဟုတ်ယင် အမှုအခင်းပြဿနာပေါ် လာပါလိမ့်မယ်”

“သူတို့ ဘယ်ထွက်သွားတယ်ဆိုတာ မသိတော့ ဒေါ်ဒေါ်တို့လည်း ဘာမှ မတတ်နိုင်ဘူးပေါ့ကွယ်၊ အကယ်လို့များ ဒီကြားထဲမှာ အိမ်ပြန်လာယင် ချက်ချင်းအကြောင်းကြားပါ့မယ်”



သူတို့ ပြန်သွားကြပြီးနောက် ကျန်ရစ်သူ မိသားစုမှာ ခေါင်းချင်းဆိုင် တိုင်ပင်ရပြီ။ ပြဿနာမှာ ပြီးပြီးပျောက် ပျောက်ဖြစ်မည့် အနေအထားမရှိ။ တဘက်က ထိထိရောက်ရောက် ကိုင်တွယ်မည်ဖြစ်သလို ထိထိရောက်ရောက် ဖြစ်အောင်လည်း လိုက်နိုင်စွမ်းရှိသူတွေ မဟုတ်ပါလား။

“ကဲ...သားရယ်... သူ့ အပေါင်းအသင်းတွေဆီ လိုက်စမ်းပါဦး၊ အချိန်မီ အုပ်မိယင် မာမီတို့ ပြဿနာကို ရှင်းနိုင်တာပေါ့”

“ကျွန်တော်တော့ သိပ်မထင်ဘူးမာမီ၊ သူတို့ ဘယ်နည်းနဲ့မှ ရန်ကုန်မှာ ခိုနေမယ် မထင်ဘူး၊နယ်ကို ထွက်သွားဖို့ သေချာတယ်.ကျွန်တော် တတ်နိုင်သမျှ ကြိုးစားပြီး ရှာပါမယ်၊ မာမီ စိတ်ကိုအေးအေးထားပါ၊ နို့မဟုတ်ယင်....”

“အေးပါ သားရယ်၊ မာမီစိတ်ကို ထိန်းထားပါတယ်၊ ကိုယ်ဖြစ်ချင်သလို မဖြစ်ရတဲ့ဘဝမှာ ဖြစ်လာတာကိုပဲ ရင်ဆိုင်ရတော့မှာပေါ့၊ သားမိုက်တယောက်အတွက် တအိမ်လုံး ဒုက္ခရောက်ရတော့မှာ ဘာတတ်နိုင်မှာလဲ သားရယ်”

“ကဲ....ဒါဖြင့် ကျွန်တော် အပြင်ထွက်လိုက်ဦးမယ်”

* * *

www.burmeseclassic.com

www.burmeseclassic.com



ဦးဘထွန်းချစ်တို့က တိုင်ချက်ဖွင့်လိုက်သည်။

ရန်ကုန်မြို့၊ ကျောက်ကုန်း၊ ခြံအမှတ်(× ⁄)နေ ဦးဘဇော် ဒေါ်ထက်ထက်တို့၏ သား ဇော်ဇော်ထက်က သမီးဖြစ်သူ လတ်လတ်ချစ်အား သွေးဆောင်ဖြားယောင်း၍ ရွှေဆွဲကြိုး၊ စိန်နားကပ်၊ စိန်လက်စွပ်များကို ခိုးယူ ထွက်ပြေးကြသည်ဟု တိုင်ချက်ဖွင့်လိုက်၏။

ဦးဘထွန်းချစ်က မန္တလေး၊ မော်လမြိုင်နှင့် ပြည်မြို့ရှိ မိတ်ဆွေများနှင့် တပည့်များထံ ဇော်ဇော်ထက်နှင့် သမီးဖြစ်သူတို့၏ ပုံပန်းသဏ္ဌာန်ကို ပြော၍ ဘူတာမှ စောင့်ကြည့်ရန် တယ်လီဖုန်းဆက်ပြီး အကူအညီတောင်းလိုက်သည်။

ဇော်ဇော်နှင့် လတ်လတ်တို့နှစ်ယောက်မှာ ရန်ကုန်မှ မခွာသေး။ စိတ်ချရသော ညီညီသူငယ်ချင်း တယောက် စီစဉ်ပေးသည့် နေရာတွင် ပျားရည်ဆမ်းနေကြသည်။ ဇော်ဇော်နှင့် ပါသွားသည့် ပစ္စည်းများကို သူငယ်ချင်းဖြစ်သူက ထုခွဲပေးလိုက်ရာ လောလောဆယ် စားရေးနေရေး အတွက် မပူမပင်ရသည့် အလျောက် သူတို့နှစ်ယောက်မှာ အောင်လံ လွှင့်လွှင့်ထူလျက် ချစ်ဦးသူတို့၏ အောင်ပွဲသဘင်ကို ပျော်ပျော်ရွှင်ရွှင်ကြီးပင် ဆင်ယင်ကျင်းပနေကြသည်။



ငါးရက်မြောက်သည့် နေ့အထိ ဇော်ဇော်က ခြေငြိမ်ငြိမ်ချည်ဘိုင် မြဲနေသော်လည်း ခြောက်ရက်မြောက်သည့် နေ့တွင်ခြေဖွေ ဖောက်လာသည်။ အိမ်မှာဆို တနာရီ ပြည့်အောင်ခြေကို ဘရိတ်အုပ်လို့မရ။ ခု....လတ်လတ်နှင့်မို့ နာရီပေါင်းသရာ့နှစ်ဆယ် ခြေငြိမ်နေခဲ့သည်ပါ။

ချစ်လှိုဏတော့ လုပ်နေကြ အလုပ်ကလေးတွေက သတိသရ ရှိလာသည်။ လက်ထဲမှာ ငွေလုံးငွေခဲနှင့်။

လတ်လတ်ကို သူတို့ နေရေး ထိုင် ရေး အ တွက် စီစဉ်ဖို့အကြောင်းပြ ထွက်ခဲ့ရာမှ ထိုင်နေကျဝိုင်းကို ရောက်သွားသည်။ လက်ကိုင် ပြည့်ပြည့်ဖြိုးဖြိုး ရှိသမို့၊ ခါတိုင်းလို ချွင်းချွင်းချိန်ချိန် မဟုတ်။ စိတ်နောက်လက်ပါ ကစားခဲ့ရာ ပါသမျှပြောင်ချောသွားသည်။

အပြန်မလှပေမယ့် သူ့နဂို အကျင့်မူအတိုင်း ဇော်ဇော်ကတော့ ခပ်အေးအေး။

လတ်လတ်ကို နှုးလိုက်တော့ လတ်လတ်က ဆွဲကြိုး လးချက်ပေးလိုက်သည်။ ကိုယ့်ချစ်ချစ် ပြောသည့်စကားကို ယုံစမြဲကြသည်မှာ ချစ်သူတို့ကြားတွင် ပြဿနာပေါ်တတ်။ ချစ်စဆဲစ ပျားရည်ဆမ်းစတွင် ပျားရည်မှာ ခါးသည်ဟူ၍မရှိချိစမြဲ ဆိမ့်စမြဲပါလေ။

ပျားရည်ဆမ်း ကာလ၏ ဆယ့်တစ်ရက်မြောက်နေ့။

ဇော်ဇော် အချုပ်ထဲ ရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုန်းသူနှင့် ရှာသူတို့မှာ ရှာသူက တပန်းသာစမြဲ။ ရှာသူက စိတ်ရှည်သလောက် ပုန်းသူက စိတ်မရှည်တတ်။

အပြင် အထွက်များလာသည့် သူတို့နှစ်ယောက်၏ ခြေရာကို ကောက်မိသွားသည်။

ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၄၀၃။

“ပစ္စည်းကို မရိုးဖြောင့်သော သဘောဖြင့် အလွဲသုံးစားမှု” အဓိပ္ပာယ် ဖွင့်ဆိုချက်။

“မည်သူမဆို ရွှေ့ပြောင်းနိုင်သော ပစ္စည်းကို မရိုးဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုလျှင် သို့တည်းမဟုတ် မိမိ၏ ပစ္စည်းအဖြစ် ပြောင်းလွှဲခြင်းပြုလျှင် ထိုသူကို နှစ်နှစ်အထိ ထောင်ဒဏ် တမျိုးမျိုးကိုဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်”

ကိုယ့်ဘက်က ထုချေရှင်းလင်းသည်က နောက် ဥပဒေဖွင့်ဆိုချက်နှင့် အကြုံးဝင်နေသည်က အယင်။

ဇော်ဇော်က အင်းစိန်ထောင်သို့။

လတ်လတ်ချစ်က မိဘအိမ်သို့။

ဇော်ဇော်ကို ခွဲခွာသည့် အချိန်အထိ ဇော်ဇော်ကို လတ်လတ်ချစ်က သွားဘက်ဆိုင်ရာ ကျောင်းသားအဖြစ် ဘိမှတ်ယုံကြည်ထားသည်။ ဇော်ဇော်၏ ဟန်ဆောင်ကောင်းမှု၊ ဝတ်စားဆင်ယင်မှု အပြောကြွယ်၊ အပြောလည်မှုတို့ကြောင့် သွားဘက်ဆိုင်ရာ ကျောင်းသားအဖြစ် ယုံကြည်သည်မှာ မဆန်း။



သည်နေ့ ခေတ်ကောင်လေးတွေ ပြောသမျှကို ကောင်မလေးတွေက ပစ်ခတ်ယုံကြည်ကြစမြဲ။ ဒါ့ကြောင့်လည်း နေရာတကာမှာ မဖြစ်သင့်သည်များ ဖြစ်ကုန်ကြသည်။

သွားဘက်ဆိုင်ရာ တက္ကသိုလ်နှင့် လတ်လတ်ချစ်တို့ ကျောင်းတက်နေသည့် တက္ကသိုလ်မှာ အဝေးကြီး၊ တဝိုင်းတည်း တဝန်းတည်း ဆိုသင်တော့ တနေ့မဟုတ်တနေ့ ပေါ်ကောင်း ပေါ်မည်။ ခုဟာက ဘယ်လိုမှ မပေါ်နိုင်။

လတ်လတ်ချစ်ကလည်း ခုံစမ်းရေးတွေဘာတွေ မလုပ်။ ယနေ့ခေတ် အထာသဘောအရ ချစ်နေရယင် ပြီးရောဆို မဟုတ်လား။

ပြောသမျှ ယုံအောင်လည်း ဇော်ဇော်က လက်တွေ့ လှည့်ကွက်အမျိုးမျိုး လုပ်ပြခဲ့သည်။

ခု... အိမ်ပြန်ရောက်လို့ အပေတို့ အမေတို့က လက်တွေ့သာဓက သက်သေ အထောက်အထား ခိုင်ခိုင်လုံလုံနှင့် ပြလာသောအခါမှ ခေါင်းအုံးတလုံးလုံး ဗိုစို့ရွဲအောင် ငိုပစ်လိုက်ရသည်။ နာကျည်းလိုက်သည်မှာ ရင်တခုလုံး ဆတ်ဆတ်ခါလို့။

ချစ်ခဲ့ရသောပုံရိပ်အားလုံးကို မေ့ပစ်လိုက်ရပြီ၊ နာကျည်းစိတ်က လက်စားချေရေးဘက်သို့ မျက်နှာမူလိုက်တော့၏။

ချစ်လွယ်သလို မုန်းလွယ်တတ်သည်မှာ သည်ကနေ့ ခေတ်ဘိုများ၊ ကလေးများအဖို့ ငှက်ပျောသီး အခွံနွာစားသလို ရှိပါချေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီး ...သူတို့နှစ်ယောက်မှာ တရားဝင် လက်ထပ်သည့် စာချုပ်စာတမ်း မရှိ။

ထောင်ထဲ ရောက်နေသူ ဇော်ဇော်အဖို့ သက်သာရာလမ်း ပျောက်ရပါလေတော့မည်။

* * *

ဇော်ဇော် အချုပ်ထဲ ရောက်သွားသည်ကို အိမ်ကလူတွေ ဘယ်သူမှ မသိလိုက်။ ရမာန်ကြီး တပတ်ချုပ်နှောင်ဖို့ အမိန့်ချလိုက်ပြီး ထောင်ထဲ ရောက်နေတော့မှ အဖြစ်အပျက်ကို သိရသည်။

ကြိုက်သလိုလုပ်ပါလို့ ပြောထားပြီးသား၊ ခုမှ အောက်ကျို့ခံ တောင်းပန်လို့ ဘာထူးမှာပ။ သား ထောင်ထဲရောက်နေပြီဆိုတော့ အမေဖြစ်သူမှာ ကောင်းတာပေါ့လို့ မဆိုနိုင်။ မျက်ရည်နဲ့မျက်ခွက်။ မစားနိုင် မအိပ်နိုင် ဖြစ်နေပြီ။

မတ်တော်မောင်ဆီ သွားရသည်။ ဟိုပြောသည်ပြောလိုက်ပြောရပြီ။ သည်တသက် မရောက်ဘူးလို့ထင်ခဲ့သည့် နေရာတွေကို ရောက်ရသွားရတော့မည်။ လင်ဆိုးမယား တဖားဖားထက် သားဆိုးအားမ တဖားဖားက ပို၍ ဖားသည် ပို၍မောရသည်။

သူတို့ထိုင်နေရာသို့ နေပူရိပ်ထိုးကျလာသဖြင့် နေရာရွှေ့ဖို့ ဟန်ပြင်လိုက်ရသည်။ ထိုင်နေသည့်နေရာက မထချင်။ မျက်နှာ



အထားရခက်ခက်နှင့် ထိုင်နေရသည် ဖြစ်ရာ နေရာရွှေ့ပြောင်းဖို့ ထလိုက်ယင် မျက်လုံးအစုံပေါင်း များစွာမှာ လှုပ်ရှားလိုက်သူဆီသို့ စူးရောက်လှုပ်ရှားလာလိမ့်မည်။ ထောင်ရှေ့သို့ရောက်နေသူတို့၏ မျက်လုံးအစုံများမှာ လှုပ်ရှားသူနောက်သို့ ရွေ့လျားလိုက်ပါစမြဲ။

မရွှေ့ပြောင်းလို့ကလည်းမဖြစ်၊ နေပူထဲငုတ်တုတ်ကြီးပေ၍ ထိုင်မနေနိုင်။ မနက်ပိုင်း ထောင်ဝင်စာ မမီလိုက်သမို့ ညနေပိုင်း ထောင်ဝင်စာကို ခါးတညောင်းကြီး ဆက်စောင့်ခဲ့ရသည်။

ထိုင်စရာ ခုံတန်းတို့ဘာတို့မရှိ အရိပ်က ရှားရှားပါးပါး။

ဒေါ်ကြီးစိုးလည်း မျက်နှာမကောင်း၊ နှစ်ယောက်အတူ ထိုင်နေပေမယ့် စကားမပြောဖြစ်။ အတွေးကိုယ်စီနှင့် တငူငူ တငိုင်ငိုင်။

ထောင်ထဲရောက်နေသူကို အပြင်လူကတွေ့ချင်သည့် အချိန် သွားတွေ့လို့မရ။ သတ်မှတ်ချိန်အတွင်းသာ တွေ့ရမည်။ ခေါ်မှတွေ့ရသည်။

မခေါ်မချင်း လည်တဆန့်ဆန့် မျှော်တလင့်လင့်။ စောင့်ပေရော့။

တွေ့ကြတော့ စကားကနောက် မျက်ရည်ကအရင်။

အပြန်ခရီးတွင် ရင်ဝယ်တသိမ့်သိမ့် နားဝင်စိမ့်သည့်စကား တခွန်းကို ပိုက်ထွေးလျက်။

"သား နောက်မမိုက်တော့ပါဘူး အမေတဲ့"

www.burmeseclassic.com

www.burmeseclassic.com



ထောင်ထဲသို့ တခေါက်တကျင်း ရောက်ဘတ်သူများ ပြော လေ့ပြောထရှိသည့် စကားပါ။ အုတ်ရိုးအပြင်ဘက် ရောက် ယင် ပေးသည့်ကတိ၊ ပြောခဲ့သည့် စကားကို မကျိုးမပေါက် အောင် ထိန်းသိမ်းသူဟူ၍ ရှိသော်လည်း နည်းပါးလှန်းလှ ပါဘိ၏။

ထောင်ထဲရောက်ရောက်ချင်း ဦးစွာ ပထမဆုံး အကိုင်ခံ လိုက်ရသည်မှာ ပုံစံ။ ဒုတိယအကိုင်ခံလိုက်ရသည်မှာ ဂုတ်ပေါ် ဝဲနေသည့် ဆံပင်ရှည်ကြီး။

အိမ်မှာ ကိုယ်စားသည့် ထမင်းပန်းကန်ကို ကိုယ့်ဟာကိုယ် ဆေးခြင်းအမှုကို ဘယ်တုန်းကမှ မပြုစဖူးခဲ့သော ဇော်ဇော် တယောက် ကိုယ့်ပန်းကန်ကိုယ်ဆေးရသည်သာမက တံမြက်စည်း လှဲ၊ သောက်ရေအိုးဆေး၊ သောက်ရေအိုးရေဖြည့် အလုပ်ကို ပါ လုပ်နေရပြီ။

ထမင်းစားရတာ အာသာမပြေလို့ ရေချည်းပဲ သောက် နေကြသလား မသိ။ သောက်ရေအိုးတွေကို ဖြည့်ပြီးယင် ဖြည့်ရယင်း၊ ဖြည့်မနိုင်ရှိနေသည်။ ညနေအိပ်ဆောင်မပိတ်မီ သောက်ရေအိုးအားလုံး ရေအပြည့်ရှိနေရမည်မှာ သူ့တာဝန်။

အိုးတိုင်း ရေအပြည့်မရှိယင် ကြီးတောင့်ကြီးမားအရွယ်ကျ မှ အရိုက်ခံရခြင်းဆိုသည့်မျိုးနှင့် ကြုံတွေ့ရလိမ့်မည်။

ဇော်ဇော်တယောက် ဘယ်လောက်အထိ နောင်တရလိမ့် မည်ကို စောင့်ကြည့်ရမည်ပါ။

× × ×

(ခြောက်)

ရမာန်ကြီးတပတ်ပြည့်လျှင် ရှုံးထုတ်မည်။

သည်ကြားထဲမှာ လူကြီးချင်း ပြီးပြတ်အောင်မညှိနိုင်လျှင် အမှုရှည်ကြီးကို ရင်ဆိုင်ရမည်။ စွဲဆိုထားသည့်အမှုနှင့်ပတ်သက် ၍ ထင်ရှားသည်ဟု စီရင်ဆုံးဖြတ်ခဲ့သော် အလုပ်နှင့်လက် မပြတ်အောင်လုပ်ရသည့် ရဲဘက်စခန်းသို့ ဆက်လက်ချီတက်ရ တော့မည်ပါ။

မျက်နှာအောက်ကျို့ရရုံမက လူရှေ့သူရှေ့မှာ ကန်တော့ပွဲ နှင့် ကန်တော့ရပါစေတော့၊ ဒေါ်ထက်ထက်ခမျာ မလုပ်လို့ မဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထက်ထက် လှုပ်ရှားရာနောက်သို့ အရိပ်သဖွယ်... လိုက်နေရသူမှာ တင်မောင်မြင့်။ နိုင်ငံခြားသွားရေး ... အတွက် သွားလာလှုပ်ရှားမှုကို ရပ်ထားလိုက်ရသည်။

သားဆိုးပင် ဖြစ်စေကာမူ အနေအစား ဆင်းရဲလွန်းသ... နေရာသို့ ရောက်နေသမို့ အမေ စိတ်ထိခိုက်နေသည်ကို အ... မဆိုသာ။

ခုတလောအိမ်ကကားမှာ တိုင်စီဆွဲချိန်မရ။ ဒေါ်ထက်ထ... သွားလိုရာသို့ တရစပ် မောင်းပို့နေရသည်။

မိန်းကလေးရှင်ဘက်က ကျေနပ်မှသာ တရားရုံးမှာ... အေးလို့ရမည်။ မြန်မြန်ထက်ထက် ကြေအေးလှာ တင်နိုင်... ဇော်ဇော် အုတ်ရိုးအပြင်ဘက်ကို မြန်မြန်ရောက်မည်။

သည်ကိစ္စမျိုးဆိုတာက လုပ်ရကိုင်ရ ပြောရဆိုရခက်သည်... တိမ်မယောင်နှင့်နက်၍ လွယ်မယောင်နှင့်ခက်သည်မျိုး၊ တဘ... က သွေးပူသွေးဆူ ဒေါသနဆဲမို့ တကြောင်း၊ ကြိုက်သလိုလုပ်ပါ... ကိုယ့်ဘက်ကဆိုထားသည့် စကားခံရှိထားသည်ကတကြောင်း... မိန်းကလေးရှင်ဘက်က အလွန်အမင်းနစ်နာသည့်ကိစ္စ ဖြစ်... သည်ကတကြောင်း၊ စသည့်အကြောင်းကြောင်းကို ထောက်... အဝင်မလောမိအောင် သတိထားပြီး လုပ်နေရသည်။

အခွံပါးသည့် ကြက်ဥထုပ်ကို ကိုင်ပြီး ဘတ်စ်ကားပေါ်... တိုးတက်ရသူလိုမျိုးသို့နှယ်။



ပြီး၊ သည်ကိစ္စမျိုးဆိုတာက တိုက်ရိုက်ဝင်လို့မရ။ အိမ်... ဆောက်ရာတွင် အိမ်ဦးတိုင်ထူသလိုမျိုး သဘောမူရသည်။ အိမ်ဦးတိုင်ထူရာတွင် ယိုင်နဲ့လဲပြိုခြင်းမျိုး မဖြစ်အောင် အထူး သတိထားရသည်။ အိမ်ဦးတိုင်ဆိုသည်မှာ နှစ်ခါထပ်တူရိုး ထုံးစံမရှိ။

စဝင်ဝင်ခြင်း၊ ခါးခါးသီးသီး ခေါင်းခါလိုက်သော် နောက်တခေါက် ထပ်ဝင်ဖို့မလွယ်တော့။ နိုင်ရာမိုင်ရာကိုရှာ ...းမှ အပိုင်ချည်တုပ်ရမည်။ သွားပြောမည့်ပုဂ္ဂိုလ်၏ စကား ...ကို ကာယကံရှင်က ဘယ်လိုမှ ခေါင်းမခါသာရှိပါမှ ကိစ္စပြီး သည်မျိုး။

ကာယကံရှင်များအပေါ် အလွန်အလွန် ဩဇာညောင်း သည့် သူကို ပထမ စုံစမ်း ရ သည်။ ထို ပုဂ္ဂိုလ်ဆီကို ဝင် နိုင်ဖို့ အဆက်အသွယ်ရှာရသည်။ ကြားဝင် ဖျန်ဖြေပေးဖို့ သဘောတူညီအောင် ကြိုးစားရသည့်ကိစ္စမှာ ဘာသော်ကိုမလွယ် တဆင့်တည်းမရ။ လေး ငါး ဆယ် ဆင့် ... ဆင့်ပြီးတဆင့် ဝင်ရသည်။

အိမ်ပြန်ရောက်သည့်အခါ ဒေါ်ထက်ထက်မှာ ခြေပစ်လက် ပစ်။ နဂိုကပိန်ပိန်၊ ခုတော့ ဆွဲချလိုက်သလို ရှပ်ရည်ကျဆင်း သွားသည်။

ကိုယ်ချွေးထွက်သည်ကို သုတ်ရလွယ်သော်လည်း စိတ်ချွေး ထွက်သည်ကို သုတ်ရသည်မှာ ခက်ခဲလှဘိ၏။

www.burmeseclassic.com



ကုန်လိုက်သည့် ငွေကြေးပမာဏမှာ ကိုယ့်ဟာကိုယ် ပြန်မတွက်ရ၊ ငွေကြေးအားဖြင့် မပေးရစေကာမူ လက်ဆော ပစ္စည်းဝယ်ပေးရသည့် တန်ဖိုးမှာ ရာအောက်တခုမှမရှိ။ အသက်နှင့် ထောင်ဂဏန်းတန်ဖိုးရှိသော လက်ဆောင်ပစ္စည်း များကို အတွန့်တိုမရှိ၊ ပေးရကမ်းရသည်။

ကြားဝင်ဆောင်ရွက်ပေးသူများက အကြောင်းအရမ်း စေကာမူ ကိုယ်က အလိုက်သိစွာ ပေးရကမ်းရသည်။ လက် ထုပ်ဆိုတာ ကမ်းရစမြဲ။

ဦးဘထွန်းချစ်က ခေါင်းညိတ်လှယ်သော်လည်း ဒေါ်လ လတ်က ခေါင်းညိတ်မလှယ်။ ဒေါ်ထက်ထက်က အပြင်မထ သာပါ။ ကိုယ့်မှာလည်း သမီးမိန်းကလေး ရှိနေသမို့ ကို ချင်းစာမိရသည်။ ရုံးထွက်ဖို့သုံးရက်အလိုကျမှ နှစ်ဦးနှစ်ဘ ညှိနှိုင်းမှု အဆင်ပြေစ ပြုလာသည်။

လတ်လတ်ချစ် ဆွဲကြိုးအတွက် ဆွဲကြိုးအစား အလေ ပေးရမည်။

ဇော်ဇော်က လတ်လတ်ချစ်ကို မည်သို့သော နည်းမျိုးနှ မဆို လုံးဝ အနှောက်အယှက်မပေးပါ။ ဆက်သွယ်ဆက်ဆံခြ မပြုလုပ်ပါ။

မယားခေါ်လို့မှု ဘာမှု ညာမှု စသည်မျိုးဖြင့် တရားရုံ အနှောက်အယှက်ပေးသည်မျိုး၊ သတင်းစာမှ ကြော်ငြာသ မျိုး လုံးဝမပြုလုပ်ပါ။



တဦးက တဦးကို ပေးခဲ့သည့်စာများ၊ ဓာတ်ပုံများကိုလက် ဆက်ပေးအပ်ရမည်။

ဘယ်သို့ ဘယ်ညာ ဖြစ်ခဲ့သည်ဆိုသည်မျိုးကို မည်သည့်နေရာ င်မဆို လုံးဝမပြောဆိုပါ။

ယခုကိစ္စတွင် ဇော်ဇော်က လတ်လတ်ချစ်ကို ဖြားယောင်း သွေးဆောင်၍ ပစ္စည်းအလွဲသုံးစား ပြုလုပ်ခဲ့သည်မှာ မှန်ကန် ကြောင်း ကတိခံဝန်ပြုကြောင်း ဝန်ခံချက်ပေးရမည်။

အထက်ပါအချက်များကို ဇော်ဇော်နှင့် ဒေါ်ထက်ထက် တို့က သူတို့ဘက်မှ ရှေ့နေကြီးရှေ့မှောက်၌ အသိသက်သေ များနှင့်အတူ လက်မှတ်ရေးထိုး ပေးရမည်။

ရုံးထွက်နေ့တွင် ဇော်ဇော်ကိုယ်တိုင်က သူတို့ရှေ့နေကြီး နှင့် အသိသက်သေများရှေ့မှောက်၌ ကတိခံဝန်ချက် လက် မှတ်ရေးထိုးပေးရန် သဘောတူမှ သူတို့ဘက်က အမှုကြေအေး သည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးပေးမည်။ အမှုကြေအေး ခြင်းရှိရေးအတွက် တရားရုံးကိစ္စများကို သူတို့ဘက်က လုံးဝ တာဝန်မယူ ဒေါ်ထက်ထက်တို့ဘက်က တာဝန်ယူရမည်။

နှစ်ဦးနှစ်ဘက် ညှိနှိုင်းရရှိသည့် သဘောတူညီချက်။

ဇော်ဇော်ကို သည်အကြောင်းပြောဖို့ ထောင်ဝင်စာတွေ့ရ သည်။ ထောင်ဝင်စာ အဆင်မပြေခဲ့သော် ရုံးထွက်နေ့မှ ပြောရ ဆိုရမည်။

www.burmeseclassic.com

www.burmeseclassic.com



ထောင်ဝင်စာတွေဖို့အဆင်မပြေ။ တောက်တကြမ်းသာတွေ ခွင့်ရှိရာ တကြိမ်တွေ့ပြီးပြီမို့ နောက်တပ်တွေခွင့်မရ။

ရုံးထွက်နေ့မှပဲ တွေ့ရမည်။

မည်သို့ပင်ဆိုစေ နောက်ထပ်ရမာန်တပတ် နေရဖို့ သေချာနေပြီ။

ရုံးထွက်နေ့တွင် ဖော်ဇော်က အလွယ်တကူပင် ခေါင်းညိတ်ခဲ့သည်။ မညိတ်လို့လည်းမဖြစ်၊ အုတ်ရိုး အတွင်းဘက် အတွေ့အကြုံများက ခေါင်းညိတ်ရုံမှတပါး အခြားမရှိဟု ဆိုဘိသို့။

သည်လိုနှင့် အုတ်ရိုးအတွင်းဘက်မှာ တလနေပြီး အုတ်ရိုး အပြင်သို့ ရောက်လာသည်။ အနေအထိုင် သိသိသာသာ ပြောင်းလဲလာရုံမက မြင်မြင်သမျှ လိုက်ပုံမှာ မယုံနိုင်စရာ ဘယ်ကိုမှမထွက် အမေ့ကိုပေးသည့် ကတိစကားမှာ တပ်တပ် တပင်ကြီး။

ငွေကန်လုပန်း ဖြစ်ခဲ့ရသည့် ဒေါ်ထက်ထက်ပင် သားကို ကြည့်၍ ပီတိဝေဖြာနေရပြီ။ ဇော်ဇော်၏ပြောင်းလဲပုံမှာ ရက် ပိုင်းသာမက လပိုင်းသို့ ပြောင်းလဲလာသည့်တိုင် ဖောက်ပြန် မည့် လက္ခဏာမျိုး မတွေ့ရ။

အပြင်မထွက်ပဲ လုံးလုံးလျားလျား အိမ်အောင်းနေသည် တော့ ဟုတ်။ အပြင်ထွက် သော်လည်း နေကုန်နေခန်းမနေ။ ညအချိန်မတော်မှ အိမ်ပြန်သည်မျိုးမရှိ။



ဒေါ်ကြီးစိုးနှင့် မေဇ်မော်တို့လည်း တူမောင်အပေါ် အစ်ကိုအပေါ် ဆက်ဆံရေးပြေပြစ် ချောမွေ့လာသည်။သူတို့ အထဲမှာ ဝမ်းအသာဆုံးက ဘင်မောင်မြင့်။

သူဂျပန်သွားဖို့ ပြင်ဆင်မှုတွေ အားလုံးပြီးပြီ။ လေယာဉ် လက်မှတ်စောင့်ဖို့ပဲ ကျန်တော့သည်။ သူတို့အိမ်ထောင်စုမှာ ဖြစ်ခဲ့တာတွေ ဖြစ်ခဲ့တာတွေကို မေ့ပြီး တဦးအပေါ်တဦး ကြည်ကြည်သာသာ အပေးအယူ မျှလာသည်။ ကားရောင်းဖို့ ပွဲသနားလည်း မပေါ်တော့။ ကားကို တနေ့ငါးဆယ်နှင့် အငှားပေးထားပြီ။ ကားနှင့်ပတ်သက်သည့် ကိစ္စအရပ်ရပ်ကို ဇော်ဇော်က တာဝန်ယူနေပါလေပြီ။

မိသားစုပြဿနာ တည်ငြိမ် အေးမြလာပြီ ဆိုသောအခါ လုပ်သမျှကိုင်သမျှ အစစအရာရာ အဆင်ချောလာတတ်သည့် အတိုင်း ဘင်မောင်မြင့် ဂျပန်သွားရေးကိစ္စမှာလည်း အထစ် အငေါ့မရှိ ချောချောမွေ့မွေ့။

လေယာဉ်လက်မှတ် စောင့်သည့်အဆင့်သို့ပင် ရောက်ရှိနေ ပါလေပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပြု၍ နားသောတ ဆင်ကြပါရှင်"ဟန်ကောက်မြို့ သို့ထွက်ခွာမည့် ဘီ၊ အော၊ စီ လေယာဉ်နှင့် လိုက်ပါကြမည့် ခရီးသည်များ ဘီ၊ အော၊ စီ လေယာဉ်ပေါ်သို့ တက်ကြရန် နိုးဆော်အပ်ပါသည်ရှင်"

လေဆိပ်အသံချဲ့စက်မှ ထွက်ပေါ်လာသည့် နှိုးဆော်သံမှာ ကြည်ကြည်မြမြ အသံသာသာ။ နိုင်ငံခြားခရီးသွား လေဆိပ် ခန်းအတွင်း ရှိနေကြသည့် ခရီးသည်တချို့မှာ လှုပ်လှုပ်ရှွ...

တင်မောင်မြင့်ကဒေါ်ထက်ထက်နှင့် ဒေါ်ကြီးစိုး တို့ကို ... ခြင်းကြီးငါးပါးဖြင့်ဦးချကန်တော့လိုက်သည်။ အိမ်မှာလည်း ကန်တော့ပြီးသား မြန်မာလူမျိုးတို့၏ ခလေ့ထုံးစံအရ ... စဉ်နေ့တိုင်း လူကြီးမိဘများကို မကန်တော့မိသည့်တိုင် ခ... ဝေးထွက်မည့် ကိစ္စမျိုးရှိလာသည့်အခါများတွင်မမေ့မလျော့ ကန်တော့လေ့ရှိကြ၏။

"အေးကွယ်...တို့သားကြီး ဘေးမသီရန်မခပဲ လိုရာခရီး... ချောချောမောမော ရောက်ပါစေ"

"တူမောင်ကြီး ကျန်းမာချမ်းသာပါစေ အစစအရာရာ အဆင်ပြေပါစေ"

ကန်တော့သူက မျက်ရည်ဝဲလျက်။



ဆုပေးသူတွေက အသံတုန်ယင်၍ မျက်ရည်စီးကျလျက်။ ကောင်းသော ခွဲခွာခြင်း ခရီးပင်ဖြစ်စေကာမူ မျက်ရည် ...စ်သိုင်းစမြဲ။

"ညီမလေး သွားမယ်နော်၊ ဧကိုတော့ မပြတ်ရေးဖို့ ...မေနဲ့"

"ဟုတ်ကဲ့...အစ်ကိုမြင့်"

တင်မောင်မြင့်က မော်မော်၏ လက်နှစ်ဘက်ကို ဆုပ်ကိုင် ...ထားသည်။

မော်မော်၏ ပါးပေါ်မှ မျက်ရည်ကြောင်းမှာ....။

"ကဲ...ကိုဇော်-ကျွန်တော် စိတ်ချလက်ချ သွားနှုတ်တော့မယ်"

"စိတ်ချပါကွာ၊ ငါ့ဘက်က တာဝန်ကြေပွန်စေရပါမယ်"

"ဝမ်းသာလိုက်တာ ကိုဇော်ရာ"

သူတို့နှစ်ယောက် တွဲချိတ်ထားသည့် လက်များကို ဖျစ်ညှစ် ...လိုက်၏။

တင်မောင်မြင့်၏ ကျောပြင်ကိုကြည့်၍ ကျန်ရစ်နေသူများ ...မှာ ရင်ထဲမှာ ပျော်ရွှင်နေသော်လည်း မျက်နှာပေါ်မှာ ညှိုး ...ှိုပ်ထင်နေကြသည်။

လေဆိပ်အပြင်သို့ သူတို့လိုက်ပါခွင့် မရ။

အပြာရင့်ရောင် ဥရောပဝတ်စုံနှင့် လိုက်ဖက်သည့် တင်မောင် ...မြင့်၏ လှုပ်ရှားဟန်မှာ မသွက်လက်။ မိဘညီအစ်ကို မောင်နှမ ...များနှင့် နှစ်ရှည်လများ ခွဲခွာရသူတို့၏ လှုပ်ရှားဟန်မှာ သွက်

www.burmeseclassic.com

www.burmeseclassic.com



သွက်လက်လက် မရှိနိုင်ရာ။ လေယာဉ်ဆီသို့ လှမ်းနေသည့် သူ၏ ခြေလှမ်းများမှာ တုံ့ဆိုင်းဆိုင်း၊ လေယာဉ်ပေါ်သို့ ပတက်ခင် သမင်လည်ပြန် လှည့်၍လှည့်၍ ကြည့်ရသည် မှာ သုံးလေးကြိမ်ထက် မနည်း။ မှန်ကာထားသည့် အခန်းထဲမှ လူများကိုမြင်ရသော အဝေးမြင်ကွင်းမှာ ဝိုးတဝါး။

လေယာဉ်ပေါ်သို့ အတက် လက်ပြနှုတ်ဆက်လိုက်ရသည်။ သူတို့ မြင်ကြပါလေမည်။

သူ့မှာ ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသည့် ဝတ်စုံတစ်စုံ အပ ဝတ်စုံပိုမပါ။ ဂျပန်ရောက်မှပဲ အဆင်ပြေသလို ချုပ်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ဝတ်စုံပိုမယူသွား။ မစ္စတာ နာကာတာနီတို့ မိသားစုအတွက် လက်ဆောင်ပစ္စည်းများကို သာ အဓိကထား၍ သယ်ဆောင်သွားသည်။

ဂျပန်စကားကိုတော့ ထမင်းစားရေသောက် တတ်နေပြီ။

လေယာဉ်ထိုင်ခုံပေါ်တွင် ထိုင်မိသည့်တိုင် သူ၏ စိတ်လှုပ်ရှားမှုမှာ မငြိမ်သက်သေး။ ရင်ထဲမှာ တမျိုးကြီးခံစားနေရသည်၊ လွမ်းတမှုလည်း ရှိနေသည်။

အမိမြေကို လွမ်းတခြင်းနှင့် မိသားစုကို လွမ်းတခြင်း။

နိုင်ငံခြားကို သွားသူတိုင်း အမိမြေနှင့် မိသားစုကို လွမ်းတမြဲ။

ဘန်ကောက်ရောက်မှ ဂျပန်လေယာဉ် ဂျားလ်(ဂျေ၊ အေ အယ်)ကို ပြောင်းစီးမည်။ လေယာဉ်ပေါ်မှ လှမ်းမြင်ရသည့် မြင်ကွင်းမှာ မသဲကွဲ မှုန်မှုန်ပျပျ။



လေယာဉ်စက်နှိုးသံ ထွက်လာသော်လည်း ဂျက်လေယာဉ်ကြီး၏ အင်ဂျင်ကြီးများမှာ နောက်မြီးဘက်တွင် ရှိနေ၍ သာကြောင့် လေယာဉ်အတွင်းပိုင်းကို ဆူညံနေသော အသံများ ဝင်မလာ။

ခါးပတ်ပတ်ထားရန်နှင့် ဆေးလိပ်မသောက်ရန် သတိပေး အတမ်းနီကလေး ပေါ်လာပြီးနောက် လေယာဉ်ဘီးများ စတင်ရွေ့လျားနေပြီ ဟု သိလိုက်၏။

လေယာဉ်ကြီးမှာ အပေါ်သို့မပျံဝဲသေး။ မြေပြင်ပေါ်မှာပဲ ရွေ့လျားနေဆဲ။

မင်္ဂလာဒုံ လေဆိပ်ကို ဦးတည်ထားရာမှ လကျ်ာဘက်သို့ ကွေ့၍ ခေါင်းသည့် ပိုက်ရာ လက်ဝဲဘက်နံပြူတင်းမှ လေဆိပ်အတွင်းသို့ လှမ်းမြင်ရသော်လည်း မြင်ကွင်းမှာ ပီပီသသမရှိ။

ဆောင်း၏အငွေ့ အသက်များ လွင့်ပျံနေသော်လည်း လေယာဉ်ကြီးအတွင်းမှာမူ နွေးနွေးထွေး ထွေး။

လေယာဉ်ကြီးမှာ လေဆိပ်ကိုကျောပေးသည့် အနေအထား ပြောင်း၍ လေယာဉ်ပြေးလမ်းဆီသို့ဦးတည်ရန် လက်ဝဲဘက် ချိုးကွေ့သွားသည်။

လေယာဉ်ပျံစီးနေရသည်နှင့်မတူသေး၊ ဗီမ်ခံကား အကြီးကြီးပေါ် ထိုင်စီးနေရသည့် ပမာသို့။

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်စက်ညှိသံမှာအမြင့်ဆုံးသို့ရောက်လေသလားမသိ။ စက်သံစည်စည်ညံညံ ရှိလာသည်နှင့်အတူ ပြေးလမ်းပေါ်မှ လေယာဉ်ပျံကြီး ကြွတက်သွားသည်ကို သိလိုက်၏။

လေဆိပ်အဆောက်အအုံကြီး တရိပ်ရိပ်ပြေးနေသလို လေယာဉ်ပြေးလမ်းမကြီးဘေးရှိ မြေပြင်မှာလည်း တရိပ်ရိပ်ပြေးနေသည်သို့ ရှိချေ၏။

လေယာဉ်နှင့်ပြေးလမ်းမှလွတ်ထွက်သွားပြီးနောက် လေယာဉ်ကြီးမှာ မော့တက်သွားတော့၏။

ရင်ထဲမှာ အေးကနဲ။

ဝေဟင်ထဲသို့ပစ်လိုက်သည့် မြားတစင်းသို့နှယ် အောက်ခြေ တိမ်လွှာကို ထိုးဖောက်ဝင်ရောက်ချိန်တွင် လေဆိပ်မှာ ဝေးကွာလွန်းသော နေရာ၌ ကျန်ရစ်ခဲ့လေပြီ။

အောက်တွင်ရှိနေသည့် အဆောက်အအုံများမှာ ပြားပြားဝပ်လျက်။

လေယာဉ်ဦးပိုင်း တံခါးပေါက်ဝအပေါ်မှ ခါးပတ်များ ပတ်ထားကြရန်နှင့် ဆေးလိပ်မသောက်ရန် သတိပေးသည့်မီးစာတမ်းကလေး မှိတ်သွားပြီ။

ခရီးသည်တချို့၏လက်ထဲတွင် စီးကရက်နှင့်မီးခြစ်များမှာ အဆင်သင့်။ လေယာဉ်ထဲတွင် လွှင့်ပျံ့နေသည့် မီးခိုးတန်းကလေးများမှာ ပေါ်လာလိုက် ပျောက်သွားလိုက်။



တင်မောင်မြင့်၏လက်ထဲမှာ ကြေးမုံသဘင်းစာနှင့် ဂါးဒီးယန်းသတင်းစာကို ကိုင်လျက်။

"ကော်ဖီသုံးဆောင်နိုင်ပါတယ်"

ချိုလွင်သာသည့် လေယာဉ်မယ်ကလေး၏အသံ။

ငွေလင်ဗန်းကလေးကို ကိုင်လျက်။

ဗန်းထဲမှကော်ဖီခွက်ကို ယူထားလိုက်၏။ လေယာဉ်မယ်လေး လမ်းလျှောက်ပုံမှာ ရွှေ့ရွှေ့ကလေး။

ကော်ဖီမှာ ကြဲသဟောင်ရှိသော်လည်း ခါးဆိမ့်ကလေးမို့ သောက်ကောင်းသည်။

ဘီ၊ အော၊ စီ လေယာဉ်ကြီးမှာ အရှေ့တောင် စူးစူးကို ဦးတည်ပျံသန်းနေသည်ဟု ထင်ရ၏။ မြေပြင်မှ တောတောင်များမှာ ပုံရိပ်အမျိုးမျိုးထင်နေသည်။ အကွက်ငယ်ကလေးများ ဖြူတ်ထနေသည်သို့နှယ်။

ပြာမှိုင်းမှိုင်း ရေပြင်ကြီးတခုကို တွေ့ပြီးနောက် လေယာဉ်အောက်သို့ နိမ့်ဆင်းလာသည်ဟု ထင်လိုက်ရ၏။

ရှစ်နာရီ ငါးနှစ်နှစ်ဆယ်။

ရန်ကုန်နှင့်ဘန်ကောက် ခရီးတာမှာ ရန်ကုန်မန္တလေးခရီးတာလောက် မရှိတရှိ။ လေယာဉ်ပျံသန်းချိန်မှာ တနာရီခွဲသာသာမျှသာ။

www.burmeseclassic.com

www.burmeseclassic.com



ပထမတွေ့ရသည်က ရွာများ၊ ထို့မှ မြို့ပြရိပ်ကင်လာသည်။ လေယာဉ်ကြီးလည်း ပို၍နိမ့်ဆင်းလာ၏။

ဘန်ကောက်လေဆိပ်။

လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ဘီးများ ထိစပ်သွားသည်ကို သိလိုက်၏။

လေယာဉ်ကြီး၏အရှိန်မှာ တဖြည်းဖြည်းနှေးကွေးလာပြီးနောက် လျှောလျှောပြေပြေကြီး ရပ်တန့်သွားသည်။ ပြေးလမ်းပေါ်မှာ မဟုတ်တော့။

လေယာဉ်တံခါးပေါက်နှင့် သို့ လှေကားကြီး သိုးကပ်လာသည်ကို မြင်လိုက်ရ၏။ လေယာဉ်မယ်ကလေးက လေယာဉ်ပျံပေါ်မှ ဆင်းနိုင်ပြီဖြစ်ကြောင်း ကြေငြာသည်။ ခရီးသည်များမှာ [illegible] အေးအေးဆေးဆေး တန်းစီ၍ ဆင်းလာကြသည်။

လေဆိပ်အတွင်းပိုင်းသို့ ရောက်ပြီ။ ဘန်ကောက်ရှိ ဘီ၊အေ၊စီ ကိုယ်စားလှယ်က အသင့်စောင့်ကြိုပြီး ဂျာနယ်လစ်နှင့်ခရီးဆက်မည့်သူတို့ငါးယောက်ကို ဂျေ၊အေ၊အယ်လ်လေယာဉ်ကောင်တာသို့ ခေါ်ဆောင်သွားသည်။

ကောင်တာသို့ရောက်သည့်အခါ စာရွက်စာတမ်းများပြရ၏။ ဂျေ၊အေ၊အယ်လ် လေယာဉ်လက်မှတ်နှင့်အတူ လက်ဆွဲအိတ်တလုံးပါပေးလာသည်။ ဂျေ၊အေ၊အယ်လ် အမှတ်တံဆိပ်နှင့် လက်ဆွဲအိတ်။



ပေါ့ပေါ့ပါးပါး၊ ... ချစ်စရာကလေး။

ပေါ်ပေါ်ကို ချက်ချင်း သတိရလိုက်မိသည်။ မော်မော်မြင်ထင် ကြို လိုမိမည်မှာ မလွဲ။ မေးချင်သော်လည်း မမေးသာ။

လေဆိပ် ခန်းမထဲမှာ နာရီလောက် စောင့်နေရသည်။

ဘန်ကောက် လေဆိပ်ခန်းမထဲတွင် အအေးခတ်ပေးထားမှာ အရှေ့တိုင်းသားများအတွက် လွန်လွန်ကဲကဲ ရှိလေသလား မသိ။ ချမ်းစိမ့်စိမ့်လေး ရှိလာသည်။

အင်္ဂလိပ်လို ကြေငြာသံ ပေါ်လာသည်။ ဂျေ၊ အေ၊ အယ်လ်နှင့် လိုက်ပါမည့် ခရီးသည်များအတွက် ကြေငြာချက်။

ခရီးသာယောက် ဆက်ရတော့မည်။ လမ်းမှာအပြောင်းအလဲ မရှိ။ တိုက်ရိုက် ဂျပန်သို့။

ကခါမှ မ ... ရိုးရိုးခြားခြား အခက်အခဲမရှိ။

လေယာဉ်ကွင်း အတွင်းသို့ မည်သို့သွားရမည်ကို လမ်းညွှန်ဆိုင်းဘုတ် ကလေးများ ပြထားသည့်ကြောင့် တကြောင်း၊ ဂျေ၊ အေ၊ အယ်လ် လေယာဉ်နှင့်ခရီး အတူသွားကြမည့်သူများ သွားရာနောက်သို့ မျှော်လိုက်ခဲ့သောကြောင့် တကြောင်း မေးသည့်စမ်း မလုပ်ရ။

www.burmeseclassic.com

www.burmeseclassic.com



အပေါ်တက်ပါ၊ လက်ဝဲကွေ့ပါ၊ ပြီးလျှင် လက်ဝဲတထ
ချိုး ပြန်ကွေ့ပါ။ တည့်တည့်သွားပါ၊ လက်ျာဘက် ချိုး ပါ
အပေါ်ထပ်တက်ပါ လှေကားအတိုင်း ဆင်းပါ စသည်
စသည်ဖြင့် လမ်းညွှန်စာဘမ်းများ ရေးပြထားသည့် လမ်းညွှန်
လမ်းကြောင်းအတိုင်း လိုက်သွားရသော။

အပေါ်တက် အောက်ဆင်း၊ ဟိုကွေ့သည်ချိုး သွား
သည်မှာ ရိုးရိုး အဆောက်အအုံအတွင်း သွားနေရသည်လို့
မထင်ရ။

ဥမင်လိုဏ်ခေါင်းကြီး တခုအတွင်း သွားနေရဘိသို့ရှိချေ၏

ဥမင် လိုဏ်ခေါင်းဆုံးလျှင် လေယာဉ်ကွင်း ကြမ်းပြင်
သို့ ရောက်လိမ့်မည်ဟု ထင်မှတ်စရာ ရှိသော်လည်း လမ်း
ကြောင်းဆုံးသည့်အခါ တံခါးပေါက်ကြီးတခု ကာဆီးပိတ်ဆို့
ထားသည်ကို တွေ့လိုက်ရ၏။

ဂျားလ်လေကြောင်း ကုမ္ပဏီ အမှတ်တံဆိပ်များ တပ်ဆင်
ထားသည့် ချစ်စရာအပြုံးနှင့် လေယာဉ်မယ်ကလေး နှစ်
ယောက်က ပြုံးပန်းတဝေဝေသီလျက် စောင့်ကြိုနေသည်။

သူတို့၏ ရွှင်ရွှင်ပြုံးပြုံး အပြုံးမှာ ခရီးသည်များ ရင်ထဲ
အေးမြစေရာသို့။

လေဆိပ် အပေါ်ထပ်သို့တက်၍ ဟိုကွေ့သည်ချိုး လျှောက်
လာခဲ့ရသည့် လမ်းကြောင်းကြီးမှာ လေယာဉ်ပေါ် တက်



သည့်လမ်းကြောင်းကြီးနှင့် တဆက်တည်း ရှိနေ၏။ လေဆိပ်
အဆောက်အအုံနှင့် လေယာဉ်၏ ဝင်ပေါက်မှာ သတော်
ကျန်းဘောင် ထိုးထားသည်သို့နှယ်ပါ။

အားပါး....နည်းနည်းနောနော လေယာဉ်ကြီးပါလား။
ကြီးမှကြီး ရောမကြီး။ ရန်ကုန် မင်္ဂလာဒုံလေဆိပ်တွင် တိုင်စီ
စဉ်က အဝေးမှ လှမ်းမြင်ဖူးသည်။ ခု....စီးရတော့မည်။

ဘဝ၏ အဆစ်အချိုး အပြောင်းအလဲ ဟူသည် တဦးနှင့်
တဦး ပြောင်းလဲပုံခြင်း မတူ။

တချို့က ဘဝလမ်းခရီးကိုတသမတ်တည်း၊ တကြောတည်း
အနိမ့်အမြင့် လျှောက်ရ၏။

အတက်အဆင်းမှာ ပုံမှန်အတိုင်း။

တချို့ကျတော့ အပြောင်းအလဲ မြန်ဆန်သလို အပြောင်း
အလဲများ၏ အနိမ့်အမြင့်၊ အတက်အဆင်းမှာ ပြောစမှတ်ပြု
လောက်ရာသို့ ရှိပါချေ၏။

သည့်ကနေ့ လမ်းပေါ်မှာ နက်ဖြန်ကားပေါ်မှာ ဆိုသူမျိုး
တွေ့ပင်ရှိကြသည်။

ယနေ့ ရန်ကုန်၏ မြို့လည်ခေါင်ကျသော နေရာ တား
ဆီးရပဲ မြို့ထဲသို့ လမ်းလျှောက်သွားနိုင်သော နေရာမျိုး၌ မြေ
အကွက်ပိုင်သော်လည်း ပျဉ်ထောင်အိမ်သော်မှမဆောက်နိုင်လို့

www.burmeseclassic.com

www.burmeseclassic.com



တဲငယ်ငယ်နှင့် နေရသူများမှာ အိတ်ထဲမှ တပြားတ
မစိုက်ရပဲ ငွေတသိန်းကျော်နှင့် တိုက်တလုံးကို ခြောက်
အတွင်း ပိုင်ဆိုင်သူ ဖြစ်သို့ နေ့ချင်းညချင်းဆိုသလိုပြောင်း
နေကြ၏။

ဘဝတသက်တာလုံး သိန်းကျော် ငွေသားနှင့် တိုက်
တလုံး ရလိမ့်မည်လို့ စိတ်ကူးထဲ မထည့်ရဲ၊ လေထဲသော
တိုက်အိမ်မဆောက်ရဲသူများ။ ငွေပိုင်တိုက်ပိုင် ဖြစ်လာကြသည်

ကန်ထရိုက် လုပ်သူက မြေကွက် ပိုင်ရှင်ကို ငွေကို သိ
ကျော်ပေး၍ ထိုနေရာ၌ အခန်းလေးခန်းပါသော နှစ်
တိုက်ဆောက်လိုက်၏၊ အပေါ်ထပ် တခန်းကို မူလ မြေ
ပိုင်ရှင်အား ပေးသည် ကျန်သုံးခန်းကို အပျောက် ငွေနှင့်
ရမ်းသည်။ ငှားရမ်းခရသည့် အပျောက် ငွေကို ကန်ထရိုက်
ယူသည်။

အခန်းတခန်းကိုယူသည့် အပျောက်ငွေမှာ တခန်း နှစ်
ကျော်။

မူလ မြေကွက်ပိုင်ရှင်အား ပေးသည့်ငွေက တသိန်းကျော်
တိုက် ဆောက်၍ ကုန်ကျသည့်ငွေက သုံးသိန်းနီးပါး။
ထရိုက်၏ ကုန်ကျငွေ စုစုပေါင်းကုန်ကျငွေမှာ လေးသိန်း
မကျော်။ သူပြန်ရသည့်ငွေက အနည်းဆုံး ခြောက်သိန်းကျော်

ခိုင်ခန့်သည်၊ မခိုင်ခန့်သည့်ကိုမူလက်တွေ့ကျမှ သိမည်။ အ
အားဖြင့်တော့ လှမှလှ၊ ခန့်မှခန့်။



အခန်းသုံးခန်းမှရသည့် လစဉ်ငှားရမ်းခငွေကို မူလ မြေ
ကွက်ပိုင်ရှင်ကယူ။

ကံထရိုက်လုပ်သူက ခြောက်လအတွင်း ငွေနှစ်သိန်းကျော်
မြတ်သည်။

မြေကွက်ပိုင်သူက တဲပိုင်ဘဝက တိုက်ပိုင်ဖြစ်လာသည်။
သိန်းကျော်ငွေကြောင့် ရွှေနှင့်စိန်နှင့် ဖြစ်လာသည်။

ကဲ....အပြောင်းအလဲ မမြန်လား၊ အနိမ့်အမြင့်၊ အတက်
အဆင်း အံ့သြစရာမဟုတ်လား။

ခုလည်း တင်မောင်မြင့်ဘဝ အပြောင်းအလဲကိုကြည့်။

အလုပ်အကိုင် မရေရာသေး။ ယာယီတဲနေသည့် တိုင်စီဒရိုင်
ဘာကနေ ဂျေ၊ အေ၊ အယ်လ် လေယာဉ်ပျံကြီး၏ ခရီးသည်
အဖြစ်သို့။

ဘိုးရင်း-၇၄၇ ဂျက်လေယာဉ်ကြီး ဦးမော့နေပုံမှာ ကော့
ကော့ပျံပျံ ကြွားကြွားဝင့်ဝင့် လေယာဉ်ဝင်ပေါက်ကနေ မြေ
ပြင်ကို ငုံ့ကြည့်လိုက်သောအခါ နှစ်ထပ်တိုက် ဝရန်တာအမြင့်
ကနေ မြေပြင်ကို ငုံ့ကြည့်လိုက်ရသည်သို့ရှိပါချေ၏။

လေယာဉ်ကြီးမှာ နှစ်ထပ်။

အပြင်အမြင်မှာမူ နှစ်ထပ်အသွင်မပေါ်လွင်။

ရန်ကုန်-သံလျှင်ပြေးဆွဲနေသော 'သီတာ' သင်္ဘောမှ ရေ
ကားနှင့် အပေါ်ထပ်သို့ တက်ရသည့်သို့နှယ်။

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်သို့တက်ရန် လှေပသော ကြောင်လိမ်လှေကား လေးရှိသည်။

အပေါ်ထပ်မှာ အထက်တန်းစီး သီးသန့်ခရီးသည်များ အတွက်ဖြစ်၍ အညီထပ်မှာ သာမန်ခရီးသည် အားလုံး အတွက် ဖြစ်၏။

လေယာဉ်ဝမ်းဗိုက်အောက်မှာ ချက် ပြုတ် ခန်း နှင့် မီး ဆောင် အိမ်သာနှင့် ရေချိုးခန်းက လေယာဉ်အမြီးပိုင်းမှာ

တင်မောင်မြင့်က ရှီးမီးတန်း ရှေ့ပိုင်းခုံမှာ နေရာ သည်။

လေယာဉ်တံခါးကြီး ပိတ်သွားပြီး ထုံးစံအတိုင်း မီးနီစာ တမ်းကလေး ပေါ်လာပြီးနောက် လေယာဉ်ပျံကြီး စက်နှိုး ကို မကြားလိုက်ရ။ ဘေးမြင်ကွင်းများမှာ တရိပ်ရိပ် လေယာ ပျံကြီး တက်သွားပုံမှာ တရှိန်တိုး တက်သည်နှင့် ဦးပိုင်းကြ ထောင်သွားသည်။

စာတမ်းနီကလေး ပျောက်သွားပြီး နောက်ထပ် စာတမ်း နီကလေး ထပ်ပေါ်လာ၏။

"ကျေးဇူးတင်ပါသည်"စာတမ်း။

ဂျပန်စာနှင့် အင်္ဂလိပ်စာ နှစ်မျိုးတွဲလျက်။

တင်မောင်မြင့်က ခါးပတ်ကိုဖြုတ်လိုက်သည်။

သူနှင့်အတူတွဲလျက် ထိုင်နေသူမှာ အနောက်တိုင်းသား တော့မဟုတ်။

www.burmeseclassic.com



အသားညို အရှေ့တိုင်းသား။ ဖိလစ်ပိုင်လား၊ ယိုးဒယား လား၊ ဗီယက်နမ်လား၊ အင်ဒိုနီးရှားလား ဆိုသည် ကို မှန်း၍ တတ်။

ရှေ့ခုံရှိ နောက်ကြောအိတ်ထဲတွင် စာအိတ်အဝါကြီးတလုံး စပြူထွက်နေသည်။

အတူတွဲထိုင်နေသူက ဆွဲထုတ်လိုက်သောကြောင့် စာအိတ် အဝါကြီးတလုံးမှန်း သိလိုက်၏။

သူထုတ်မှတော့ ကိုယ်လည်းမနေ ခပ်တည်တည်ပင် ဆွဲထုတ် လိုက်သည်။

စာအိတ်ထဲမှာ ဂျားလ်လေယာဉ် ခရီးစဉ်မြေပုံနှင့် လမ်း ညွှန်စာအုပ်။

ဂျပန်ပြည်မြေပုံ မူးလျှင်အန်ရန် ပလပ်စတစ်အိတ်ခွံ နှစ်လုံး နောက်ဘာခုက နားကြပ်။

နားကြပ် ကိုရိယာက ဘာလုပ်ဖို့ပါလိမ့်။

နားကြပ်ထည့်သည့် အိတ်နောက်ကျောဘက် လှန်ကြည့် လိုက်တော့မှ အင်္ဂလိပ်လို ရေးထားသည့် လမ်းညွှန် စာ တမ်းကို တွေ့လိုက်ဖတ်လိုက်ရ၏။

လေယာဉ်ကြီးပေါ်မှာ ရုပ်ရှင်ပြသသည့်အခါ အရုပ်သာ မြင်ရပြီး အသံမကြားရ။ အသံကိုကြားလိုပါက နားကြပ်ကို နားတွင်တပ်၍ ပလပ်ပင်ကို ထိုင်ခုံလက်တန်းပေါ်ရှိ ပလပ် ပေါက်တွင် ထိုးလိုက်ရုံပါ။

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ် ပျံသန်းနေသည့် အမြင့်ပေ ဦးတည်ရာ ကြောင်း ဟောင်ကောင်ကို ရောက်မည့်အချိန်။

လေယာဉ်မယ်က လေယာဉ်အသံချဲ့စက်မှ စကားမ လေယာဉ်ဦးပိုင်းမှနေ၍ ထိုင်ခုံများဘက်သို့မျက်နှာမူ၍ ကိုင်အသံချဲ့စက်ကလေးဖြင့် ပြောနေသည်။

သူမပြောနေသည်မှာ ဂျပန်လို။

စကားပြောသည့်အသံမှာ ချိုလွင်သာယာ၏။

လှုပ်ရှားနေသည့် ကိုယ်ဟန်အမူအရာမှာ ပြေသွယ်၍ ကောင်းလှ၏။

ရုပ်ရည်ချောမောလှပသည်ကိုမူ အထူးဖော်ပြရန် မထင်။

ဂျပန်လိုပြောသည့် လေယာဉ်မယ်ကလေး၏ အသံဆုံး သောအခါ နောက် လေယာဉ်မယ်ကလေး တယော အင်္ဂလိပ်လို ဘာသာပြန်ပြောသည်။

သူမ၏ အသံကလည်း သာယာချိုလွင်ပါဘိ။

လေယာဉ်ကြီး၏ ဝမ်းဗိုက်ထဲတွင် ဂျပန်လေယာ ကလေးများ ဥဒဟိုလျှောက်သွားနေကြရာ လှုပ်ရှား သွဲ့ပျောင်းနွဲ့နှောင်း၏။

အဆီမပိုးသေးသော အဆီမတူသေးသော ကိုယ်လုံး ကလေးများဖြစ်သည့်အတိုင်း သူတို့၏ ကိုယ်လုံးကိုယ် မှာ သွယ်သွယ်လှလှကလေးတွေ။

မျက်နှာထားကဲ ချိုမြမြ အပြုံးက ဖော်ဖော်ရွေရွေ



ရိုးသည်များထံ ယို့ယို့ကျိုးကျိုး ချဉ်းကပ်၍ ကပ်ပြား ါကလေးများကို လိုက်လံဝေငှပေးနေသည်။

သေယာဉ်မယ်ကလေးများမှာ တယောက်နှင့်တယောက် ဆင်တူကြသမို့ စောစောကလာပေးတာတယောက်လား၊ ာပေးတာ တယောက်လားဟူ၍ ခွဲခြားဖို့ပင် ခပ်ခက်ခက်။

လာပေးသည့် ကပ်ပြားါကလေးမှာ အင်္ဂလိပ်၊ ဂျပန်နှစ် သာဖြင့် ရေးထားသည့် အစားအသောက် အမျိုးအမည် ကို ဖော်ပြထားသော 'မီနူး' ခေါ် အစားအသောက် ရင်း ကပ်ပြားကလေးပါ။

လေယာဉ်က နံနက်စာကျွေးတော့မည်။ ကိုယ်ကြိုက်ရာ နိုင်သည်။

မီနူး ခေါ် အစားအသောက် စာရင်းကပ်ပြားကလေးနှင့် ူ ဘောလ်ပင်လေးတချောင်းပါ တွဲလျက်ပါလာသည်။

သူနှင့်ထိုင်ခုံတွဲလျက် လိုက်ပါလာသူမှာ ဖိလ်ပိုင်လူမျိုး ်သည်တယောက်။

တယောက်အကြောင်း တယောက်မေးယင်း၊ သူဘာလဲ ်ဘာလဲ ဆိုသည်ကို သိပြီးသား။

သူက တိုင်းပြည်အတော်များများကို ရောက်ဖူးသလို၊ ်မာပြည်ကိုလည်း ရောက်ဖူးသည်။

ဖိလ်ပိုင် အမျိုးသားကြီးမှာ လေယာဉ်ပျံကို ဘတ်စ်ကား ယ်သို့ စီးနေသူဖြစ်သောကြောင့် အကြောနားလည်ပြီး ား။

www.burmeseclassic.com

www.burmeseclassic.com



သူဘာတွေမှာနေသည်ကို အသာလေး အကဲကြည့်လို့မရသည်။

မှာတာတွေက မနည်းပါ။

ထိပ်ဆုံးက ခြစ်ထားသည်မှာ ပိုက်လေဘယ်လ်ဝီစကီး

အောက်က အစားအသောက်စာရင်းတွင် ခုနှစ်မျိုးရှစ်မျိုးလောက် မှာထားသည်။

တင်မောင်မြင့်က များများမမှာ လေးမျိုးပဲ မှာလိုက်သည်။

အမဲသား ဘိစတိတ်တခု။

ပေါင်မုန့်မီးကင် နှစ်ချပ်။

ကြက်ဥကြော် နှစ်လုံး။

သစ်သီးရသံတခွက်။

တင်မောင်မြင့် ဘာမှာသည်ကို လှမ်းကြည့်လိုက်သည်။

ဖိလ်ပိုင်အမျိုးသားကြီး၏ မျက်နှာပေါ်မှာ အပြုံးယှက်သန်းသွားသည်။

"ခင်ဗျား ဒီလောက် နည်းနည်းကလေးမှာယင် ခင်ဗျားရှုံးမှာပေါ့။ ကျုပ်တို့ လေယာဉ်လက်မှတ်ထဲမှာ အစားအသောက်အတွက်ပါ ထည့်ယူထားတာ။ ကိုယ်က များများသောက်၊ များများမစားနိုင်ယင် နာတယ်"

"ကျွန်တော်က အရက်မသောက်တတ်လို့ အရက်ထည့်မမှာလိုက်တာပါ"



"အိုဆောရီး....မင်းအရက်မသောက်တတ်ဘူးကိုး။ မင်းနိုင်ငံခြားမှာ ခဏပဲနေနေ၊ အမြဲပဲနေနေ အရက်သောက်တတ်ဖို့တော့ လိုလိမ့်မယ်၊ အရက်မသောက်တတ်ယင် မင်းဘာမှလုပ်လို့ဖြစ်မှာမဟုတ်ဘူး၊ ဂျပန်မှာလည်း အရက်နဲ့ မိတ်ဆက်ကြတယ်၊ အရက်နဲ့အလုပ်အကြောင်း ပြောကြတယ်၊ အနည်းဆုံးဘီယာလောက်တော့ မသောက်လို့ မဖြစ်ဘူး"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ကျွန်တော်လည်း အခြေအနေအရပါပဲ"

ဖိလ်ပိုင် အမျိုးသားကြီး၏ အပြုံးမှာ ထေ့တေ့တေ့အပြုံး။

အစားမလာမီ အသောက်ယမကာခွက်များကို လက်တွန်းလှည်းကလေးနှင့် တင်ယူလာပြီး အမှာအတိုင်း လက်ဆင့်ကမ်းပေးသွားသည်။

လက်တွန်းလှည်း တွန်းယူလာသည့်လေယာဉ်မယ်ကလေး၏ အရက်ဖန်ခွက်များ ကမ်းပေးသွားပုံမှာ ကြည့်ကောင်းလှ၏။

အမှားအယွင်း လုံးဝမရှိ။

ပထမတွန်းလှည်းကလေး၏ လုပ်ငန်းပြီးဆုံးသွားသည့်အခါ ဒုတိယတွန်းလှည်းကလေး ရောက်လာပြန်သည်။

တွန်းလှည်းပေါ်ပါ ပစ္စည်းများကိုလေယာဉ်မယ်ကလေးက ကမ်းမပေး ကိုယ်ကြိုက်တာ ကိုယ်ထယူရမည်။

စီးကရက်နှင့် မီးခြစ်များ။

နိုင်ငံခြားဖြစ် စီးကရက်မျိုးစုံပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်မတ်စတော့ကူးဝါး စီးကရက်အပါအဝင်၊ ဖိုက်ဖိုက်ဖိုက်၊ ဝေါ်လ်တာ၊ ကင့်၊ ဆာလင်။ ဒန်းဟီးလ်၊ မြင်သစ်စီးကရက်၊ ဖော့စ်၊ စသည့်စီးကရက်မျိုးပေါင်းစုံ။

စက္ကူယမ်းကတ်နှင့်တွဲထားသည့် ကတ်ပြားမီးခြစ်ကလေးများမှာ ဂျာလ်လေယာဉ်တံဆိပ်နှင့် ချစ်စရာကလေးတွေ။

စီးကရက်နှင့် မီးခြစ်ကို အကန့်အသတ်မထား။ ကြိုက်သလောက်ယူ လေယာဉ်မယ်ကလေးက အပြောအဆိုမရှိ။

သို့တစေ....

နှစ်မျိုးသုံးမျိုးမယူကြ တမျိုးတဗူးသာ ယူကြသည်။

တာ်မောင်မြင့်က အမှတ်တရအဖြစ် စီးကရက်တဗူးနှင့် မီးခြစ်ကတ်ပြားကလေး ယူထားလိုက်သည်။

ပြီးတော့မှ အစားအသောက်။

လက်တွန်းလှည်းမပါတော့ လှပသော လင်ဗန်းကလေးများတွင် ထည့်လျက် မှာကြားထားသည့်အတိုင်း ကမ်းပေးသွား၏။

မှာလိုက်သည့်အတိုင်း ပေါင်မုန့်မီးကင်နှစ်ချပ်၊ အသားကြော်တတုံး၊ ကြက်ဥကြော်နှစ်လုံး၊ ဆာလပ်ရွက်နှင့် ခရမ်းချဉ်သီးတပန်းကန်၊ သစ်သီးရည်ပုလင်းငယ်တလုံး၊ မမှာပဲအပါလာသည်က စွပ်ပြုတ်ရည် တပန်းကန်နှင့် အာလူးပြုတ်သုံးလုံး။

ငွေဇွန်း၊ ငွေခက်ရင်းတစုံအပြင် သွားကြားထိုးတချောင်းနှင့်ပေါင်ပေါ်တွင် ခင်းရန် အဝတ်တထည်။



အရသာရှိသည်၊ စားလို့ကောင်းသည်။ ဒါပေမယ့် မဝ။ ရွှတ်ရှတ်မို့ မြန်မာလျှာနှင့် သိပ်မတည့်။

ဗိုလ်စာမှာ အလှ၊ မြန်မာခံတွင်းက အဝမှကြိုက်သည်။ လေယာဉ်ကြီးမှာ ငြိမ်သက်လွန်းသဖြင့် ပန်းကန်များ ည်များ လှုပ်ရှားခြင်း လုံးဝမရှိ။

ရန်ကုန်မှာ ဗိုလ်စာ စားဖူးသည်။ လေယာဉ်ပေါ်မှာ းရသည့် ဗိုလ်စာနှင့်မတူ. အရသာရှိပုံချင်း ကွာခြား ည်။

ရန်ကုန်မှာ စားဖူးသည့်ဗိုလ်စာက အဖြစ်ဗိုလ်စာ။

ပါသမျှ ကုန်စင်အောင် စားလိုက်ပေမယ့်၊ အဆာမပြေ သာမပြေဆိုးက ရေမသောက်ရခြင်းပါ။

ဝေငှခြင်းလုပ်ငန်း မပြီးသေး။

စားသောက်ပြီးသည်နှင့် မဂ္ဂဇင်းစာအုပ်များ တကြိမ် ပ်မံ ဝေငှလဲလှယ် ပေးပြန်သည်။

လေယာဉ်ပေါ် ထိုင်ထိုင်ချင်း တကြိမ်။

အခုတကြိမ်။

ပေးလာသည့် မဂ္ဂဇင်းစာအုပ်များမှာ စုံလင်သလို အားလုံး နောက်ဆုံးထုတ်တွေချည်း။

ထိုင်းစ်၊ နယူးစ်ဝိ(ခ်) လိုက်ဖ် ဂါလာ၊ ရီးဒါးဒိုင်ဂျက်စ်၊ လေးဘွိုင်၊ ရုပ်ရှင်စာစောင်များ၊ ဂျပန်မဂ္ဂဇင်းစာအုပ်များ၊ ဂျပန်ကာတွန်း စာအုပ်များ၊ သတင်းစာများ၊ စုံမှစုံ။

တင်မောင်မြင့်က လိုက်ဖ်နှင့် ပလေးဘွိုင် မဂ္ဂဇင်း နှစ်စောင် ယူထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖ် မဂ္ဂဇင်းထက် ပလေးဘွိုင်ကို ကြိုက်သည်။ ပလေးဘွိုင်က အိပ်ချင်ပြေသည်။

နံနက်စာ စားသောက်ပြီးနောက် ခရီးသည် တော်တော်များများမှာ နောက်လှန် ခလုတ်များနှိပ်၍ မှိန်းနေကြသည်။

မြန်မာလိုတော့ ထမင်းလုံးစီသည်ပေါ့။

တင်မောင်မြင့်က ဗိုက်မပြည့်လို့ ထမင်းလုံး မစီနိုင်၊ ပလေးဘွိုင်နှင့် ရုပ်ပြများက ဖမ်းစားထားသည်။

အိပ်မငိုက်သည့်ပြင် မျက်လုံးမှာ ပို၍ပို၍ ကျယ်ပြူးလာသည်။

ရန်ကုန်မှာဆို ပလေးဘွိုင်း အဟောင်းတွေပဲ ကြည့်ရသည်။

ငွေးရမ်းခ ဈေးကြီးသောကြောင့် တခါတရံသာ ငှားကြည့်နိုင်သည်။

ခု.... လေယာဉ်ပျံပေါ်မှာ ကြည့်နေရသည်က နောက်ဆုံးထုတ် အသစ်၊ ပို၍ စိတ်ဝင်စားရသည်ပါ။

စာအုပ် ဆုံးသွားတော့ မျက်စိညောင်းလာသည်။ ခလုတ်နှိပ်၍ နောက်မှီပေါ် မှီချလိုက်ရာ သိမေ့ သိမေ့ ရှိနေဆဲ၊ အိပ်ပျော်သလိုလို၊ အိပ်မပျော်သလိုလို၊ နိုးတဝက်အိပ်တဝက် ရှိနေဆဲ၊ စကားပြောသံတသံ နား ထဲသို့ ဖောက်ထွင်းဝင်လာသည်။



လေယာဉ်မယ်ကလေး၏ အသံသာသာ။

''ယခု ခရီးသည်များ စီးနင်းလိုက်ပါလာတဲ့ ကျွန်မတို့ လေယာဉ်ကြီးဟာ၊ တစုံတခုသော အနှောင့်အယှက် အခက်အခဲ ရှိပဲ ဟောင်ကောင် ကျွန်းကို ဆင်း သက်နေ ပါပြီရှင်၊ ဟောင်ကောင် လေဆိပ်မှာ တနာရီခန့် ခေတ္တနားပါမယ်၊ လေယာဉ်နဲ့ ခရီးဆက်မယ့် ခရီးသည်များအတွက် ခေတ္တအနားယူဖို့ အစီအစဉ်များ ပြည့်ပြည့်စုံစုံ ပြင်ဆင်ထားပါတယ်၊ ခရီးသည်များ စိတ်အနှောင့်အယှက် မဖြစ်အောင် ပြုစုပါလိမ့်မယ်ရှင်၊ ကျေးဇူးတင်ပါတယ်ရှင်''

သည်တော့မှ ကမန်းကတန်း အောက်ကို ငုံ့ကြည့်လိုက်ရသည်။

တောင်တန်း အဆောက် အအုံ များ နှင့် ပင် လယ်ပြာ ကို ဆက်စပ်ပြီ ဘွယ်နေသည့် မြင်ကွင်းကို တွေ့လိုက်ရ၏။

မိုးပေါ်သို့ ထိုးထွက်နေသော အဆောက်အအုံကြီးများကို ကြည့်ရသည်မှာ ပသာဒတွင် အလှတမျိုးထင်လျက်။

ရေထဲ က လှေသင်္ဘောများမှာ အစီအရီ။

''ဆေးလိပ်မသောက်ပါနှင့် ခါးပတ်ပတ်ထားပါ''

ဟောင်ကောင် လေဆိပ်သို့ အဆင်းမြင်ကွင်းမှာ တမျိုးတဖုံ ထူးခြားနေသည်။

လေယာဉ်ကြီး တဖြည်းဖြည်း နိမ့်ဆင်းလာရာတွင် လူနေတိုက်တာများ၏ အကြားသို့ ထိုးဝင်နေသလို မြင်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် ပင်လယ်ရေပြင်ကို ရုပ်တိုက်ပြီး မြေပြင်နှင့် လေယာဉ်ဘီးများ ထိသွားသည်ကို သိလိုက်ရတော့၏။

ဟောင်ကောင်လေဆိပ်။

သည်မြေပြင်ပေါ်တွင် ရပ်ထားသည့် လေယာဉ်တွေကလည်း များသည်။ အကြီးအသေးမျိုးစုံ၊ ကိုယ်ထည်အရောင်တွေက မျိုးစုံ။

ရထားဆိုက်ခါနီး ရန်ကုန် ဘူတာကြီးရှေ့တွင် အရောင်အသွေးစုံ ကားများ ထိုးဆိုက်ရပ်ထားသည်သို့နှယ်ဟု ပမာတင်ရလေမလား။

ခရီးသည် အားလုံးပင် လေယာဉ်ပေါ်မှ ဆင်းကြရသည်။ လေယာဉ်မယ်ကလေး တယောက်က ဦးဆောင်လျက် လေဆိပ်တွင်းသို့ ဝင်ခဲ့ကြသည်။ ရှေ့ခရီး မဆက်မည့် ခရီးသည်များက လေယာဉ်မယ်ကလေးကို လက်ဆွဲနှုတ်ဆက်ပြီး အစစ်ဆေးခံရမည့် နေရာအသီးသီးသို့ ထွက်သွားကြသည်။ ခရီးဆက်ရမည့် သူတို့တသိုက်မှာ ခေတ္တနားရမည့် ဟိုတယ်သို့။

သီးသန့် ခုံနေရာများကို ကတ္တီပါအနီဝိုင်းလေး ထားပြီး 'ဂျေ၊ အေ၊ အယ်လ်' အတွက်ဟု စာတမ်းကလေး ချပေးထားသည်။

မကြာမီ ကော်ဖီနှင့် စားစရာများ ရောက်လာသည်။ တချို့က အအေးမှာသည်။ စားပွဲထိုးများက ရှင်ပြုံးချိုသာသော မျက်နှာပေးများဖြင့် ခရီးသည်များ၏ လိုအပ်ချက်ကို ဖြည့်စွမ်းပေးနေကြသည်။



အစားအသောက်အတွက် လေယာဉ်ကုမ္ပဏီက တာဝန်ယူသော်လည်း 'တစ်ပ်' ပေးခြင်းကိုမူ ကိုယ့်အိတ်ထဲက စိုက်ထုတ်လိုက်ရ၏။ သူတို့ဆီက ထုံးစံအတိုင်း။

မစားဖူးသော အစားတမျိုး၏ အရသာကို မြိန်စမ်းကြည့်လိုက်ရ၏။

ဘေးသား လှီးပြီးသား ပေါင်မုန့်ချပ်ကလေးများမှာ ပါးပါးလွှာလွှာ။ ပေါင်မုန့်ထုပ်အားသည့် စက္ကူမှာလည်း ပါးပါးလွှာလွှာ။

ပန်းကန်တချပ်ထဲမှာ အရောင် ဝါကျင့်ကျင့်၊ သာကူစေ့တွေ ကျိုထားသလို ပျစ်ချွဲချွဲအရည်ကတမျိုးပါသည်။ ပန်းကန်အသေးတချပ်ထဲမှာ ချောကလက်နှစ်တုံး။

ပန်းကန်ထဲက ပျစ်ချွဲချွဲ အရည်မှာ ယိုတမျိုးမျိုး ဖြစ်လိမ့်မည်ဟုထင်သည် မဟုတ်ပါ။ အနံ့က ညှီစို့စို့၊ စားကြည့်တော့ ဆိမ့်တိမ့်တိမ့်အရသာ။ သေသေချာချာကြည့်တော့မှ ယိုမဟုတ်ပဲ ငါးဥခေါင်းတွေ။

တင်မောင်မြင့်မှာ သူ့လျှာနှင့် ဘယ်လိုမှ အရသာမတွေ့။

ခရီးသွားဖော် ဖိလစ်ပိုင်ကြီးက ပြောပြသည်။

ကာသီးဟားဝါး ငါးဥမှာ ဈေးအလွန် ကြီးပါသည်တဲ့။

တင်မောင်မြင့် အဖို့မှာမူ အုန်းသီးဖတ် နိုင်နိုင်နှင့် ကျိုထားသည့် သကြားသားကူလောက် အရသာမထင်။

လေဆိပ်အတွင်းမှာ ဈေးဆိုင်တွေက တပုံတပင်။ ခင်းကျင်းပြသထားသည့် ပစ္စည်းတွေက အစုံအလင်။ လိုချင်စရာတွေချည်း။

www.burmeseclassic.com

www.burmeseclassic.com



မော်မော်တို့များ ပါလာယင် ဘယ်လောက် ဝယ်လိုက်မလဲလို့။

ဟောင်ကောင်သည် အကောက်မဲ့ ဆိပ်ကမ်းမြို့ ဖြစ်သောကြောင့် ပစ္စည်းဈေး ပေါသော်လည်း အသွားခရီး ဖြစ်နေသမို့ မဝယ်နိုင်။

ပို့မကတ်လှလှလေး သုံးခုဝယ်ပြီး မာမီသို့၊ကြီးကြီးစိုးသို့၊ ညီမလေးသို့ လိပ်မူ၍ လက်ဆောင် ပို့လိုက်ရသည်။ ပို့ခက မသက်သာ။

လေဆိပ်တွင် အတွင်းသို့ တခါတ် လျှောက်ကြည့်ပြီးနောက် ခန်းမထဲတွင်ပင် နားနားနေ ထိုင်နေလိုက်သည်။

လေယာဉ်တွေက တစင်းပြီးတစင်း တွက်နေသမို့ အသံချဲ့စက်မှ အသံများလည်း ဆက်တိုက်ဆိုသလိုပင် ထွက်နေသည်။

ဂျာမဏီ အဲယားလိုင်းမှ လုပ်သန်ဒါ၊ဗြိတိသျှမှ ဘီ၊အိုအေစီ၊ အမေရိကန်မှ ပင်အမေရိကန်၊ ယိုးဒယားမှ ထိုင်းအဲယားဝေး၊ မလေးရှား အဲယားလိုင်း၊ ဘင်္ဂလားဒေ့ရှ်မှ ဘီမင်း၊ ပါကစ္စတန်မှ ပီ၊အိုင်၊အေ၊ ဒပ်ချ် ကေ၊အယ်လ်၊အမ် စသည်များမှာ သူ့ထွက်ပေါက်နှင့် သူတံဆိပ်တွေ ချိတ်ဆွဲထားသည်။

လက်မှတ် ရောင်းသည်ကအစ အားလုံး ကွန်ပြူတာစက်တွေနှင့်။

သူတို့အလှည့်။

ခေါ်သံကြားရပြီ။ ဂျားလ်နှင့် လိုက်မည့် ခရီးသည်များအားလုံး လှုပ်လှုပ်ရွရွ၊တန်းစီသျက်ထွက်ပေါက်ဆီသို့ဦးတည်နေကြသည်။



သူတို့ စီးနင်း လိုက်ပါလာသည့် လေယာဉ်ပျံကြီးသည် ပစ္စဖိတ်သမုဒ္ဒရာ မြစ်ပြင်ကျယ်ကြီးကို ကျော်ဖြတ်၍ ခြောက်နာရီနီးပါးမျှ ပျံသန်းတော့မည်ဖြစ်၏။ ကြားတွင် ရပ်နားစရာ ခရီးထောက်မရှိ။

ဟောင်ကောင်မှ တိုကျိုသို့။

ခရီးသည်များအတွက် ဖျော်ဖြေရေး အစီအစဉ် စာရွက်လေးများ ကမ်းဝေလာသည်။

လေယာဉ် ဝေဟင်သို့ ရောက်သည်မှာ နာရီဝက်ပင် မပြည့်သေး။

လက်တွန်းလှည်းငယ်လေး ရောက်လာပြန်သည်။စစ်တုရင်နှင့် အခြား ကစားစရာများ။ လူကြီးများအတွက်သာမက ကလေးများအတွက်လည်း ကစားစရာအစုံ ပါလာသည်။

နောက်လှည်းတွင် ရေခဲစိမ် ဘီယာသံဗူး။ အရက်မျိုးစုံ ဖန်ခွက်နှင့် ရေခဲခွက်များ တင်ထားသည်။

ကြိုက်နှစ်သက်သလို ယူ၍ သုံးဆောင်နိုင်ပါသည်တဲ့။

တခွက်စီမဟုတ် နှစ်ခွက်သုံးခွက် ကြိုက်သလောက်။

လာပြန်ပြီတလှည်း။ စီးကရက်နှင့် မီးခြစ်များ။ ယနေ့နံနက်ထုတ် သတင်းစာများ၊ မဂ္ဂဇင်းများ။

လေယာဉ်မယ်ကလေးများမှာ ဇယ်ဆတ်သလို မနားတမ်း လှုပ်ရှားနေကြသော်လည်း နွမ်းနယ်ဟန် လုံးဝမပြ။ လန်းလန်းဆန်းဆန်း သွက်သွက်လက်လက်ပင် လှုပ်ရှားနေကြသည်။

သူတို့ကို ကြည့်နေရသည်မှာ ရင်အေးရပါတံ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆီက သတင်းစာကြီးတွေမှာ ကြီးမားလွန်း
စာမျက်နှာများသည်။ ဒါပေမယ့် မထူ၊ အကုန်သာ ဖတ်
ဆိုလျှင် တိုကျိုရောက်တာတောင်မှ ကုန်အုံ့မထင်။ သတင်း
စက္ကူ အမျိုးအစားမှာ ပါးပါးလှပ်လှပ်။

မျက်နှာဖုံးမှာ ဖယ်ရှင်တွေပုံ ကိုယ်ဟန်အမျိုးမျိုးပြလျ
မီးရထားတိုက်မှုသတင်း။ လူသတ်မှု သတင်းများကို ခေ
ပေါင်းများစွာဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။ အ
အဟောက် သဘင်းတွေကလည်း တင်းကြမ်းပြည့်။ ဖတ်ရှ
စရာတွေချည်း။

ကြော်ငြာတွေက သတင်းစာ၏ သုံးပုံနှစ်ပုံလောက်
ယူထားသည်။

ဇိမ်ခံကိစ္စ လိင်ကိစ္စတွေကို အရင်းရှင်နိုင်ငံများမှ သတ
များ၏ ပုံစံအတိုင်း ဝေဝေဆာဆာ ဖတ်ချင့်စဖွယ် ဖော်ပြ
သည်။ ဖတ်ယင်း ငြိုးငွေ့လာ၏။

နေခြည်ညိုစပြုပြီ။ ကောင်းကင်ပြင်ကြီး၏ အလှအ
အချိန်။

ညနေစာအလှည့် ကြိုက်ရာ မှာစားနိုင်သည်။

ပေါင်မုန့်မီးကင် သုံးချပ်၊ ကြက်ဥကြော်၊ ကော်ပြန့်
အသားနှစ်တုံး၊ ထောပတ်ခွက်၊ ဆလပ်၊ ဂေါ်ဖီ၊ မုန်လ
များနှင့်ဝက်အူချောင်းကြော်၊ ကျောက်ကျောနှင့် ဆား
လည်းပါသည်။ လိမ္မော်ရည်က တပုလင်း။



ရေတော့ လုံးဝမပါ။
တင်မောင်မြင့်က အစီအစဉ်နှင့်မစားတတ်။ စားတတ်သလို
စားလိုက်သည်။
မှောင်ပြီ....အောက်သို့ငုံ့ကြည့်သောအခါ ဘာကိုမှသဲသဲကွဲ
မမြင်ရ။ ပင်လယ်ပြင်က သင်္ဘောများ ထွန်းထားသည့်
ရောင်ကို မြင်ရသည်မှာဆေးလိပ်မီးထိပ်ဖျား သာသာလေး။
လာပြန်ချေပြီ တချိုး။
ရုပ်ရှင်အစီအစဉ်။
လေယာဉ်မယ်ကလေးက ရုပ်ရှင်ပိတ်ကားကို ဦးပိုင်းနံရံမှာ
တ်ဆွဲလိုက်သည်။ လေယာဉ်တွင်းမှ မီးများ မှိန်သွားသည်။
ပ်ရှားနေသောအရုပ်များ၊ နားကြပ်ကြီးတပ်ပြီး ခလုတ်ဖွင့်
က်တော့ အသံပါထွက်လာသည်။
ရုပ်ရှင်မကြည့်ချင်သူများက ကိုယ့်ဘေးမှ စာဖတ်မီးလုံး
လေးဖွင့်၍ စာဖတ်နိုင်သည်။
စာဖတ်မီးလုံးကလေးများမှာ ရုပ်ရှင်ကြည့်ဖို့မှောင်ခ့ထား
ည့် အမှောင်ကို အနှောင့်အယှက်မပေး။
ရုပ်ရှင်ကားပြီးသွားပြီး မီးများပြန်လင်းလာ၏။
ကြာပါ။
"ကျေးဇူးပြုပြီး နားသောတဆင်ကြပါရှင်၊ ကျွန်မတို့ရဲ့
ယာဉ်ပျံကြီးဟာ မကြာမီအချိန်အတွင်းမှာ တိုကျိုလေဆိပ်
ချောချောမောမော ဆင်းသက်တော့မှာ ဖြစ်ပါတယ်။
က်မိနစ်နှစ်ဆယ်ဆိုယင် တိုကျိုမြို့ကို တွေ့ရပါလိမ့်မယ်။
ယာလုပတဲ့ တိုကျိုမြို့က ခရီးသည်များနွမ်းနယ်မှုကိုလန်း

www.burmeseclassic.com

www.burmeseclassic.com



ဆန်းသွားစေပါလိမ့်မယ်။ ထိုင်ခုံခါးပတ်များကို သေသေ… ချာ ပတ်ထားကြပါရှင်၊ ဂျားလ်က ကျေးဇူးတင်ပါတယ်…

လေယာဉ်မယ်ကလေးများ စကားပြောတိုင်း အဆုံး… တွင် 'ဂျားလ်က ကျေးဇူးတင်ပါတယ်' စကားကို ထည့်… စမြဲ။

ငါးမိနစ်ခန့်အကြာတွင် စကားပြောသံ ထွက်လာပြန်သ…

"အမျိုးသမီးအသံမဟုတ်ပါ အမျိုးသားအသံ။

"ကျေးဇူးပြု၍ နားဆင်ပါခင်ဗျာ"

"ကျွန်တော်လေယာဉ်မှူး စကားပြောနေပါတယ်၊ … ကျွန်တော်တို့ လေယာဉ်ခရီးစဉ်အမှတ် ငါးရာသုံးဆယ့်ခြော… မှာ စီးနင်းလိုက်သာကြတဲ့ ခရီးသည်များကို လိုအပ်တဲ့… ဆုံးအထိ အောင်မြင်ချောမွေ့စွာ ပို့ဆောင်ပေးနိုင် ခဲ့ပါ… ကျွန်တော်များ ဂျားလ်ရဲ့ကိုယ်စား ကျေးဇူးတင် ဝမ်းမြေ… ကြောင်း ပြောကြားလိုပါဘယ်၊ ကျွန်တော်များ လေ… ကုမ္ပဏီရဲ့ ပူးစုညွှေ့ခံမှု၊ ဂရုစိုက်မှု၊ ချို့ယွင်းပေါ့လျော့မှု… ရှိခဲ့လျှင် ခွင့်လွှတ်ပါလို့ အနူးအညွတ် မေတ္တာရပ်ခံအပ်ပါတ… ခရီးသည်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါ… ဂျားလ်က ကျေးဇူးတင်ပါတယ်ခင်ဗျား"

လေယာဉ်ကြီးမှာ တဖြည်းဖြည်းနိမ့်ဆင်းနေသည်။ အော… က ရောင်စုံမီးမီးတန်းကြီးမှာ မြင်ကွင်းနှင့် တဖြည်းဖြည်း… နီးလာပြီ။

တိုကျို၏ညသည် နေ့နှင့်မခြားသို့ ရှိနေပါချေသည်။



စက်မှုလုပ်ငန်း တိုးတက်ထွန်းကားမှုတွင် လျှပ်စစ်စွမ်းအားသည် အဓိက။ သူတို့သည်လျှပ်စစ်စွမ်းအားနှင့် လောကနိဗ္ဗာန်ကို တည်ဆောက်နေကြပေပြီ။

လေယာဉ်ကြီးသည် ပြေးလမ်းပေါ်သို့ ဆင်းသက်ပုံမှာ ညင်သာလွန်းလှ၏။

မြေပြင်နှင့် ဘီးထိတွေ့ပုံမှာလည်း ပြေပြေလျောလျောရှိဘိ၏။ ငြိမ်သက်စွာ ရပ်တန့်သွားပါလေပြီ။

ခွဲခွာရလိမ့်မည်ဟု မထင်ခဲ့သည့် အမိမြေနှင့် ခွဲခွာခဲ့ရပြီ။ ခု...ခြေစုံရပ်ရမည်မှာ တိုင်းတပါးမြေ။ ရင်ထဲတွင် ခံစားမှုမှာ ဝမ်းသာသည်လည်း မဟုတ်။ ဝမ်းနည်းသည်လည်း မဟုတ်။ ဖော်ပြမစွမ်းသည့် ဝေဒနာတမျိုး။

လေယာဉ်ပေါ်မှ ဥမင်လမ်းဖြင့် မဆင်းရ နှစ်ဆင့်လှေကားဖြင့် ဆင်းခဲ့ရသည်။

တိုကျိုလေဆိပ်မှာ အကြီးကြီး လေယာဉ်တွေကလည်းဒင်းကြမ်းပြည့် မော်တော်ကားတွေ ရပ်ထားသလားထင်ရသည်။

မီးတွေလင်းနေပုံမှာ နေ့နှင့်မခြား။ အပ်တချောင်းကျနေသော်မှ အလွယ်တကူ မြင်တွေ့ကောက်ယူနိုင်လောက်အောင် အလင်းရောင်အား ကောင်းလှ၏။

လေဆိပ်အတွင်း ရောက်သည့်အခါ ကိုယ့်ပစ္စည်းရွေးယူရမည့် နေရာတွင် ခဏပဲစောင့်လိုက်ရသည်။

ထိုစဉ် ဂျပန်အမျိုးသားတယောက် သူရပ်နေရာသို့ချဉ်းကပ်လာသည်။

"မစ္စတာ တင်မောင်မြင့်စန်းပါလား"

www.burmeseclassic.com

www.burmeseclassic.com



သူပြောလိုက်သည့် အင်္ဂလိပ်စကားလေသံမှာ အရှေ့တိုင်းဆန်သည်။

"ဟုတ်ကဲ့ ကျွန်တော် တင်မောင်မြင့်ပါ"

ပြန်ဖြေယင်း ကြည့်လိုက်တော့ သူ့လက်ထဲမှာ ဓာတ်ပုံလေးနှင့်။

"ကျွန်တော့်နာမည် ယာမဒတိုဆန်ပါ၊ မစ္စတာနာကာတာနီဆန် အရေးကြီးတဲ့ အစည်းအဝေး တက်နေရလို့ ကျွန်တော့်ကို အကြိုလွှတ်လိုက်ပါတယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ပစ္စည်းရွေးဖို့ကိစ္စ၊ အကောက်ခွန်ကိစ္စ၊ လူဝင်မှုကြီးကြပ်ရေးကိစ္စ၊ လုပ်စရာ ကိစ္စအားလုံးကို မစ္စတာယာမာတိုကပင် ရှေ့ဆောင်လုပ်သွားသည်။ သူက နောက်ကလိုက်ရုံသာ။

လေဆိပ်တွင် ဆက်ဆံရသည့် အကောက်ခွန်၊ လူဝင်မှု၊ ကျန်းမာရေး စသည့် ဌာနဝန်ထမ်းများ၏ ဆက်ဆံရေးမှာ ဖော်ရွေပြေပြစ်လွန်းလှ၏။ သူတို့၏မျက်နှာများမှာ သကာရည် လောင်းထားသည့်သို့နှယ်။ နိုင်ငံခြားသားများနှင့် ဆက်ဆံရာတွင် ပို၍ ပြေပြစ်သည်။နိုင်ငံ့ဂုဏ်ကို ထိန်းသိမ်းခြင်းတမျိုးလေလား။

မစ္စတာယာမာတို ဆက်ဆံပုံမှာလည်း ဖော်ဖော်ရွေရွေ။ သူ့ရုပ်သွင်ကိုက ခင်မင်စရာ။

သူ၏လက်ဆွဲအိတ်နှင့် သေတ္တာမှာ လက်တွန်းလှည်းကလေးပေါ်တွင်။



လေဆိပ်အပြင်သို့ ရောက်သည့်အခါ လေဆိပ် အထွက်နှင့် မော်တော်ကားများ ရပ်ထားသည့် နေရာမှာ အတော်ဝေးသည်ဟု မဆိုသာသော်လည်း အနည်းငယ် လှမ်းသည်။ အမှတ်ရုပ်ရှင်ရုံနှင့် ဘူတာကြီး ရှေ့လောက် မရှိတတ် ရှိတတ်ထုံသည်ဟု ပမာပေးရပါမည်။

အနည်းငယ် လှမ်းပေမယ့် ကားရပ်ထားရာဆီသို့ ခြေလျင်လျှောက်သွားစရာမလို။

ကားရပ်ထားသောနေရာမှ လေဆိပ်ထွက်ပေါက်အထိကားသွားနိုင်စေကာမူ အဆင်သင့်မဖြစ်ခင် ထွက်ပေါက်ရှေ့မှာကားတွေတန်းစီရပ်ထားလို့မရ။ ပြွတ်သိပ်ကြီးဖြစ်ပြီး မတိုးသာဆုတ်သာရှိလိမ့်မည်မို့ အဆင်သင့်ဖြစ်တော့မှ မိမိတို့ကားကို မိမိတို့ လှမ်းခေါ်ကြသည်။

ခေါ်ပုံခေါ်နည်းက တမျိုး။

ယာမာတိုက အကြွေစေ့ကလေး တစေ့ ထုတ်ယူပြီး တယ်လီဖုန်းလို ဒိုင်ခွက်ကလေး နှစ်ဆင့် တပ်ထားသည့် တိုင်ဘပ်ဗူးကလေးအတွင်းသို့ အကြွေစေ့ကလေး ထည့်လိုက်ရာ ထောက်ကနဲ မီးနီကလေး ပွင့်လာသည်။

ပထမ အပေါ်ဆင့် ဒိုင်ခွက်ကို စ၍လှည့်လိုက်ရာ အက္ခရာစာလုံးလေးတွေ ပေါ်လာသည်။

ဥပမာ....အေ၊ဘီ၊စီ ဆိုပါတော့။

ဒုတိယ ဂဏန်းများကို လှည့်လိုက်သည်။

ယာမာတို လုပ်ကိုင်နေသည်ကို ကြည့်လိုက်သည့်အခါ တယ်လီဖုန်း ပြောတာမျိုးလည်း မဟုတ်။ စကားပြောခွက်၊

www.burmeseclassic.com

www.burmeseclassic.com



နားထောင်ခွက်လည်း တပ်မထား။ ဒိုင်ခွက်ကလေး နှစ်ဆင့်သာရှိသည်။ဘာလုပ်တာပါလိမ့်လို့တအံ့တသြ ကြည့်နေမိသည်။

မိမိစီးလာသည့် ကားရပ်ထားသည့် နေရာက ကားကို လှမ်းခေါ်နေခြင်းပါ။

ဥပမာ...မိမိစီးလာသည့်ကားကို တိုင်အမှတ်-က၊ ၁၂၃တွင် ရပ်ထားသည်ဆိုပါစို့။ ကားပေါ်မှာ သို့မဟုတ် ကားနားမှာ ယာဉ်မောင်းသူ ရှိနေပါလိမ့်မည်။ မိမိက အဆင်သင့်ဖြစ်သည်နှင့် ပထမအက္ခရာ (က)ကိုလှည့်၊ဒုတိယ ၁-၂-၃ ကို လှည့်။ မိမိကား ရပ်ထားခဲ့ရာ က-၁၂၃ မှ မီးနီလေး ပွင့်လာပြီး ဘဲလ်သံ မြည်လာပါလိမ့်မည်။ သည်အခါ ယာဉ်မောင်းသူက မိမိကားကို ခေါ်နေပြီဖြစ်ကြောင်း သိပါမည်။ ကားရပ်ထားသည့်နေရာမှ မောင်းထွက်သွားရုံသာပါ။

ဂျပန်တွင် အနေ အတော်ကြာလာမှ ယင်းအကြောင်းကို လေ့လာကြည့်ရသည်။

ကားရပ်သည့်တိုင် အောက်ကြမ်းပြင်မှာ သံဖေါ်ဘန်းတခု ခံထားရာ ကားဝင်ရပ်လိုက်သည်နှင့် ထိုသံဖေါ်တန်းမှာ မြေတွင် မြုပ်ဝင်၍ လျှပ်စစ်စီးကြောင်းက သံဖေါ် ကြိုးအတွင်းသို့ စီးဝင်သွားကာ မီးနီပွင့်လ ပြီး ဘဲလ်သံ မြည်လာစေသောနည်းကို အသုံးပြုထားသည်ပါ။

ဝင်ငွေလည်းရ၍ မလိုအပ်သော နေရာတွင် ကားမရှုပ်ရအောင် နည်းသစ်တမျိုး တီထွင်ထားခြင်းဟု ဆိုရပါမည်။

ဂျပန်တို့မှာ လျှပ်စစ်စွမ်းအားကို အလွန်အမင်း နိုင်နင်းကြ၏။



ကားကြီး ငြိမ့်ကနဲ ထိုးရပ်လိုက်ပါပြီ။ လေဆိပ် အတွင်းဘက်တွင် အအေးဓာတ် မလွန်ကဲစေကာမူ လေဆိပ်အပြင်ဘက်ထွင်မူ လွန်လွန်ကဲကဲ ခိုက်ခိုက်တုန်လုမျှ အအေးဓာတ် လွန်ကဲနေသည်။ သို့တစေကားပေါ်ရောက်သည်နှင့်နွေးနွေးထွေးထွေး ဖြစ်သွားပြန်သည်။

နေရာတကာတွင် ပူသည်ကို အေးအောင်၊ အေးသည်ကို နွေးအောင် လုပ်ထား၏။

မြန်မာနိုင်ငံသို့ သွင်းလာသည့် သဘော်သား ကားများတွင်လည်း အပူအအေးကိရိယာ တပ်ဆင်ထားသည်။

'မစ္စတာနာကာတာနီစန်၊ ယိုကိုဟားမားကို ခရီးထွက်သွားပါတယ်၊ နောက်နှစ်ရက်လောက်နေယင် ပြန်ရောက်လာပါလိမ့်မယ်၊ အခု မစ္စတာအင်ဒမောင်မြင့်စန်ကို ဟိုတယ်မှာ ခေါ်ထားဖို့ စီစဉ်သွားပါတယ်၊ မစ္စတာ နာကာတာနီစန် ပြန်ရောက်လာမှ သီးခြားအစီအစဉ် စီစဉ်ပေးပါလိမ့်မယ်'

မစ္စတာယာမာတိုက ကားပေါ်ရောက်မှ မစ္စတာနာကာတာနီ ခရီးထွက်သွားသည့်အကြောင်းကို အေးအေးဆေးဆေး ပြောပြသည်။

"ဟိုတယ်ကနေ အပြင်သွားချင်ယင် ကျွန်တော်ဘယ်လို လုပ်ရမလဲမစ္စတာယာမာတိုဆန်"

"မစ္စတာနာကာတာနီစန် ရောက်မလာမချင်း ကျွန်တော်ခင်ဗျားနဲ့အတူ ရှိနေပါ့မယ်၊ သိဖို့လိုအပ်တဲ့ ရောက်ဖို့ လိုအပ်တဲ့ နေရာတွေကို ကျွန်တော် လိုက်ပို့ပြီး ပြပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ မစ္စတာ ယာမာတိုရဲ့ ကျွန်တော့်အတွက် တာဝန်လေးနေပါမယ်။ ကျွန်တော် ဘယ်မှ မသွားပဲ နေလို့ရပါတယ်။ ကျွန်တော် တိုဗုကို ကြိုက်ပါတယ်"

တနာရီ မိုင်ခြောက်ဆယ်နှုန်းလောက်မောင်း နေစေ ကားလမ်းများမှာ ကျယ်ဝန်း၍ ချောမွေ့လွန်းလှသောကြောင့် ငြိမ့်ငြိမ့်သက်သက် ရှိနေသည်ပါ။

မောင်းသူကလည်း ချိုင့်ကျင်းကို ရှောင်ရန်မလို။

ညဉ့် နက် ပိုင်း သို့ ရောက်နေသည့်တိုင် မော်တော်ကားအသွားအလာ ပြတ်သတ်သည်ဟူ၍ မရှိ။ လေဆိပ်နှင့် မြို့တွင်းမှာ အတော်ဝေးသည်။

ပထမမောင်းနေသည်မှာအဝေးပြေး လမ်းမကြီးပေါ်တွင်။ မြို့တွင်း ဝင်ခါနီးမှသာ လမ်းကြောင်း ပြောင်းလိုက်သည်။ မော်တော်လမ်းကူး တံတားများမှာ နှစ်ထပ် လမ်းကူး တံတားများရှိသလို သုံးထပ် လေးထပ် လမ်းကူးတံတားများလည်း ရှိသည်။

သာကေတတံတားသစ်ကြီးမှ ရန်ကုန်သို့အဝင်၊ သာကေတသို့အသွားတွင် မြောက်ကုန်း စက်ဆန်း၊ ပုစွန်တောင် စသဖြင့် လမ်းမှာခွဲများ ဖြန့်ထားသည့် ပုံစံမျိုး။

သူတို့ဆီမှာတော့ သုံးထပ်၊ လေးထပ်တံတား အများအပြား ရှိသည်။

ယာဉ်ကြော မကြပ်စေရန်နှင့် ယာဉ်တိုက်မှု နည်းပါးအောင် စီစဉ်ဖန်တီး ထားခြင်းပါ။



မြို့ထဲရောက်လေ၊ ကားပိုများလေ။

လမ်းကြောင်းတွေက များသည်၊ သွားနေသည့် ကားတွေက သူ့လမ်းကြောင်းနှင့်သူ။

ရှုပ်ထွေးခြင်းမရှိ၊ လမ်းပိတ်ဆို့နေခြင်းမရှိ။

မောင်းသူအတွက် အခက်အခဲ မတွေ့ရသလို လမ်းဖြတ်ကူးသူများအတွက်လည်း အခက်အခဲမရှိ။

တိုက်ဘာ အဆောက်အအုံများမှ နီယွန်မီးတွေက ထိန်ထိန်သာသာ။

ဘယ်လမ်းဝင်၍ ဘယ်လမ်းချိုးပြီး ဘယ်ကိုကွေ့ကာ ဘယ်သို့ ဦးတည်မောင်းနေသည် မသိ။

ခြံဝင်းကြီး တခုတည်းသို့ ဝင်လာပြီး အဆောက်အအုံကြီးတခုရှေ့တွင် ကားထိုးရပ်လိုက်တော့မှပဲ ကားခရီး ပြီးဆုံးသွားကြောင်း သိလိုက်ရ၏။

တည်းခိုရမည့် ဟိုတယ်သို့ရောက်ပြီ။

ဟိုတယ်အလုပ်သမား နှစ်ယောက် ကားနားကို ရောက်လာသည်။ သူတို့ လှုပ်ရှားဟန်မှာ သွက်သွက်လက်လက်။

ကားတံခါးကို ဖွင့်ပေးသည်။ ယာမာတိုထံမှ သော့တောင်း၍ ကားနောက်ဖုံးကိုဖွင့်ပြီး ပစ္စည်းများကို ထုတ်ယူကြသည်။ ဟိုတယ်အတွင်းသို့ သယ်ဆောင်သွားကြသည်။

သူတို့ဆီက ဟိုတယ်များမှာ စျေးကြီးသည်။

သို့တစေ တည်းခိုသူများက ပေးရသည်လို့ မထင်ရ၊ စျေးနှုန်းမှ အပြည့်အဝ ရှိကြသည်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ကျူရှူးဟိုတယ်"

ဂျပန်လိုရော အင်္ဂလိပ်လိုပါ ရေးထားသည့် နီယွန်မီး ဆိုင်းဘုတ် ကြီးမှာ မီးမျှ း ပွင့်လာလိုက်၊ ပိတ်သွားလိုက်၊ ရပ်သွားလိုက်။

ကိုတင် အခန်းယူထားသောကြောင့် ကောင်တာတွင် သော့တောင်းပြီး၊ ကိုယ့်အခန်းရှိရာသို့ တက်သွားရုံသာ။

တင်မောင်မြင့်က မှတ်ပုံတင် စာအုပ်ထဲမှာသာ လက်မှတ်ထိုးပေးရသည်။

ကျန်ကိစ္စအားလုံးကို မစ္စတာ ယာမာဘိုက ရှေ့ဆောင်လုပ်သွားသည်။

ကောင်တာ စာရေး ပေး လာ သည့် သော့ မှာ သေးသေးလေးလေး၊ သော့ကို ချိတ်ဆွဲထားသည့် ပလပ်စတစ်အပြားကြီးမှ အကြီးကြီး။ သော့က သေးသမို့ သော့မပျောက်အောင် ပလပ်စတစ်အပြား ကြီးကြီးနှင့် တွဲထားပေးသည်လားမသိ။

ဓာတ်လှေကား မောင်းသူမရှိ၊ ကိုယ့်ဟာကို လိုရာခလုတ်ကိုနှိပ်၊ လိုရာအထပ်ရောက်လျှင် သူ့ဟာသူ ရပ်သွားလိမ့်မည်။

မစ္စတာ ယာမာတို နှိပ်လိုက်သည့် ခလုတ်နံပါတ်မှာ 'ခြောက်'။

မြန်မာပြည်က ဓာတ်လှေကားများလို ဖြည်းဖြည်းမတက်၊ ဓာတ်လှေကား အဆင်းအတက်မှာ မြန်သည်။



အခန်းနံပါတ် 'ကိုး'

ဟိုတယ် အသုံးအနှုန်းအရ 'ခြောက်ဆယ့်ကိုး' အထပ် 'ခြောက်' အခန်း 'ကိုး'။

မစ္စတာ ယာမာတိုက သော့ဖွင့်ပြီးသည်နှင့် အခန်းဝရှိ ခလုတ်မီးကို ဖွင့်လိုက်ရာ မီးပွင့်ငယ်သုံးလုံး ပြိုင်တူ လင်းလာသည်။

အခန်းထဲမှာ သူ၏ ခရီးဆောင်အိတ်များ အဆင်သင့် ရောက်နေပါပြီ။

အခန်းထဲတွင် ခင်းကျင်းထားရှိသည့် ပစ္စည်းများမှာ ဘာရှိပါသည်ဟု ပြောစရာ မလိုအောင် ပြည့်စုံလွန်းပါသည်။ ပရိဘောဂပစ္စည်းတွေက အစအားလုံးမှာ သစ်သစ်လွင်လွင်၊ တယ်လီဖုန်းက နှစ်လုံး၊ အဖြူတလုံး၊ အပြာတလုံး၊ တယ်လီဗီးရှင်း တလုံး နောက်ဆုံးပေါ် ပုံဒိုင်းလေး။

မစ္စတာ ယာမာတိုက သူ၏ ဗွီစီဘင်း ကတ်ပြားလေး ထုတ်ပေးသည်။

"မစ္စတာ တင်မောင်မြင့်စန် ဒီမှာ အေးအေး ဆက်သာ အနားယူပါ။ လိုတာရှိယင် ကျွန်တော့်ဆီကို ဖုန်းဆက်လိုက်ပါ။ မနက်စာအတွက် ဟိုတယ်မှာပဲ စီစဉ်ထားပါတယ်၊ ကျွန်တော် မနက် ခုနစ်နာရီလောက် ရောက်လာပါမယ်"

"ဟုတ်ကဲ့.... ကျေးဇူးတင်ပါတယ်၊ ကျွန်တော့် အတွက် မစ္စတာ ယာမာတိုစန် အလုပ်များနေတာကို စိတ်မကောင်းပါဘူး၊ ကျွန်တော့်အတွက် တာဝန်မရှိစေချင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အတွက် တာဝန်မကြီးပါဘူး တင်မောင်မြင့်စန်၊ မစ္စတာ နာကာတာနီစန်က တာဝန်ပေးထား တာပါ... ကျွန်တော် ပြန်ပါဦးမယ်"

"ဟုတ်ကဲ့....ကျေးဇူးတင်ပါတယ်၊ ကောင်းသောညပါ..."

"ကောင်းသောညပါ"

အမိမြေမှ ထွက်ခွာခဲ့သည့်အတွက် ခရီးမှာ လှလှပပ အပြန် ခရီးမှာမူ။

× × ×

(ခုနစ်)

အပြန်ခရီးမှာမူဟု ဆိုရခြင်းမှာ အကြောင်းရှိသည်။

နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင်ရန် ထွက်လာသူတိုင်း အတွက်ခရီး လှသော်လည်း အပြန်အဝင်ခရီးမလှ။

သင်္ဘောသားအဖြစ် အလုပ်လုပ်ကိုင်ရန် နိုင်ငံရပ်ခြားသို့ ထွက်ခွာလာသူများတွင် လုပ်ငန်းခြင်း မတူညီ။ ကုန်းပတ် သင်္ဘောသားမှ သင်္ဘောကတ်ပတိန်အထိသော လုပ်ငန်းခွင် ဝင်ကြသူ အားလုံးကို သင်္ဘောသားဟုပင် ခြုံ၍ခေါ်ကြသည်။

တင်မောင်မြင့်တို့လို ကုမ္ပဏီများနှင့် အခြားသော လုပ်ငန်း ခွင်များတွင် ဝင်ရောက် လုပ်ကိုင်ရန် ထွက်ခွာ ခဲ့သူများကိုမူ

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဝေါ်သည့် သီးခြားအခေါ်အဝေါ်မရှိ။ အရပ်အခေါ် အားဖြင့် သင်္ဘောသားဟုပင် လွယ်လွယ်ခေါ်ကြသည်ပါ။

နိုင်ငံခြားသွားပြီး ပြန်လာလို့ တယ်လီဗေးရှင်းတို့ ကား ပါလာယင် ဘယ်လိုလုပ်ငန်းသွားလုပ်ပြီး ပြန်လာကြသည် ပြောသည်မျိုးမရှိ။ သင်္ဘောသားဟုပင် သတ်မှတ်ခေါ်ဝေ ပြောဆိုကြသည်။

နိုင်ငံဝန်ထမ်းအဖြစ်မှ နိုင်ငံခြားသွားရသူများကိုမူ ပညာ တော်သင်ဟု အခေါ်အဝေါ် ပြုကြသည်။

ကုမ္ပဏီအသီးသီးတွင် လုပ်ကိုင်ရန် နိုင်ငံရပ်ခြားသို့ ထွက် လာသူများမှာ သင်္ဘောသားလောက် မပင်ပန်းပဲ အ အထိုင် တည်ငြိမ်သည်။ အလုပ်သက်သာသည်။ လုပ် သဘာဝခြင်းကမတူ။

သူတို့ လုပ်ငန်းသဘာဝက ကုန်းပေါ်မှာ။

သင်္ဘောသားက ရေထဲမှာ။

ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်ကြီးထဲမှာ လနှင့်ချီ အိမ်နေလူခြေ တိုက်တာ အဆောက်အအုံများကို မမြင်ရ ရေပြင်နှင့်ပင်လယ်လေကိုသာ ရှုရှိုက်ရဖန် များလာသော အခါ ပျင်းရိငြီးငွေ့လာကြ၏။

သင်္ဘောပေါ်မှာ တယ်လီဗေးရှင်းနှင့် ဗွီဒီယိုကို ကြည့်ခ သည့်အချိန် ကြည့်နိုင်ကြသော်လည်း သင်္ဘောပေါ် ရောက်



တွင်သာ မက်မက်မင်မင် ရှိကြသည်။ ကြာတော့လည်း ရိုးသွားသည်။ မျက်စိနောက်လာသည် မကြည့်ချင်ကြ။

အခြား အပန်းဖြေစရာလည်း မရှိ။ ပျော်စရာလည်းမရှိ။ ရေထဲမှာချည်းမို့ လူပျိုတွေက အိမ်ကိုပို၍လွမ်းသည်။ သားမယားရှိသူများက ဇနီးမယားနှင့် သားသမီး များကို ပို၍ လွမ်းသည်။ ပြေးတွေ့ချင်သော်လည်းမရ။

အနည်းဆုံး နှစ်လွန်အောင် နေရမည်။ သည်တော့ အားလုံးကို မေ့ပစ်ချင်လာသည်။

မေ့ဆေးကိုရှာသည့်အခါ ယမကာနှင့် မိတ်ဖက်ဖြစ်လာသည်။

မူးသည်၊ မူးတော့ မေ့စရာကို မေ့နိုင်လာသည်။ သင်္ဘောပေါ်မှာက အရက်ကို ဈေးချိုချိုနှင့် ဖောဖောသီသီရနိုင်သည်။ သွေးဆူတော့ စိတ်ပျော်လာသည်။ စိတ်ပျော်လာတော့ မေ့စရာတွေ တဒင်္ဂပဟာန်မေ့သွားတော့၏။

သည်လိုနှင့် ကြိုက်တတ်သူ သောက်တတ် သူတွေ ပိုများ ပိုသောက်လာသည်။

မကြိုက်တတ်ပဲ သောက်တတ်လာသူတွေလည်း ရေချိန်မြင့်လာသည်။

သင်္ဘောသား အများစုမှာ အရက်မသောက်တတ်သူ မရှိဆိုသလောက် ရှားလာသည်။ အရက်နှင့် တွဲဖက်လာသည်က လောင်းကစားခြင်း။

www.burmeseclassic.com



သဘော်သားများတွင် အရက်ချိုး(ဂျိုး)ကပ်နေသူသဘော်သားနှင့် အရက်ချိုး(ဂျိုး)မကပ်သေးသူ သဘော်သားဟူ၍ နှစ်မျိုးနှစ်စားရှိသည်။

အရက်ချိုး(ဂျိုး) ကပ်နေသူ သဘော်သားကိုတော့ လေးဘက်ထောက်တက်၍ လေးဘက်ထောက် ဆင်းသူများဟု ဆိုစမှတ် ပြုကြသည်။

သူတို့မှာ သဘော်ပေါ် တက်စဉ်ကလည်း လေးဘက်ထောက် သဘော်က ပြန်ဆင်းလာတော့လည်း လေးဘက်ထောက်။

လေးဘက်ထောက် သဘော်သားများမှာ သဘော်သားကား မပါလာတတ်။ သဘော်လိုက်သူတိုင်း သဘော်သားကား မပါ။

သဘော်လိုက်သူတိုင်းသာ သဘော်သားကား ပါလာယင် ရန်ကုန်လမ်းတွေ ချွဲရပြီပေါ့။ တချို့က ရသမျှ ဒေါ်လာကို သဘော်ပေါ်မှာ အရည်ဖျော်ပစ်ကြသည်။

တချို့က နိုင်ငံရပ်ခြား ကုန်းမြေပေါ်မှာ အရည်ဖျော်ပစ်ကြသည်။ သဘော်သား ဆိုတာက ဂေါ်ရင်ဂျီစု စုနိုင်မှ ကားပါတာ။ အမိနိုင်ငံကို ပြန်ပို့ရသည်က ကိုယ်နှင့်မဆိုင်။

ကိုယ့်အိတ်ထဲမှာ ကျန်သည့်ငွေသာ ကိုယ်ဆိုင်သည်။ သတ်မှတ်ချက်ဘောင်အတွင်းက လိုချင်သော ပစ္စည်းကို ဝယ်လာလို့ ရသည်။



ပြည်ဝင်လှဖို့ ကုန်းပေါ်မှာ တွေ့သမျှ အပျော်အပါး မှန်သမျှကို မျက်စိလွှဲခဲ့ရသည်။

ရေထဲမှာ ဟိုဝိုင်းသည်ဝိုင်း မဝင်မိအောင် ရှောင်နိုင်ပါမှ ခါးကြားထဲမှာ ကျစ်ကျစ်ပါအောင် လိမ်နိုင် သိမ်းနိုင်ပါမှ ရုပ်သံလေးတလုံး၊ ကားလေးတစီး ပါလာနိုင်သည်။

လေးဘက်ထောက် ဆင်းတတ်သူ သဘော်သားများကျတော့ ကလေးစီးစရာ ကားလေးတစီးတောင် မပါ။

မိတ်ဆွေ သဘော်သား တယောက်အကြောင်း၊ နာမည်ကိုတော့ ကိုညိုလို့ထားကြပါစို့။

မိန်းမနှင့် ယောက္ခမက ရှိသမျှအထုပ်ဖြည်ပြီး ထုခွဲလိုက်သည်။

မိန်းမ ပစ္စည်းက ငါးထောင်ဖိုး၊ ယောက္ခမ ပစ္စည်း ကအသောင်းကျော်ဖိုး။

ယောက္ခမကို တွက်ပြသည်။ ငွေတသောင်းကို ငါးကျပ်တိုးနှင့် စိတ်ချရသူကို ပေးယင် အတိုး တလ ငါးရာ၊ တနှစ်ခြောက်ထောင်ပဲရမည်။ စိတ်မချရ၊ ရွှေပေါင်ကာ သုံးကျပ်တိုးသာ သုံးရာ တနှစ် သုံးထောင့်ခြောက်ရာရမည်။

သူက တနှစ်ကျော်လို့ ပြန်လာယင် ငွေသုံးသောင်းနှင့် ဘယ်လီဗေးရှင်းတလုံး အပိုလက်ဆောင် ပေးဦးမည်။

www.burmeseclassic.com



တခေါက်ပြန်လာသည့် သူငယ်ချင်းက ကိုညို့ ယော
များနှင့် ရင်းနှီးသည်။

သောင်းငါးထောင် ဆိုတာက သူ့ အဆက်အသွယ်
လုပ်ပေးလို့ရတာ၊ တခြားလူတွေဆို သုံးသောင်းအောက်
သုံးသောင်းအထက်မှာ။

လက်တွေ့လိုက်ပြီး လက်တွေ့ပြန်လာသူ၊ မျက်မြင် ကား
လာသူက ဝိုင်းပြီး နားချတော့ ယောက္ခမကြီးလည်း ခေါ
ညိတ်ညိတ် ဖြစ်သွားပြီ။

ကိုညိုက အပေါင်းအသင်းနှင့် တွေ့ယင် တခါတရံဆို
သောက်တတ် စားတတ်သည်ကလွဲလို့ အပျော်အပါးမရှိ၊
ရိုးရိုး၊ မယားနှင့် သားသမီးနှစ်ယောက် အပေါ်မှာ
သံယောဇဉ် တွယ်ပိုးသည်။

သူ့အလုပ်အကိုင်က အစိုးရဌာနတခုက ယာဉ်မော
ရသမျှ လခ မယားလက်အပ်ပြီး အနေကုတ်သည် ကို
ယောက္ခမက အမြင်။

ကိုညိုအနေနှင့် တသက်လုံးသော်မှ စက်ဘီးတစီး ဝ
သည့် အနေအထားမရှိ။

ခုဟာက တနှစ်ကျော်ကျော်နှင့် ကားတစီးပိုင်မည်။
ကျော်တန်ကား။



နောက် တခေါက်ဆိုသည်ကိုထား၊ ခုဟာက တခေါက်ဆို တခေါက် ဆို သလောက် တခေါက်တည်းနှင့် သိန်းဆုရော သောင်းဆုပါ တွဲပေါက်သည်မျိုး။

ကိုညိုကို အရေးမထား အရာမသွင်းသူ ဆွေမျိုးတွေက လည်း မျက်နှာတပြုပြုနဲ့။ ပြန်လာယင် လက်ဆောင်ပစ္စည်း လေး ရကောင်းရဲ့လို့ပေါ့။

ယောက္ခမက အပြုံးတဝေဝေ၊ မကြာခင် အိမ်ပေါ်မှာ တိုင်ထောင်နိုင်တော့မှာကိုး။

မိန်းမက လည်တိုင်တမော့်မော့်။

ကိုညိုဆီက ပစ္စည်းတသုတ် ရောက်လာယင်တော့လား၊ အလကားနေယင်း သူ့ကိုပြိုင်နေသည့် သမဝါယမ အရောင်း စျေးသည်မ၊ တခါတည်း ခေါင်းငုံ့သွားစေရမယ်လို့ ကြုံး ဝါးလိုက်သည်။

ဝါဝါဝင်းရွှေတို့၊ ခင်သန်းနုတို့နဲ့ အပြိုင်ခြယ်ပြ ဝတ်ပြ လိုက်မည်ပေါ့။

ဆံပင်ကို ဘယ်ပုံစံပြောင်းလိုက်မည်၊ မျက်နှာကို ဖောရင်း မိတ်တွေနဲ့ ဘယ်လိုခြယ်မည်လို့ စိတ်ကူးယဉ်ရသည်မှာ ကိုညို မသွားခင်ကတည်းက။

ဆလင်းဘက် သုံးအိတ်၊ ဖိနပ်က သုံးရံ၊ မြန်မြန်ပို့လိုက် စမ်းပါတဲ့။ ကိုညိုကလည်း ခေါင်းတညိတ်ညိတ်။

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းဆို ကိုညိုက လက်ဖက်ရည်ဆိုင် ထိုင်ခဲ့သား ခုတော့ တနေ့ သုံးလေးခေါက်ထက်မနည်း ရောက်နေသည်။ လက်ဖက်ရည်ဆိုင်မှာက အရပ်ထဲက လူတွေစုံသည်။

ဘယ်တော့ သွားမလဲဆိုသည့်အမေးကို ဖြေရသည်လောက် ပါးစပ်အရသာ တွေ့သည်မျိုး မကြုံဘူးသေး။

မေးသူမရှိလို့ မမေးတောင်မှ ကိုယ်က စကားစရသည်။

သည့်အယင် ကိုညို အလုပ်ဆင်းပြီဆို ထမင်းဗူးလေးနှင့် ခပ်ကုပ်ကုပ်။ အလုပ်ထွက်ပြီး ကတည်းက ရင် က လေး တကော့ကော့ပါ။

သူ့တန်ဖိုးကို သိန်းငါးသောင်းအထက် ကြိမ်းသေ တန်ဖိုးဖြတ်နိုင်ပြီကိုး။

လေယာဉ်ပျံကွင်းကို လိုက်ပို့ကြသည်မှာ တပျော်တပါး ကြီး... ။

ကိုညိုလည်း တခါမှ မဝတ်ဖူးသည့် ဘွတ်ရှတ် လည်ပတ်တွေနှင့်။ ဘောင်းဘီနှင့် ကုတ်အင်္ကျီကြီး တကားကားမို့ သား တွေ သမီးတွေကတောင် အဖေကိုကြည့်ပြီး တဝါးဝါး၊ တဟားဟား ဖြစ်နေကြသည်။

အိမ်နီးနားချင်းတွေက ကိုညိုကိုကြည့်ပြီး ပြုံးစိပြုံးစိ၊ ကိုညို ခြေလှမ်းတွေကလည်း မမှန်၊ ဘွတ်ရှဝ်နှင့် လမ်း မလျှောက်ဘူးသမို့ ဘယ်လိုလျှောက်ရမှန်း မသိ။



ယောက္ခမကြီးနှင့် ဇနီးသည်ကရော၊ ရင်းနှီးသူများကရော၊ အသွားကြွေ့ကြွေ့ အပြန်မော့မော့ ရှိလိမ့်မည်ဟု ဆင် ကြသည်။

လေယာဉ်ကွင်းမှာ ချစ်သောမယား၊ ချစ်သော သား သမီးများနှင့် ခွဲခွာရမည်မို့ မျက်နှာမကောင်းသည်မှအပ လွန် လွန်မင်းမင်း စိတ်မထိခိုက်။ သူကိုယ်တိုင်ကလည်း မြူးကြွကြွ လေး ဖြစ်နေသည်။

တခေါက်လိုက်ပြီး ပြန်လာသည့် သူငယ်ချင်းက ဒုက္ခရောက် တာတွေ ခံရတာတွေ၊ စိတ်ဓာတ်ကျစရာတွေ တခုမှမပြော သူ ပြောသည့်အထဲမှာ ဒုက္ခရောက်လို့ စိတ်ဓာတ်ကျပြီး ပြန်ပြေးချင် တဲ့ ပေါက်တာတွေမပါ။ လူ့သဘာဝက ကိုယ်ခံခဲ့ရတာ ဒုက္ခ ရောက်ခဲ့ရတာမျိုးဆို မပြောချင်။ လူများတွေ မသိစေချင်။ ဒါတွေကလည်း ကိုယ့်နိုင်ငံပြန်ဖို့ လေယာဉ်ပျံပေါ် တက်တာနဲ့ မေ့သွားတတ်သည်မျိုး။

မင်္ဂလာဒုံ လေယာဉ်ကွင်း ရောက်တော့ ကြိုဆိုကြသူမိဘ၊ ဆွေမျိုး သားမယားကေ့က အပြုံးတဝေဝေ၊ နှုတ်ကုံးမစွပ်ရုံ တမယ်။ နိုင်ငံခြားပြန်ကြီးကို ကြိုဆိုပုံမှာ တခန်းတနားရှိပါဘိ။

ပြန်လာသူကလည်း အသားတုန်းကနှင့် လုံးဝမတူ။ တချေး တမွှေးကြီး။ ဝတ်စားဆင်ယင်သပုံက မြန်မာတယောက်မှ ဟုတ် ပါလေစဟု ထင်မှတ်မှားစရာသို့ ရှိပါချေ၏။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်တော့ ဖြစ်ပျက်ခဲ့သမျှ အားလုံး မေ့ပြီပေါ့။

အပေါင်းအသင်းတွေက အတွေ့အကြုံကို မေးတော့ အဖြေက ခပ်ကြွားကြွား။

သူငယ်ချင်းဖြစ်သူ ပြောသမျှအကောင်းတွေချည်း။ စိတ်ဝင်စားစရာတွေချည်း ပျော်စရာတွေချည်း တကယ်ဟုတ်တာမဟုတ်တာထား။ ဗိုလ်မကလေးတွေနှင့် ဘယ်လိုက ဘယ်လိုဆိုသည့် လူငယ်ဘာဝ စိတ်ဝင်စားစရာတွေ တစ်လှုကြီး။ ပြောမဆုံးပေါင် တောသုံးတောင်ဆိုသလိုမို့ ကိုညိုလည်း မြူးမြူးကြွကြွ ရှိနေသည်။

နားထောင်ရသည်မှ ကိုယ်ခတွေ့ ကြုံရတော့မည် မဟုတ်ပါလား။

တကယ် လက်တွေ့ကျတော့ ပြောသမျှ နားထောင်ခဲ့ရသမျှတွေမှာ အဟောတဝတွေချည်း။

စိတ်မောတ်ကျစရာတွေကို နဖူးတွေ့ဒူးတွေ့ တွေ့ရသည်မှာ တပုံတပင်ကြီး။ ပထမဆုံး တွေ့ရသည့် စိတ်ပျက်စရာမှာ ပေါင်းသင်းဆက်ဆံရေး။

ကိုယ်က အင်္ဂလိပ်စကားကို ထမင်းစား ရေသောက်သော်မှ အပေါက်အလမ်းတည့်အောင် မပြောတတ်။ ဝတ်ထားတာက ဗိုလ်လို။ ပြောတာကျတော့လက်ဟန်ခြေဟန်နှင့်။ ခေါင်းယောင်ဆောင်သောကျီးပမာသို့ ရှိရချေ၏။ တခြားနိုင်ငံက သင်္ဘောသားများမှာမူ အနည်းဆုံး ဘရုတ်ကင်း အင်္ဂလိပ်လောက်



ပြောတတ်ကြသည်။ အင်္ဂလိပ်လို ရှတ်ရှက်ဒွတ်ဒက် ပြောတတ်သူက အင်္ဂလိပ်စကားပျက် ပြောသူကို အထင်သေးသည်။

စကားပျက်ပြောတတ်သူက လုံးဝမပြောတတ်သူကို အထင်သေးပြန်သည်။ သူတို့ ဆက်ဆံပုံက အဖက်မတန်သလိုလို။ မတူမတန်သလိုလို။ သူတို့နှင့်တွေ့လိုက်ရလျှင် စိတ်မောတ်ကျရောဂါ ဖြစ်ရစမြဲ။

သင်္ဘောပေါ် ချက်ချင်း မတက်ရသေး။ စင်္ကာပူမှာ သုံးရက်လောက် သောင်တင်နေသည်။

ပြီး....မြန်မာပြည်က ချုပ်ဝတ်သွားသည့် ယောင်းဘီမှာ ဟိုကျတော့ ပုံမကျ ပန်းမကျ။ ဘယ်တောက တက်လာသည့် ငနဲသားပါလိမ့် ဟူသော အကြည့်မျိုး စူးစူးရဲရဲ အကြည့်ခံရသည်။

မြန်မာ သင်္ဘောသားများ စုဝေးရာ နေရာ ရောက်တော့ ဆက်ဆံရေးခတော့ ပြေလည်ပါရဲ့။ အိတ်ကပ်ထဲက ပါသည့် ငွေအတွက် စိတ်ဘထင့်ထင့် ဖြစ်ရပြန်သည်။ အများအားဖြင့် စင်္ကာပူတွင် ရှိနေကြသည့် မြန်မာ သင်္ဘောသားများမှာ အကြောင်း အမျိုးမျိုးကြောင့် ရေနှင့် ကင်းဝေးနေသူများ ဖြစ်ရာ လက်ကိုင်ပြတ်နေသူက အများစု။

လက်ကိုင်ငွေ အသင့်အတင့်ပါလာသူ၊ လူသစ် ရောက်လာပြီဆိုယင် မခွဲတမ်းမခွာဘမ်း ကပ်နေကြသမို့ ကိုယ်အိတ်ကပ်ကို ခဏခဏ စမ်းနေရသည်။ သူတို့အကြောင်း ကိုယ်က သိနေ

www.burmeseclassic.com

www.burmeseclassic.com



တော့လည်း ပစ်ပစ်ခါခါ မလုပ်သာ။ တတ်နိုင်သမျှ ကျွေးရမွေးရ၊ ပေးရကမ်းရသည်။

ကိုယ်က ကိန်းသေပေါက် သင်္ဘောပေါ် တက်ရမည့်သူ။ သူတို့က လမ်းစပျောက်နေသူ။ ကိုယ့်ထက်စာယင် သူတို့အနေအထားကို ကိုယ်က စာနာရမည်။ ရေထဲကလူ ကုန်းပေါ်ရောက်ပြီဆိုယင် ငါးတွေလို တဖြတ်ဖြတ် တလူးလူး ရှိနေတတ်ကြသည်ပါ။

သင်္ဘောပေါ်ရောက်ပြီ။

ရောက်ရောက်ချင်း ဆောက်နှင့်တွင်း ဆိုသလို ခံရချက်တွေကလည်း စိတ်ဓာတ်ကျစရာ။ မြန်မာပြည်က သင်္ဘောသားတွေအားလုံးကိုညို့လို ဖြစ်ရသည် ခံရသည်မဆိုလိုပါ။ အဆင်ပြေသူချောသူတွေလည်း အများကြီး ရှိကြပါ၏။ မချောသူ မပြေသူတွေလည်း ဒုနဲ့ဒေး ရှိကြ၏။

မပြေမချောသူထဲမှာ ကိုညို့တယောက် ပါသည်။

သူရောက်သွားသည့် သင်္ဘောပေါ်မှာ မြန်မာသင်္ဘောသားဆို၍ သူပါမှ နှစ်ယောက်တည်း။ တယောက်က တတိယအရာရှိ။ သူက ကုန်းပတ် သင်္ဘောသား။

အများနှင့် အနည်း ဆိုတော့လည်း အနည်းသမားက ခံရစမြဲ။ ပြီး....သူက သင်္ဘောသား အသစ်စက်စက်။ ကိုအောင်မြင့်ဇော်က အကြောင်းမဟုတ်။ သူက အရာရှိ ကိုအောင်မြင့်ဇော်က အခုမှ ရေထဲဆင်းလာသူမဟုတ်။ ကုန်းပေါ်ထက် ရေထဲမှာ အနေများသူ။



ကိုအောင်မြင့်ဇော်က မြန်မာအချင်းချင်း ရိုင်းပင်းစိတ်ရှိသော်လည်း လုပ်ငန်းခွင်က တခြားစီမို့ နေရာတကာမှာ ပေးမနိုင်၊ မကူညီနိုင်။

ဗိုလ်ကျသမျှ ခေါင်းငုံ့ခံရုံပဲဆိုသလို ခံနေရသည်။ သူငယ်ချင်းဖြစ်သူ ပြောပြသည့် ပျော်စရာ ရွှင်စရာဆိုလို့ တကွက်ကလေးမှ မတွေ့သေး။ သူများထက် နှစ်ဆပိုလုပ်ရသမို့ ပိုပြီးပင်ပန်းသည်။ နားချိန်ရောက်ပြီဆိုယင် ကိုယ်တွေ လက်တွေညောင်းချင်၊ မလှုပ်ချင်တော့ အရုပ်ကြိုးပြတ်သည်သို့နှယ် ရှိပါချေ၏။

စိတ်ပျက်စရာတွေလေ၊ အိမ်ကိုပိုပြီးသတိရလေ။ သားနှင့်မိန်းမတို့နှစ်ယောက် ကိုယ့်မျက်စိရှေ့မှောက်တွင် ရှိစဉ်ကသည်လောက်မဟုတ်၊ မျက်ကွယ်ရပ်ဝေးတွင် ရှိနေသည်မို့ ပို၍သတိရသလို သူတို့အတွက် ပို၍ပူပင်သောက ထွေပြားရသည်။

ပင်ပန်းမှု ဒဏ်နှင့် စိတ်ဓာတ်ကျရောဂါကို ကုစားဖို့ သင်္ဘောပေါ်မှာ ပေါပေါရသည့် အရက်ကို ဖောဖောသီသီ သောက်ရာမှ တဖြည်းဖြည်း အရက်က ကိုယ့်ကို အနိုင်ယူသွားသည်ကို ခံလိုက်ရတော့၏။

ခံစားနေရသည့် နာကျည်းခံပြင်းစိတ်များကို အရက်က ဆွပေးလာသည်။ သွေးဆူလာသည်၊ ဘာလုပ်ယင် ဘာဖြစ်မည်ဆိုသည့် အသိဉာဏ် လွတ်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အထက်အရာရှိများကို ဆန့်ကျင်ဖို့ ဝန်မလေးသလို ဘယ်သူနှင့်မဆို ဖိုက်ပွဲနွှဲဖို့ ဝန်မလေးဖြစ်လာသည်မှ သင်္ဘောပေါ်တွင် ငပွကြီးဖြစ်လာသည်။

မိန်းမမှာလိုက်သည့် ပစ္စည်းတချို့နှင့် ကလေးများအတွက် အဝတ်အစားတချို့ ပို့လိုက်နိုင်သည်ကလွဲ၍ ကားဖိုးမပြည့်ခင် သင်္ဘောပေါ် ဆင်းခဲ့ရတော့၏။

သူ့လိုလူတွေ စုဝေးရာ စက်ဘုသို့ ရောက်သွားသည်။ နောက်သင်္ဘောတစင်းပေါ် တက်ရနိုး စောင့်မျှော်ယင်းတဖြည်းဖြည်း ဘဝအခြေပျက်စပြုလေသည်။

မက် မက် မင် မင် စွဲ စွဲ မြဲ မြဲ ရှိ လာ သည့် အ ရက်ကိုလည်း မသောက်ရမနေနိုင်။ ကုန်းပေါ်မှာက ရေထဲမှာလိုမပေါ။ နောက်သင်္ဘောလည်း မတက်ရ၊ လေယာဉ်ပျံစရိတ် မကုန်ခင် ပြန်ခဲ့ရသည်။ ဆက်သာနေယင် လမ်းဘေးအိပ်ရသည့်အနေ အနေအထားသို့ ရောက်တော့မည်။ တရပ်တမြေမှာ ဘဝပျက်စ ပြုပြီးယင် ပြန်ဆယ်ဖို့မှာ မလွယ်။

သင်္ဘောလိုက်နေစဉ် သင်္ဘောပေါ်က ဆင်းခဲ့ရပြီးနောက် အိမ်ကိုတော့ စာမှန်မှန်ရေးသည်။ အဖြစ်အပျက် အမှန်ကို ထည့်မရေး။

ပြန်ခါနီးတော့ အိမ်ကိုသံကြိုးရိုက်သည်။ အိမ်ကလူတွေ အားလုံး ပျော်တပြုံးပြုံး၊ ပြန်လာယင် ဘာတွေပါလာမည် ဆိုသည့် မျှော်လင့်ချက် တနင့်တပိုးကြီးနှင့်၊ မုန့်ဆီကြော်က ဘယ်နေမှန်းမသိ နှုတ်ခမ်းနာနှင့် တည့်ပါ့မလား ဆိုသည်မျိုး



အကြောင်းရင်းမှန်ကို မသိသေးသမို့ ကြိုဆိုသူတွေက တက်လို့ကဲလှဲလှဲ။

တခြားသင်္ဘောသားတွေ အပြန်ခရီးလို သေတ္တာတွေ သုံး လေးလုံးလောက် ပါလာလိမ့်မည်လို့ ထင်ထားကြသည်။

လေယာဉ်ပေါ်ကဆင်းပြီ မိသားစုနှင့်တွေ့ပြီ၊ ဝမ်းပန်းတသာနှုတ်ဆက်ကြ ပြောကြဆိုကြသည်မှာ လက်ပံပင်ပေါ် ငှက်အုပ်ကျသည်သို့နှယ်။

ရိုးရိုးပက်ဆွဲအိတ်တလုံး ဆွဲလာသည့် ကိုညို၏ အပြုံးမှာ ချိုပြုံး။

အစစ်ဆေးခံသည့် ကိစ္စများအားလုံး ပြီးစီးသွားပြီ၊ ပြန်ဖို့ ကားကို သူက စလိုက်သည်။

မယားဖြစ်သူထံက အာမေဋိတ်စကားသံ ထွက်လာ၏။

“ဟင်....ကိုညို ပစ္စည်းတွေ မရှိတော့ဘူးလား”

“ဘာမှမပါဘူးမင်း၊ အိမ်ကျမှ ကိုယ် အေးအေးဆေးဆေး ပြောပြမယ်”

မိသားစုအားလုံး၏ အပြုံးများလွင့်ပြယ်သွားပြီ။ ယောက္ခမရော မိန်းမပါ နှုတ်ခမ်းတစူစူနှင့်။

သူက ကားရှေ့ခန်းမှာ မိသားစုက ကားနောက်ခန်းမှာ။ ကားနောက်ခန်းမှာ ဆူညံဆူညံ။ ယောက္ခမကြီး၏ ပွက်လောရိုက်သံနှင့် ကားရှေ့ခန်းသို့ စူးကနဲ၊ စူးကနဲ ဝင်လာသည်။

ကိုညိုကတော့ မထုံတက်တေး။ သူ့မှာ အကြောင်းပြစရာ အခိုပ်အခဲ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်မလှသည့် သင်္ဘောသားများ၏ လက်သုံးစကား။

သင်္ဘော ရောင်းစေ်လိုက်လို့ နှင်လနှင့် ဆင်းလာရသည်။ သုံးလနှင့်ဆင်းလာရသည်။ နောက်သင်္ဘောအတွက် ကြိုးစားယင်း အခြေအနေမကောင်းလို့ ပြန်လာရသည်ဆိုသော လက်သုံးစကား။

ကိုညိုပြန်လာတော့မည်ကို သိနေကြသည့် အိမ်နီးနားချင်းများကလည်း ဘာတွေပါလာ မှာပါလိမ့်လို့ စိတ်ဝင်တစား ရှိနေကြသည်။

အိမ်ပေါ်မှာ ဖင်နွေးအောင်မထိုင်ရသေး၊ ဖိုက်တင်ပွဲစခဲ့ရ ကိုညိုမှာ ရှေ့မျက်နှာ နောက်ထားပြီး အိမ်ပေါ်ကဆင်းခဲ့ရတော့၏။

သင်္ဘောတခေါက် လိုက်သွားရာမှ ရလိုက်သည့်အမြတ်မှာ အလုပ်လက်မဲ့ဖြစ်ခြင်း၊ မိသားစုနှင့်အတူတကွ မနေရခြင်း။ အရက်၏ကျေးကျွန်ဘဝသို့ ရောက်ခဲ့ရခြင်းသာပါလေ။

ကိုညိုလို သင်္ဘောသားဦးရေမှာလည်း မနည်းပါ။

ထားဘိတော့။

ပြည်ဝင်လှ၍ အိမ်အပြန် ကြွကြွရွရွ ခေါင်းတမော့မော့ ပြန်လာနိုင်သူတွေကျတော့ တမျိုး။

သိန်းကျော်တန်ကားသည်းပါလာသည်။ ပစ္စည်းတွေလည်း ပါလာသည်။



ဒါတင်မက လောကလူ့ဘဝသက်တန်းတွင် ပြင်ရအခက်ဆုံးဆိုသည့် ဘဝင်မြင့်ရောဂါလည်း တပါတည်း စွဲကပ်ပါလာသည်။ လမ်းလျှောက်ပုံကအစ ထောင့်မကျိုး။

ဖောရင်းမိတ်တွေ ထည်လဲဝတ်ပြီး လူတကာ အမြင်ကပ်လောက်အောင် မြောက်ကြွမြောက်ကြွ ဖြစ်လာသည်။ နိုင်ငံခြားအရက်ကို ဟိုဘယ်ကြီးကြီးမှာ သောက်ရမှ ဖြစ်လာသည်။

ရောက်စမို့ လက်ကိုင်ငွေကလည်း အပြည့်။

ခြေကျင်လျှောက်ရမှာတို့ ဘတ်စ်ကား စီးရမှာတို့ဆို ဝေလာခေး၊ အငှားဘိုင်စီကားကိုပင် မစီးချင်။ ဖယ်မလီယာကားကို လပေးအငှားစီးပြီး အင်းလျားလိတ်မှာ ဖောရင်းလစ်ကာချည်း ဆွဲနေသည်။

ငွေယားလေး အားနည်းလာတော့ ဖယ်မလီယာကို လက်လွှတ်လိုက်ရသည်။ အနီမစီးသေး၊ အနက်တိုင်စီနှင့် ကရဝိက်တို့ သမ္မတတို့အဆင့်သို့ လျှော့ကျသွားသည့်။

သင်္ဘောလိုက်ရေးမှာ မျှော်လင့်ထားသလို မဖြစ်လာ။ ဒါပေသိ အသုံးအသောက်ကို မလျှော့နိုင်။ ဘဝင်ကလည်း မိုးထိအောင် တက်ကိုင်ထားသမို့ ချရခက်နေသည်။

နာရီနှင့်ငှားစီးရသည့် ပမိုက်ဗိတ်တိုင်စီကို မတတ်နိုင်။ အနီကိုင်ရပြီ။ ကားလည်းနံပါတ်နီ၊ ပုလင်းလည်းပြည်တွင်းဖြစ်အနီ။ ဟိုဘယ်မှာ သောက်ရမှဆိုသည့် ရောဂါလည်း ဘက်နေဆဲ စထရင်းဟိုတယ်ကို ဦးလှည့်ပြောင်းရသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တခေါက် ဆိုသည်ကလည်း အဆင်မပြေသေး။ လက်ကိုင်ငွေအားကလည်း နည်းသည်ထက် နည်းလာ... ကားအနီးရော လစ်ကာအနီးကိုပါ လက်လွှတ်လိုက်ရသ... ၄၂ လမ်းက သင်္ဘောသားတို့စုဝေးရာ အဖြူဆိုင်မှာထိ... သည့်အဆင့်သို့ လျှောကျသွားလေတော့၏။

၄၂ လမ်းအဖြူဆိုင်က အဖြူဆိုင်ပေမယ့် သီးသီးသန့်... စားပွဲကုလားထိုင်နှင့် ရေခဲ၊ ဆော်ဒါ၊ အမြည်းအပြည့်... ဖန်ခွက်သန့်သန့်ပြန့်ပြန့်နှင့် သောက်ရသမို့ အဖြူဘဝင်... တွေ စုဝေးကြသည်။

ကြာတော့ နောက်ပါ ကပ်ဆွဲသမားထု၏ဒဏ်ကို မခံ... အိမ်မှာပဲဆွဲရသည်။ နောက်ဆုံးတန်းကျ သင်္ဘောသား... လည်း ရှိကြသည်။

ပန်နီထဲကရသည့်ပိုက်ဆံ ပန်နီထဲပြန်သွားသည် ... ဆိုစကားမှာ သူတို့နှင့်အလိုက်ဘက်ဆုံး ပမာစကားပ...

ဘဝပျက်သင်္ဘောသားတွေ အကြောင်း ရေးလို့... သီးခြားစာအုပ်တအုပ်မက ရှိလိမ့်မည်။ သူတို့အကြောင်း... တစ ဖော်ပြနေသည်မှာ ပျော်စရာ ရွှင်စရာ လိုက်... အဖုံဖုံနှင့် ကင်းဝေးပြီး ပင်လယ်ထဲ မျောနေသူများ... သည်သို့ဖြစ်ခဲ့သည်ရှိသော် ပျော်ရွှင်စရာကို ပျော်ချင်သည်... ပျော်နိုင်ခွင့်ရသည့် တင်မောင်မြင့်တို့လို နိုင်ငံရပ်ခြားက... မှာ အမြဲနေရသူ လူငယ်တွေအဖို့ ကိုယ့်ကိုယ်ကိုထိန်းရ... သာ၍ခက်လိမ့်မည်ကို ပြောချင်သောကြောင့်ပါ။



သောက်ချင်သလိုသောက်၊ စားချင်သလိုစား၊ သွားချင်သလိုသွား၊ ပျော်စရာဝဲဩဃထဲမှာ လည်ချင်သလို လည်နိုင်သည့် လူငယ်တယောက်။ ဘဝပျက်လမ်းကြောင်းပေါ် မရောက်အောင် ထိန်းရသည်မှာ သင်္ဘောသားများ ထိန်းရခြင်းထက် ပိုခက်၍ ပိုနက်ပါလိမ့်မည်။

ကိုညိုကြီးလို ပြည်ပြန်မလှသူအဖြစ်မျိုးကို တင်မောင်မြင့်တို့က ပို၍ရောက်လွယ်၏။ သို့တစေ တင်မောင်မြင့်က ဦးတည်ချက်မပျောက်အောင် ထိန်းနိုင်ရုံမက ပြည်ပြန်လှအောင် နေနိုင်လုပ်နိုင်ခဲ့ပါ၏။

ဒါပေမယ့်....။

× × ×

www.burmeseclassic.com

www.burmeseclassic.com

(ရှစ်)

ယာမာတို ပြန်သွားတော့မှ ရေချိုးဖို့ပြင်ဆင်ရသည်။ ရေ ချိုးခန်းကို ဝင်ကြည့်တော့ ရေနွေးချိုးမလား၊ ရေအေးချိုး မလား ကြိုက်ရာချိုးနိုင်သည်။

ရေချိုးခန်းမှာထားသည့် မျက်နှာသုတ်ပဝါ၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ နောက်ဖေးသုံးစက္ကူလိပ်စသည် ပစ္စည်းများမှာ အားလုံး အသစ်ချပ်ကျွတ်တွေချည်း။

တနေ့လုံးလိုလို ဝတ်ဆားရသည့် ဘောင်းဘီနှင့်ကုတ်အင်္ကျီ များကြောင့် အနေကျဉ်းကျပ်သလို ဖြစ်နေရာ ဘောင်းဘီနှင့် ကုတ်အင်္ကျီများ ချွတ်လိုက်တော့မှ အနေရအထိုင်ရ ချောင်ချိ သွားသည်။



ရေချိုးခန်းထဲမှ ရေချိုးကန်ထဲဝင်ပြီး ရေမချိုးဘူးသေး။ ရေချိုးရမည်မှာ ပထမဆုံးအကြိမ်။ ရေချိုးခန်းထဲမှာ အအေး ဓာတ်လျော့နေသမို့ ရေအေးနှင့်စိမ်ချိုးလိုက်သည်။

ရေချိုးကန်ထဲ ဝင်ထိုင်ပြီး ရေချိုးရသည်မှာ မြန်မာပီပီ အားရပါးရ တဗွမ်းဗွမ်း လောင်းချိုးရသည်လောက် အားမရ။ စိတ်ထဲမှာ မသန့်သလို ရှိနေသည်။ သို့တခုစ လန်းလန်း ဆန်းဆန်းတော့ ရှိသွား၏။

အခန်းထဲမှာ မအေး၊ မပူလည်းမပူ၊ နွေးနွေးထွေးထွေး လေး ရှိနေသည်။ နေလို့ထိုင်လို့ ကောင်းရုံကလေးပါ။

တယ်လီဖုန်းနှစ်လုံး တင်ထားသည့်စားပွဲပေါ်မှ ကတ်ပြား ထောင်စုံတွေ ရှိသည်။ တယ်လီဖုန်းအဖြူက ဟိုတယ်အတွင်း ပြောဖုန်း။ ဆက်လို့ရသော နေရာများကို ကတ်ပြားလေးများ နှင့် ညွှန်ပြထားသည်။

မန်နေဂျာအခန်း၊ ကောင်တာစာရေးနေရာ၊ အရက်ဆောင်း သည့်နေရာ၊ အစားအသောက်မှာသည့် နေရာ၊ ပင်းမင်းပေး ရေးနေရာ၊ မီးသတ်နှင့် လုံခြုံရေးဌာန၊ လျှပ်စစ်ပြုပြင်ရေးဌာန၊ အငှားမော်တော်ယာဉ်ဌာန၊ သန့်ရှင်းရေး ဌာနစသော ဟိုတယ် တွင်းရှိ လိုခသာနေရာများကို အခန်းတွင်းမှာပင် ထိုင်လျက် ခေါ်ဆက်နိုင်သည်။

တယ်လီဖုန်းနံပါတ်များကို ပြထား၏။ နံပါတ်ရှေ့ငါး လုံး လှည့်ရန်မလို။ နံပါတ်နှစ်လုံးလှည့်ရုံသာ။

www.burmeseclassic.com

www.burmeseclassic.com



အပြာရောင် ဖုန်းမှာ ပြင်ပသို့ ဆက်သွယ်နိုင်သော
လမ်းညွှန်စာအုပ်က အထူကြီး ဂျပန်၊ အင်္ဂလိပ်နှစ်ဘာသာနှ
သူ၏ ခရီးသွား ချက်လက်မှတ်ကို ဟိုတယ် အတွင်းမှာ
အလွယ်တကူ လဲလှယ်နိုင်သည်။

ဟိုသွားသည်သွား သွားစရာမလို အချိန်ကုန်ခံပြီး ဈေး
ဖို့လည်းမလို။ အဖြူရောင် ဖုန်းနံပါတ်နှစ်လုံးကို လှည့်
ရှိသာ။

ရေချိုးပြီးလုံချည်အင်္ကျီ များလဲလိုက်ရာ ချောင်ချောင်
ရှိသွားသည်။

ပင်ပန်းနွမ်းနယ်လာသော်လည်း မျက်လုံးမစဉ်းသေး။

ထမင်းစား စားပွဲပေါ်ရှိ လှပသော ရောင်စုံဖန်လုံးက
နှင့် ဖိထားသည့် စာရွက်ထပ်ကြီးကို ဆွဲယူ ကြည့်လိုက်
သည်။

ကျူရှူးဟိုတယ်ကြီး၏ အခြေပြ မြေပုံဇယား။

အထပ်နှင့် အခန်းများ ဖွဲ့စည်းထားပုံ အခန်းနံပါတ်

ဟိုတယ်ကြီးမှ အပြင်ရှုခင်းအမြင်။

ရနိုင်သော အစားအစာများ စာရင်း။

အရက်မျိုးစုံ စာရင်း။

နံနက်စာ နေ့လယ်စာ ညနေစာ အချိုးအမည်များ။



အချိုသောက် ဖျော်ရည်မျိုးစုံ စာရင်း။

သစ်သီးမျိုးစုံ။

ဂျပန်စားသောက်ဖွယ်ရာများ။ တရုတ်စာ။ ဗိုလ်စာကုလား
စာ။ အီတလီ။ စပိန် စားသောက်ဖွယ်ရာ စာရင်းမှာ အစုံ
အလင်။

ဟင်းလျာမျိုးစုံစာရင်းဇယား။

ကော်ဖီ။ လက်ဖက်ရည်။ နွားနို့နှင့် မုန့်မျိုးစုံစာရင်း။

စားစရာရော သောက်စရာပါ အစုံအလင်။

မှာလိုရာကို ရုံးဆားဗစ်ခေါ် အခန်းအမှုထမ်းမှ တဆင့်
မှာကြားနိုင်သည်။

ညဉ့်နက်နေပြီဖြစ်သော်လည်း အစားအသောက်မှာ၍ ရလို
ငြား နံပါတ်နှစ်လုံးကို ကောက်လှဲလိုက်၏။

မောင်ရှ်၊ မောင်ရှ် အသံနှင့် ရက်ဆား၊ ရက်ဆား အသံမှာ
ဆပြိုင်တည်း ထွက်လာသည်။

တင်မောင်မြင့်က နွားနို့နှင့်မုန့် ရနိုင် မရနိုင်မေးလိုက်ရာ
ဘာဘက်မှ ပြည့်စုံရပါစေမည် လူကြီးမင်း ခဏစောင့်ပါဟု
အဖြေပေးသံ ပေါ်လာသည်။

ဆယ်မိနစ်ပင် မကြာ။

www.burmeseclassic.com

www.burmeseclassic.com



ညင်ညင်သာသာ ခေါက်လိုက်သည့် အခန်းတံခါးခေါ[illegible]
သံထွက်လာသည်။

"ဘယ်သူပါလဲ"

"ကျွန်တော် အခန်းအမှုထမ်းပါ"

"ဝင်ခဲ့ပါ…"

ဟိုတယ်ဝတ်စုံနှင့် ဂျပန်လူငယ်ကလေးတယောက်။ အ[illegible]
အဖြူ ဘောင်းဘီအစိမ်း နက်တိုင်အပြာတပ်ဆင်ထားသူလူ[illegible]
၏ လက်ပေါ်မှာ ဖြူဖြူဆွတ်ဆွတ် အဝတ်တထည်တင်လျ[illegible]

လက်တဘက်က လှပသော ငွေလင်ဗန်းကလေးကိုကိုင်ထ[illegible]
သည်။

စားပွဲပေါ်သို့ ဗန်းကလေးကို အသာအယာ တင်[illegible]
ဂျပန်လို ခေါင်းညိတ်အရိုအသေပေးပြီး ညင်သာစွာ လှည့်ထွ[illegible]
သွားသည်။

လင်ဗန်းထဲမှာ နွားနို့ပုလင်းနှင့် မုန့်များအပြင် အ[illegible]
ငါးလက်မခန့်ရှိ ဆေးပြင်းလိပ်လုံးအရွယ်ခန့် ဖြူဖြူအထော[illegible]
ကလေးတတောင့် ပါလာသည်။ ကော်ပြန့်စိမ်းအလိပ်ပုံစံမျိုး[illegible]

ဘာပါလိမ့်။

လက်နှင့်အသာ တို့ကြည့်လိုက်တော့ အိအိပုံ့ပုံ့ကလေး[illegible]



စားစရာတော့မဖြစ်နိုင် အလိပ်ကလေးထိပ်ဝကို ဖြဲဆွဲကြည့်
[illegible]ဖြန့်ကြည့်လိုက်တော့မှ မျက်နှာသုတ်ပဝါ အငယ်စားလေး
[illegible]း သိလိုက်ရသည်။ ရေမွှေးနံ့ ထုံသင်းပြန့်ထွက်လာ၏။
ခပ်နွေးနွေးလေး၊ ပလပ်စတစ်နှင့် အလုံပိတ်ထားသော
[illegible]ကြောင့် အနံ့မထွက်၊ ဖြန့်လိုက်တော့မှ ရေမွှေးနံ့ ပြန့်ထွက်
[illegible]သည်။
အစာမစားခင် မျက်နှာကို သန့်စင်ဖို့ ဖြစ်ဟန်ရှိပါသည်။
တင်မောင်မြင့်က စားသောက်ပြီးမှပဲ ရေမွှေးနံ့ သင်း
[illegible]သာ မျက်နှာသုတ်ပဝါကလေးနှင့် မျက်နှာကို ပွတ်တိုက်
[illegible]ိုက်သည်။
လက်သုတ်ပဝါသီးခြားပါသမို့ လက်သုတ်ပဝါမဟုတ်နိုင်။
[illegible]လည်း မှန်းခြေနှင့် ရမ်းကြိတ်လိုက်သည်ပါ။ ဘယ်သူမှ
[illegible]င်တာမှ မဟုတ်ပဲ။
တင်မောင်မြင့်၏ ခန့်မှန်းချက် မမှားပါ။
နောက်ပိုင်းတွင် စားသောက်ဆိုင်အကြီးကြီးတွေကို ရောက်
[illegible]င်း သည်အလိပ်ကလေးမျိုးကို တွေ့ရစမြဲ၊ သုံးရစမြဲ
[illegible]၏။
တင်မောင်မြင့်၏ ခန့်မှန်းချက် မလွဲသော်လည်း၊ အသုံးပြု
[illegible]နည်းတော့ လွဲသွားသည်။
အစာမစားခင် မျက်နှာသုတ်ပဝါလေးနှင့် သန့်စင်ရမည့်
[illegible]စာ၊ သူကစားပြီးမှ သန့်စင်လိုက်မိသည်။
ဂျပန် အထာများနှင့် မကျွမ်းခင် 'မသိလျှင်မေး မ[illegible]လျှင်
[illegible]း' ဆိုသည့်စကားပုံကို အသုံးပြုရလိမ့်မည်ပါ။

www.burmeseclassic.com

www.burmeseclassic.com



တခါက ပုစွန်ခေါက်ဆွဲကြော်တပွဲ မှာလိုက်သည်။ ကိုယ့်နိုင်ငံက ခေါက်ဆွဲကြော်များလို ခေါက်ဆွဲနှင့်ပုစွန် ရောကြော်ထားလိမ့်မည်လို့ပဲ ထင်ထားသည်။

ရောက်လာတော့ နှစ်ပွဲ....။

ခေါက်ဆွဲချည်းသတ်သတ် ကြော်ထားသည်က တပွဲ၊ ပုစွန်ချည်း ကြော်ထားသည်ကတပွဲ။

ခေါက်ဆွဲကြော်နှင့် တွဲဖက်စားရန် ပေးသည့်အချဉ်လည်း ကိုယ့်တိုင်းပြည်က အချဉ်မျိုးနှင့်မတူ ဖြူတူတူ၊ ဝါကျင့်ကျင့်။

အဖတ်ဘာဖတ်ကို မြည်းစမ်းကြည့်လိုက်ရာ၊ ဘာအသီးကို အချဉ်လုပ်ထားမှန်းမသိ။

မေးကြည့်တော့မှ သခွားသီးအချဉ်မှန်း သိရသည်။

တကြောင်းဘာဂါထာ တရွာတပုဒ်ဆန်း ဆိုသည်မျိုး ထင်ပါရဲ့။

ကျူးရှူးဟိုတယ်ကြီးတွင် အစားအသောက်များ စားသောက်ပြီးတိုင်း၊ စားပွဲထိုးကို ခေါ်၍ ပန်းကန်များ သိမ်းခိုင်းရန် မလိုပါ။

စားပြီးသား ဖန်းကန်ခွက်ရောက်နှင့် စားကြွင်းစားကျန်များကို လင်ဗန်းထဲထည့်၍ အခန်းထောင့်က လေသာပေါက်မျိုးကလေးကို ဖွင့်ပြီး ဗန်းကလေးကို ချထားရသည်။ တ[illegible]ကပ်လို ထောင်နေသည့် ရှာထိုးအဆင့်ကလေးကို ရွှေ့လှဲချ[illegible] လင်ဗန်းကိုထားပြီး လေသာတံခါးကို ပြန်ပိတ်ထားလိုက်ရုံပါ။



စားကြွင်းစားကျန် အနံ့အသက်များ မရှိစေရန်နှင့် စားပွဲထိုးများ ခဏခဏ အခန်းထဲဝင်လိုက် ထွက်လိုက်လုပ်ခြင်းဖြင့် အခန်းတွင်း နေသူကို အနှောင့်အယှက် မဖြစ်စေရန် စီစဉ်ထားခြင်းဖြစ်ဟန် ရှိပါသည်။

အခန်းထဲမှာ ကြည့်စရာ၊ လေ့လာစရာလည်း မရှိတော့၊ မျက်လုံးများ ငိုက်မြည်း မှေးစင်းလာသည်။

အိစက်ညက်ညောသည့် ရာဘာဖုံးကြီးပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်ရာ တခဏခြင်းမှာပင် အိပ်ပျော်သွားတော့၏။

* * *

မနက်ငါးနာရီ အိပ်ရာကနိုးလာသည်။

မျက်စိအကျင့် ဝမ်းအချင့်ဆိုသော ပမာစကားရှိသည်။ ရန်ကုန်မှာ နေစဉ်ကတည်းက မနက်ငါးနာရီထိုး အိပ်ရာမှနိုးစမြဲ။

ကိုယ်လက် သန့်စင်ပြီး ဖရီးအိပ်(စ်) ဆိုက်လုပ်ခဲ့သည်မှာ ငါးနှစ်ခန့်ရှိပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပါစင်ဂျာ ရတော့လည်း ကားပေါ်မှာ ထိုင်ရသည်။ ပါစင်ဂျာ မရသည့်အခါ အချင်းချင်း အုပ်စုဖွဲ့ စကားပြော တော့လည်း ထိုင်ရသည်။

မိုးလင်းက မိုးချုပ် ကိုယ်လက်လှုပ်ရှားမှု ဘာမှမရှိ။ မနက် တိုင်း ကိုယ်လက်လှုပ်ရှားမှု လုပ်ကျင့်ရှိခဲ့သည်။

ပြီးတော့မှ နောက်ဖေး နောက်ဖီသွား၊ စားစရာရှိတာ စား....။

ကားစက်နိုး၊ စက်အင်ဂျင်သံကို နားထောင်၊ ရေ-ဆေ ထိုင်-ဆီ ကြည့်။

အားလုံး ကျေနပ်မှုရှိတော့မှ ကားထွက်။

ဒါက နေ့စဉ်အလုပ် ဘယ်လောက်ပဲ အိပ်ရာဝင် နောက်ကျ နောက်ကျ၊ မနက်ငါးနာရီထိုးယင် နိုးစမြဲ။

ကိုယ့်ပြည်မှာ ငါးနာရီနိုးသလို၊ ဂျပန်ရောက်တော့လည်း ငါးနာရီပဲ နိုးသည်။

မျက်နှာသစ် ပြီး ပြတင်းပေါက်ကိုဖွင့်၍ အောက်ငုံ့ ကြည့်လိုက်ရာ လူတွေရော ကားတွေပါ လှုပ်လှုပ်ရှားရှား ရှိနေကြပြီကို တွေ့လိုက်ရ၏။

တိုကျိုသည် အိပ်စက်ခြင်း မရှိလေသလား၊ ဒါမှမဟုတ် ဂျပန်လူမျိုးတွေပဲ ဝီရိယ ကောင်းလေသလားဟု တွေးထင် စရာ....။

သူ ကိုယ်လက်လှုပ်ရှားမှု လုပ်နေစဉ် တံခါးခေါက်သံ ထွက် လာသည်။



ယာမာတိုလာတာ စောလှချည်လားဟုထင်ပြီး တံခါးဖွင့် လိုက်ရာ အခန်းစောင့်လုင်ကို တွေ့လိုက်ရ၏။ ခွတ်ဗူးနှင့် ရေနွေးကြမ်း လာပို့ခြင်း။

ရေနွေးကြမ်းမှာ စိမ်းဖန့်ဖန့် အရသာမှာ ဖန်ငန်ငန်။

သူ ရေမိုးချိုးပြီးသည့်အချိန် ယာမာတို ရောက်လာသည်။

"အိုဟိုက် အိုဂေါ့မိုင်မ(စ်) မင်္ဂလာနံနက်ပါ မစ္စတာမြင့်"

ပထမ ဂျပန်လိုနှုတ်ဆက်သည်။ တဆက်တည်း အင်္ဂလိပ်လို နှုတ်ဆက်သည်။နာမည်အပြည့်အစုံ မခေါ်တော့ အဖျားဆွတ် နာမည်ပဲ ခေါ်လာသည်။

"ညက ကောင်းကောင်း အိပ်ရပါတယ်နော်"

ဟုတ်ကဲ့...အိပ်လို့ ကောင်းပါတယ် မစ္စတာယာမာတိုစန် လာတာ အစောကြီးပါလား"

"ကျွန်တော်တို့ အစောကြီးထပြီး အစောကြီး အလုပ်လုပ် တဲ့အကျင့် ရှိကြပါတယ်"

"မစ္စတာမြင့် နံနက်စာ မှာပြီးပါပြီလား"

"မမှာရသေးပါဘူး ခင်ဗျာ၊ ကျွန်တော် မှာတော့မယ့် ဆဲဆဲ မစ္စတာစန် ရောက်လာတာပါ"

"ဒါဖြင့် ကျွန်တော် မှာလိုက်ပါမယ်၊မနက်ပိုင်း ဘာများ စားတတ်ပါသလဲ၊ ဥရောပအစာ ကြိုက်ပါသလား"

www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာစန် မှာချင်တာမှာပါ အရှေ့တိုင်းအစားအစာ ပိုကောင်းပါလိမ့်မယ်"

မစ္စတာယာမာတိုက တယ်လီဖုန်းလေး လှည့်လိုက်ရာ ဆယ့်ငါးမိနစ်အတွင်း နံနက်စာများ ရောက်လာသည်။

ကိတ်မုန့်တို့၊ ကြက်ဥကြော်တို့၊ ပေါင်မုန့်တို့ မပါ။

ခေါက်ဆွဲပြုတ် နှစ်ပန်းကန်။

ကိုယ့်ပြည်မှာ မနက်ပိုင်း အုန်းနို့ခေါက်ဆွဲနှင့် မုန့်ဟင်းခါး စား၊ လက်ဖက်ရည် သောက်သည့် အလေ့မျိုးနှင့် ဆင်တူပါသည်။

ခေါက်ဆွဲပြုတ်မှာ ကြက်သွန်ကြော်နှင့် ပဲပြားကြော်များ အုပ်ထားသည်။ ထို့အတူ အချဉ်တခွက် အပိုပါလာ၏။ ငွေ ခက်ရက်ရင်း မပါ။ ပလတ်စတစ်အိတ်ထဲမှာ နီ့နှစ်ရောင် တူကလေးနှစ်ချောင်း။

ကိုယ့်ပြည်က တရုတ်ဆိုင်သုံး တူတွေလို တထွာသာသာ မရှည်။ နီ့နှစ်ရောင် တူကလေးနှစ်ချောင်းမှာ ခြောက်လက်မ လောက်ပဲရှိသည်။တခါမှ သုံးဖူးသေးဟန်မရှိ အသစ်စက်စက်။

ခေါက်ဆွဲပြုတ်ကို တူနှင့်စားရသည်။

ခေါက်ဆွဲပြုတ် စားပြီးခါနီး ကော်ဖီ တအိုးနှင့် ရေ ကလက်တတုံးစီ ပါသည့် ပန်းကန်များ လာချပေးရာပူ နွေး သောက်ရအောင် ခေါက်ဆွဲစားပြီးချိန်လောက် မှန်း လာချပေးဟန်ရှိသည်။

တခုပဲ အခက်အခဲတွေ့ရသည်။



ခေါက်ဆွဲအဖတ်ကိုစားဖို့တူပါသော်လည်း အရည်သောက်ဖို့ ဇွန်းမပါ။

ယာမာတို ဘာလုပ်မလဲဆိုတာ စောင့်ကြည့်လိုက်ရသည်။ ယာမာတိုကပန်းကန်ကိုစောင်း၍ အရည်ကို မော့သောက်လိုက် ရာ သူလည်းပန်းကန်စောင်းပြီး မော့သောလိုက်သည်။

အာဂျီနိုမိုတို အချိုမှုန့် ထုတ်လုပ်ရာ တိုင်းပြည် ဖြစ်သော် လည်း အချိုမှုန့်ကို သိပ်သုံးဟန်မတူ။ ချိုပုံမှာ စူးစူးရဲရဲမချို မြမြလေး။

ခေါက်ဆွဲပြုတ်စားသောက်ပြီး လက်ဖက်ရည်မသောက်ခင် မစ္စတာယာမာတိုက ထိုင်ရာမထ၍ နံရံမှ ခလုတ်ကလေးတခုကို နှိပ်လိုက်ရာ ချိုလွင်အေးမြသော ငြိမ့်ငြိမ့်ညောင်းညောင်း ဂျပန်သီချင်းသံ ထွက်လာသည်။

ကျိုးရှိုးဟိုတယ်မှာ အရှေ့တိုင်း အနောက်တိုင်း သီချင်း မျိုးစုံကို မနက်ခြောက်နာရီမှ ညဆယ့်နှစ်နာရီအထိ ဖွင့်ပေး ထားသည်။နားထောင်လိုသည့်အချိန် ခလုတ်ဖွင့်။နားမထောင် ချင်ယင်ခလုတ်ပိတ်။

သည်ကနေ့ ပထမဆုံးလုပ်ရမည့်အလုပ်မှာ ဝတ်စုံသစ်ဝယ်ဖို့၊ တင်မောင်မြင့်မှာ ဝတ်စုံ တစုံတည်းပါသည်။ ဂျပန်ရောက်မှ ထပ်ချုပ်ရန် ကိုယ့်ပြည်က တစုံပဲချုပ်လာသည်။

ခု အပြင်ထွက်ရမည်ဆိုတော့ အလာခရီးဝတ်စုံကိုပဲ ပြန် ဝတ်လိုက်ရသည်။ တင်မောင်မြင့်က ယာမာတိုကို ဝတ်စုံအပို

www.burmeseclassic.com

www.burmeseclassic.com



မပါကြောင်း ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပြီး ဝတ်စုံချုပ်သည့် ဆိုင်သို့ ပထမဆုံး ပို့ခိုင်းရသည်။

သူတို့ဆီမှာ အဝတ်စ ဈေးမကြီးသော်လည်း ချုပ်ခဈေးက အဆမတန်။ ဆင်ဖို ထက် ချွန်းဖိုးကကြီး ဆိုသလိုပ။ သူက အမြန်လိုချင်လို့ ချုပ်ခဈေး ပိုပေးရသည်ထင်သမို့ ယာမာတိုကို မေးကြည့်ရာ သူတို့ဆီတွင် ချုပ်ခ ဈေးကြီးကြောင်း သိလိုက်ရသည်။

ချုပ်ပြီးဝတ်စုံ ဝယ်ဝတ်လျှင် ဈေးသက်သာသည်မှာ သူတို့ဆီက ထုံးစံ။ ချုပ်ပြီးဝတ်စုံနှင့် အော်ဒ ဝတ်စုံမှာ ထူးထူးခြားခြား ကွာခြားမှုမရှိကြောင်း နောက်မှသိရသည်။

လေဆိပ်သို့ လာကြိုသည့် ကားနှင့်ပင် မြို့ထဲသို့ ထွက်ခဲ့ကြသည်။

မစ္စတာယာမာတိုက တင်မောင်မြင့်၏ လက်ရှိအနေအထားကိုပြောပြရာ ဂျပန်ကိုရောက်လာသော်လည်း ကုမ္ပဏီနှင့်မည်သို့မှ မသက်ဆိုင်သေးကြောင်း မစ္စတာနာကာတာနီစန်၏ ဧည့်သည်အဖြစ် နေရမည်ဖြစ်ကြောင်းနှင့် နက်ဖြန် မစ္စတာနာကာတာနီစန် ရောက်လာမည့်အကြောင်းကိုပါ ပြောပြသည်။

ယာမာတိုက မော်တော်ကားကို မှန်မှန်ပင် မောင်းလာသည်။ သည်နေ့ ယာဉ်မောင်းသူမပါ သူကိုယ်တိုင် မောင်းလာသည်။ မြို့တွင်းမှာ ကားတွေရှုပ်သလို မီးပွိုင့်တွေကများသည်။ မျဉ်းကြားဖြတ်သည့် လူတွေကလည်း အစုလိုက်အပြုံလိုက်။



ကားမောင်းသူများက မျဉ်းကြားဖြတ်သူများကိုအလွန်ဦးစားပေးကြသည်။

ဘယ်လောက်ပင် အရှိန်ပြင်းပြင်း မောင်းလာသည့် ကားဖြစ်ပါစေ လူဖြတ်ကူး မျဉ်းကြားပေါ်ဖြတ်နေသူရှိလျှင် အရှိန်သတ်၍ တုံ့ကနဲ ရပ်ပေးကြသည်သာ။

ရန်ကုန်မှာ မော်တော်ယာဉ် ထိန်းသိမ်းရေး ယာဉ်ထိန်းရဲ မရှိသည့်နေရာတွင် လမ်းဖြတ်ကူးသူက ကားကို စောင့်ရသည်။

ဆိုင်တွေကလည်း များမှများ။ ရောင်မျိုးစုံ ဆိုင်းဘုတ်များမှာ တခုနှင့်တခု ထိစပ်လျက်။

ပလက်ဖောင်းပေါ် လမ်းလျှောက်သွားသူများမှာ အေးအေး သက်သက် ဖြည်းဖြည်း နှေးနှေး လျှောက်သူမရှိ။ မြန်မြန်သွက်သွက်။

ပြေးလွှားနေသလား ထင်ရသည်။ အချိန်ကိုလု၍ သွားနေကြရဟန်ရှိ၏။

တနေရာတွင် ကားကိုရပ်လိုက်၏။

"မစ္စတာမြင့် ကားကို သည်မှာရပ်ထားပြီး ကျွန်တော်တို့ လမ်းလျှောက်သွားရမယ်။ ကျွန်တော်တို့ဆီမှာ ကိုယ်သွားချင်တဲ့နေရာအထိ ကားစီးသွားလို့ မရဘူး ကားရပ်ဖို့ အခက်အခဲရှိပါတယ်"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ကဆင်းပြီး လမ်းလျှောက်ခဲ့ကြသည်။ အမျ... နည်းတူ ကိုယ်လည်း ခပ်သုတ်သုတ် လျှောက်ရသည်။ လ... ပေါ်မှာ ဂျပန်မိန်းကလေးများ၏ နွဲ့နှောင်းသော အလှ... မမြင်နိုင်။ ပန်းခြံတို့၊ ရုပ်ရှင်ရုံတို့၊ ကပွဲရုံတို့ကျမှသာ နွဲ့နှော... ဟန်ကို မြင်နိုင်သည်။ လမ်းပေါ်မှာတော့ နောက်ကကျ... လိုက်လာသလို။

ဂျပန်မှာ ယန်းငွေစက္ကူကို ကိုင်သုံးလို့လည်းရသည်၊ ကူ... နှင့် လဲသုံးလို့လည်း ရသည်။

ငွေကိုအိတ်ထဲထည့်ယူ သွားရသည်မှာအန္တရာယ်များသည်... ကူပွန်က အန္တရာယ်ကင်းသည်။

သူတို့နှစ်ယောက် ပလက်ဖောင်းပေါ်တွင် ,လျှောက်နေ... ယာမာတိုက ဆိုင်တဆိုင်ထဲသို့ လှမ်းဝင်လိုက်သောကြော... သူလည်း နောက်က လှမ်းဝင်လိုက်ရသည်။

စားသောက်ဆိုင်တဆိုင်၊ ဆိုင်မှာ လူသွားလမ်း ပ... ဖောင်းနှင့် ကပ်လျက်။

ရန်ကုန်မြို့ အနော်ရထာလမ်းက စားသောက်ဆိုင်မျာ... လိုမျိုး။

ဆိုင်ကငယ်ပေမယ့် သန့်ပြန့်သည်။ စားသောက်နေသူ... ကလည်း တဆိုင်လုံး ပြည့်လုခမန်း။ ခုံလွတ်နှစ်ခုမှာ ဝင်... လိုက်ကြရသည်။



မစ္စတာ ယာမာတိုက စားပွဲထိုးအမျိုးသမီးကို 'တင်ပူရာ'ဟု မှာလိုက်၏။ တင်မောင်မြင့်က တင်ပူရာဆိုသော စကားကိုပဲ ကြားလိုက်သည်၊ ဘာမှန်းမသိ။

တင်ပူရာမလာခင် မျက်နှာသုတ်ပဝါ အလိပ်ကလေး အယင် ရောက်လာသည်။ နောက်မှတင်ပူရာ။

"တင်ပူရာ' ဆိုသည်မှာ မနက်က ဟော်တယ်တွင် စားခဲ့ သည့် ခေါက်ဆွဲပြုတ်မျိုးပင်။ ရန်ကုန်မှာ အသုံးနည်းသွားပြီ ဖြစ်သည့် ခေါက်ဆွဲပြုတ်ကြော်မျိုး ဆင်ဆင်ပါ။

တူကာ့လေးနှစ်ချောင်းနှင့် အဖတ်တွေကိုစား၊ ပြီးတော့ အရည်ကို ပန်းကန်လိုက်မော့ခသာက်။ သူတို့ဆီမှာ လူတန်းစား မရွေး သည်လိုပဲစားကြသည်။ စားသောက်ပြီးသည့်အခါ တူကလေးနှစ်ချောင်းကို အမှိုက်ပုံးထဲပင် ပစ်ထည့်လိုက်။ ပန်းကန်က တခါသုံးမဟုတ်ပေမယ့် တူကတခါသုံး။ တင်မောင်မြင့် က အမှိုက်ပုံးထဲက တူကလေးတွေကိုကြည့်ပြီး နှမြောတာသ ဖြစ်နေသည်။

ရန်ကုန်ကဆိုင်တွေမှာဆို စားပြီးရေစင်အောင်ပင် မဆေး။ ဝါးခွက်ထဲပြန်ထည့် ထားလိုက်သည်။ ဆီချေးညှိတွေတက်လို့၊ မြင်ရုံနှင့် အော်ဂလီဆန်ချင်စရာ။

ဂျပန်လူမျိုးတွေ တင်ပူရာကို အတော်ကြိုက်သလို တင်ပူရာ စားသည့်အခါ ဟန်တွေပန်တွေ။ အိုင်တင် ခံတွေတွေမ... ပန်းကန်စောင်းပြီး မော့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မဂိုလမ်းက ချစ်တီးဆိုင်မှာ ငှက်ပျောဖက်အလယ်ခေါင် ထမင်းပုံ၍ ဘာကြီခေါ် ဟင်းရွက်ကြော်များကို အပုံလေးတွေ ပုံပေးပြီး ပဲဟင်းရွှဲရွှဲ ဆမ်းပေးသည်ကို စားရသည်သို့နှယ်။

ချစ်တီးဆိုင်မှာ သဒ္ဒေးကြီး၊ မဂေးကြီးတွေကလည်း သည် ပုံစံအတိုင်းစားရသည်။ ဆင်းရဲသား၊ လမ်းဘေးသမားများ လည်း သည်ပုံစံအတိုင်းပင် စားရသည်။ ဟန်တွေပန်တွေ လုပ်လို့မရ၊ အိုင်တင်ခံလို့မရ။

တင်ပူရာက အစာကြေလွယ်သည်လားမပြောတတ်၊ တခါ စားပြီး နှစ်နာရီခလောက်အကြာ နောက်တခါ ထပ်စားလည်း ရသည်။

တင်ပူရာဆိုင်က ထွက်လာပြီးနောက် လမ်းလေးခုဆုံ အထပ်ခြောက်ထပ် တိုက်ကြီးထဲသို့ ဝင်ခဲ့ကြသည်။ ကုန်ပဒေ သာတိုက် ဆိုင်ကြီး။

အောက်ထပ်မှာ စားသောက်ဆိုင်မျိုးစုံ။

ကုန်ပဒေသာတိုက် ဆိုင်ကြီးထဲ ဝင်ခဲ့သည့် အကြောင်းကို မသိ။ မစ္စတာမာယာတို တစုံတရာဝယ်ဖို့ရှိ၍ ဝင်ခဲ့သည်ဟု ထင်ခဲ့သည်။ မဟုတ်ပါ ဘင်မောင်မြင့်အတွက်။

ပထမထပ်မှာ အထည်အလိပ်မျိုးစုံရှိသည်။

မချုပ်ရသေးသည့် အထည်အလိပ်များ၊ ချုပ်ပြီးသား အင်္ကျီများ၊ စပို့ရှပ်မျိုးစုံ၊ အနွေးထည်မျိုးစုံ၊ မိန်းမဝတ် ယောကျ်ားဝတ်အစုံ၊ ဘာရှိပါသလဲသားလို့ မေးစရာမလို အောင်ပင် စုံစုံလင်လင်ရှိသည်။



မျက်စိတဆုံး ကြည့်လေရာတိုင်းတွင် ဝယ်ချင်စရာတွေ ချည်း။

အနွေးထည်တွေက လှမှလှ။ မှာမီအတွက်၊ ဒေါ်ကြီးစိုး အတွက် မော်မော်အတွက် ဝယ်ချင်သည်မှာ ရင်တယားယား။ ပထမဆုံးလစာထုတ်လျှင် ဝယ်ပို့လိုက်မည်ဟု တေးထားလိုက် ရသည်။ ခုတော့မဝယ်နိုင်သေး။

မစ္စတာယာမာတိုက ဟာဝေယံအင်္ကျီ၊ စပို့ရှပ်နှင့်အနွေး ထည်များဝယ်ဖို့ အကြံပေးတိုက်တွန်းသည်။ လုပ်ငန်းခွင်တွင် ဘုတ်အင်္ကျီ ဝတ်စရာမလို၊ ဟာဝေယံရှပ်အင်္ကျီ၊ စပို့ရှပ်တို့ ဝတ်ရမည်ဖြစ်၍ ဝယ်ဖို့တိုက်တွန်း ခြင်း ဖြစ်၏။

ဈေးမကြီးပါ။ ဂျပန်ပြည်မှာ ချုပ်ပြီး အဝတ်အထည်များ ဈေးချိုသည်၊ ပေါသည်။ ခေါင်ခိုက်အောင် ဈေးကြီးသည်မှာ နေစရာအိမ်ခန်း၊ မြေကြီးနှင့် စားသောက်ကုန်များဖြစ်၏။

နေစရိတ်စားစရိတ်ကြီးသည်။ ကိုယ့်ပြည်က နေစရိတ်စား စရိတ်ထက် ကြီးမြင့်သည်။ အခြား လူသုံးကုန်ပစ္စည်းများမှာ ဈေးသက်သာသည်။

အပေါဆုံးက မော်တော်ကားနှင့် တယ်လီဗေးရှင်း။

စက်မှုထွန်းကားသည့် နိုင်ငံများတွင် လူသုံးကုန်ပစ္စည်းပေါ သော်လည်း စားသုံးကုန်ပစ္စည်းဈေးနှုန်းကြီးမြင့်သည်။ နေထိုင် စရိတ် ကြီးမြင့်သည်။

www.burmeseclassic.com

အထပ်ပေါင်းများစွာသော မိုးထိ တိုက်ကြီးများ ...
မဆောက်နိုင်လျှင် သူတို့ဆီကလူတွေ နေရေးမလွယ်။

နေရာတိုင်းမှာ လူတွေပြွတ်ပြွတ်ရိုက်နေသည်။

သူတို့ဆီမှာ အဝတ်အထည် အသုံးအဆောင်ပစ္စည်းတွေ ... အလကား ပေးနိုင်သော်လည်း အလကား မပေးနိုင်သည် ... အချိန်။

အချိန်ကို အလွန်တန်ဖိုးထားကြသည်။ ဒါကြောင့် သူ... ဆီမှာ သွားသုတ်သုတ် စားသုတ်သုတ်။

အချိန်ကိုတန်ဖိုးထားသည် တိကျသည်။ စည်းကမ်းရှိသ... ကိုယ်ကျင့်သိက္ခာ စောင့်ထိန်းသည်။ အမျိုးကို ချစ်သ... တိုင်းပြည်ကို တွယ်တာသည်။

သူတို့ဆီမှာ လူတယောက် အလုပ်တမျိုးတည်းလုပ်လို့... နှစ်မျိုးသုံးမျိုး လုပ်ရသည်။ ဒါမှ စားဝတ်နေရေးတည်... ရှိသည်။

ကိုယ့်တိုင်းပြည်မှာလို ပလက်ဖောင်းပေါ်က လမ်းဘေး... မျက်လှည့်ဝိုင်းမျိုး ဝင်ကြည့်လို့မရ။ လက်ဖက်ရည်ဆိုင်ထိ... ဝေဖန်လေကန်ဖို့ အချိန်သိပ်မရှိ။ သုတ်သုတ်သွား၊ သုတ်... စား အလုပ်များများလုပ်နိုင်ဖို့ အချိန်လုနေရသည်။

ရောက်စမို့လားမသိ၊ မြင်သမျှအထူးအဆန်းချည်း၊ ... သမျှ အားကျစရာတွေချည်းပါ၊ ကြာတော့လည်း ရိုးသွား... လိမ့်မည်။



ထိုနေ့က ရောက်အပ်ရာနေရာ တော်တော်များများကို ...ရောက်ခဲ့သည်။ ကားပါသော်လည်း သွားလိုသည့်နေရာ ...အထိ ကားစီးသွားလို့မရ။ ကားကို ထား၍ ခြေကျင် ...လျှောက်ရသည့် ခရီးတာက ပိုရှည်လိမ့်မည်ထင်သည်။

ကိုယ့်ဟာကိုယ် တယောက်တည်းသွားလို့များတော့ မျက်စိ ...ည်မှာ သေချာသည်။ လမ်းအသွယ်သွယ်မှာ ရှုပ်ယှက်ခတ် ...နေသလို ကားတွေက ပြွတ်သိပ်ကြပ်ညှပ်နေသည်။ ကားတန်း ...ကြီး ရွေ့လာပုံမှာ အဆက်မပြတ် စီးဆင်းနေသည့် ရေအဟုန် ...သာပ။

တည်းခိုရာဟိုတယ် ပြန်ရောက်တော့ ညခနေစောင်းနေပြီ။ ...မိုးချုပ်း ညနေစာစားပြီး အိမ်အတွက် ပထမဆုံးစာရေးရ ...သည်။

မစ္စတာယာမာတိုလည်း ပြန်သွားပြီ။ ညဥ့်နက်သည်အထိ ...ယ်လီဗေးရှင်းရွှေမှ အစီအစဉ်မျိုးစုံကို တဝကြည့်ပြီး မျက်စိ ...သောင်းလာတော့မှပဲ အိပ်ရာထဲ ဝင်လိုက်ရသည်။

တခဏချင်းမှာပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်ခြင်းနှင့် ...ဆက်လိုက်ရတော့၏။

* * *

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာက နိုးနိုးချင်း တယ်လီဖုန်းသံနှင့် မိတ်ဆက်လို သည်။ မစ္စတာနာကာတာနီထံမှ။

မင်္ဂလာနံနက်ခင်း နှုတ်ဆက်သံမှာ ချိုချိုလွင်လွင်။

မစ္စတာ နာကာတာနီက ခရီးလမ်း အဆင်ပြေမှု ရှိ ဟိုတယ်တွင်နေရသည်မှာ အဆင်ပြေမပြေ။ ပဋိသန္ထာရစ မေးမြန်းပြောဆိုပြီးနောက် သူလာခေါ်မည့်အကြောင်းပြေ အဆင်သင့်လုပ်ထားဖို့ အမှာစကားပြုပြီး ဖုန်းချသွားသ

သူက အဆင်သင့်ဖြစ်နေသော်လည်း မစ္စတာနာကာ ရောက်မလာသေး။ ထိုနေ့နံနက်က ယာမာတိုလည်း ရေ မလာ။ မစ္စတာနာကာတာနီ တော်တော်နှင့် ရောက်မလာ ကာမူ စောင့်ရသည်မှာ ကြာရန်ကောလို့ စိတ်အနှောင့်အ မဖြစ်ရပါ။

ဖတ်စရာစာအုပ်တွေရှိသလို ကြည့်စရာ တယ်လီဗေ လည်းရှိသည်။ တယ်လီဗေးရှင်းမှာ ခလုတ်ဖွင့်ပြီးလိုင်းပြေ ဖွင့်လျှင် တမျိုးမဟုတ်တမျိုးတော့ လာနေသည်သာ။

နာရီဝက်လောက်ကြာတော့မှ မစ္စတာနာကာတာနီ ေ လာသည်။ ထုံးစံအတိုင်းပင် သူ၏ရှမ်းရှမ်းမြမြအပြုံး အ လျက်၊ တွေ့သည်နှင့် ဖက်လှဲတကင်း နှုတ်ဆက်ပြီး သူ၏ ပြောင်းရွှေ့နေရမည့်အကြောင်းပြော၍ ဟိုတယ်အလုပ်သ များနှင့် တင်မောင်မြင့်၏သေတ္တာများကို သယ်ယူခဲ့ကြ



မစ္စတာနာကာတာနီ၏ ကားမှာ ဟိုတယ်ရှေ့တွင် အဆင် င့်... ။

မစ္စတာနာကာတာနီ၏ အိမ်မှာ တိုကျိုနှင့် မိုင်နှစ်ဆယ်ခန့် း သည်၊ ခြံဝင်းမှာကျယ်သည်။ ပေရှစ်ဆယ်ပတ်လည် ခြံဝင်း ခုလုံးကို လှပသော အုပ်ရိုးနိမ့်ကလေးဖြင့် ကာရံထား ည်။

အိမ်က ဂျပန်ပုံစံ ဘထပ် မြေစိုက်အိမ်။ အိပ်ခန်း ခြောက် း ရှိ သည်။

မ်ကလေးမှာ ရိုးယာဉ်သလောက် မျက်စိပသာဒအလှ ပ အရိပ်အပြည့်အဝ လွှမ်းထင်နေသည်ဟု ဆိုရမည်။

မစ္စတာနာကာတာနီ၏ ဇနီးမှာ အသက်ခြောက်ဆယ်ခန့် ဝဖိုင့်သော်လည်း ကျန်းမ ရေး အနေအထား ကောင်း ကြောင်းကို မပြောပဲနှင့် သိနိုင်သည်။

ဖော်ရွေသည့် အပြုံးပိုင်ရှင်။

စိတ်ထားကောင်းမည့် အရိပ်လက္ခဏာမှာ မျက်နှာပေါ် င် ပေါ်ပေါ်လွင်လွင် ထင်ဟပ်နေ၏။

မစ္စတာ နာကာတာနီတို့မှာ သားယောကျ်ားလေး မရှိ၊ သမီးချည်း လေးယောက်၊ နှစ်ယောက်မှာ အိမ်ထောင်ကွဲ၊ တူမနေ သီးခြားနေသည်။

နှစ်ယောက်မှာ အိမ်ထောင်မပြုသေး၊ တယောက် အိမ် ထောင်ပြုရန် အရွယ်လွန်နေပြီ။ တယောက်က အပျို။

တင်မောင်မြင့်က မစ္စတာနာကာတာနီတို့ မိသားစုနှင့် တူ နေရမည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အကြောင်းကို မစ္စတာနာကာတာနီက ဘယ်လိုပြော ထားသည်မသိ။ ဇနီးသားစုလုံး၏ ဖော်ရွေပုံမှာ လွန်လွန်ကဲကဲ ရှိဘိ၏။

တွေ့ဆုံခြင်းအစတွင် ဂျပန်ယဉ်ကျေးမှု ရိုးရာဓလေ့အတိုင်း ကိုယ်က ခါးညွတ်ပြီး ခေါင်းညိတ်လိုက်၊ သူက ခါးညွတ် ပြီး ခေါင်းညိတ်လိုက်။

"အာရိဂတ်တော ဂိုဇိုက်အီးမတ်စ်"

"ဟိုက် အာရိဂတ်တော ဂိုဇိုက်အိမတ်စ်"

တင်မောင်မြင့်ကို အိပ်ခန်းတခန်းတွင် နေရာချထားပေး သည်။ ခုတင်မရှိသမို့ ကျယ်ကျယ်ပြန့်ပြန့်ရှိသည်။

ဂျပန်ရိုးရာ ထုံးစံအတိုင်း ဖျာကို ကြမ်းပေါ်ခင်း၍ မွေ့ရာ ထပ်ခင်းပြီး အိပ်ရမည်ပါ။

တံခါးရွက် အားလုံးမှာ တွန်းဖွင့်ဆွဲပိတ်မဟုတ်၊ ဘေးတိုး ဘေးဖွင့် ဖွင့်ရသည်။

မစ္စတာနာကာတာနီက တင်မောင်မြင့်ကို ကုမ္ပဏီသို့ ခေါ် သွားသည်။

နောက်တနေ့ကစ၍ အလုပ်ဝင်ရမည်။ နိုင်ငံခြားကိုယ်စား လှယ်နှင့် အရောင်းဆက်သွယ်ရေး ဌာနတွင် စာရေးလုပ်ရ မည်။

ယင်းဌာန၏ စာအဝင်အတွက်၊ ဆက်သွယ်ရေးမှာ အင်္ဂလိပ်လို ရေးသားလုပ်ကိုင်ရသည့် ဌာနဖြစ်သောကြောင့် ဂျပန်စာနှင့် ဂျပန်စကား မတတ်သေးသည့် တင်မောင်မြင့် အတွက် အခက်အခဲမရှိ။



သူလုပ်ကိုင်ရမည့်ဌာနခွဲတွင် အလုပ်လုပ်နေသည့် ဌာနမှူးမှ အစ၊ ရုံးလုလင်အထိ အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကား တတ် ကျွမ်းကြသူများ ဖြစ်သောကြောင့် ဆက်ဆံရေးပိုင်းတွင် လည်း ပြေပြေလည်လည် ရှိသည်။

မစ္စတာနာကာတာနီ၏ အစီအစဉ်မှာ အလုပ်လုပ်ယင်း ဂျပန်စာနှင့် ဂျပန်စကားကို သင်ရမည်။

ဂျပန်စာနှင့် ဂျပန်စကား တတ်မြောက်သောအခါ စက်မှု ပညာသင်ကျောင်း တက်ရမည်။ အလုပ်လုပ်ယင်း စာသင်၊ စာသင်ပြီး ကျောင်းတက်။

သူတို့ဆီမှာ စက်မှုကျောင်း နှစ်မျိုးရှိသည်။

အစိုးရ ပညာရေးဌာနက ဖွင့်လှစ်ထားသော စက်မှု တက္ကသိုလ်ကျောင်းကြီး ရှိသလို၊ စက်ရုံအလုပ်ရုံ၊ ပုဂ္ဂလိက ကုမ္ပဏီကြီးများကဖွင့်လှစ်ထားသော ကိုယ်ပိုင်စက်မှု ကျောင်း များလည်း ရှိသည်။

ဥပမာ 'မစ်ဆူဘီရှိကုမ္ပဏီ'

မစ်ဆူဘီရှိကုမ္ပဏီမှာ ဂျပန်လျှပ်စစ် ပစ္စည်းမျိုးစုံ ထုတ်လုပ် သော ထိပ်တန်းကုမ္ပဏီကြီးဖြစ်၍ လန်ဆာလို နာမည်ကျော် ကားများ ထုတ်လုပ်ရုံမက အခြားသော တည်ဆောက်ရေး လုပ်ငန်းသုံး အကြီးစား စက်မှုပစ္စည်းများကိုလည်း ထုတ် လုပ်သည်။

ကိုယ်ပိုင် စက်မှုလက်မှုကျောင်းရှိ၍ အလုပ်သမားများနှင့် အလုပ်သမား သားသမီးများ တက်ရောက်သင်ကြားခွင့် ပေး

www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ ကျောင်းမှ ဆင်းသည့်အခါ ဒီပလိုမာလက်မှတ် ပေး၍ စက်ရုံတွင် အလုပ်ခန့်ထားသည်။

တင်မောင်မြင့် တက်ရောက်ရမည့် စက်မှုကျောင်းမှာ ယိုကိုဟားမားကုမ္ပဏီမှ ဖွင့်လှစ်ထားသည့် စက်မှုကျောင်း။

ယိုကိုဟားမား ကုမ္ပဏီသည် ဂျပန်ပြည်၏ ထိပ်တန်း စက်မှုကုမ္ပဏီကြီး များထဲတွင် တခုအပါအဝင် ဖြစ်၏။ ဓာတ်သတ္တုပစ္စည်းများ၊ ကျွဲကော်နှင့် သတ္တုရောစပ်သည့် ပစ္စည်းများ၊ လေယာဉ်ကိုယ်ထည် သတ္တုပစ္စည်းများ ထုတ်လုပ်၏။ ယိုကိုဟားမား ကုမ္ပဏီ၏ အထင်ရှားဆုံး ထုတ်ကုန်မှာ မော်တော်ကား တိုင်ယာများဖြစ်သည်။

ကုမ္ပဏီ၏ရုံးချုပ်အဆောက်အအုံကြီးမှာ တိုကျိုမြို့ပေါ်တွင် ရှိသော်လည်း စက်ရုံဘည်ရှိသည့်နေရာမှာ တိုကျိုနှင့် မိုင်နှစ်ရာ ခြောက်ဆယ်ခန့် ဝေး၏။

သယ်ယူပို့ဆောင်ရေးအတွက် ကုမ္ပဏီ၏ ကားများအပြင် မီးရထား၊ သင်္ဘောများနှင့် သင်္ဘောဆိပ်များလည်း ရှိသေသည်။

ခု....သူက ယိုကိုဟားမား ကုမ္ပဏီ၏ ရုံးဝန်ထမ်း စာရင်းဝင် ဖြစ်သွားပြီ။ စက်မှုကျောင်း တက်ပြီးမှ စက်ရုံသို့ အလုပ် ပြောင်းရွှေ့ လုပ်ကိုင်ရမည်။ ဒါက မစ္စတာနာကာတာနီ၏ အစီအစဉ်။

လက်ရှိအတူနေရမည့် မစ္စတာနာကာတာနီ၏ အိမ်ထောင်စုတွင်....။



နာကာတာနီ၏ ဇနီး စုမိတာနာကာတာနီ။

သမီးလတ် နေဂိုယာနာကာတာနီ။

သမီးငယ် မိချိကိုနာကာတာနီတို့ နေထိုင်ကြသည်။ မိချိကိုက ကျောင်းနေဆဲ။

နေဂိုယာက အိမ်ထောင်ကို ထိန်းချုပ်တာဝန်ယူရသူ။အပျိုကြီးဇာတာပါသူဟု ဆိုရမည်ပါ။ မိဘတွေက အိမ်ထောင်ချပေးဖို့ စီစဉ်သော်လည်း သူက ခေါင်းခါသည်။

အိမ်အလုပ် အားလပ်ချိန်များတွင် အချုပ်အလုပ်နှင့် သက်နှင့်မပြတ်။

ကြောင်ကလေးဘော့ကို တယုတရမွေးပြီး ကြောင်ကလေးဆုံးကောင်နှင့် ပျော်မွေ့နေသူပါ။

ရုပ်ရည်ကျတော့ မိချိကိုထက် ပိုချောသည်။ နေဂိုယာ၏ အလှမှာ ကျက်သရေဖြိုးဝေသည့် အလှမျိုး။

မိချိကို၏ အလှမှာ ရွှမ်းလက်သော်လည်း အနောက်တိုင်းဆန်သည်။

ရောက်စမို့လို့လားမသိ ဂျပန်အစားအသောက် များနှင့် ပါးစပ်မတွေ့သေးသည့်ပြင် လေးထပ်စားရသည့် အလေ့အထ နှင့်လည်း အံဝင်ဂွင်ကျ မဖြစ်သေးပဲ ရှိနေသည်။

မနက် ခုနစ်နာရီ စားသည့် နံနက်စာ။

www.burmeseclassic.com

www.burmeseclassic.com



ယာဂု(ဆန်ပြုတ်)တခွက်။ အသားအနည်းငယ်နှင့် မုန်လာ ချဉ်ဖတ်လို ချဉ်ဖတ် အချဉ်ပေါ့ပေါ့ တမျိုးပါသည်။

ကော်ဖီကြမ်း တခွက်။
ကော်ဖီကြမ်းမှာ အချိုရဲရဲခါးခါး။

နေ့လယ် ဆယ့်နှစ်နာရီ ဒုတိယ နံနက်စာကြီး။
ထမင်း....။
(ဂျပန်ဆန်၊ အင်ဒိုနီးရှား၊ စက်ဘာပူဆန်၊ တိုင်းဆန် အားလုံးရသည်)

ဆန်ထမင်းတပွဲ။

အမဲသားကြော် သို့မဟုတ် ဝက်သား၊ ငါးဟင်း။
ဟင်းချိုတမျိုးမျိုး။

အသီးအနှံကြော် အမြဲပါသည်။

နေ့လယ်စာလည်း မမည် ညနေစာလည်းမဟုတ်။စားသည့် အချိန်က သုံးနာရီ။ စကောစကစာဟု ခေါ်ရမည်ပါ။

ကဇွန်းဥပြုတ်၊ အားလူးပြုတ်၊ ကြက်သွန်မိတ်နှင့် ခရမ်းချဉ်သီးဆော့။

ပင်စိမ်းလိုလို ရှမ်းနံနံလိုလို အရွက်များ အုပ် ထား သည့် အောက်မှာ ကြက်ဥကြော်တလုံး။

ညကိုးနာရီ နောက်ဆုံးညစာ။
အိပ်ရာဝင်အစာဟုလည်း ခေါ်နိုင်သည်။



စတုတ္ထနှင့် နောက်ဆုံးအကြိမ်။

ပေါင်မုန့်နှင့် အသားအမျိုးမျိုး။

ပင်တိုင်ပါသည့် ချဉ်ဖတ်တမျိုးမျိုး။
နွားနို့တခွက်။

စားပြီးယင် ဗိုက်တောင့်တောင့်နှင့် အိပ်ရာဝင်ပေတော့။

ဒါက မစ္စတာ နာကာတာနီတို့အိမ်မှာ အလုပ်အားလပ်ရက်များတွင် နေ့စဉ်စားသည့် အစာ။

အလုပ်ခွင်မှာ ကျတော့ တမျိုး။

'ငပု'လို မြန်မာတွေ ခေါ်ခဲ့ကြသည့် ယနေ့ ဂျပန်လူမျိုးများ တောင့်တောင့်ထွားထွား ကျိုင်းကျိုင်းပြိုင်းပြိုင်း ရှိနေကြသည်မှာ အစားကြောင့်များလေလား....။

* * *

နေရေးထိုင်ရေးအားလုံး အဆင်ပြေသော်လည်း စားရေး သောက်ရေးမှာလည်း အဆင်မပြေ တပြေ ရှိနေသေးသည်။ အသားမကျသေး။ လုပ်ငန်းခွင်ဆက်ဆံရေးမှာကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ အသားအရေနှင့် ရုပ်ရည်က ဂျပန်နှင့် ဆင်သယောင် ယောင်ရှိသမို့ လမ်းခရီးတွင် သူ့ကို တခြားအာရှတိုက်သား လို့မထင် ဂျပန်အမျိုးသားတယောက်လို့ပင် ထင်ကြသည်။

အလုပ်သွားအလုပ်ပြန် ခရီးတာမှာမဝေး။ မစ္စတာ နာကာ တာနီ တိုက်ကျိုတွင်ရှိခနစဉ် သူ၏ ကားကြုံနှင့် လိုက်သွားလို့ ရသော်လည်း မစ္စတာ နာကာတာနီ ခရီးထွက်နေသည့် အခါ တွင်မူ ကိုယ့်ဟာကိုယ်ကြိုဘ်ရသည်။

အခက်အခဲတော့ သည်လောက်မရှိ။

အချိန်ကုန်သည်။

သူတို့ဆီမှာ ဘတ်စ်ကားထက် မီးရထားကိုပို၍ အားထား အသုံးပြုကြသည့်အတိုင်း မီးရထားတွေက မြေပြင်ပေါ်မှာ ရော မြေအောက်မှာရော ဆယ်မိနစ်တစီးလောက် ထွက်ပေး နေသည်။

မီးရထားနောက်ကျတာတို့ ပျောက်တာတို့ မလာတာတို့ အတွက် ကြောင့်ကြစိတ်မရှိရ အချိန်တိကျသည်။

မီးရထား ကုမ္ပဏီများမှာ ပုဂ္ဂလိကပိုင် ကုမ္ပဏီတွေချည်း ဒီဇယ်ရထား၊ လျှပ်စစ်ရထား စသည့်ဖြင့် မျိုးစုံသလို မောင်းနှင် နှုန်းအားလည်း အလွန်ကောင်းသည်။

တနေရာနှင့် တနေရာကိုတပျင်းတရိ ၈ ကြိမ်တခွေ့ စီးရသည် မျိုးမရှိ။

မြို့တွင်း မြို့ပတ် ဘတ်စ်ကားတွေကလည်း အဆက်မပြတ် သွားနေသည်။



ဘုရင်နှင့် ပါလီမန်စနစ်ဖြင့် အုပ်ချုပ်သည့် အရင်းရှင်နိုင်ငံ။

သူတို့ဆီမှာ ကိုယ်ပိုင်ကားဝယ်ရန် အခက်အခဲမရှိ။လူတိုင်း ဝယ်နိုင်သည်။ ဒါပေမယ့် မြို့လယ်ခေါင်မှာ ကားကိုအချိန် ကြာကြာ ရပ်ထားဖို့နေရာ အခက်အခဲ အလွန်ကြီးသည်။ ကားရပ်သည့်နေရာတွင် ကားရပ်နားခကို နာရီနှင့် ပေးရ သောကြောင့် တနေကုန် ရုံးထိုင်ရသူများအတွက် ကားယူ လာယင် တွက်ခြေမကိုက်။

မြို့ပြင်မှာ ကိုယ်ပိုင်ကား သွားလာမှုအတွက် အခက်အခဲ မရှိ။ အဝေးပြေး ဟိုင်းဝေးလမ်းမကြီးများမှာ အမြန်မောင်း စနစ် မောင်းရသောကြောင့် ကားမရှုပ်၊ ကားမထပ်။ တနာရီ မိုင်ခြောက်ဆယ်နှုန်း အနည်းဆုံး မောင်းရသဖြင့် ကြောက်ဖို့ ကောင်းသည်။ အတိုက်အခိုက် အထိအခိုက်လည်း များသည်။

မြို့ထဲမှာ ကားရှုပ်သလို အမြန်မောင်း၍လည်းမရ။ လမ်းတို ခရီးသွားတွေက ဘတ်စ်ကားကိုအသုံးပြု၍ လမ်းရှည် ခရီးသွား သူတွေက မီးရထားကို ပို၍ စီးနင်းကြသည်။

ခရီးရှည် အဝေးပြေး ကျည်ဆန်ရထား (သေနတ်ထဲက ကျည်ဆန်ထွက်သွားဘလောက် မြန်သည့်ရထား)များကလည်း ကြောက်ခမန်းလိလိ မြန်သည်။

တင်မောင်မြင့်အတွက် မီးရထားနှင့် အလုပ်သွားရသည်မှာ အကြောင်းမဟုတ်။ မစ္စတာနာကာတာနီတို့မိသားစု၏ [illegible] ရိပ်ကို ခိုလှုံရသည်မှာ စိတ်ရောကိုယ်ပါ ချမ်းမြေ့လှ၏။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ရောကိုယ်ပါ မချမ်းမြေ့သည်က ရာသီဥတုဒဏ်။

ရာသီဥတုဒဏ်ကို ခံရသည်မှာ မသက်သာ။ တောင်ကြီး ကလော၊ အောင်ပန်းတွင် အမြဲနေထိုင်သူများက နေထိုင် ကောင်းရှိကလေးဟု ပြောသည့် ရာသီဥတုဒဏ်မျိုးကို အောက် ပြည် အောက်ရွာက သွားသူများအဖို့ အခံရ ခက်လှသည်မျိုး။

ရိုးတွင်းချဉ်ဆီ ခိုက်ခိုက်တုန်အောင် ဆိုသည်မျိုးကို ကို တွေ့ခံစားနေရပါလေပြီ။

တနေ့နှစ်ခါ ရေချိုးစမြဲ။ အနည်းဆုံး တခါတော့ ချိုး တနေ့ ရေဘခါသော်မှ မချိုးရယင် အနေရအထိုင်ရ ခက်လှ အနည်းဆုံး တနေ့ကို ရေတခါတော့ချိုးရစမြဲ။ ခုတော့ တပ တခါတောင် အနိုင်နိုင်။

အမွေးထည်အထပ်ထပ် ဝတ်ရလွန်းလို့ လူလည်း ဖိုးဝ ဖြစ်နေပြီ။

ကိုယ့်ကိုကိုယ်ပင် မသတီချင်စရာ။

နောက်ပိုင်းတော့ အသားကျသွားပါလိမ့်မည်။ အသား မကျခင်ခဘော့ ခံပေရော့။

(ကိုး)

တင်မောင်မြင့် ဂျပန်သို့ ထွက်ခွာသွားပြီးနောက် ဇော်ဇော်မှာ သေသေဝပ်ဝပ်၊ ဗိုင်းကောင်းကျောက်ဖိသို့နှယ် ရှိလာပါချေသည်။

သားဖြစ်သူ အရွယ်ရောက်ကတည်းက စိတ်ဆင်းရဲခဲ့သမျှ ခုမှပဲ ဒေါ်ထက်ထက်ခမျာ ရင်ဝယ်အေးမြစိတ်ချမ်းသာရ၏။

ဇော်ဇော် စိတ်ပြောင်းလာပုံမှာ မယုံယင် ပုံပြင်ဆိုသလို ပြောရမည်မျိုး ရှိလာသည်။ ဒေါ်ထက်ထက်က မူလကားကို ရောင်းပြီး သူလိုချင်သည့် ဖယ်မလီယာကိုပင် ဝယ်ပေးခဲ့သည်။

အိမ်စရိတ် တနေ့ငါးဆယ် အနည်းဆုံး ပြန်ပေးနေသမို့ အိမ်စရိတ် လုံလုံလောက်လောက်ရှိနေရာ တနေ့ဘယ်လောက် ရ၍ ဘယ်လောက်သုံးသည် ဘာသည်ကိုပင် မေးမြန်း အစစ် အဆေးမလုပ်။

www.burmeseclassic.com

www.burmeseclassic.com



သူသည်း အရွယ်ရောက်နေပြီ၊ အပေါင်းနှင့် အသင်း သုံးစွဲစရိတ် ရှိလိမ့်မည်။ အယင်က ဇော်ဇော် အသုံးစရိတ် အိတ်ထဲကဖဲ့ ထုတ်ပေးနေရသည်။ခု မပေးရတော့။ ဒါက အတော်ကြီး သက်သာနေသည် မဟုတ်ပါလား။

ငွေထက် စိတ်ချမ်းသာမှုကို အလေးထားသည့်အလျှော် ဒေါ်ထက်ထက်မှာ တရားဓမ္မဘက်သို့ စိတ်အားလုံး ညွတ်ပြောင်းနိုင်ပြီ။မိုးညှင်းရိပ်သာတွင် ဆယ်ရက်စခန်း ဝင် သည်အထိ နောက်ကြောင်း အေးလာသည်။

ဒေါ်ထက်ထက်တို့လို လူ့ ၁၀ အပြန်လမ်း နီးလာသူ မှာ ရှိခြင်း၊မရှိခြင်းထက် စိတ်အေးချမ်းသာမှုကို ပို၍ မက် မင်ခင်ရှိကြ၏။ ပြည့်ပြည့်စုံစုံနှင့် တရားဓမ္မဘက်ကို ဦးည နိုင်ပြီဆိုသောအခါ ပို၍ စိတ်ချမ်းမြေ့ရ၏။

သားအရင်း ပမာသို့ သဘောမူခဲ့ရသော တင်မောင် အဘက်လည်း မပူချပြီ၊ ရင်တမခရှိရသည့် ဇော်ဇော်အ လည်း မပူရပြီ။ သမီးအတွက်ကတော့ နဂိုကတည်းက မ စိတ်ချမ်းမြေ့လာသမို့လားမသိ ကျန်းမာရေးလည်း ကော အသားအရည်လည်း စိုပြေပြီး ဝဖြိုးလာသည်။

တင်မောင်မြင့်ဆီကို စာရေးသည့်အခါ မော်မော်က အ အခြေအနေနှင့် အပြောင်းအလဲ၊ အမေ့ အခြေအနေ အပြောင်းအလဲများကို ပြည့်ပြည့်စုံစုံ ထည့်သွင်း ရေးသာ မက နောက်ဆုံးရိုက်ကူးသည့်အမေ့ဓာတ်ပုံကိုပါ ပူးတွဲ၍ ခဲ့သည်။



တင်မောင်မြင့် ဂျပန်သို့ထွက်လာစဉ်က ဒေါ်ထက်ထက်၏ အနေအထားနှင့် ဓာတ်ပုံထဲက ဒေါ်ထက်ထက် အနေအထား မှာ ပြောစမှတ် ပြုလောက်အောင် ကွာခြားသည်ကတော့ အမှန်။ မျက်နှာများ ပြည့်ပြည့်ဖြိုးဖြိုး ရှိလာသလို၊ အပြုံးမှာ သည်း အားမှာန်အပြုံး ထင်နေသည်။

ဇော်ဇော်မှာ ဖယ်မလီယာကားနှင့် အလုပ်ဖြစ်နေသလို၊ ကြိုးစားပန်းစား လုပ်နေပုံမှာ အားရစရာ။

စီးပွားရေးလောကမှာ ငွေပင်ငွေရင်း မြှုပ်နှံ၍ လုပ်ကိုင် နေသူတိုင်း ကိုယ်ပိုင်ကား စီးကြသည်။

ငွေပင်ငွေရင်း မမြှုပ်နှံပဲ၊ လည်သလိုလုပ်စားနေသူ စီးပွား ရေးသမား အမည်ခံများကလည်းဟန်ရေးကြွယ်အောင်နံပါတ် အနက်နှင့် ကားများကို နာရီပိုင်းနှင့် ငှား၍စီးကြသည်။

ယင်းသို့ စီးရာတွင် သဘောသားကားနှင့် လေးဘီးကား ထက် ဖယ်မလီယာကားမှာ ပို၍တာစားသည်။ ပို၍လူကြိုက် ားသည်။

နယ်မှ အရောင်းအဝယ်ကိစ္စဖြင့်လာကြသူများ၊သုံးဖို့ဖြုန်းဖို့ ာကြသူများကလည်း ဖယ်မလီယာမှ ဖယ်မလီယာ။

သဘောသားကားက တခြားနေရာမှာတာစားသော်လည်း ည်လိုနေရာမျိုးမှာတော့ တာမစား။

အမျိုးသမီးပါလျှင် ရှေ့ခန်းက တွဲထိုင်လို့မရ။ နောက် ခန်းခုံမှာ ဟန်ရေးကြွယ်ကြွယ်စီး၍ မဖြစ်သလို အလှလည်း ဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



ဖယ်မလီယာက ပုံစံမရှိးသလို အလုပ်ဖြစ်သည်။ ဒါကြေ
လည်း ဖယ်မလီယာကားမှာ သည်ကနေ့အထိ ဈေးမကျ

ဇော်ဇော်က လူငယ်၊ နေရာစုံကိုနှံ့စပ်သည်။ အပေ
အသင်း အဆက်အသွယ်လည်း များသည်။ ပွဲစားပေါင်း
နှင့်လည်း ကျွမ်းဝင်သည်။ နယ်ကငွေယားပါလာသူ အ
သမားအဖြုန်းသမားတို့၏ သဘောသဘာဝကိုလည်း ခေါ
တွဲမိရှိသည်။ သူ့ကားကို ပင်တိုင်စီးသူတွေ ကြိုတင်ဘွတ်
လုပ်ထားသူတွေ အများကြီး။

နဂိုက 'ဇ' အမျိုးမျိုးရှိခဲ့သူ ကျွမ်းဝင်ခဲ့သူ ဇော်
တယောက်သည် အနေအထားမျိုးမှာ ကိုယ့်ကိုယ်ကို ဆက်
ထိန်းသိမ်းနိုင်ပါ့မလား။

တင်မောင်မြင့် ဂျပန်ပြည်သို့ ရောက်နေသည်မှာ ခြော
ရှိပြီ။

အဲဒီခြောက်လတာအတွင်း တင်မောင်မြင့် ဖတ်ရ
ပေးစာအားလုံးမှာ ပြဿနာမပါ။ အိမ်တွင် အစ
ပြေလည်မှုရှိနေသည့် အကြောင်းများကိုသာ ဖတ်နေရ
တအိမ်သားလုံးအတွက် အနွေးထည်များ၊ ကီမိုနိုလုံချည်
ဇော်ဇော်အတွက် စပို့ရှပ်နှင့် ဘောင်းဘီများ ပို့လိုက်

ဇော်ဇော် ဖောက်ချည်ဝင်လာသည်မှာ တင်မေ
ဂျပန်ရောက်ပြီး ရှစ်လအကြာ မိုးကုတ်သဌေးသား တယေ
နှင့် တွဲမိသည်ကစ၍ ဖောက်ချည်ဝင်လာသည်။ ရှ
ဆေးပျက် ပုံစံမျိုးတော့ မဟုတ် မသိမသာကလေး။



သူ့ကားကို ငှားစီးရာမှ တယောက်နှင့်တယောက် အရမ်း
င်သွားကြသည်။ ဝင်းနိုင်ဦး အသုံးအစွဲရမ်းပုံမှာ ပြောစမှတ်
လောက်သည်။ မိဘတွေက ဘယ်လောက် ချမ်းသာသည်
သိ။

ပထမတခေါက် ဆယ်ရက်နေထိုင်သွားစဉ် ကာလအတွင်း
့ကားကို တနေ့တရာ့ငါးဆယ်နှင့် ပုတ်ပြတ်ငှားပြီး ဆယ်ရက်
တွက်ငွေတထောင့်ငါးရာကို တခါတည်း ပေးချေထားသည်။
သူကိုင်သည့် အိတ်ထဲမှာ ရာတန်အထပ်လိုက်။
အကောင်းဆုံး စားသောက်ပျော်ပါးနိုင်သည့် နေရာအား
းကို ပို့ခိုင်းသည်။
ကားငှားစီးသူများထဲမှာ သူက တဘာသာ၊ ကားငှားစီးသူ
ားလုံးလိုလိုမှာ ဇော်ဇော်တို့ကို တတန်းတည်း၊ တပြေးတည်း
ဆက်ဆံ။

သူတို့သွားလိုရာကိုသာ ပို့ပေးရသည်။ သူတို့သွားလိုရာ
ာက်သည့်အခါ ကိုယ်က သူတို့နှင့် လိုက်စရာမလို၊ သူတို့က
ည်းမခေါ် ကိုယ်ကကားထဲမှာ ထိုင်စောင့်နေ။
ကားစထွက်ကတည်းက နာရီချင်းတိုက်ထား၊ ကိစ္စပြီးသည့်
ခါ ကျသင့်သော ကားဖိုးကို နာရီနှင့်တွက်ပြီး သူတို့က
းချေလိမ့်မည်။

လက်ဖက်ရည်သောက်ချိန်၊ ထမင်းစားချိန်တို့နှင့် တိုက်ဆိုင်
ယ်သာသူတို့ကြာမည့်အချိန်ကိုမေး၊ ထမင်းစားဖို့ လက်ဖက်
ည်သောက်ဖို့ အချိန်ရသည်ဆိုလျှင် ရောက်နေသည့်နေရာ

www.burmeseclassic.com

www.burmeseclassic.com



အနီးအနားတွင်ရှိသည့် လက်ဖက်ရည်ဆိုင် ထမင်းဆိုင်ရှိရာ သွားပြီး စားစရာရှိစား သောက်စရာရှိသောက်။

တချို့တလေက စားချိန်သောက်ချိန်တွင် လောက သဘောခေါ်သည်မျိုးတော့ ရှိသည်။

အလွန်နည်းသည်။ ကိုယ်ကလည်း လိုက်လို့မဖြစ် ကို သိက္ခာကိုယ်ထိန်းပြီး ခေါင်းခါရသည်။

ကိုယ်က သူ့ဆီက အခကြေးငွေ ယူထားသူ။
သူ့စည်း ကိုယ့်စည်း ထားရသည်။

ကားစီးသူတိုင်း ကိုယ့်ထက်ချမ်းသာသူ၊ ကိုယ့်ထက်အဆ အတန်းမြင့်သူတွေ မဟုတ်စေကာမူ ကိုယ်က သူတို့ကို ပြေ လည်လည်ရှိအောင် ဆက်ဆံရသည်ပါ။ သူတို့မူးလာ ပြောချင်ရာပြောသည်ကို သည်းခံရသည်ပါ။

ကိုယ့်ပြောပိုင်ခွင့်က သူတို့ငှားစီးသွားသည့် နာရီအတိ ငွေမပေးချေလျှင် ကိုယ်ကလက်မထောင်ပြီး စကားပြေ နိုင်သည်။

ကိုယ့်ဟာကိုယ် ဘာကောင်ပဲဖြစ်ဖြစ် ဘယ်လောက်ပဲ ခ သာချမ်းသာ ပရိုက်ဗိတ်တိုင်စီ မောင်းနေစဉ်ကာလမှာ ကို ဘဝ ကိုယ့်အခြေအနေကို မေ့ထားရသည်။

မည်သို့ပင်ရှိစေ ခေတ်ကာလပြောင်းလဲလာသည့်အလျော နံပါတ်နီကားပဲဆွဲဆွဲ၊ နံပါတ်နက်ကားပဲဆွဲဆွဲ နှိမ့်နှိမ့် ဆက်ဆံရေးမျိုး တွေ့ခဲ့သည်။



ခုခေတ်မှာ တထပ်ကွမ်း၊ နှစ်ထပ်ကွမ်းဘွဲ့နှင့် ကားမောင်း တွေ အများကြီး။ ကားထောင်ပြီး ကိုယ့်ဟာကိုယ် မောင်း တွေ တခုလှကြီး၊ ဖော်ဖော်က နေ့စားယူပြီး ကားမောင်း နေရသူမဟုတ်။

ကိုယ့်ကိုယ်ပိုင်ကားကို ကိုယ့်ဟာကိုယ် မောင်းနေသူ။ ကား ငှားပြီ ဆိုကတည်းက ကားလာငှားသူ၏ ဆက်ဆံရေး နေအထာကို ကြည့်ပြီး ခေါင်းညိတ် ခေါင်းခါနိုင်သည်။ နေ့လုံးလုံး အငှားမလိုက်ရသော်မှ ဝင်ငွေ လေးငါးဆယ် သားတင်ရှိသည့် ကိုယ်ပိုင်ကားမောင်းသူ။

ဖော်ဖော်က သူ့ကားကို သထားသိမ့်။ ကားချင်းယှဉ် ကိုက်ယင် ငှားစီးသူက သူ့ကားကို မျက်စိကျစမြဲ။

အဲဒီနေ့ကဖယ်မလီယာချည်း ငါးစီးရပ်ထားသည့်အနက်က သူ့ကားကိုမှ ရွေးရွေးပြီးငှားလာသည်။ လူငယ်ချင်း ဆို တော့ အပြောအဆိုတည့်သည်။ ဝင်းနိုင်ဦးပြောပုံက ပွင့်လင်း သည်။

"ကျွန်တော်က အလုပ်ကိစ္စအတွက် ငှားတာမဟုတ်ဘူး၊ ကျွန်တော် ရန်ကုန်ဆင်းလာတာကိုက ပျော်ဖို့ပါးဖို့သုံးဖြုန်းဖို့ ပါ။ ကျွန်တော့်အိမ်က ဆယ်ရက် လည်ပတ်ခွင့်ပေးထားတယ်။ ဆယ်ရက်အတွင်း အစွမ်းကုန်ပျော်ချင်တယ်၊ ငွေရေးကြေးရေး တော့ မပိုင်နပဲ။ ကျွန်တော့်ကို မရောက်ဘူးတဲ့ နေရာတွေ ပို့ပေးစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



ဇော်ဇော်က မြုံးမြုံးကလေး ခေါင်းပြန်ညိတ်လိုက်ရသည်။ စားသည့်နေရာ သောက်သည့် နေရာတွင် ဇော်ဇော် အတင်းအကြပ် ခေါင်ခါပေမယ့် မရ။ သူက မရမကား သည်။

လောကွတ်ခေါ် ဟန်ဆောင်ခေါ်မျိုးမဟုတ် လိုက်လို့ လွဲလို့ အတင်းလက်ဆွဲပြီးခေါ်တာ။

အဲဒီကနေ တွဲမိသွားသည်။ ဝင်းနိုင်ဦးလုပ်သမျှကိုလည်း လိုက်လုပ်နေရသည်။ တပူးကွဲတွဲ ပါနေရသည်။

အပေါင်းအသင်းစုံလျှင် ဘီယာလောက်တော့မလွတ်၊ လှည့် အောင်ရှောင်ပြီး ဖြတ်ထားသည့် အချက်ကို ဝင်းနိုင်ဦးနှင့် ပြီးနောက် နည်းနည်းနည်းနည်း ဖန်ခွက်ခြင်း ထိခတ်ခဲ့ လျှာပြန်လည်ပြီး ခံတွင်းပြန်တွေ့လာသည်။

လျှာပြန်လည်ရတာကလည်း အကြောင်းရှိသည်။ သော သမျှ အကောင်းစားတွေချည်း၊ အမြည်းမပါ၊ စားပွဲခ ဝိတ်တာခ ဘာခညာခမပါ။ တပုလင်းထောင်သည့်တန်ဖိုး ပင် ရာကျော်။

ငါးရက်အတွင်း ဝိုင်းစုံ နေရာစုံကိုရောက်ကြသည်။ သူ နှစ်ယောက်မှာ တပူးပူးတတွဲတွဲ။ ဇော်ဇော်က ခါတိုင်း မောင်းထွက်သည့်အခါ သင့်ရုံပဲဝတ်ဆင်သည်။ ခု သင့်ရုံ ကားမောင်းထွက်သည့် ဝတ်စုံမျိုးနှင့်မဟုတ်။ ယခင့်ယခင် မမောင်းစဉ်က ဝတ်သည့်ပုံစံအတိုင်း ရှိုးအပြည့်။



သူတို့နှစ်ယောက်၏ ခင်မင်မှုမှာ ငယ်ပေါင်းကြီးဖော်သို့ နှယ် ရှိလာပါချေ၏။

ဘယ်လိုရေစက်ပါလာသည်ဟု မဆိုနိုင်။ ဝင်းနိုင်ဦးကသူ့ အပေါ် ခင်မင်ပုံမှာ သဲကြီးမဲကြီးရှိလွန်းသည်၊ သူ့ပိုက်ဆံ အိတ်ကိုပင် သူမကိုင်တော့ ဝင်းနိုင်ဦးကသူ့လက်ထဲကို လွဲထား လိုက်သည်။ ငွေပိုင်ရှင်က ခေါင်းမဆောင်ရ သူကချည်းခေါင်း ဆောင်နေရသည်။ ဇော်ဇော်ကရှေ့ဆောင် ဝင်းနိုင်ဦးက နောက်လိုက်။

သည်ကနေ့ ပါသမျှကုန်သွားသော်လည်း နောက်တနေ့ တထပ်ကြီး ပြန်ပါလာသည်။ ဝင်းနိုင်ဦး၏ လက်ကိုင်အိတ်မှာ မနက်ပိုင်းဖောင်းဖောင်း၊ ညနေပိုင်း ပြားချပ်ချပ်၊ နောက် တနေ့မနက် ဖောင်းမြဲအတိုင်း။

ပရိုက်ဗိတ် တိုက်စီကားသမား လောကတွင် ဇော် ဇော် အကြောင်း ပြောမဆုံးအောင်ရှိနေကြပြီ၊ လူ တ ယောက် ၏ သတင်းကိုပြောပြီဆိုလျှင်ဟုတ်တာမဟုတ်တာအပထား၊ ချဲ့တာ တွေကားတာတွေ မလိုတမာတာတွေမစ္ဆယစိတ်နဲ့ အပုတ်ချတာ တွေ မြှောက်သလိုလိုနဲ့ ဆောင့်နင်းလိုက်တာတွေ ပါလာမြဲ။

တချို့ကဆို ဘိန်းဖြူအရောင်းအဝယ်လုပ်ငန်းထဲ ပါနေ သလိုလို၊ မြောက်ထဲတွန်းချသည့် အမနာပ စကားမျိုးတွေ ပင် ပြောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တနေ့တရက်ငါးဆယ်နှင့် ဆယ်ရက်လုံးလုံး ငှားရမ်းခကို ပေးပြီး စားအတူ၊ သောက်အတူတူ၊ ဘာလုပ်လုပ် အတူတူဆို သည်ကမ္ဘာ သူတို့လောကထဲမှာ ကြုံခဲ့သား။

ဇော်ဇော်တို့အိမ်ကတော့ မရိပ်မိပါ။ သူက ညဉ့်နက်မှပြန်လာသည်။ တခါတရံ ညအိပ်ပင်မပြန်။ ကားအော်ဒါရှိလို့ဟု အကြောင်းပြထားသည်။ ညဉ့်နက်မှပြန်လာသည့် အခါမျိုးတွင်လည်း ရှုပ်ပျက်ဆင်းပျက်မရှိ။ ပြီး....သူကအိမ်မှာ ထမင်းစားလေ့မရှိ။ ပြန်လာယင် ကားကိုဒေါင်ထဲသွင်းပြီး သူ့အခန်းထဲသူဝင်အိပ်တတ်သမို့ သံသယမဖြစ်မိကြ ဟိုနှယ်သည်နှယ် မှတ်ထင်မိကြ။

ဆယ်ရက်အတွက် ကားအော်ဒါရထားသည်ကို သိသည်။ အိမ်ကိုလည်း ငွေတထောင် ပေးထားပြီးပြီ။

ဇော်ဇော်နှင့် ဝင်းနိုင်ဦးတို့ဇာတ်လမ်းမှာ ရန်ကုန်တွင်မဆုံး။

ဝင်းနိုင်ဦးက မိုးကုက်လိုက်ခဲ့ဖို့ မရမကခေါ်သည်။ ဇော်ဇော်တို့အိမ်ကို ဝင်းနိုင်ဦး အလည်အပတ်ရောက်ခဲ့ရာ ဇော်ဇော်တို့ အနေအထား ဘယ်လိုရှိသည်ကို ဝင်းနိုင်ဦးသိသွားသည်။

ဇော်ဇော်တို့အနေအထားက ကားထွက်မှ ဆန်ဖိုးဆီဖိုးပြည့်သည့် အနေအထားမျိုးမဟုတ်။ ပြည့်ပြီးသားအိုးသမားတွေမှန်း သိသည့်အတိုင်း အတင်းအကြပ်ခေါ်ချင်းဖြစ်၏။

ဇော်ဇော်ကလည်း လိုက်ချင်သည်ပါ။

ဝင်းနိုင်ဦးက ရန်ကုန်မှာသာမကျွမ်းတာ။ မန္တလေးပျော်၏ စရာ စိတ်ဝင်စားစရာအထာတွေကို သိပ်ကျွမ်းသည်။



သူကျွမ်းကျင်သမျှတွေကို တကြွားကြွားလေး ပြောပြခဲ့ရာမှ ဇော်ဇော်က တအားကြီး စိတ်ဝင်စားသွားသည်။ စိတ်လွတ်လက်လွတ် အရမ်းပျော်ပစ်လိုက်ချင်သည်။

ခရီးမထွက်ရသည်မှာလည်း ကြာပြီ ငြီးငွေ့မှုကို အပြောင်းအလဲဖြစ်ရန် ခရီးထွက်ဖို့အကြောင်း ဆိုလာသည်ကို လက်မလွှတ်ချင်။

ကားအတွက်က အရေးမကြီး စိတ်ချရသည့် သူငယ်ချင်းတယောက်ကို မောင်းထုတ်ဖို့ လွှဲပေးခဲ့ယင် အားလုံးပြီးသည် ပြေလည်သည်။

မိခင်ထံ ခွင့်တောင်းခဲ့ရာ ဒေါ်ထက်ထက်က ခေါင်းမခါရုံမက အလွယ်တကူ ခေါင်းညိတ်ပြီး ငွေငါးရာ ထုတ်ပေးခဲ့သည်။

ရှစ်လလောက် ခြေငြိမ်ငြိမ်နှင့် အလုပ်အပေါ် အာရုံစူးစိုက်နေသည့် သားကို စိတ်အလှည့်အပြောင်း ပေးသင့်ကြောင်း သဘောပေါက်ထားသည်ပါ။

ဆယ်ရက်ထက် ပိုမနေဖို့ပြောပြီး လျောလျောလျှူလျှူပင် သဘောတူခွင့်ပြုလိုက်၏။

ပစ်လိုက်ရတော့မည်ဟု ထင်ထားသည့်သား လိမ္မာရေးခြားရှိလာသည်ကို ရတနာသုပ်ကြီး ကောက်ရသည့် အလား ပီတိဝေဖြာနေသည်။

သားဆိုးသားမိုက်များ လိမ္မာလာပြီဆိုသောအခါ မိဘတို့ရင်မှာ ချမ်းမြေ့ရသည့် အေးမြပုံမှာ မည်သို့သော ချမ်းမြေ့မှုနှင့်မှ မနှိုင်းရာသို့ ရှိပါချေ၏။

www.burmeseclassic.com



ဝင်းနိုင်ဦး၏ မိဘများမှာ သုံးရက်စောပြီး ပြန်သွားကြပြီး ဇော်ဇော်ကို မြင်မြင်ချင်း ဝင်းနိုင်ဦးမိဘများကလည်း ခင်ခင်မင်မင် ရှိသွားသည်။

မန္တလေးခရီးမှာ သူတို့ နှစ်ယောက်တည်း။

မန္တလေးတွင် ငါးရက်နေပြီး မိုးကုတ်ဘွင် နှစ်ရက်နေမည်။

ည အမြန်ရထား၏ အထက်တန်း အိပ်ခန်းထဲမှာ စားစရာသောက်စရာ ပစ္စည်းအစုံအလင်နှင့်။

× × ×

(တစ်ဆယ်)

တင်မောင်မြင့်မှာ ယိုကိုဟားမား စက်မှုကျောင်းသို့ တက်ခွင့်ရပြီ။

မိချိုကိုကောင်းမှုကြောင့် ဂျပန်စာနှင့် ဂျပန် စကား ကို အတော်လေး ရေးနိုင် ပြောနိုင်နေပြီ။စာထက် စကားကိုပိုပြောနိုင်သည်။

'ခံကြီး'ကိုမူ သင်နေရဆဲ။

မိချိုက စိတ်ရှည်သက်ရှည် ပြပေးသလို သူကလည်း အချိန်ကို အအားမထားပဲ ကြိုးစားခဲ့သည်။

အိမ်မှာ ဂျပန်လိုပင်ပြောကြရာ သူလည်း အိမ်သားများနည်းတူ ဂျပန်လို ပြောခဲ့ရာ အသံထွက် အမှားအယွင်းနှင့် အဓိပ္ပါယ် အမှားအယွင်းများကို ကြုံရလျှက ပြင်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



- ကိုယ့်ဟာကိုယ်သာ သင်ရယင် သည့်လောက်အတတ် မြန်ဖွယ်မရှိ။

ဂျပန်မိသားစုအိမ်တွင် အတူနေထိုင်ပြီး အင်္ဂလိပ်ဘာသာကို တတ်ကျွမ်းပြီး ဖြစ်နေသည့် မိချိကိုကြောင့် သည် လ ပိုင်းလောက်နှင့် သည်မျှအဘာတ်မြန်သည်ဟု ဆိုရပါမည်။

တင်မောင်မြင့်မှာ နေဂိုယာထက် မိချိကိုနှင့် ပို၍ ရင်းနှီးသည်။ နေဂိုယာက စကားနည်းသလောက် အနေအေးသည် တည်သည်။

သူက အချုပ်အလုပ်သမား။ ပြီး... သူ့ကြောင်ကလေးနှင့်သာ တရင်းတနှီးနေတတ်သူ။

သူတို့ ညီအစ်မချင်းသော်မှ စကားအပြောအဆို နည်းလှသည်။ ညီအစ်မချင်း ဖြစ်စေကာမူ အနေအထိုင် စရိုက်ချင်းမတူ။ နေဂိုယာက လှသော်လည်း အပြင်အဆင်မရှိ။ အပြင်ထွက်ချမည်ကို ဝန်လေးသည်။ ဒါကြောင့်လည်း အပျိုကြီးဖြစ်နေသလား မပြောတတ်။ အပျော်အပါးဘက်တွင် ဝါသနာမထုံမွေ့။ တယ်လီဗေးရှင်းကိုသော်မှ တခါတရံပဲ ကြည့်တတ်သည်။

နေဂိုယာ၏ နှုတ်ခမ်းမှာ နဂိုကပင် ရယ် ရှင် နေ သော ကြောင့်သာ မပြုံးပဲ ရယ်နေသည်သို့ရှိသည်။

နှုတ်ခမ်းသာ ရယ်ရွှင်မနေလျှင် အသက် ငယ်ငယ်နှင့် အဘွားအိုရုပ်သွင် ထင်နေလိမ့်မည်ပါ။



ချိမိကိုက ခေတ်ဆန်သည်။ ပြင်တတ်ဆင်တတ် လှန်းသည်။ အနောက်တိုင်း ခေလ့စရိုက်ကို ကြိုက်နှစ်သက်သည်။ ပျော်ပျော်ရွှင်ရွှင်နေတတ်သည်။

နေဂိုယာက အမေ့အချစ်တော်။
မိချိကိုက အဖေ့အချစ်တော်။
နေဂိုယာမှာ လှသော်လည်း ယောကျ်ားသားတို့၏ စိတ်ဝင်စား တိမ်းညွတ်ဖွယ် အသွယ်သွယ်နှင့် မရစ်ထွေး။ ရိုးသားသူတို့၏ အလှမှာ စိတ်ဝင်စားမှု လျော့နည်းစေသည်။
မိချိကို၏အလှမှာ နေဂိုယာ၏ အလှလောက် မဝင့်မြူးသော်လည်း စိတ်ဝင်စားဖွယ် တိမ်းညွတ်ဖွယ်ရာများ ပြည့်ထင်နေသည်။

ယောကျ်ားတို့၏ မျက်လုံးမှာ အလှပေါ်တွင် ရစ်ဝဲစေကာမူ တကယ်တမ်းတွင် စိတ်ဝင်စားဖွယ် တိမ်းညွတ်ဖွယ်အလှကိုပို၍ နှစ်သက်တပ်မက်မင်ကြသည်ပါ။
တင်မောင်မြင့်က ရောက်စကတည်းကပင် သူ၏ မိသားစုဓာတ်ပုံများကို ပြသခဲ့ရာ သူတို့ မိသားစု အကြောင်းကို စပ်စပ်စုစု အလုပ်ဆုံးမှာ မိချိကို။

မိချိကိုကလည်း သူ့ကိုခင်သည်။ ခင်သည့်အလျောက် နွဲ့ဆိုးဆိုးသည်။ မိချိကိုနှင့် သူ၏ ဆက်ဆံရေးမှာ ပြေသွယ်လှန်းလှ၏။
မိချိကိုက သူ့ကို 'အိုနီးဆန်' အစ်ကိုလို့ခေါ်သည်။ သူက 'အီယောအော့' ညီမလေးလို့ ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တင်မောင်မြင့်က နေဂိုယာကို 'အိုနဲဆန်' အစ်မ စုမိတာကို 'အိုကားဆန်' အမေ။ မစ္စတာ နာကာတာနီကို 'အိုတိုးဆန်' အဖေလို့ ခေါ်သည်ကြောင့် သူတို့ မိသားစုကလည်း သူ့ကို နာမည်မခေါ် 'မူဆူကော' သားလို့ပဲ ခေါ်ကြသည်။

ဒါကိုက မိသားစုအသွင် ရင်းနှီးမှုကို ပို၍ ခိုင်ကြည်စေသည်ပါ။

ဂျပန်အစားအစာနှင့် ခံတွင်းယဉ်ပါးသွားပြီ။ ဂျပန် ဆုဒ်ဥတုကို ခံနိုင်ရည်ရှိလာပြီ။

ဂျပန်စကားကိုလည်း အတော်လေး ပြောနိုင်ဆိုနိုင်ပြီမို့ ဂျပန်ပြည်မှာ သူနှင့် ရင်းနှီးမှုရှိလာပြီ။

အခက်အခဲများလည်း လျော့ပါးလာပြီ။

ယနေ့ ဂျပန်ပြည်မှာ ဂျပန်စာနှင့် ဂျပန်စကားကို အဓိက ဘာသာစကားအဖြစ် သတ်မှတ်ထားသည်မို့ ဂျပန်လိုမတတ်လို့တော့ တိုးတက်မှု လမ်းကြောင်းနှင့် မနီးစပ်နိုင်။ ဒါကြောင့်လည်း တင်မောင်မြင့်က ဂျပန်စာနှင့် ဂျပန်စကားကို မစ္စတာ နာကာတာနီကိုယ်တိုင်၊ ပခုံးပုတ်ပြီး ချီးကျူးစကား ဆိုရလောက် ဖိဖိစီးစီး ကြိုးစားပန်းစား သင်ယူခဲ့ခြင်း ဖြစ်၏။ သူ၏ တိုးတက်မှုလမ်းကြောင်းမှာ ဂျပန်စာနှင့် ဂျပန်စကား တတ်မြောက်မှုပေါ်တွင် တည်နေသည်။

ရှေ့ခေတ်နယ်ချဲ့ ကိုလိုနီလက်အောက်ခံ ဘဝသို့ ရောက်ခဲ့ရဖူးသည့် နိုင်ငံများမှာ အုပ်စိုးသူ လူဘန်းစား၏ ဘာသာစကားကို တတ်မြောက်မှ အလုပ်အကိုင်နှင့် ရာထူးတိုးတက်ရေးတွင် ချောမွေ့ပြေပြစ်သည်။



ဆိုပါတော့ အင်ဒိုနီးရှားများသည် ဒတ်ချ်ဘာသာစကား ဗီယက်နမ်သည် ပြင်သစ်ဘာသာစကား၊ မက်ဆီကိုသည် စပိန်စကား၊ အင်္ဂလိပ်လက်အောက်ခံ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံ အပါအဝင် နိုင်ငံများမှာ အင်္ဂလိပ်ဘာသာစကား တတ်ကျွမ်းမှ အလုပ်ဖြစ်သည်။

ယနေ့ ဂျပန်မှာ....။

အင်္ဂလိပ်စာကို ဘာသာရပ်တခုအဖြစ် ကျောင်းများတွင် သင်ပေးသော်လည်း စိတ်ကြိုက်ဘာသာထဲတွင် ထည့်ပေးထားသည်။

မြန်မာနိုင်ငံမှာ နိုင်ငံခြားဘာသာသင်တန်းဟု ဖွင့်ပေးထားပြီး ဂျပန်၊ ပြင်သစ်၊ ဂျာမန်စသည့် ဘာသာများ သင်ကြားသလို သင်နိုင်၏။

မြန်မာဘာသာကိုလည်း နိုင်ငံခြား ဘာသာသင်တန်းတွင် ထည့်သွင်းထား၏။

အိုဆာကာ တက္ကသိုလ်မှ ဒေါက်တာ ကိုရှအိုနိုသည် မြန်မာစာ ပါမောက္ခဖြစ်၍ မြန်မာစာသင်ဆရာ ဂျပန်များလည်း ရှိကြသည်။

ထို့ကြောင့်လည်း ဂျပန်တွင် အင်္ဂလိပ်စကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်သူဦးရေ မများပါ။

စားသောက်ဆိုင်ကိုပဲ သွားသွား၊ ကုန်တိုက်ကြီးများသို့ ဈေးဝယ်ပဲထွက်ထွက်၊ သွားလိုရာခရီးအတွက် မီးရထားပဲ စီးစီး၊ မော်တော်ကားပဲ စီးစီး၊ ဂျပန်လိုမတတ်ယင် ဂျပန်စာမတတ်ယင် အလုပ်ဖြစ်စေကာမူ မချောမွေ့။

www.burmeseclassic.com

www.burmeseclassic.com



ချောချောမွေ့မွေ့၊ ပြေပြေလည်လည် ရှိသည်မှာ ဂျပန် စာတတ်မှ ဂျပန်လိုပြောဘတ်မှ ပို၍ အဆင်ပြေသည်။

ဂျပန်လူမျိုးတို့၏ စရိုက်လေ့ အစားအသောက်၊ အနေ အထိုင်တို့မှာ အာရှတိုက်သား အားလုံးနှင့် ကိုက်ညီသည်ဟု မဆိုသာ။

အာရှတိုက်သားချင်း တူစေကာမူ မတူညီပဲ ကွဲပြားသည့် အချက်တွေ အများကြီးရှိသည်က အနေကြာလာလေ တွေ့ လာလေ။

ဥပမာ ငါးဟင်းဆိုပါတော့။

မြန်မာတို့၏ ပါးစပ်နှင့်တည့်သည်။ တရုတ်ဆိုင်က ငါး ပေါင်းမှာ ငါးကို ပဲငါးပိ၊ ကော်ရည်နှင့် ကြော်ပေါင်း ပေါင်း၍ အသီးအနှံများဖြင့် ချိုဆိမ့်အရသာ ဝေစေအောင် ချက်မြှုတ်ထားရာ မြန်မာတို့၏ ပါးစပ်နှင့် တည့်သည်။ စားမြိန် ပြေဖြစ်သည်။

ဂျပန်ငါးပေါင်းမှာလျှင် ငါးအစိမ်းနှင့် တို့စားရန် ဆော့ အဖြူရည် လာချပေးလိမ့်မည်။

ဆော့ ခေါ် တို့စာရန်အရည်မှာ အက်စစ်လောက် ပြင်း သည့် အာနိသင် ရှိလေသလားမသိ။

ငါးစိမ်းနှင့် တို့လိုက်သောအခါ ငါးစိမ်းမှာနီရဲသွားသည်။

ငါးစိမ်းအသားမှာ ကျက်သွားသည်။ သို့တစေ သားစိမ်း ငါးစိမ်းဆိုသည့် အသိက စိတ် မသိုးမသန့် တင်းခံနေသဖြင့် ပထမပိုင်း ဘယ်သို့မှစားမဖြစ်။ နောက်ပိုင်း ကျင့်သားရလာ တော့မှ နည်းနည်း စားဖြစ်လာသည်။



သို့တိုင် စားခါနီးတိုင်း ပါးစပ်မရဲတရဲရှိရသည်။

ကိုဘီတ်(ဇ)

ကိုဘီမြို့မှ ထုတ်လုပ်သည့် အမဲသား။ သူလည်း အစိမ်း အတိုင်း၊ ဆော့ အချဉ်ရည်နှင့် တို့စားရသည်။ အလွန်ဈေး ကြီးသည်။

သူ့ကိုလည်း ငါးပေါင်း စားရသလို ပါးစပ်မရဲ။

အသားစိမ်းဆိုသည့် စိတ်က တင်းခံနေသည်။ ကိုဘီဘ်(ဇ) ကို လူတိုင်းမစားနိုင်။ ဈေးကြီးသည်။

ထမင်းပေါင်း။

ဗမာပြည်က ထမင်းပေါင်းနှင့် ဂျပန်ထမင်းပေါင်းမှာမတူ ရန်ကုန်ထမင်းပေါင်းက အစိမ်းကြော်ကို ထမင်းပေါ် လောင်း ချပေးသည်။

ဂျပန်ပြည်က ထမင်းပေါင်းက သည်လိုမဟုတ် ထမင်း ပေါ်မှာ အသားကင်၊ အခေါက်ကင်တင်ပြီး ဆီချက်ဆမ်း၍ မြေပဲနှင့်နှမ်းများ ဖြူးပေးသည်။ စားရသည်မှာ ဘာလိုလို ညာလိုလို။

မြန်မာလူမျိုးများက ငါးပိကို စဥ့်အိုးဖြင့်သိပ်ပြီး လှောင် ထားသကဲ့သို့ ဂျပန်အိမ်တွေမှာ ချဉ်ဖတ်ကို ကြွေအိုးများဖြင့် သိပ်လှောင်၍ စားကြသည်။ မြန်မာက ငါးပိကြိုက်သည်။ သူတို့က ချဉ်ဖတ် ကြိုက်သည်။ မြန်မာက ဟင်းကလာချဉ်၊ ခဘက်ချဉ်၊ ပဲတီချဉ်၊ သရက်ချဉ်၊ သဘောသီး၊ ကျောက်ပန်းသီး ချဉ်ကို ကြိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က မုန်လာဥ၊ သခွားသီး၊ ကျောက်ဖရုံသီးချဉ်
ကြိုက်သည်။ သူတို့က အချဉ်နှစ်မျိုး၊
တမျိုးက ချဉ်စပ်။
တမျိုးက ချိုချဉ်။
ထမင်းပွဲတိုင်းတွင် ဟင်းချိုက ပါစမြဲ။
ဆာဒါးဟင်းချိုနှင့် ဆယ့်နှစ်မျိုး ဟင်းချို။
ဆယ့်နှစ်မျိုးဟင်းချိုတွင် ပင်လယ်ခရုနှင့် ရေညှိပြား
ထည့်ချက်ကြ၏။
ရေညှိပြားကို သားရေစာ အဖြစ်နှင့်လည်း စားကြသည်
တရုတ်စာနှင့် တူသည်ဟု ပြောနိုင်ရသော ပေါက်
ဂျပန်ဘွင်ဝက်သားနှင့် ပေါက်စီကိုမလုပ်။ ပုစွန်နှင့် ပင်
ဂဏန်းတို့ဖြင့် ပေါက်စီလုပ်သည်။ ဂျပန် လူမျိုးများသ
ဝက်သားထက် အမဲသားကို ပို၍စားကြသည်။ တရုတ် အ
အစာများတွင် ဝက်သား မလွတ်သလို ဂျပန်အစားအ
များတွင်အမဲသားမလွတ်။
ခေါင်မုန့်အသားညှပ်ကို ဝက်သားနှင့်မညှပ်။ အမဲသ
ကြက်သားနှင့် ညှပ်သည်။
တင်မောင်မြင့်က အိမ်ကိုစာရေးသည့် အခါတိုင်း ဂျ
ပြည်မှာ တွေ့ကြုံရသည့်အတွေ့အကြုံများကို ထည့်ရေးစ
စားအိပ်ပထာ ပိုင်းမှာ မာမီ၊ ဒေါ်ကြီးစိုးနှင့် မော်မော်နှင့်
ဇော်တို့နေကောင်းမကောင်း ကောင်းသိုင်သာ စိတ်ချမ်း
ကိုယ်ချမ်းသာရှိစေရန် မေတ္တာပို့သလျက်ရှိကြောင်း သူ
နေထိုင်ကောင်း၍ အလုပ်အကိုင်ရော နေရေးထိုင်ရေး



အဆင်ပြေကြောင်း၊ ပထမအခါးစကားဆိုပြီး နောက်ထပ်ရေး
ရာမှာ ဂျပန်ပြည် အကြောင်းသာ ရှိတော့သည့်အတိုင်း
ဂျပန် ဗဟုသုတကို စာရေးတိုင်း ထည့်ရေးလေ့ရှိသည်။

"မော်လေးရေ'

ကိုမြင့်တော့ ဂျပန်မှာ မော်မော်လို ညီမလေးအသစ်
တယောက် ရနေပြီ၊ မိချိုကိုက မော်မော်လိုပဲ စိတ်ထား
ဖြူစင်တယ်၊ ကိုမြင့်ကို အစစအရာရာ အကူအညီပေးတယ်၊
ဂရုလည်းစိုက်တယ်၊နွဲ့ဆိုးလည်းဆိုးတယ်၊ သူက ရုပ်ရှင်တို့
စတိတ်ရှိုးတီးဝိုင်းတို့ သိပ်ကြိုက်တော့ကိုမြင့်လည်း အဖော်
ပါနေရတာပေါ့၊ အခုပို့လိုက်တဲ့ ဓာတ်ပုံက တိုကျိုပန်းခြံ
ထဲမှာ ကိုမြင့်နဲ့ မိချိုကိုတို့ တွဲရိုက်ထားတဲ့ပုံပဲ။

မော်မော်က စာကိုဖတ်ပြီး ဓာတ်ပုံကို ကြည့်လိုက်သည့်
အခါ ရင်ထဲမှာ ဝေဒနာအသစ်တမျိုး ခံစားလိုက်ရ၏။ မနာ
လိုဝန်တို ဖြစ်သည့်စိတ်မျိုး မစ္ဆရိယစိတ်မျိုးတော့ မဟုတ်၊
အစ်ကို အချင်းထက် သံယောဇဉ် တွယ်ပိုးခဲ့ရသော
အစ်ကိုမြင့်တယောက် သူတို့ မိသားစုထဲကို ပြန်ဝင်လာပါ
တော့မလား၊ မြန်မာပြည်ကို ပြန်လာပါတော့မလား ဆိုသည့်
ပိုးရိမ်စိတ်လွှန်ကဲ လွှမ်းမိုးသွားရသည်ပါ။
မိချိုကိုကလည်း ချောသည်ကိုး....။

"မော်လေးရေ...."

ရေနွေးကြမ်းသောက်တဲ့အလေ့အထကတော့ အစ်ကိုမြင့်
တို့နိုင်ငံနဲ့ သိပ်တူတာပဲ၊ ဘာစားစား အစာစားပြီးရင်

www.burmeseclassic.com

www.burmeseclassic.com



ရေနွေးကြမ်းသောက်တဲ့အလေ့အထ ရှိကြတယ်၊ ...
မှာ ဂျုံခေါက်ဆွဲ၊ ဆန်ခေါက်ဆွဲ၊ နန်းကြီး၊ နန်း...
ကြာဆန်ကြီးလို့ မျိုးတွေ ရှိသလို အလယ်မှာ အခေါ...
ပေါက်နဲ့ ပလပ်စတစ်ပိုက်လုံး ခေါက်ဆွဲတမျိုးလိုပဲ ရှိ...
မော်လေးရဲ့၊ စားလိုက်တဲ့အခါ အခေါင်းပေါက် နေ...
ပြတ်သွားတော့ ဖောက်ကနဲ၊ ဖောက်ကနဲ စားလိုက်ရ...
တမျိုးပဲ။

ဂျပန်မှာ တနေ့လေးကြိမ်စားပေမယ့် အစ်ကိုမြင့်တို့...
မှာစားသလို ဗိုက်ပြဲလန်အောင် အဝမစားကြဘူး၊ ...
နန်း ဆိတ်ကနန်းပဲ၊ လက်ဖက်ရည်ထက် ကော်ဖီကြ...
အသောက် များပြီး နွားနို့ကို သပ်သပ် သောက်ကြ...
တယ်....။

ဂျပန်မှာ ကားတွေများပေမယ့် ချောင်တယ် မ...
ကြပ်တာပဲ၊ ဒါပေမယ့် ဘတ်စ်ကား အတက်အဆင်း...
တော့ စည်းကမ်းရှိကြတယ်။ တိုးဝှေ့တက်တာမျိုး ...
ဘူး။ ရုပ်ရှင်ရုံတန်းစီသလိုပဲ တန်းစီတက်ကြတယ်။ ...
ကျော်တက်တာတို့ ကြားဖြတ် ဝင်တာတို့ မလုပ်ကြ...
အဲဒီအပြုအမူကို ရှက်စရာအပြုအမူတခုလို့ သတ်မှတ်...
တယ်။ တေးတံခါးတွေက အလိုလိုဖွင့် အလိုလိုပိတ်...
တံခါးတွေဆိုတော့ ပိုပြီး အန္တရာယ်ကင်းတာပေါ့၊ ...
ဘတ်စ်ကားတွေမှာ ထိုင်ခုံလုံးဝမရှိဘူး၊ သားရေကွင်း...
တွေ တွဲလောင်းယူချထားတော့ သားရေကွင်းထဲ ...



လျှိုပြီး ဆွဲလိုက်ရုံပဲ၊ အငှားတိုင်စီကားတွေရဲ့ ဈေးနှုန်းက အစ်ကိုမြင့်တို့ဆီမှာထက် ဈေးကြီးတယ်။

သူတို့ဆီမှာ ရန်ကုန်က တောင်ငူခရီးလောက်ကို ခရီးတိုလို့ခေါ်တယ်၊ ခရီးတိုဆွဲတဲ့ လေယာဉ်ပျံအလတ်စားကလေးတွေ အများကြီးရှိတယ်။

ဂျပန်ပြည်ရဲ့တည်နေပုံက ကျွန်းကလေးတွေပေါ်မှာဆိုတော့ တံတားထိုးလို့ရတဲ့ နေရာတွေကို တံတားထိုးပြီး ကားလမ်းတွေ ဖောက်ကြတယ်။ တံတားထိုးလို့မရအောင် ဝေးတဲ့ နေရာတွေကျတော့ ဟိုဗာကရပ်ဖ်ခေါ်တဲ့ ရေပေါ်ရုပ်ယာဉ်နဲ့ သွားရတယ်။

ရန်ကုန်ကနေ မအူပင်လောက်ဆို ဟိုဗာကရပ်ဖ်ကို သုံးကြတယ်။ မိချိုကိုလိုက်ပို့တာနဲ့ အစ်ကိုမြင့်လည်း ဟိုဗာကရပ်ဖ်ကိုစီးဖူးပြီ သိပ်မြန်တယ်။ ဒါပေမယ့် မှောက်မှာတော့ မကြောက်ရဘူး သင်္ဘောက ဗျက်ကျယ်တယ်။

ကဲ....သည်တပတ်တော့ မော်လေးအတွက် တယ်လီဗေးရှင်းတလုံးပို့လိုက်တယ်၊ ကိုဇော်နာမည်နဲ့ ပို့လိုက်တာမို့ ကိုဇော်ကို ရွေးခိုင်းပါ။ အကောက်ခွန်ရုံးမှာ အခွန်ဆောင်ရတာတို့ ပစ္စည်းရွေးရတာတို့ ဆိုတဲ့အလုပ်တွေကို မော်လေးတို့ လုပ်နိုင်မှာမဟုတ်ဘူး၊ ကိုဇော်မှ လုပ်တတ်မှာ။ ပို့လိုက်တဲ့ တယ်လီဗေးရှင်းက အသစ်မဟုတ်ပေမယ့် အကြာကြီးသုံးထားတာမဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆီမှာက အဆန်းတမျိုးပေါ်လာယင် ရှိပြီးသား
ကို ဆက်မသုံးကြဘူး။ အဲဒါမျိုးက ဈေးချောင်တယ်
အစ်ကိုမြင့်နဲ့အတူတူ လုပ်နေတဲ့ သူငယ်ချင်းတယောက်က
ပြန်ရောင်းတာ၊ ပြန်ရောင်းတာဆိုပေမယ့် ဈေးနှုန်းက
တော့ အလကားနီးပါးပဲ။

သူတို့ဆီမှာ ပေါ်တဲ့ပစ္စည်းနှစ်မျိုးကတော့တယ်လီဖုန်းနဲ့
တယ်လီဗေးရှင်းပဲ။ စားသောက်ဆိုင်ကလေးတွေက အစ
တယ်လီဗေးရှင်းကို သုံးကြတယ်။ အစ်ကိုမြင့်လည်း ရောက်
စက သရဲမင်းရဲပေါ့။ ခုတော့ ရိုးအီသွားပြီ။ ကိုဓော်
အကြောင်း ဖတ်တော့စာတွေအရ မာမီစိတ်ချမ်းသာနေ
သလို အစ်ကိုမြင့်လည်း စိတ်အေးနေရတယ်။ ဒေါ်ကြီး
စိုးကိုလည်း အမြဲသတိရနေကြောင်းပြောဖို့ မမေ့နဲ့။

ဒေါ်ကြီးစိုးရဲ့ကျေးဇူးကို အစ်ကိုမြင့်ဘယ်တော့မှမမေ့
ဘူး၊ အစ်ကိုမြင့် လုပ်ငန်းအဆင်ပြေဖို့ အိမ်ကိုပြန်ရောက်
နေ့မှာ ဒေါ်ကြီးစိုးကို သပ်သပ်ကျေးဇူးဆပ်ဖို့ ညှိနှိုင်း
ချက်ထားပြီးသားပါ။ မာမီနဲ့ ဒေါ်ကြီးစိုးတို့ အတွက်
စာတစောင် တွဲပြီး ပို့လိုက်တယ်၊ သည်တပတ်တော့
ဒီလောက်နဲ့ပဲ....။

အားလုံး စိတ်ချမ်းမြေ့ကြပါစေလို့
အစ်ကိုမြင့်

*   *   *



"အိဂ္ဂနိချို၊ ယူနေဟား
တိုကျို—ဂျပန်။

"မာမီခင်ဗျာ....

သားမောင် မာမီနဲ့ ဒေါ်ကြီးစိုးတို့ကို ရှိသေဦးခိုက်
လျက် စာရေးလိုက်ပါတယ်။

ညီမလေးပေးလိုက်တဲ့စာအရ မာမီနဲ့ ဒေါ်ကြီးစိုးတို့
နေကောင်း ထိုင်သာရှိတယ်လို့ သိရတဲ့အတွက် သားဝမ်း
သာပီတိ ဖြစ်နေရပါတယ်။ မာမီတရားဘာဝနာ ပွားများ
ပြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိနေပါစေလို့ သားအိပ်
ရာဝင်တိုင်း ဆုတောင်းမေတ္တာ ပို့သလျက်ပါ။

သားလည်း မာမီတို့ပို့သတဲ့မေတ္တာကြောင့် ကျန်းကျန်း
မာမာနဲ့ အစစအရာရာ အဆင်ပြေပါတယ်။ သားရတဲ့
လစာကသဘောၤသားတွေလို ဘာခါတည်း ငွေများများစုလို့
မလွယ်ပါဘူး၊ မစ္စတာ နာကာတာနီတို့က အလကားကျွေး
ထားပေမယ့် သူတို့ကို မိဘလိုပဲ သဘောထားပြီး လစဉ်ငွေ
ကန်တော့ပါတယ်။

သူတို့လက်မခံပါဘူး။ သားက မြန်မာ့ဓလေ့ထုံးစံနဲ့
ကျေးဇူးတရားအကြောင်းကို သူတို့သဘောပေါက်အောင်
ရှင်းပြပြီး ကန်တော့ရပါတယ်။ ကျန်ငွေကို ခြစ်ခြစ်ကုတ်

www.burmeseclassic.com

ကုတ်စုပြီး ကားဝယ်နိုင်အောင် ကြိုးစားနေပါတယ်။ နှစ်နှစ်ကျော်ကျော်လောက်တော့ စုရပါလိမ့်မယ်။ သားပစ္စည်းတွေ ဝယ်ချမ်းပို့ချင်တဲ့စိတ် ရှိပေမယ့် ဝယ်မပို့ရတာ ငွေစုနေလို့ပါ။ သားမပြန်ခင် ကားပို့နိုင်အောင် ကြိုးစားပါမယ်။ ကိုဇော်ကို သတိရကြောင်းနဲ့ သူ့အတွက် ဂျပန်မှာ အလုပ်ရနိုင်အောင် ကြိုးစားနေတယ်လို့ပြောပါ သား ဂျပန်မှာ အစစအရာရာ အဆင်ပြေပေမယ့် ကိုယ့်တိုင်းပြည်မှာ နေရတာလောက် မပျော်ပိုက်ပါဘူး။ မိသားစုကို အမြဲသတိရ လွမ်းဆွတ်နေပါတယ်။

စာထည့်ယင် ယခင်လိပ်စာအတိုင်း ထည့်ပါ လိပ်စာကို ထပ်ရေးသည့်လိုက်ပါတယ်။

အိမ်သာအားလုံး ပျော်ရွှင်ချမ်းမြေ့ကြပါစေ။

ရိုသေဦးခိုက်လျက်
"သားမောင်"

**လိပ်စာ**

တင်မောင်မြင့် (ဘိရှမာနီ)
ယိုကိုဟားမား စာတ်သတ္တုကုမ္ပဏီ
၃၀၆–၃၆–၄/၆ ချိုမီဂျင်ဂူဒဝး၊
ရှီဘူယားကူ၊ တိုကျို၊ ဂျပန်ပြည်။

* * *



တယ်လီဖေးရှင်းပို့လိုက်သောစာ ရောက်ချိန်တွင် ဇော်ဇော် အိမ်မှာမရှိ။ ရတနာမြေသို့ ခြေဆန့်ခရီး ထွက်သွားသည်။ ထိုအချိန်အထိ အိမ်သူအိမ်သားအားလုံးက ဇော်ဇော်အပေါ် သံသယမဝင်။ ရိုးရိုးတန်းတန်း ခရီးထွက်သွားသည် လို့ပဲ ယုံကြည်နေကြသည်။

ပျက်စီးခြင်း လမ်းကြောင်းထဲသို့ ခြေပြန်ကျ"မိစ ပြုသည့် ဆိုင် ထူးထူးခြားခြား ပြောစမှတ် ပြုလောက်ရာ အဖြစ်အပျက် အချို့ လက်ညှိုးထိုးပြစရာ မရှိသေး။

ဝင်းနိုင်ဦးနှင့် တွဲမိသည်မှ အသောက်အစား အပျော် အပါး ပြန်လည်တွဲစပ်မိလာသည်ပဲ ရှိသေးသည်။

ရန်ကုန်မှာ အားပါးတရ တဝကြီးပျော်ကြရာမှ မန္တလာ မြို့တွင် ခြေချမိကြပြီ။

ရန်ကုန်မှာ ဇော်ဇော်က ဆရာ၊ မန္တလေးမှာ ဝင်းနိုင်ဦးက ဆရာ။ ဇော်ဇော်က မန္တလေး အပျော်အပါး နယ်ပယ်ကို မကျွမ်း၊ ဝင်းနိုင်ဦးက ကျွမ်းသည်။

မိုးကုဘ်နှင့် မန္တလေးကို အိမ်ဦးနှင့် ကြမ်းပြင်သဖွယ်သို့ ကူးကလန်ခတ်နေသူ၊ ဝင်းနိုင်ဦးက မန္တလေးအပျော်အပါး လောကနှင့် တရင်းတနှီး ရှိခဲ့သည်ပါ။

ပျော်ကြသည်မှာ တဝတအိကြီး။

ဝင်းနိုင်ဦးတို့က မန္တလေးမှာ တိုက်တလုံး တည်ဆောက်ပြီး ကားတစီးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က မန္တလေးမှာ လက်ဖက်ခြောက်တိုက် ဖွင့်ထားသော်လည်း၊ ယင်းလုပ်ငန်းမှာ သူတို့၏ နောက်ကွယ်လုပ်ငန်းကို ခြေရာဖျောက်ဖို့အတွက် ဟန်ပြဖွင့်လှစ်ထားခြင်းဖြစ်၏။

မိုးကုတ်မှာ တိုက်တလုံး ကားနှစ်စီး၊ တစီးက ကိုရိုလာ၊ တစီးက လင့်ရိုဗာ၊ ကိုရိုလာက အိမ်စီး။ လင့်ရိုဗာက မိုးကုတ်နှင့်မန္တလေး အကူးအသန်းလုပ်သည့်ကား။

မန္တလေးတွင် ပင်တိုင်ထားသည့်ကားမှာ ဟိုင်းလက် လေးချိတ်။

မန္တလေး လက်ဖက်ခြောက်တိုက် လုပ်ငန်းကို ဝင်းနိုင်ဦးတို့ဦးလေးက ဦးစီးသည်။

သူတို့မိသားစု မန္တလေးသို့ဆင်းလာသည့်အခါ ကိုယ့်တိုက်ရှိနေသမို့ ဧည့်သည်သဘော မနေရ။ တကယ်တမ်းကျတော့ ဝင်းနိုင်ဦးမှာ မယ်မယ်ရရအလုပ် ဘာမှမလုပ်ရ။ မိဘတွေက ကျိကျိတက် ချမ်းသာသည်။

သူတို့မှာ မောင်နှစ်မ နှစ်ယောက်တည်း။ အစ်မဖြစ်သူ ရီရီသိန်းက အသုံးအဖြုန်းမရှိ။ ရီရီသိန်းက မန္တလေးမှာ မပျော်။ မိုးကုတ်မှာပဲ ပျော်သည်။ မိုးကုတ်မှာပဲ အနေများသည်။

သုံးမည့် ဖြုန်းမည့်သူက ဝင်းနိုင်ဦး တယောက်တည်းသာ။ ပြီး....သူကအငယ်၊ သူ့ကိုမွေးပြီးမှ စီးပွားတရိပ်ရိပ် ဖြစ်ထွန်းလာသမို့၊ မြန်မာလူမျိုးတို့၏ အယူအဆအရ အကျိုးပေးသော သားရတနာအဖြစ် အမှတ်သညာ ပြုထားသည်။



ကံထ, လာပြီဆိုယင် ဥာဏ်သာသူက အရှုံးပေးရစမြဲဆိုစကားအတိုင်း ဟန်ပြသဘော အလုပ်ပြသဘော ဖွင့်လိုက်သည့် လက်ဖက်ခြောက်တိုက် လုပ်ငန်းမှာလည်း အာကိုးအားထား ပြုလောက်သော လုပ်ငန်းသဖွယ် ဖြစ်လာရုံမက လုပ်ငန်းသေးမဟုတ်ပဲ လုပ်ငန်းကြီးသို့နှယ် ဖြစ်ထွန်း အောင်မြင်လာသည်။

ဝင်ငွေမှာ ဝင်းနိုင်ဦး အသုံးစရိတ်ကိုကာမိရုံမက မန္တလေးတွင်ရှိသည့် အမြတ်တော်ကြေး အများဆုံး ဆောင်ရသော လုပ်ငန်းစာရင်းထဲသို့ ဝင်ရိပ်ပြုလာသည်အထိ လုပ်ငန်းတိုးချဲ့ဖို့ အခြေအနေ ပေးလာသည်။

သူတို့ မူလစီးပွားဖြစ်ထွန်းလာသည့် လုပ်ငန်းမှာ အခြေအနေ အထား ပြောင်းလဲလာပြီး ယခင်ကလို လွယ်လွယ် ချောင်ချောင်၊ အန္တရာယ်ကင်းကင်း လုပ်နိုင်သည့် အခြေအနေ အထား မရှိတော့။

ဝင်းနိုင်ဦးတို့ မိဘများလုပ်စဉ်က ချောင်သည်။ အန္တရာယ် အတားအဆီး ပြောပလောက်အောင် မရှိ။ ဈေးနှုန်းကလည်း ပစ္စည်း ပေါ်မှာ ထက်၊ ပါးစပ်ပြောပေါ်မှာ တည်သည်။ ပါးစပ်က ပြောသလိုလည်း ဈေးဖြစ်သည်။

ခုမချောင်။ အန္တရာယ်လမ်းကြောင်း အသွယ်သွယ်ကြားမှ မလုပ်သာ မယူကိုသာ။ စွန့်ပြီးလုပ်သူတွေ ပြုတ်ကုန်ကြပြီ၊ ထိကုန်ကြပြီ။ အများစုမှာ ထောင်အုပ်ရိုးကြီးကို အသွင်းဘက် ကြည့်ရသူအဖြစ်သို့ ရောက်ကုန်ကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ လောကသားထဲမှာ အလည်ဆုံး၊ အလျှင်ဆုံး၊ အပါးဆုံး၊ အနပ်ဆုံး ဆိုသူများမှာ မိုးကုတ်မြို့လို နေရာနှင့် မလိုက်ဖက်အောင် ဆောက်ထားသည့် ခမ်းနားလှသော တိုက်ကြီးများကို စွန့်ခွာ၍ ရာဘာဖုံး မွေ့ရာကြီးများပေါ် ကျောခင်းနေရာမှ ဝါးကြမ်းခင်း၊ ဖျာကြမ်းခင်း၊ အိပ်ရာပေါ်မှာ ကျောချနေကြရပြီ။

ဥပဒေနှင့် ဆန့်ကျင်သောလုပ်ငန်း လုပ်သူများ၊ မမှန်ကန်သောနည်းဖြင့် စီးပွားရှာဖွေခဲ့သူများအတွက် 'တနေ့' ရှိသည်။ ထိုတနေ့သို့ ရောက်ပြီဆိုယင် ရှောင်လွှဲတိမ်းလို့ မလွတ်တတ်။
ဝင်းနိုင်ဦး၏ မိဘများမှာ ထိုအနေအထားကို မရောက်ခင်ကပင် လုပ်ငန်းဟောင်းကို မက်မောဖက်တွယ် မနေတော့ပဲ ပြတ်ပြတ်တောက်တောက် စွန့်လွှတ်လိုက်သည်။

မိုးကုတ်မှာရှိသည့် ဝင်းနိုင်ဦးတို့ တိုက်ကြီးမှာ ကြီးရုံပဲကြီးသည်။ မခမ်းနား၊ နဂိုအနေရိုးသူများ ဖြစ်သည့်အလျောက် ထောင်ထောင်၊ ထောင်ထောင် မလုပ်ခဲ့၊ မနေခဲ့။ ဝင်းနိုင်ဦးကသာ သူ့အိပ်ခန်းကို ဟိုတယ်အိပ်ခန်းသဖွယ် သားသားနားနား၊ ခန့်ခန့်ထည်ထည် ပြင်ဆင်ထားသည်။

မိုးကုတ်မှာ ပျော်စရာပါးစရာရယ်လို့ ထူးထူးထွေထွေမရှိ၊ မိုးကုတ်သူဌေးများမှာ ကိုယ့်ဒေသ၊ ကိုယ့်ရပ်မြေတွင် သဌေးသားလို မနေကြ၊ သဌေးသုံး သုံးစရာ၊ အပျော်အပါးကိစ္စများ မရှိသမို့၊ သုံးချင်ဖြုန်းချင်ပြီဆိုယင် မန္တလေးနှင့်ရန်ကုန်ကို ဆင်းကြရသည်။



မိုးကုတ်ကအပြန် ဝင်းနိုင်ဦးပါ မန္တလေးကို ပြန်လိုက်လာသည်။ ရန်ကုန်အထိမလိုက်နိုင်တော့၊ ဝင်းနိုင်ဦး မိတ်ဆက်ပေးသည့် မိုးကုတ်သားတယောက်နှင့် သိကျွမ်းခဲ့ရသည်။ ရန်ကုန်အပြန်ခရီးတွင် အဘူပြန်ခဲ့ကြဘည်။ ကိုသောင်းညွန့်မှာ သူတို့နှင့် သက်တူရွယ်တူတော့မဟုတ်၊ လူလတ်ပိုင်း၊ သို့တစေလိုက်လိုက်လျောလျော ပျော်ပျော်ပါးပါး နေတတ်သူ။

လူလတ်ပိုင်း အရွယ်သမားများမှာ လူကြီးပိုင်းထက် လူငယ်ပိုင်းနှင့်ပို၍ အဖွဲ့ကျလွယ်သည်။ အပေါင်းအသင်း ဖြစ်လွယ်သည်။ ရင်ကုန်အပြန်ခရီးတွင် သူတို့နှစ်ယောက်၏ ရင်းနှီးမှုမှာ စီးစီးပိုင်ပိုင် ပေါင်းစီးမိခဲ့ကြသည်ပါ။

ရန်ကုန်မှာ....။

ကိုသောင်းညွန့်က အလုပ်မျိုးစုံပွဲစား။

ဇော်ဇော်က ပရိုက်ဗိုက်တိုင်စီသမား။

လုပ်ငန်းသဘောအရ တွဲမိကြပြန်သည်။ ကိုသောင်းညွန့်က မိုးကုတ်ဇာတိဆိုပေမယ့် အိုးအိမ်အခြေချထားသည်က ရန်ကုန်မှာ....။

ကားရှိသူနှင့် အလုပ်ရှိသူတို့ တွဲမိကြသည့်နောက် နှစ်ဦးစလုံး အလုပ်ဖြစ်ခဲ့ကြသည်။ ကိုသောင်းညွန့်က ဇော်ဇော်တို့အိမ်ကို နှစ်ခေါက်သာ ရောက်ဖူးသော်လည်း ကားရှိသူဇော်ဇော်က ကိုသောင်းညွန့်တို့အိမ်ကို နေ့စဉ်လိုလို ရောက်ရသည်။

www.burmeseclassic.com



မိုးကုတ်ကပြန်ရောက်ပြီးနောက် တယ်လီဗေးရှင်းကို ဇော်ဇော်ကိုယ်တိုင် သွားရွေးပြီး အိမ်မှာတပ်ဆင်ပေးခဲ့သမို့ ဒေါ်ထက်ထက်တို့ မိသားစုမှာ တိုင်ထောင်နိုင်သူ စာရင်းဝင်ဖြစ်သွားကြပြီ။

အိမ်ထောင်စုများ စုပေါင်းနေထိုင်ကြရသည့် အစိုးရတိုက်ခန်းလို အဆောက်အအုံခေါင်မိုးပေါ်တွင် တိုင်ထောင်ရသည်မှာ မထင်ပေါ်သော်လည်း ဝင်းနှင့်ခြံနှင့် တအိမ်စီနေထိုင်ကြသည့် ရပ်ကွက်မျိုးတွင် တိုင်ထောင်ရသည်မှာ ပေါ်ပေါ်ထင်ထင် ရှိဘိ၏။

ကက်ဆက်တွေ၊ ရေခဲသေတ္တာတွေ၊ အခြားအိမ်သုံးပစ္စည်းအဖိုးတန်တွေ အိမ်ထဲမှာ ဘယ်လောက်ရှိရှိလူမသိ။ တိုင်ထောင်ယုံ လူသိသည်။ ခေတ်က တယ်လီဗေးရှင်းခေတ်။

တယ်လီဗေးရှင်း ရောက်လာသဖြင့် အပျော်ကြီးပျော်နေသူမှာ မော်မော်။ ဒေါ်ထက်ထက်နှင့် ဒေါ်ကြီးစိုးတို့က တခါတရံမှသာ ကြည့်ကြသည်။ အစီအစဉ် အစအဆုံး ရုပ်မြင်သံကြား အစီအစဉ် ပြီးပါပြီ စာတမ်းပေါ်လာသည်အထိ မပျင်းမရိ တယောက်တည်းကြည့်သူမှာ မော်မော်။

ဇော်ဇော် အိမ်ပြန်ချိန်မှာ တယ်လီဗေးရှင်း အစီအစဉ်ပြီးသည့် နောက်ပိုင်းအချိန်။ မိုးကုတ်မသွားခင် အရက်နှင့်ပြန်လည်တွဲခဲ့သူ ဇော်ဇော်မှာ မိုးကုတ်က ပြန်ရောက်ပြီးနောက်လည်း အသောက်နှင့်တွဲဖက်လျက်ပါ။ ဒါပေမဲ့ ရှုပ်ပျက်ဆ



ပျက် ဖြစ်လောက်အောင်တော့ မသောက်။ ငါးပက် စံချိန်ကို မကျော်အောင် ထိန်းထားရသည်။ မထိန်းလို့လည်း မဖြစ်။ ညဘက် ကားကို ကိုယ်တိုင်မောင်းပြီး ပြန်ရသောကြောင့် ရေချိန်ကိုက်ပဲ သောက်ရသည်။

ဒါကြောင့် အိမ်မှာ ပြဿနာမပေါ်။

တံခါးဖွင့်ပေးရသူက မော်မော်ပင် နေ့တိုင်းသိ။ သူကလည်း ဣန္ဒြေမှမပျက်ပဲကိုး။ မနက်မိုးလင်း ကားမထွက်ခင်သာ မိခင်ဖြစ်သူနှင့် မျက်နှာချင်းဆိုင်မိသည်။ ပြောစရာရှိတာပြောဆိုရသည်။ အိမ်က သူ့အပေါ် သံသယမဝင်။

တင်မောင်မြင့်ထံမှ ရောက်သမျှစာထဲမှာ ဇော်ဇော် အကြောင်း မကောင်းမပါသည်မှာ ဒေါ်ထက်ထက်တို့ မော်မော်တို့က တမင်ထိန်ချန်ထားသည်ဟု မဆိုသာ။

ဇော်ဇော် အဆိုးကြီးဆိုးသည့်အနေအထားသို့ရောက်သော အချိန်မှာ တင်မောင်မြင့်ကို အသိပေးဖို့အချိန် နောက်ကျခဲ့ပါလေပြီ။

x x x

www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်တစ်)

**"အစ်ကိုမြင့်"**

ပို့လိုက်တဲ့ တယ်လီဗေးရှင်းကို အစ်ကိုဇော် သွား
တယ်၊ တပတ်ရစ်ဆိုပေမယ့် ဂျူတီ ဆောင်ရ တာ
မနည်းဘူး၊ မော်လေးတော့ အရမ်း ပျော်သွားတ
အစ်ကိုမြင့်ကို ကျေးဇူးတင်လို့မဆုံးဘူး၊ တယ်လီဗေးရှ
ရောက်လာတဲ့အဘက် အပျော်ဆုံးကတော့ မော်လေး
မာမီနှင့် ဒေါ်ကြီးစိုးတို့လည်း ဝမ်းသာနေကြတယ်၊ ကြ
ချင်လို့တော့မဟုတ်ဘူး အစ်ကိုမြင့်ရေ၊ အများတကာ
ထောင်နိုင်တဲ့အချိန် ကိုယ်က တိုင်မထောင်နိုင်တော့
ထဲမှာ တမျိုးကြီးပဲ။



ပြီးတော့အပျင်းလည်းပြေတယ်လေ၊ မော်လေးအတွက်တော့ တကယ့်အဖော်မွန်ပဲ အင်ကိုမြင့်ရေ၊ အစ်ကိုဇော်ကတော့ သူ့အလုပ်နဲ့သူမကြည့်အားပါဘူး။ အလုပ်ကိုလည်း ကြိုးစားလုပ်နေတယ်၊ တခါတလေတော့ အဖော်ကောင်းလို့လား ဘာလားမသိဘူး နည်းနည်းပါးပါး သောက်လာတတ်တယ်။ တခါတလေမို့ မော်လေးလဲ မာမီ့ကိုမပြောပါဘူး။ မာမီ့လက်ထဲကို ငွေလည်း မှန်မှန် အပ်တယ်၊ အစ်ကိုမြင့် ရည်မှန်းချက်အောင်ဖို့သာ စိတ်အေးလက်အေး ကြိုးစားနော်၊ အိမ်အတွက်ဘာမှမပူနဲ့။ မာမီလည်းဝလာတယ်၊ မာမီက မင်းကွန်းမှာပဲ ပျော်နေတယ်၊ ခုဆို ဦးလေးမောင်ကြီးကလည်း အိမ်မှာ အနေများတယ်။

မနက်စာရော ညစာပါ အိမ်မှာပဲ စားသောက် ပြီး ရှစ်နာရီလောက်မှ အိမ်ပြန်တယ်။ ဦးလေးမောင်ကြီး ရှိတော့ အိမ်ပို လုံခြုံတာပေါ့၊ အစ်ကိုမြင့်စာတွေ ဖတ်ပြီး မော်လေး အရမ်းပဲ ပျော်နေရတယ်။ ဒါပေမယ့် မီချီကို အကြောင်း အပါများလွန်းတော့ အစ်ကိုမြင့် မော်လေးတို့ဆီ ပြန်လာနိုင်ပါ့မလားလို့ စိုးရိမ်စိတ် ဖြစ်ရတယ်။

တခါတလေ အဲဒီအကြောင်း ခေါင်းထဲရောက်လာပြင် တအားကြီး စိတ်ရှုပ်စိတ်ညစ်သွားရတယ်။ အစ်ကိုမြင့်ကို အထင်သေးလို့တော့ မဟုတ်ဘူးနော်၊ မော်လေး ကန့်ကွက်နေတာလဲ မဟုတ်ဘူး၊ အစ်ကိုမြင့် ပြန်မလာမှာကိုသာ စိုးရိမ်တာ။

www.burmeseclassic.com

www.burmeseclassic.com



မီချိုကိုသာ ပါလာယင်လေ မော်လေး တ အား
ပျော်ပြီး အရမ်းကိုဝမ်းသာမှာ။ အိမ်အတွက်နေ
ပစ္စည်းတွေ မပို့နဲ့တော့နော်၊ ဒီမှာ ဘာမှမလိုဘူး
သေး တို့အားလုံး မျှော်လင့်တောင့်တနေတဲ့ အနွေ
အစ်ကိုမြင့် အမြန်ဆုံးပြန်လာရေးပဲ....။

အစ်ကိုမြင့် ပျော်ရွှင်ချမ်းမြေ့ပါစေလို့—

ချစ်ညီမ
မော်လေး

* * *

မော်လေးရေ....။

အစ်ကိုမြင့် ပြန်လာဖို့ရက် မနီးသေးပေမယ့်
တော့ တဖြည်းဖြည်းနီးလာပါပြီ။ မီချိုကိုနဲ့ အစ်
အနေအထားက အခုအချိန်အထိတော့ ရိုးရိုးပဲ
ရေ....နောက်လဲ ရိုးရိုးအဆင့်ထက် မကျော်နိုင်ပါ
ဘာဖြစ်လို့လဲဆိုတော့ လူ့နေမှုစရိုက် ယဉ်ကျေး
မတူဘာတွ၊ ဘာသာရေး ကိုးကွယ်မှု မတူညီ



ကိုထား အစ်ကိုမြင့်အနေနဲ့ သားရေပေါ် အိပ် သားရေနား
စား အဖြစ်မျိုးအထိ အပြောမခံ၊ အဖြစ်မခံနိုင်ဘူးလေ။

အစ်ကိုမြင့် နေချင့်တာလဲ မြန်မာပြည်၊ သေချင်တာလဲ
မြန်မာပြည်ပဲ မော်လေး၊ ခဏပန်းပျော်ရွှင်မှုနဲ့ ထာဝရစိတ်
ဆင်းရဲမှုမျိုးကို အစ်ကိုမြင့်အတွက်လည်း မဖြစ်စေချင်ဘူး၊
မီချိုကိုအတွက်လည်း မဖြစ်စေချင်ဘူး၊ မီချိုကိုကလည်း....
အစ်ကိုမြင့်ကို မော်လေးလိုပါပဲ၊ အစ်ကိုတယောက်၊ မိတ်
ဆွေကောင်း တယောက်လိုပဲ သဘောထား နေတာပါ၊
တီဗွီပို့ လိုက်လို့ မော်လေး အရမ်းပျော်နေတယ်ဆိုတော့
အစ်ကိုမြင့်လည်း အရမ်းဝမ်းသာနေရတယ်။

တယ်လီဗေးရှင်းတို့ ဘာတို့ဆိုတာ သူတို့ဆီမှာ လူတိုင်း
သုံးပစ္စည်းဖြစ်နေသလို အစ်ကိုမြင့်တို့ဆီမှာလည်း တနေ့
သည်လိုပဲ ဖြစ်လာမှာပါ။ ဂျပန်မှာ ပစ္စည်းပေါတာဟာ
သယံဇာတပစ္စည်းပေါကြွယ်ဝလို့ မဟုတ်ပါဘူး၊ လူတွေ
အလုပ်လုပ်လွန်း အားကြီးလို့ပါ၊ သူတို့ဆီမှာ အားလုံး
ချမ်းသာတဲ့လူတွေချည်း မဟုတ်ပါဘူး။ ဆင်းရဲတဲ့လူတွေ
လည်း ရှိကြ တာ ပဲ၊ သူတို့ စည်းကမ်းတော့ အင်မတန်မှ
ကောင်းကြတယ်။

လူမျိုးတမျိုး တိုင်းပြည်တပြည်ရဲ့ တိုးတက်မှုဟာ စည်း
ကမ်းလိုက်နာမှု အပေါ်မှာတည်တယ်ဆိုတာ အစ်ကိုမြင့်လဲ
ဂျပန်ကိုရောက်မှ သဘောပေါက်တယ်၊ အမှိုက်သိမ်းတဲ့
စနစ်ကလေးကိုပဲ ကြည့်အမှိုက်သိမ်းတယ် ဆိုတာကလေးက

www.burmeseclassic.com

www.burmeseclassic.com



အသေးအမွှား အလုပ်ပါ၊ သူတို့ ဆီမှာ နေ့တိုင်းအမှိုက် သိမ်းသလို၊ အထူးနေ့ရယ်လို့လည်းရှိတယ်။

ဥပမာဆိုပါတော့ စနေနေ့ဟာ စက္ကူအမှိုက်သိမ်း နေ့၊ အင်္ဂါနေ့ဟာ စွန့်ပစ်ပစ္စည်းသိမ်းတဲ့နေ့ရယ်လို့ အထူး ရက် သတ်မှတ်ထားတာရှိတယ်”

“သူတို့ဆီမှာ စက္ကူစုတ်တို့၊ ပလပ်စတစ်တို့၊ တခြား စွန့်ပစ်ပစ္စည်းတို့ကို ဟိုပစ်သည့်ပစ် ပစ်လေ့မရှိသလို ပုံ သည့်ပုံလည်း ပုံလေ့မရှိဘူး”

“စက္ကူသိမ်းနေ့ကြယင် စက္ကူအတိုအစတွေ အ အဝင် စက္ကူပစ္စည်းမှန်သမျှကို သတ်မှတ်တဲ့နေရာမှာ စု ပေးလေ့ရှိကြတယ်။

ပလပ်စတစ်ဆိုတာကတော့ ဂျပန်ပြည်မှာအသုံးအများ ဆုံးပစ္စည်းပဲ။ ဘာဝယ်ဝယ် ထုပ်ပိုးပေးတဲ့ပစ္စည်းက ပ စတစ်တွေချည်းပဲ စက္ကူဆိုတာက စာရွက်စာတမ်း၊ အုပ်နဲ့ သတင်းစာတွေ၊ သတင်းစာအဟောင်းကို ရောင်း စားလေ့မရှိတော့၊ စွန့်ပစ်နေ့မှာ စုံပုံပေးရတယ်။

ဈေးထဲမှာ ငါး၊ ပုစွန်နဲ့ အသားအားလုံးကို ပ စတစ်နဲ့ထုပ်ထားသလို ကြက်သွန်၊ မုန်လာဥ၊ ဆလပ် စတဲ့ ဟင်းသီးဟင်းရွက်ဝယ်ယင်လည်း ပလပ်စတစ်နဲ့ ပေးတာပဲ။ ဒါတွေအပြင် စွန့်ပစ် ပစ္စည်း နေ့မှာ အပျက်၊ ကက်ဆက်အပျက်၊ ရေဒီယိုအပျက်တို့ စွန့် တာမျိုးလဲ ရှိတယ်”



နောက်တခု ထူးထူးခြားခြား တွေ့ရတာက ဘီယာ ဆိုင်ခတွေ များလွန်းတာပဲ မော်လေးရေ၊ ညနေဆို တန်းစီ ရတယ်၊ ယောကျ်ားတွေအတွက် ဘီယာဆိုင်ကသတ်သတ် မိန်းမတွေအတွက် ဘီယာဆိုင်ကသတ်သတ်၊ အစ်ကိုမြင့်တို့ တိုင်းပြည်မှာ လက်ဖက်ရည်ဆိုင်တွေ ပေါသလို ဂျပန်မှာ ဘီယာဆိုင်တွေ ပေါတယ်။

ဈေးလည်းချိုတယ်၊ သောက်လည်း သောက်ကြတယ်၊ ယောကျ်ားတွေကိုတော့ ပုလင်းနဲ့ရောင်းတယ်၊ မိန်းမတွေ ကိုတော့ ဖန်ခွက်နဲ့ရောင်းတယ်၊ အစ်ကိုမြင့်တောင် ဘီယာ သောက်တတ်နေပြီ၊ နေ့တိုင်းတော့ မသောက်ပါဘူး.... တပတ်မှာ နှစ်ခါလောက်ပေါ့”

“အစ်ကိုမြင့်ကြုံတိုင်း ဂျပန်ပြည်အကြောင်း ရေးနေ တာက ဂျပန်ပြည်ကို အမွှန်းတင်ဖို့မဟုတ်ဘူး၊ အစ်ကိုမြင့် ပြန်လာမှ ဂျပန်ပြည်အကြောင်းပြောပြစမ်းပါလို့ မေးယင် ပြည့်ပြည့်စုံစုံ ပြန်ပြောဖို့ မလွယ်ဘူးလေ၊ ဒါကြောင့် အတွေ့အကြုံ ဗဟုသုတတွေကို မော်လေးသိအောင် ရေး နေတာ။

တခြားလဲရေးစရာ အကြောင်းမရှိဘူး မဟုတ်လား။ ဂျပန်မှာ လူသုံးကုန်ပစ္စည်းတွေ ဈေးပေါပေမယ့် စားသောက်ကုန်ဈေးနှုန်းကတော့ ခေါင်ခိုက်နေတာပဲ။ အစ်ကိုမြင့်လည်း သူများအိမ်မှာ ကပ်စားနေရတာရယ်၊ နေစရိတ်မရှိတာရယ်ကြောင့် ငွေစုသင့်သလောက် စုနိုင် တယ်။ နို့မဟုတ်ယင်တော့ ဘယ်လွယ်ပါ့မလဲ။ သည်

www.burmeseclassic.com

www.burmeseclassic.com



တပတ်တော့ ဂျပန်လျှောင်အကြောင်း အတွေ့အကြုံလေးနဲ့ စာကို အဆုံးသတ်မယ်၊ ကဲ....လျှောင်အကြောင်း ဆက်ဖတ်လိုက်ဦး”

“တနေ့ အစ်ကိုမြင့်နဲ့ လုပ်ဖော်ကိုင်ဘက် သူငယ်ချင်း တယောက် ကုန်ပဒေသာဆိုင်ကြီး အောက်ထပ်က 'ရှင်တာဂိုကူး' အအေးဆိုင်မှာ စကားတပြောပြောနဲ့ နို့ဂျယ်ရီသောက်နေကြတယ်လေ၊ အဲဒီတုန်းမှာ စားပွဲတွေ သိသိသာသာလှုပ်ပြီး နို့ခွက်ထဲက နို့တွေ ဘောင်ဘင်ခတ်ပြီး ဖိတ်စင်ကုန်တယ်။

အတွေ့အကြုံမရှိတော့ အစ်ကိုမြင့်လည်း လန့်သွားတာပေါ့။ ရုတ်တရက်ဆိုတော့ သူများတွေ ဘာလုပ်သလဲ ဆိုတာ မကြည့်မိဘူး။ ဆိုင်အပြင်ကို ပြေးထွက်မိလျက်သား ဖြစ်သွားတယ်။ သူငယ်ချင်း အိပ္ပူရာက မပြေးနဲ့၊ မပြေးနဲ့ လို့အော်ပြီး လှမ်းခေါ်တယ် သူကတော့ ထိုင်နေတဲ့ ကုလားထိုင်မှာ ဣန္ဒြေမပျက် ဆက်ထိုင်နေတယ်။ တခြားဆိုင်ထဲမှာ စားသောက်နေသူတွေ အားလုံးကလည်း ထိုင်မြဲ နေရာမှာ အထိုင်မပျက်၊ အစားအသောက်မပျက် ဆက်ထိုင်ပြီး ဆက်စားနေကြတယ်။ အစ်ကိုမြင့်လည်း ခပ်ရှက်ရှက်နဲ့ ရှေ့မျက်နှာ နောက်ထားပြီး ဆိုင်ထဲပြန်ဝင်ခဲ့ရတာပေါ့။ အဲဒီတော့မှ အီပူရာကပြောတယ်။ ဂျပန်မှာ လျှောင်လှုပ်တာဘာမှ မဆန်းဘူးတဲ့။ တခါတလေ နေ့ခြောက်ကြိမ် ခုနစ်ကြိမ်တောင်လှုပ်တယ်။ ရစ်ချစတာစကေးတော့ မများဘူးတဲ့၊ အဲဒီလိုပြောပေမယ့် စားပွဲတွေ၊ ကုလားထိုင်တွေ



ပါလှုပ်သွားတာ။ သူတို့က နေသားကျနေတော့ အထိတ်တလန့် ဘယ်ဖြစ်ပါ့မလဲ။ အစ်ကိုမြင့်တို့လို နေသားမကျသူတွေကတော့ သူတို့လို ဣန္ဒြေမပျက် ဘယ်နေလို့ရမလဲ ဂျပန်ပြည်ဟာ ပင်လယ်ထဲက ကျွန်းကြီးပေါ်မှာ ရှိနေသလို ထင်ရှားတဲ့ ဖူဂျီယာမာ မီးတောင်ကြီးလည်း ရှိတယ်လေ။ တကယ့်အကြီးအကျယ်လှုပ်တော့မယ်ဆိုလျှင် လျှောင်တိုင်းတာရေး ဌာနက ကြိုတင်သတိပေးတယ်ဆိုပဲ။ အဲဒီအခါမျိုးမှာသာ အဆောက်အအုံထဲမနေပဲ အပြင်ထွက်နေကြတယ်တဲ့။ အပြောလွယ်သလောက် အနေမလွယ်ဘူး မောင်လေးရေ။ တခါက အိပ်နေတုန်းလှုပ်တာ သွက်သွက်ကိုခါရောပဲ။ အစ်ကိုမြင့်လည်း အိပ်ရာက ထထိုင်မိလျက်သား ဖြစ်သွားတယ်။

ဒါပေမယ့် တအိမ်သားလုံး တုတ်တုတ်မှ မလှုပ်တော့ အစ်ကိုမြင့်လည်း ထိတ်ထိတ်နဲ့ပဲ ပြန်အိပ်လိုက်ရတယ်။ လျှောင်လှုပ်တာ ကြောက်တတ်သူဆိုယင် ဂျပန်ပြည်မှာ နေလို့မဖြစ်ဘူး၊ ခုတော့ အစ်ကိုမြင့် ကျင့်သားရသွားပြီ၊ လှုပ်ချင်သလောက်လှုပ်။

ကဲ....သည်တခါရေးလိုက်တဲ့အထဲမှာ မီချိုကိုအကြောင်း မပါဘူးနော်။

အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ။

ဘိရှူမာကိုမြင့်

* *

www.burmeseclassic.com

www.burmeseclassic.com



မီချိုကိုမှာ မျက်ရည်လေး တလည်လည်။

မစ္စတာနာကာတာနီကိုယ်တိုင်ပင် ဝမ်းသာစကား ပြော ရစေကာမူ၊ မျက်နှာမရွှင် ဘာသိဘာသာနေတတ်သည်၊ ယာလည်း မျက်နှာမကောင်း၊ အဘွားကြီးကဆို မစ္စတာ တာတာနီ ပြောနေသည်ကို ဆုံးအောင် နားမထောင်ဘေ မီသားစုစကားဝိုင်းမှ ထသွားသည်။

ပြောနေသည့် သူ့အကြောင်းမှာ ဝမ်းသာစကားကော သတင်းပါ။

တင်မောင်မြင့်ကို ရာထူးတိုးပေးသည့် သတင်းကော သို့တစေ တိုကျိုရုံးချုပ်မှာ မနေရတော့ စက်ရုံရှိ သုံးတ ဌာနသို့ ပြောင်းရွှေ့ရမည်။ ယိုကိုဟားမား စက်ရုံတည်ရှိ ယိုကိုဟားမားမြို့သို့။

ယိုကိုဟားမားမြို့မှာ တိုကျိုနှင့် အိုစကာကြားတွင်ရှိသည် တိုကျိုနှင့် အိုစကာသို့ ဘူးလက်ထရိမ်းခေါ် ကျည်ဆန်ရထ ကြီး ပြေးဆွဲနေ၏။ နေ့စဉ် ထိုရထားကြီးစီးပြီး လက်ရှိနေ ရာ တိုကျိုကနေ ယိုကိုဟားမားကို နေ့စဉ်အလုပ်သွား အ ပြန် သွားလို့မဖြစ်၊ လမ်းစရိတ်ဖြင့် ဖြုံကာပြာကာ ကျသ လိမ့်မည်မို့ စက်ရုံရှိရာမှာ သွားနေရမည်။ တနှစ်ကျော်အ နေ၍ တမိသားစုလို တရင်းတနှီး နေပြီးကာမှ ခွဲခွာနေထိုင်



မည်ဆိုသော အနေအထားသို့ ရောက်လာသောကြောင့် တအိမ် သားလုံး စိတ်မကောင်းကြ။ တင်မောင်မြင့်ကိုယ်တိုင်လည်း ဝမ်းသာရတော့မလိုလို၊ ဝမ်းနည်းရတော့မလိုလို၊ ဝမ်းနည်း ဝမ်းသာဖြစ်ရသည်။

သူကိုယ်တိုင်ကလည်း သည်မိသားစုနှင့်မခွဲချင်ပါ။ မစ္စတာ နာကာတာနီတို့ မိသားစုနှင့် နေရသည့်ကာလတလျှောက်လုံး တခါတလေသော်မှ စိတ်အနှောက်အယှက် ဖြစ်ရသည်မျိုးမရှိခဲ့ အချိန်နှင့်အမျှ စိတ်ချမ်းမြေ့စွာ ပျော်ပျော်ပါးပါး နေထိုင် ခဲ့ရသည်။

မီချိုကိုက အစ်ကိုတယောက်လိုသဘောမူပြီးခွဲဆိုးဆိုးခဲ့သလို သူကလည်း အလိုလိုက်ခဲ့ရသည်။ သူချစ်သော ညီမလေး မော်မော်နှင့် နေရသည်သို့ ရှိခဲ့သမို့ တခါတလေ ဂျပန်သို့ ရောက်နေသည်ဟူ၍ပင် သူ့စိတ်ကိုမထင်။ မော်မော်နှင့် နေရ တိသို့ ရှိသောကြောင့်ပါ။

တခုဘော့ခြားနားသည်။

မော်မော့်အပေါ် ထားရှိသည့် အသိစိတ်မှာ အစဉ်ထာဝရ ရိုးသားသည်။ ဖောက်ပြန်ပြောင်းလဲခြင်း လုံးဝမရှိ။ မိချိုကို နှင့်ကျတော့ အစဉ်ထာဝရမရိုးသား၊ ရံဖန်ရံခါဆိုသလို ဟိုနှယ် သည်နှယ် စိတ်ရိုင်းကလေးများ ရှိလာ၏။ တိတ်တခိုး ဖောက် ပြန်စိတ်ကလေးများ တွဲစပ်လာတတ်သည်။

မသိစိတ် လွှမ်းမိုးခြင်းခံရသည့် အခါမျိုးတွင် စိတ်ရိုင်း စေရာနောက်သို့ လိုက်မှားမိမတတ် အဖြစ်မျိုးလည်း ရှိခဲ့ သည်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ယိုကိုဟားမားကို တကယ်ပြောင်းနေရမည် ဆိုသောအခါ မိချိုကိုတို့နှင့် ခွဲနေရတော့မှာပါက ပါးဆိုသည့် စိတ်အစဉ် လှုပ်ရှားမှုကြောင့် ရင်ထဲမှာ တမျိုးကြီး။

စက်ရုံပိတ်သောအားလပ်ရက်များတွင် တိုကျိုသို့ပြန်လာပြီး မိချိုကိုနှင့် နေထိုင် လည်နိုင် ပတ်နိုင်သော်သည်း အပင်ပန်းတော့ မပြန်နိုင်။ သူ့အနေအထားက ငွေကြေးဖောဖောသီသီ သုံးစွဲနိုင်သည့် အခြေအနေမဟုတ်၊ ရာကျ ကုဘ်ကပ်စုနိုင်မှ အမိမြေသို့ မြန်မြန် ခြေပြန်ချနိုင်မည်ဖြစ်သလို ပြည်ပြန်လူမည်။ နို့မဟုတ်ယင် ရောက်ဖူးရုံသမား စာရင်းထဲ ဝင်ပါသွားလိမ့်မည်။

ဂျပန်ပြည်မှာ တင်မောင်မြင့်တို့လို လူငယ်များအတွက် မက်မောစရာ ပျော်ရွှင်မှုတွေ စုံမှစုံ။ စိတ်အစာဖြေစရာ၊ ကိုယ်လက်အကြောအခြင် လျှော့ပါးစရာတွေ တဖုံတပင်ကြီး၊ လွတ်လွတ်လပ်လပ်နစ်မျောနိုင်သည်။ ဒါပေမယ့် မနစ်မျောသာ။

ပျော်လိုက်ချင်သမှ စိတ်ဘယားယား၊ နစ်မျောလိုက်ချင်သမှ ကိုယ်တလွန့်လွန့်၊ စိတ်ဘယားယား၊ ကိုယ်တလွန့်လွန့်ကို မနည်းကြီးထိန်းပြီး အောင့်အီးနေရသည်။

သည်လိုမှ မျက်ကွယ်မပြုနိုင်၊ မချုပ်တီးနိုင်ယင် သွားသည့်နိုင်ငံသို့ ရောက်ဖူးသည်ပဲ ရှိလိမ့်မည်။ အပြန်ခရီး ဗလာချည်းပြန်ရမည်။ သူတို့လို လစာနည်းနည်း ကိုယ့်ထမင်းကိုယ်စားရသည့် ကုန်းပေါ်အလုပ်သမားများကို ထားဘိတော့၊ အလုပ်ရှင်က ကျွေးသော အစားအသောက်ကို အလကားစားပြီး၊ နေဖို့ပါ မပူရရုံမက လစာလည်းများ၊ အကြံအဖန်လည်းရှိသည့်



သင်္ဘောသားကြီးတွေထဲမှာပင်ရောက်ပြန်သမားတွေ ဒုနှင့်ဒေးရှိကြပါသည်။

နိုင်ငံရပ်ခြား ရောက်ယင် ပါးစပ်အလိုမလိုက်မှ နေရာတကာမှာ ထိန်းချုပ်နိုင်ပါမှ ကိုယ့်အဖို့ တွက်သားကိုက်မည်။ အပြန်ခရီးလှမည်၊ ဟိုင်းလာ ်၊ ဒိုင်နာ၊ ပတ်ဘလီကာပါမည်။

နိုင်ငံရပ်ခြားရှိ အလုပ်အကိုင်အမျိုးမျိုးတွင် သွားရောက်လုပ်ကိုင်နေသူများသည် အစစအရာရာတွင် ခြိုးခြံချွေတာ၍ ငွေကိုကျစ်ကျစ်ပါအောင်စုရသည်မှာ မိသားစု အကျိုးအတွက်ပါဝင်သလို၊ အမိနိုင်ငံ အကျိုးအတွက်လည်း ပါဝင်သည်။ ထို့ကြောင့်လည်း ပေါင်မုန့်အဝစား၊ ရေအဝ သောက်ပြီး ငွေစုကြသည်မှာမဆန်း။ ဘခေါက်ဆိုတခေါက် ပါနိုင်သမျှ ပါအောင် သယ်လာကြသူများကို ကြိုဆိုထောပနာပြုရမည်ပါ။

ရေထဲက သင်္ဘောသားများထက် တင်မောင်မြင့်တို့လို ကုန်းပေါ်တွင် အလုပ်လုပ်ရသူများက ပို၍ခြိုးခြံချွေတာစုဆောင်းကြရသည်။ သင်္ဘောသားက စားဖို့၊ နေဖို့ မပူရ အားလုံးအလကား၊ စီးကရက်နှင့် အရက်ကို သင်္ဘောပေါ်မှာဈေးချိုချိုနှင့်ရသည်။ ကုန်းပေါ်အလုပ်သမားကသင်္ဘောသားလိုမဟုတ်၊ နေစရာရော စားစရာကိုပါ ကိုယ့်ဟာကိုယ် ဖန်တီးရ၏။ အကြံအဖန်လည်းမရှိ၊ ပညာသင်တွေလည်း ခြစ်ခြစ်ကုတ်ကုတ်၊ နေစားပြီးစုရသည်။ ပို၍ ခြိုးခြံချွေတာရသူတွေက နိုင်ငံရပ်ခြားကို ခဏတဖြုတ် သွားရသူတွေပါ။

သူတို့က စားချင်တာကိုမစားရဲ၊ ပျော်စရာ ပါးစဆနေရာနားကိုမကပ်ရဲ။ ဟိုင်းလွှက်စ်၊ ဒိုင်နာ၊ ပတ်ဘလီကာမှာသူတို့နှင့်

www.burmeseclassic.com

www.burmeseclassic.com



မဆိုင်။ သူတို့နှင့်ဆိုင်သည်မှာ တယ်လီဗေးရှင်းနှင့် အမြင့်ဆုံး မော်တော်ဆိုင်ကယ်သာ၊ ဒါတောင်တချို့ဆို တနယောက်တည်း တိုင်မထောင်နိုင်လို့ နှစ်ဦးစပ် တိုင်ထောင်ရသည်ပင်ရှိသည်။

တယ်လီဗေးရှင်းကို နှစ်ယောက်စပ်ဝယ်လာပြီး အရောင်း မတည့်ခင်စပ်ကြား သူ့အိမ်တပတ် ကိုယ့်အိမ်တပတ်၊ တလှည့်စီ ကြည့်ရသူများပင် ရှိပါလေ၏။

တင်မောင်မြင့် ဂျပန်သို့ထွက်လာသည်မှာ ဂျပန်မြေမှာ ထာဝရနေဖို့မဟုတ်။ ရည်မှန်းချက်ပြည့်စုံလျှင် အမိနိုင်ငံသို့ စောနိုင်သမျှ အစောဆုံး ပြန်ရမည်မို့ လစာတိုးလာသည်မှာ သူ့အတွက် ဝမ်းသာစရာပါ။ သို့တစေ ရာနှုန်းပြည့် ဝမ်းမသာ နိုင်ပြန်။

တိုကျိုမှာ နေဖို့ စားဖို့ ပြေလည်သည်။ ယိုကိုဟားမားမှာ ဘယ်သို့ရှိမှာပါလိမ့်။

မစ္စတာနာကာတာနီကတော့ အားလုံးအဆင်ပြေအောင် စီစဉ်ထားကြောင်း ပြောပြသည်။ မည်သို့ပင်ရှိစေ၊ ပျော်ရာမှာ မနေရ တော်ရာမှာ နေရမည်ဆိုသော ဗမာထုံးကို နှလုံးမူရ တော့မည်ပါ။

* * *



တိုကျိုကို ရောက်နေပါလျက်တင်မောင်မြင့်မရောက်ဖူးသေး သည်မှာ ခုနစ်လွှာချွတ်ကပွဲ၊ မစီးဖူးသေးသည်မှာ ကျည်ဆံ ရထား။

တိုကျိုဘူတာရုံမှာ ဘယ်အချိန် ဘယ်ရထားဝင်မည်၊ ဘယ် အချိန်ဘယ်မြို့သို့ ရထားထွက်မည်ဆိုသည့် အချိန်စာရင်းကို အများမြင်အောင် ရေးထားသလို ရထားအဝင်အထွက်အချိန် မှာလည်း တိကျလွန်းလှသည်။

တမိနစ်နောက်ကျရုံနှင့် ကိုယ်စီးရမည့်ရထားလွဲဖို့ သေချာ သမို့ ခရီးသည်များမှာကြိုတင် ရောက်ရှိနေစမြဲ ရှိကြ၏။

ဘူတာကြီးထဲ ရောက်သည့်အခါ မိမိလိုက်ပါ စီးနင်းမည့် ရထား ဘယ်လိုင်းက ထွက်မည်ဆိုသည်ကို မည်သူ့ အားမှ မေးစရာမလို။ ဘူတာပလက်ဖောင်းမှာ သူ့နေရာနှင့်သူ သီး သန့် စာတမ်းကလေးတွေ ကပ်ထားသည့် အမိုးပြားကလေး များရှိသည်။

အမိုးပြား အောက်တွင် သူ့လိုင်းနှင့်သူ သံတန်းကလေး များရှိရာ ကိုယ်သွားမည့်မြို့ အမည် ရေးထားသော စာတမ်း ချိတ်ဆွဲထားသည့် အမိုးပြားအောက်ရှိ လိုင်းအတွင်းသို့ဝင်၍ စောင့်နေလိုက်ရုံသာ။

www.burmeseclassic.com

www.burmeseclassic.com



မီးရထားတွဲကြီး တိုးဝင်လာပြီဆိုလျှင် ခရီးသည်များ စီးမည့်တွဲသည် စာတမ်းချိတ်ဆွဲထားသည့်လိုင်း ရှေ့တည့်တည့် ရပ်နေပါလိမ့်မည်။

သာစည်တွဲလား၊မြင်းခြံတွဲလား၊သာရဝေါတွဲလား၊ပြည်တွဲလား မျက်လုံးတောင်းမှောက် ကြည့်စရာ ရှာစရာမလို။

ကိုယ်တန်းစီထားသည့် ပိုက်သုံးတန်းရှေ့တွင် ရပ်သည့်တွဲပေါ်တက်၊ လက်မှတ်ပေါ်တွင်ပါသည့် ခုံနံပါတ်တွင် ဝင်ထိုင်ရုံသာ။

ကိုယ့်တိုင်းပြည်က မန္တလေးအမြန်ရထားစီးသလို လက်မှတ်ပေါ်မှာ ခုံနံပါတ်ပါသည်။

မြို့တမြို့အတွက် လက်မှတ်နှင့် အခြားမြို့တမြို့အတွက် လက်မှတ်ရောင်းချရာတွင် အရောင်ချင်းမတူ။ ကွဲပြားသည်။ ဥပမာ ယိုကိုယားမား လက်မှတ်က အစိမ်းရောင်ဆိုလျှင် အိုစကာ လက်မှတ်က အပြာရောင်။ ဘယ်လိုမှ မှားနိုင်စရာမရှိ။

သူတို့ဆီက လက်မှတ်ရောင်းပုံ စနစ်ကျလွန်းသည်။ ခုံနေရာ ထပ်တာတို့၊ နံပါတ် မထင်မရှား ရေးတာမျိုးမရှိ။ ရှင်းရှင်း လင်းလင်း ထင်းထင်းပျပျ။

ကျည်ဆံရထားဟု တင်စားခေါ်ဝေါ်သည်မှာ သေနတ်ပြောင်းဝက ပစ်ထုတ်လိုက်သည့် ကျည်ဆံ၏ ပြေးကားကဲ့သို့ လျင်မြန်ပြီး အရှိန်ပြင်းလွန်းသောကြောင့်ပါ။

ကျည်ဆံရထားမပေါ်မီ မီးရထားပြေးနှုန်းမှာ တနာရီမိုင်သုံးဆယ်မှ အမြဆုံး မိုင်ရှစ်ဆယ်အထိ ရှိခဲ့သော်လည်း ကျည်ဆံရထားက တနာရီ တရာ့နှစ်ဆယ်ငါးမိုင်နှုန်း မောင်းသည်။ ရန်ကုန်-မန္တလေးခရီးဆို သုံးနာရီခွဲ။

တနာရီ တရာ့နှစ်ဆယ် ငါးမိုင်နှုန်းမှာ ကားပြိုင်ပွဲမှ ပြိုင်ကားများ မောင်းသည့်နှုန်း လေယာဉ်ပြေးလမ်းပေါ်မှ ဝေဟာသို့ ပြန်တက်ရန် အရှိန်ယူသည့်နှုန်းနှင့် မရိုးမစွဲရှိ၏။

ကောင်းကင်ပြင်တွင် လေယာဉ်ပျံ မောင်းနှင်သည့် နှုန်းထက် ကျည်ဆံရထားက ထက်ဝက်နှုန်းလောက် ရှိသည်ဆိုရလောက်အောင်ပင် မြန်လွန်းလှရာ မည်မျှမြန်သည်ကို တွေးချင့်ကြည့်နိုင်ရာ၏။

ရထားက ပို၍ ကျယ်ကျယ်ပြန့်ပြန့် သက်တောင့်သက်သာရှိ၏။

မစီးဘူးခင်က အပြင်ကိုကြည့်လျှင် မူးနောက်သွားလိမ့်မည်ဟု ထင်ခဲ့သည်။

ထင်သလိုမဟုတ်ပါ။

တွဲဘေးမှန်ကြီးများမှာ ကြီးပြီးကျယ်သည်။ မှန်ပေါ်ဝ အစင်းအကွက် အရစ်များ ထင်နေပုံမှာတမျိုး။ မှန်ကိုတမင်လုပ်ထားသလားမသိ။ မြန်လွန်းသည်မှတပါး ကြည့်ရသည်၊ မူးဝေ နောက်ကျိခြင်း မရှိ။ မြင်ကွင်းမှာ ကွဲကွဲပြားပြားရှိဘိ၏။

ရထားကြီးမှာ မြန်သော်လည်း လှုပ်ရမ်းခြင်း ခုန်ခြင်း ငြိမ်ငြိမ်သက်သက်။

ရထားပေါ်က စားသောက်တွဲရှိရာသို့ လျှောက်သွားသည့်အခါ ယိမ်းထိုးခြင်း။ယိမ်းယိုင်ခြင်းမရှိ။စားသောက်တွဲ ရှိရာ

www.burmeseclassic.com

www.burmeseclassic.com



မသွားချင်လျှင် စားသောက်တွဲသို့ ဆက်သွယ်ထားသည့် ခလုတ်ကို နှိပ်လိုက်ပါ။ စားပွဲထိုးရောက်လာပါလိမ့်မည်။ စားချင်တာမှာပြီး ရောက်လာသည့်အခါ ထိုင်ခုံထဲ သွင်းထားသော စားပွဲခုံအံဆွဲကို ဆွဲထုတ်၍ ငြိမ်ငြိမ်သက်သက်စားရုံပါ။

ခရီးထွက်လာပြီးမှ တစုံတခုမေ့ကျန်ခဲ့ယင် ဒါမှမဟုတ် မိသားစုကို ပြောစရာရှိယင် ပြောဖို့ တယ်လီဖုန်း အဆင်သင့်။ ရေဒီယိုလှိုင်း၊ မိုင်ကရိုဝေ့ပ်နှင့် ဆက်သွယ်ထားသည့်ဖုန်း။

"သမီး လား မေမေဖုန်းဆက်နေဘယ်လေ၊ အခု မေမေတို့ ပဲခူးကိုကျော်လာပြီ၊ မေမေ့ခုမှ သတိရတယ်၊ လက်ဝက်လက် စားထည့်တဲ့ သေတ္တာကို သော့ပိတ်မိရဲ့လား ကြည့်လိုက်ဦး.... သော့တန်းလန်းကြီး ဖြစ်နေမှာစိုးလို့၊ ဖေဖေကိုလဲ အိမ်စောစောပြန်ဖို့ပြောဦး၊ သမီးတို့လဲ ဝတ္ထုတွေချည်း ဖတ်မနေနဲ့ ကျောင်းစာလဲ ဖတ်ကြဦးနော်"

သည်လိုပြောစရာရှိသည်များကိုတည်း ရထားပေါ်ကနေ ပြောနိုင်သည်။

ရထားပေါ်မှာ ဆေးခန်း၊ ဆရာဝန်၊ သူနာပြု၊ ဆေးဝါး ပစ္စည်းအစုံပါသည်။

ခရီးသွားနေယင်း သေးတိုးမှာ မကြောက်ရ၊ နေ့စေ့လစေ့ ကိုယ်ဝန်ဆောင် ပါလာယင်လည်း ခရီးသွားနေတုန်း မွေးဖွားမှာမပူရ။

ရထားပေါ်မှာဖတ်ဖို့ သတင်းစာတို့ ဝတ္ထုစာအုပ်၊ ရုပ်ပြစာအုပ်တို့ ယူလာစရာမလို၊ တွဲတိုင်း၏ အလယ်ခုံပေါ်မှာ သတင်းစာ မဂ္ဂဇင်း စာအုပ်မျိုးစုံထားပေးသည်။



တလွှားလွှားတရိပ်ရိပ် ပြေးလွှားနေသည့် ရထားကြီးမှာ ယိုကိုဟားမားကို ရောက်တော့မည်မို့ အဆင်သင့် ပြင်ထား လိုက်ရသည်။

ရထားကြီး ဘူတာသို့ဝင်လေပြီ။

ရထားကြီးပေါ်က ဆင်းလိုက်သည်နှင့် ဂျပန်အမျိုးသား တယောက် အနားသို့ရောက်လာသည်။ မစ္စတာနာကာတာနီကိုတင်ဖုန်းဆက်ထားသောကြောင့် လာကြိုနေကြောင်း မိတ်ဆက်စကားနှင့်အတူ ကြိုဆိုသူနောက်သို့ လိုက်ခဲ့ရသည်။

မစ္စတာနာကာတာနီ၏ ကျေးဇူးတရားမှာ တဆက်ထဲ တွင် မေ့နိုင်စရာရှိပါလေ။

စက်ရုံမှာနေဖို့ အခန်းရသည် ဆယ့်ငါးပေပတ်လည်အခန်း တယောက်တည်းသမားအတွက် ကျဉ်းမကျယ်ဟုဆိုရမည်ပါ။ နေသား ထိုင်သာ လှည့်သာ လှုပ်သာ ရှိသည်ဟု ဆိုရပါမည်။

စားဖို့သောက်ဖို့က ကိုယ့်ဟာကိုယ်ဖန်တီးရမည်။ နံနက်စာ အတွက်ကတော့ အကြောင်းမဟုတ်။ စက်ရုံမှ ဖွင့်ပေးထားသည့် သက်သာဆိုင်ရှိသည်။ ညနေစာအတွက် ကိုယ့်ဟာကိုယ် ချက်ပြုတ်စားသောက်ရမည်။

တင်မောင်မြင့်က အထူအထွေ ချက်ပြုတ်မနေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



"မောင်လေးရေ"

"သည်စာဟာ ခါတိုင်းလို တိုကျိုကရေးတာ မဟုတ်ဘူး ယိုကိုဟားမားက ရေးလိုက်တာ၊ အစ်ကိုမြင့် စက်ရုံ အလုပ်ပြောင်းရတယ်၊ ရာထူးလည်းတိုးတယ် လစာလည်း တိုးတယ်၊ အိုထိုးဆန်(အဖေ) မစ္စတာနာကာတာနီရဲ့ကျေ ဇူးကြောင့် တနှစ်ကျော်အတွင်းမှာ ရာထူးရောလစာပါ တိုး တာပဲ။ အစ်ကိုမြင့်အပေါ်မှာထားတဲ့ အိုထိုးဆန်တို့မိသား ရဲ့ ကျေးဇူးတရားနဲ့ သံယောဇဉ်တွယ်ပိုးမှု ကြီးမားလှ တာဟာ အစ်ကိုမြင့်တသက် မေ့ရက်စရာ မရှိဘူးလို့ မှာပေါ့ မောင်လေးရယ်၊ စက်ရုံမှာနေဖို့ အခန်းရတာ ဒါလည်း အိုထိုးဆန်အစီအစဉ်နဲ့ အိုထိုးဆန်ရဲ့ မျက် ကြောင့် ရတာပါ။ စားတာကတော့ ကိုယ့်အစီအစဉ် ကိုယ်ပဲ။ မနက်စာကို စက်ရုံသက်သာချောင်ချိရေးဆိုင် စားလို့ရတယ်၊ ညနေစာအတွက်ပဲ ကိုယ့်ဟာကိုချက် ရတယ်၊ အစ်ကိုမြင့်က ညနေစာကို တကူးတကချက်မ တော့ဘူး၊ စားကုန်သောက်ကုန် ဈေးကြီးတာရယ် ချက် မှာဝန်လေး တာရယ်ကြောင့် ချက်မစားတာပါ။ မနက် ကို သက်သာဆိုင်မှာအဝတုတ်ပြီး ညနေစာကို နို့နှစ်ပေါ ပေါင်မုန့်နှစ်လုံးနဲ့ပဲ ကိစ္စချမ်းအောင် လုပ်နေလိုက်တ



အစ်ကိုမြင့်ငွေပို့စေချင်တာလည်းပါတာပေါ့မောင်လေးရယ် အစ်ကိုမြင့် ပြောင်းရတော့မယ်ဆိုတုန်းက မိခါ့ကိုဟာ မျက် ရည်တရစ်ဝဲဝဲနဲ့ ဘူတာအထိလိုက်ပို့ရှာတယ်။ ခုဆို စက်ရုံ ကိုပြောင်းရတာ တပတ်ပြည့်တော့မယ်၊ အားလုံးအဆင် ပြေတယ်။ မာမိ၊ ကြီးကြီးစိုးနဲ့ ကိုဇော်တို့ကော နေထိုင် ကောင်းကြရဲ့လား။ အစ်ကိုမြင့်ရေးတဲ့စာတွေကို ကိုဇော့် ကိုလည်း ပေးဖတ်ပါ။ သူ့ဆီကို တသီးတခြားမရေးတာ ကအကြောင်းမထူးသေးလို့ပါ၊ စာတွေနှစ်ခေါင်သုံးခေါင် ခွဲရေးယင် စာပို့ခအရမ်းကုန်တယ်၊ အခုအတိုင်း ဆိုယင် အစ်ကိုမြင့် ခြောက်လလောက် စောပြီး ပြန်လာနိုင်လိမ့် မယ်လို့ မျှော်လင့်ထားတယ်။

ကားကို အစ်ကိုမြင့် မပြန်ခင် ပို့နိုင်အောင် စီစဉ်ထား တယ်။ ကုန်သွယ်ရေးခွင့်ပြုချက်နဲ့ ဌာနဆိုင်ရာခွင့်ပြုချက်တွေ ရဖို့အတွက် လျှောက်လွှာနဲ့ လိုအပ်တဲ့စာရွက်စာတမ်းတွေ ပို့လိုက်မယ်။ သည်ကိစ္စတွေအတွက် ကိုဇော်ပဲကိုလုပ်ခိုင်း ရမှာပဲ။ မောင်လေးစာရေးယင် အယင် တိုကျိုလိပ်စာနဲ့ပဲ စာထည့်နော်။ တိုကျိုကိုစာရောက်ယင် တနေ့ထဲ အစ်ကိုမြင့် ဆီကိုရောက်တယ်။ အရေးတကြီး တယ်လီဖုန်းဆက်စရာရှိ ယင်လဲ မစ္စတာနာကာတာနီတို့ အိမ်ဖုန်းကိုပဲဆက်။ ဒါက ပိုသေချာတယ်၊ နောက်စာကျမှ လိပ်စာအသစ်ထည့်ပေး လိုက်မယ်။

www.burmeseclassic.com

www.burmeseclassic.com



မာမီရဲ့ကျန်းမာရေးနဲ့ နေရေးထိုင်ရေးကို မေ်ာ ဂရုစိုက်နေ၁်၊ ဒေါ်ကြီးစိုးကိုသတိရကြောင်းလည်း ေ လိုက်ပါ။ စာအုပ်တွေပို့ရဟာ အခက်အခဲ ရှိတယ်ဆို မပို့နဲ့တော့။ စက်ရုံမှာက အလုပ်ပိုများတယ် စာဖတ် သိပ်မရဘူး ကဲ.. ဒီတပတ်တော့ ဒီလောက်ပဲ”

အားလုံးရွှင်လန်းချမ်းမြေ့ကြပါ

အစ်ကိုမြင့်

ယိုကိုဟားမား

× × ×

(တစ်ဆယ့်နှစ်)

ကိုသောင်းညွန့်နှင့် အတွဲမိနေသည့် ဇော်ဇော်မှာ ခြေလှမ်း ကျဲချင်နေပြီ။ ကိုသောင်းညွန့်တို့လုပ် ငန်းက စိတ်ဝင်စားစရာ ရှုလွယ်နပ်လွယ်ရှိသလို မြက်မြက်သက်သက်လည်း ရသည်။ သူတို့လုပ်ငန်းမှာ ဥပဒေနှင့် တိုက်ရိုက်ငြိစွန်းသည်ဟုမဆိုသာ သွယ်ဝိုက်၍ငြိစွန်းသည်ဟု ဆိုနိုင်ရာသည်မျိုး။

လူလည်ယင် လည်သလို အကွက်မြင်ယင်မြင်သလို ဖ းလုပ် ဖြစ်သည်။

လုပ်ငန်းမှာ သ တ်သတ်မှတ်မှတ် မရှိ။ ကျဖမ်း လုပ်ငန်း၊

ငွေရင်း စိုက်ရသည်လည်း ရှိသည်။ငွေရင်းမစိုက်ပဲ ပါးစပ် က်ရုံနှင့် စာရွက်တရွက်ကို သောင်းနှင့်ချီ၍ စားလိုက်ရသည်

www.burmeseclassic.com

www.burmeseclassic.com



မျိုးလည်းရှိသည်။ တချို့လုပ်ငန်းများမှာ ရင်းနှီးငွေ သိန်းကြီး ဂဏန်းမျိုးအထိ ရှိသည်၊ ထိုလုပ်ငန်းမျိုး ပေါ်လာယင် အစု ရှယ်ယာခေါ်ပြီး လုပ်ကြသည်။

ဘယ်လုပ်ငန်းမျိုးကို ဘယ်သူနှင့် ဆက်သွယ်ယင် အလုပ်ဖြစ်မည်၊ ဘယ်လုပ်ငန်းမျိုးကို ဘယ်သူကကိုင်တတ်သည်၊ ဘယ်လုပ်ငန်းမျိုးအတွက် ဘယ်ကို လိုက်ရမည် စသည်များကို ကိုသောင်းညွန့်က ပိုင်ပိုင်နိုင်နိုင်၊ ထဲထဲဝင်ဝင် သိကျွမ်းသည်။

လုပ်ငန်း လုပ်ကိုင်သူ လုပ်ငန်းရှင် အားလုံးမှာ ရန်ကုန်တမြို့တည်းမှာသာ ရှိသည်မဟုတ် အနယ်နယ် အရပ်ရပ်မှာရှိသည်။ ဘယ်လုပ်ငန်းရှင်မျိုး၊ ဘယ်နယ်မှာ ရှိသည်ကိုလည်း ကိုသောင်းညွန့်က ဒက်ဒက်နဲ့သိသည်။ လုပ်ငန်းရှိရာကို သူက လိုက်ရသည် ရှိသလို လုပ်ငန်းနောက်ကို သူက မလိုက်ရဘဲ လုပ်ငန်းက သူ့ဆီ လာသည်မျိုးလည်းရှိသည်။

ကိုသောင်းညွန့်တို့လို လုပ်ငန်းသမားတွေအဖို့ အရေးအကြီးဆုံးမှာငွေကြေးမဟုတ် ဟိတ်ဟန်နှင့် ပါးနပ်မှု၊ လည်ပတ်မှု လူနပ်ချမ်းသာ လုပ်တတ်မှုသာဖြစ်၏။

သူတို့လို လုပ်ငန်းသမားများမှာ ဆိုင်းဘုတ်မလို၊ ရုံးခန်းမရှိ၊ သို့တစေ ရုံးခန်းဖွင့်ပြီး ဆိုင်းဘုတ်ကြီး တင်ထားသည်ထက် လူသိများသည်၊ အလုပ်ဖြစ်သည်။ အမြတ်တော်ကြေးလည်း လွတ်ကင်းသည်။

ကိုသောင်းညွန့်က သူနေသည့်အိမ် ဧည့်ခန်းကိုတော့ စပယ် ရှယ်ပြုပြင်ပြင်ဆင်ထားသည်။



ဧည့်ခန်းကို မြင်လိုက်ရုံနှင့် သူ့အခြေအနေကို အခဲခတ်ပြောနိုင်အောင် မွမ်းမံပြင်ဆင်ထားသည်ပါ။

ဆိုဖာဆက်တီ၊ ဆက်တီကိုဖုံးသည့် ဇာများမှာ အလှလွန်ရှိ အဖိုးတန်သည်။ တကိုက် ရာကျော်တန်တွေ။

တယ်လီဖုန်း။

ကက်ဆက်၊ တယ်လီဗေးရှင်း။

အလှပြပစ္စည်းအဖြည့်သည့် ဗီရိုနှင့် အလှပြပစ္စည်းမျိုးစုံ။

လူကုံထံတို့၏ ဧည့်ခန်းများ၌ ထားလေ့ရှိသည့် ပစ္စည်းပစ္စယ အပြည့်အစုံ။

ခမ်းခမ်းနားနား ရှိဘိ၏။

လုပ်ငန်းသမားများ အိမ်ကိုလာသည့်အခါ အမြင်ကြွားရန် ပြင်ဆင်ထားခြင်းပါ။

ကိုသောင်းညွန့်၏ ဧည့်ခန်းအလှနှင့် ပြိုင်နေသည့် အလှမှာ မိမိသိန်း၏အလှ။

ကိုသောင်းညွန့်၏ ညီမ မိမိသိန်းမှာ ပြောရလွတ်အောင် အလှချိပ် မကြွယ်သော်လည်း ခြယ်သထုံမွမ်းမှ ကြွယ်ပိုးသူဖြစ်သဖို့ ဂုဏ်ရှိ မဘိမ်း... ...မှု စွဲ...ကျစရာ ဘက်သို့ ယိမ်းနေသည်။ ခေတ်ဆန်လွန်းသူတို့၏ အလှသည်တဒင်္ဂပဟန်အမြင်တွင် စွဲမက်ရိပ် ထင်ပြလွန်း၏။

ဇော်ဇော်၏ မျက်အိမ်ထဲတွင် မိမိသိန်း၏ဒေ လှ ၂၁ တရုပ်ဝဲ ကည်ပတ်လျက် ရှိနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဇော်ဇော်မှာ ကိုသောင်းညွန့်၏ ဆူလှုယ်နင်လှုယ် လုပ်ငန်းကို စိတ်ဝင်စားမှု ရှိသလို မိမိသိန်း၏ အလှကို လည်း စိတ်ဝင်စား ရှိနေသည်။

ယနေ့ ကိုသောင်းညွန့်က စီးပွားရေးလုပ်ငန်းစကား ဆိုလာသည်။

"ဇော်ဇော် ...မင်းစီးပွားရေးလုပ်ဖို့စိတ်မဝင်စားဘူးလား"

"ကျွန်တော်အစ်ကိုတို့ လုပ်ငန်းတွေကိုလေ့လာပြီး စိတ်ဝင်စားနေပါတယ်၊ လုပ်ချင်တာပေါ့ အစ်ကိုရာ"

"မင်း လုပ်ချင်ယင် ဖြစ်နိုင်သားပဲကွ၊ မင်တို့အမေလဲ ငွေကြေး တတ်နိုင်သားပဲဟာ၊ အောင်းထားပြီး ဈေးခေါင်းနိုးတဲ့ ပစ္စည်း မျိုးကျတော့ ကိုယ်တိုင် ဆွဲထားလိုက်ပေါ့ကွာ၊ ငါလဲငွေထည့်မယ်၊ ပြီးတော့ မင်းတို့တိုက်က အကျယ်ကြီးပဲဟာ လှောင်ကုန်ထားဖို့ ကောင်းတယ်လေ"

"ကျွန်တော် မာမီကို ပြောကြည့်မယ်၊ ငွေရင်းက ဘယ်လောက်လိုမလဲ အစ်ကို"

"အဲဒါတော့ပြောလို့ မရဘူးပေါ့ကွာ၊ မင်းက ငါ့သောင်းလောက်ထည့်၊ ငါက နှစ်သောင်းခွဲလောက် ထည့်မယ်၊ အကျိုးအမြတ်ကိုတော့ တဝက်တဝက်စီ ခွဲယူကြမှာပေါ့ လုပ်ငန်းစီမံယက်တဲ့ လက် တွဲပိုင်းကို ငါ လုပ်ရမယ် မဟုတ်လား"

"ကျွန်တော် မာမီကိုပြောမယ်၊ ဖြစ်မှာပါ"

ဇော်ဇော်နှင့် မိမိသိန်းတို့မှာ ဘာသိလို့ ညာလိုလိုဟုပြောရမည့်အဆင့်သို့ မရောက်သေးသော်လည်း သူတို့နှစ်ယောက်၏ ဆက်ဆံရေးမှာ လျောလျောပြေပြေ ရှိနေသည်။ မိမိသိန်းက



ဘဝင်သမား၊ ဇော်ဇော်မှာ ဖယ်မလီယာကားရှိသည်။ မိမိသိန်း သွားလိုရာကို ပို့ပေးဖို့ အမြဲဘမ်း အဆင်သင့် ရှိနေသူမှာ ဇော်ဇော်။ ကားနှင့် သွားရမည်ဆိုလျှင် မိမိသိန်းက လမ်းစလမ်းပေါက် များမှ များ။

သွားချင်သူနှင့် ပို့ချင်သူတို့၏ ဆက်ဆံရေးမှာ ရင်းနှီးမှုအဆင့်ကို ကျော်အံ့ဆဲဆဲ ရှိနေပြီ။

"ကိုဇော်ကြီး မိမိ သမ္မတက ကားကြည့်ချင်လို့"

ဇော်ဇော်က ငြင်းရိုးထုံးစံမရှိ ခေါင်းတညိတ်ညိတ်။

"ကိုဇော်ကြီး ဗိုလ်ချုပ်ဈေးက ထမင်းသုတ် စားချင်တယ်"

"ခုလား....ကိုဇော်ကတော့ ရယ်ဒီပဲ"

"ကိုဇော်ကြီး နက်ဖြန်ကျယင်အေးမာမွေးနေ့နော် မေ့မနေနဲ့ဦး...."

"ဘယ်နှစ်နာရီ လာရမယ်သာပြော"

ခုတော့ မိမိသိန်း သွားလေရာနောက်သို့ တကောက်ကောက် ပါနေရသူ ဇော်ဇော်မှာ ကားအော်ဒါထက် မိမိသိန်းကို ဦးစားပေးနေရပါလေပြီ။

မိမိသိန်းကလည်း ခုခေတ်ကလေးမလေးတို့ အလေ့အထိုင်း ပတ်ဝန်းကျင်ကို ကိုယ်နှင့်မဆိုင်ဘိသို့။

သူငယ်ချင်းတွေကပင် ဖယ်မလီယာ မိမိသိန်းဟု။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ကိုသောင်းညွန့်နှင့်သာ အလုပ်တွဲလုပ်ဖြစ်ယင် မိမိသိန်းနှင့် သူ့ကိစ္စမှာ ကရဝိက်လား၊ ဟင်္သာလား လိုက်လား သမ္ဘာကား တခုခုရွေးရဖို့ ခုနစ်ဆယ့်ငါးရာနှုန်း သေချာလိမ့်မည်။

ဇော်ဇော်က အသောက်အစား အပျော်ပါးလေး ရှိနေစကာမူ အိမ်ကိုအပ်သည့် ဝင်ငွေမလျော့နည်းအောင် ကြိုးစားသည်။

မိမိသိန်းနှင့် အသွားအလာ အလည်အပတ် အသုံးအစွဲများသွားသည့် အခါမျိုးတွင်သာ ကားပျက်လို့၊ ကားဘာ ဖြစ်လို့ ဆိုသော အကြောင်းမျိုး ပြခဲ့သည်။

ဝက်ကိုရိယာ ဆိုတာမျိုးက အစဉ်အမြဲ ကောင်းနေတတ်၍ အိမ်ကလည်း ကားပျက်သည် သာ ဖြစ်သည်။ ညာဖြစ်သည် ဆိုတာမျိုး ပြောလာသည့်အခါ ကြည်ကြည်သာသာပင် လက်ခံခဲ့သည်။

လက်ရှိ အနေအထားတွင် ဇော်ဇော်၏ ရပ်တည်မှုမှာ မိသားစုအမြင်တွင် အကောင်းမြင်ဘက်၌ ရှိနေသည်ဟု ဆိုရမည်ပါ။

ကိုသောင်းညွန့် ပြောလာသည့် လုပ်ငန်းပိုင်းအကြောင်း အမေနှင့် ဒေါ်ကြီးစိုးတို့ပါ ပြောပြခဲ့သည်။

"ကျွန်တော် ကိုသောင်းညွန့်နဲ့ လုပ်ငန်းတွဲလုပ်ချင်လို့ ငွေရင်းငွေနှီး သည်နေရာ့သည်မျှ ထုတ်ပေးပါ" ဟု သာမာန်



အပြောမျိုး မပြော။ လုပ်ငန်းသဘောရှိမည့် အကျိုးအမြတ်ကို နားပေါက်လောက်အောင် အချက်အလက် ပြည့်ပြည့်စုံစုံ အသေးစိတ် ပြောပြနိုင်ခဲ့သည်။

ပြီး....လှောင်ကုန်က ကိုယ့်အိမ်မှာ၊ ကိုယ့်မျက်စိရှေ့မှောက် ထားရမှာမို့ လုပ်ငန်းအပေါ် စိတ်မချစရာ မရှိကြောင်းလည်း ပိုင်ပိုင်နိုင်နိုင် ပြောပြနိုင်သည်။

အကယ်၍ လုပ်ငန်းအကျိုးအမြတ် ကောင်းယင် ဘယ်လို၊ မကောင်းယင် ဘယ်လို အချိန်မရွေး အရင်းအနှီးကို ပြန်လည်သိမ်းဆည်းနိုင်သည့် အကြောင်း ချက်ကျလက်ကျ ပြောပြခဲ့ရာ ဒေါ်ကြီးစိုး၏ ထောက်ခံမှုကိုပါ ရခဲ့သည်။

ပထမတော့ အမေမှာ ခပ်အင်အင်၊ တင်မောင်မြင့် ပြန်လာသည်အထိ စောင့်ပြီးမှ လုပ်စေချင်သည်။

သူက တကြိမ်တည်းနှင့် အတင်းအကြပ် မတိုက်တွန်း၊ ပေါ်လာသည့် အခွင့်အရေးကို အချိန်စောင့်ဆိုင်းနေ၍ မရကြောင်း၊ အခွင့်အရေး ပေါ်တုန်းပေါ်ခိုက် အမိအရ လုပ်ကိုင်သင့်ကြောင်းလောက် ပြောပြီး ရပ်ထားလိုက်၏။

သူ့ဘက်မှာ ဒေါ်ကြီးစိုး ပါနေပြီ။

ဒေါ်ကြီးစိုးက ဒေါ်ထက်ထက်ကို နားချယင်း အလုပ်ဖြစ်ဖို့ သေချာလိမ့်မည်။

ကိုသောင်းညွန့်တို့အိမ်မှာ ဘုရားကိုးဆူ ကပ်တုန်းက သူ့ဘို့ တအိမ်သားလုံးကို ဖိတ်ကြားခဲ့ရာ ဒေါ်ထက်ထက် မလိုက်ပေမယ့် ဒေါ်ကြီးစိုးနှင့် မော်မော်တို့ ရောက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုသောင်းညွန့်တို့ အိမ်အနေအထားကို ဒေါ်ကြီးစိုးရော မော်မော်ပါ မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရုံမက ကိုသောင်းညွန့်နှင့်ပါ စကားလက်ဆုံ ကျခဲ့သည်။

ဒါကြောင့် လည်း အခုကိစ္စကို ဒေါ်ကြီးစိုးကိုယ်တိုင် ဇော်ဇော်ဘက်က ရပ်ခဲ့သည်ပါ။

ထိုပွဲတွင် ဒေါ်ကြီးစိုး မျက်စိမကျသူမှာ မိမိသိန်း။

မိမိသိန်း၏ ဝတ်စား ဆင်ယင်ပုံနှင့် ဆင်ယင်ထုံးဖွဲ့ပုံမှာ ရှေးလူကြီး မျက်စိထဲမှ ကိုးရိုးကန့်လန့်။ ကတ်တက်တက် ဘယ်လိုမှ အမြင်မတည့်စရာသို့ ရှိသော်လည်း ဒေါ်ကြီးစိုးက မိမိသိန်းအကြောင်းကို ထူးထူးထွေထွေ အမေးအမြန်းမလုပ်။

ကိုသောင်းညွန့်အိမ်ကို အလည် လိုက်ခဲ့စဉ်က ဒေါ်ထက် ထက်ကိုယ်တိုင် နှစ်ခါသုံးခါ စကားပြောဖူးသည်။ သားဖြစ်သူအား စောင့်ရှောက်ဖို့ ကူညီဖို့ လူကြီးပီပီ အပ်နှံစကားကို ဆိုဖူးသည်ပါ။

ဒေါ်ကြီးစိုး နားချလျှင် ပြေလည်ဖို့ ရာခိုင်နှုန်းရှစ်ဆယ် ရှိသည်။ သည်လောက်ငွေကြေးကို ရင်းနှီးဖို့ ဒေါ်ထက်ထက်မှာ ပစ္စည်း လည်း ရှိ သည်။ ဖြစ်နိုင်ခြေ ရှိသည့်အလျောက် ဇော်ဇော်က ဖြစ်ပါလိမ့်မည်ဆိုသော မတင်မကျ စကား မဆိုပဲ ကိုသောင်းညွန့်အား ဖြစ်ဖို့သေချာသည်ဟု ကြိမ်းသေ ပေါက် စကားအဖြေ ပေးခဲ့သည်။



အစ်ကို ဖြစ်သူ နှင့် လုပ်ငန်း တွဲ လုပ်တော့မည် ဆိုသည့် အကြောင်းကို မိမိသိန်းအား ဇော်ဇော်ကပင် သဘောင်းဦး သတင်းဖျား စကားဖွင့်ဆိုလိုက်သည်။

မိမိသိန်း၏ အပြုံးမှာ....။

*   *   *

တိုကျိုဘူတာတွင် လာရောက် ကြိုဆိုနေသည့် မိချိုကို၏ အပြုံးမှာ ရွှမ်းရွှမ်းဝေဝေ။

အစ်မ နေဂိုယာက ရုပ်လှသည်။ အပြုံးမလှ။ မိချိုကိုက နေဂိုယာလောက် ရုပ်မလှစေကာမူ အပြုံး သိပ်လှသည်။ မိချိုကို၏ နှုတ်ခမ်းကလေး လှုပ်ရှား လိုက်တိုင်း ချိုမြိန်သော အပြုံးမှာလက်လက်ထင်ထင် ပေါ်လာစမြဲ။

ယိုကိုဟားမား ရောက်ပြီးကတည်းက တိုကျိုသို့ မပြန်နိုင်ခဲ့။ အခုပြန်လာသည်မှာ ပထမဆုံးအကြိမ်။

မိချိုကိုနှင့် စကားလက်ဆုံ မကျရသည်မှာ သုံးလကျော်ပြီ။ ဘူတာကနေ အိမ်ရောက်သည်အထိ စကားမပြတ်။ လမ်းတလျှောက်လုံး စကားတွေ ဖောင်ဖွဲ့ပြောလာသူမှာ မိချိုကို။ ခေါင်းတညိတ်ညိတ်၊ တဟိုက်ဟိုက် ဟိုက်လာရသူမှာ ထင် မောင်မြင့်။

www.burmeseclassic.com

အဘွားကြီး စုမိတာရော၊ နေဂိုယာကပါ လိုက်လှဲသော အပြုံးများဖြင့် ဆီးကြိုခဲ့ကြသည်။ မစ္စတာ နာကာတာနီမှာ အိမ်တွင်မရှိ။

တိုကျိုတွင် သုံးရက်နေရမည်။

ဘူတာက အိမ်ကိုအလာ ခရီးတွင် မိချိုကိုက ပြောသည့် အစီအစဉ်တွေအရဆိုလျှင် အိမ်တွင် ညအိပ်ရုံလောက်ပဲ နေရ လိမ့်မည်ထင်သည်။

မိချိုကို၏ အစီအစဉ်အရ သူတို့နှစ်ယောက် အလည်အပတ် သွားကြမည့် နေရာများမှာ သုံးရက်နှင့်ပင် အချိန် လုံလောက် အံ့မထင်။

မိချိုကိုက သူ၏နာမည် ကိုမြင့်အသံထွက်ကို ပီပီသသ ခေါ် နိုင်နေပြီ။ သူမ၏ ဂျပန်အသံနှင့် ခေါ်သည့်'ကိုမြင့်' ခေါ်သံမှာ သူ၏နားထဲတွင် တမျိုးပင် နားဝင်ချိုစရာသို့ ရှိပါချေ၏။

သည်တခေါက်တွင် မမေးဘူးသည့် စကားများ၊ မပြောဘူး သည့် အပြောများကို မိချိုကိုက မေးလာ၊ပြောလာသည်။

"ကိုမြင့်...မြန်မာပြည်ကို တကယ်ပြန်မှာနော်"

"ပြန်ရမှာပေါ့ မိချိုရယ်... ဟိုမှာ ကိုမြင့်ရဲ့ ကျေးဇူးရှင် အမေနဲ့ ကိုမြင့်ကို သိပ်ပြီးတွယ်တာချစ်ခင်တဲ့ညီမလေးတို့ ရှိကြ တယ်မဟုတ်လား"

"အပြီးပြန်မှာလား ခဏလား"



"ကိုမြင့်ကတော့ ခဏပဲ ပြန်ချင်တယ်လေ၊ ဟိုရောက်လို့ အခြေအနေ ပြောင်းလဲနေယင်လဲ တမျိုးပေါ့ မိချိုရယ်၊ အခြေအနေ အပြောင်းအလဲ မရှိယင်တော့ ကိုမြင့် ဂျပန်ကို ဆက်ဆက်ပြန်လာမှာပါ"

တကယ်ပါ မိချို၊ ကိုမြင့်ဖြတ်သန်းလာရတဲ့ ဘဝအနေအထား ကို အမှန်အတိုင်း အရင်းအတိုင်း ပြောပြခဲ့ပြီးပြီပဲဟာ"

"ဟိုရောက်တဲ့အခါ ကိုမြင့် အမေက ကိုမြင့်အတွက် အိမ်ထောင်ပြုဖို့ အစီအစဉ်တွေ သာတွေ လုပ်ယင်ကော"

"မေမေက ကိုမြင့်ဆန္ဒကိုမေးပြီးမှလုပ်မှာပါ၊ ကိုမြင့်က အဲဒီ ကိစ္စကို မစဉ်းစားသေးဘူးလေ"

"ကိုမြင့်ဂျပန်မှာနေဖို့ ဘာအခက်အခဲရှိသလဲဆိုတာ မိချိုကို ပြောပြပါလား"

"မရှိပါဘူးမိချို၊ မိချိုတို့မိသားစု ကိုမြင့်အပေါ်မှာ ဘယ် လောက်ကောင်းတယ်၊ မိချိုတို့မိသားစုကျေးဇူး ဘယ်လောက် ကြီးတယ်ဆိုတာ ကိုမြင့် နားလည်ပါတယ်... ပြီးတော့ ကိုမြင့် ဂျပန်မှာနေယင် ကိုမြင့် ကြီးပွားအောင် အိုဘာဆန် ဘယ်လို လုပ်ပေးမယ်ဆိုတာလဲ ကိုမြင့်သိပါတယ် မိချိုရယ်"

"ဒါနဲ့တောင်ကိုမြင့်ကမြန်မာပြည်ပြန်ချင်သေးတာပဲနော်"

"မိချို ဂျပန်ပြည်ကို မချစ်ဘူးလား၊ မတွယ်တာဘူးလား မိချို"

"ချစ်တာပေါ့ကိုမြင့်ရယ်....သိပ်ချစ်တာပေါ့"

www.burmeseclassic.com



"ကိုမြင့်လဲမြန်မာပြည်ကိုသိပ်ချစ်တယ်မီချီ၊တကမ္ဘာလုံးမှာ ရှိတဲ့မြို့ကြီးဟာ အတူတူပါပဲမီချီ၊ဒါပေမယ့် အန့်အသက်တော့ ကွာလိမ့်မယ်ထင်တယ်"

မီချီကိုထံမှ သက်ပြင်းရှည်ချသံ ထွက်လာသည်။

"ကိုမြင့်တို့ တခြားပျော်စရာအကြောင်းတွေ ပြောရအောင်လား မီချီရယ်နော်"

မီချီကိုက နှစ်လိုဖွယ်ရာ အပြုံးနှင့် ခေါင်းညိတ်ပြသည်။ လေးလေးသာသာ။

သုံးခုက်စလုံး မနားတမ်း လည်ကြပတ်ကြသည်။တင်မောင်မြင့် ရုပ်သွင်က ဂျပန်နှင့်တူရုံမက ဂျပန်စကားကို သွက်သွက်လက် ပြောဘတ်နေပြီမို့ ဂျပန်အမျိုးသမီး တယောက်နှင့်နိုင်ခြားသား တယောက်လို့ အထင်အမြင် မခံရ။ အကြည့်တမျိုးနှင့်မဆုံရ။

ယိုကိုဟားမားသို့ ပြန်သည့်နေ့က မီချီကို ဘူတာရုံသို့ လိုက်ပို့သည်။ သူမ၏အပြုံးမှာ ဘူတာရုံသို့လာကြိုစဉ်ကလို မရွှင်လန်း။မလန်းဆန်း။ အပြုံးမှာ လှမြဲလှနေသော်လည်း လျော့တိလျော့လျဲ။

"ကိုမြင့် ဂျပန်မှာပဲ နေတော့မယ်ဆိုတဲ့ အပြောကို မီချီနားထဲမှာ ကြားချင်လှပါပြီကွယ်၊ ကိုမြင့် အဆုံးအဖြတ်မပေးနိုင်ဘူးလား"

"အဆုံးအဖြတ်ပေးဖို့ မစောသွန်းဘူးလား မီချီ"



"အချိန်က ပြဿနာ မဟုတ်ပါဘူးလေ၊ ဆုံးဖြတ်ချက်ကတိပေးဖို့သာ ကိုမြင့် ပြန်စဉ်းစားစေချင်တာပါ"

"မီချီကို ယိုကိုဟားမားကို လာဦးမယ်ဆို"

"သည်ကနေ့ကနေ သုံးပတ်မြောက်တဲ့နေ့ပေါ့"

"တွေ့ဘော့မှ ထပ်ပြီးဆွေးနွေးကြမယ်လေ"

ခေါင်းလေးတညိတ်ညိတ်နှင့် မီချီကိုအပြုံးမှာ လန်းလန်းဆန်းဆန်း ရှိသွားသည်။

ရထားပေါ်သို့ တက်ခဲ့ရသည်။ လက်တပြပြ အပြုံးတဝေဝေ ကျန်ရစ်ခဲ့သူမှာ မီချီကို။

ကျည့်ဆန်ရထားကြီးမှာ တရိပ်ရိပ်။

အတွေးစဉ်များမှာ မခပ်မနား အမြင်တန်းတန်းနှင့် သူ၏နှလုံးသားက မီချီကိုအပေါ် လွန်လွန်ကဲကဲ ချစ်နေပြီ။

ချစ်တတ်သူတို့ ခံစားရသည့် ဝေဒနာရိပ်များ ရင်မှာလှုပ်ခတ်နေသည်။ ချယ်ရီမြေမှာ နေချင်ပါသည်။ သို့ တစေဦးနှောက်အသိက နှလုံးသားအလိုသို့မလိုက်နိုင်။ သူက ချယ်ရီမြေထက် တမာမြေကိုပိုချစ်သည်။ ချယ်ရီနံ့သင်းပုံက တမျိုး။ တမာနံ့သင်းပုံက တမျိုး။

မီချီကိုကရော တမာမြေမှာ ပျော်မွေ့နိုင်ပါ့မလား။

လိုက်နိုင်သည့်ဘိုင် ထာဝရ နေနိုင်ပါ့မလား။ အယူဝါဒ ယဉ်ကျေးမှု ဓလေ့ထုံးစံ မတူညီနိုင်သော အိမ်ထောင်ရေး

www.burmeseclassic.com

www.burmeseclassic.com



ဟူသည်ဘင်းပြည့်ကျပ်ပြည့်သာယာမှုနှင့်တွဲစပ်ဖို့ခလွယ်၊ မိသားစုအဘွင်း စိတ်ပျော်ရွှင်ချမ်းမြေ့မှု အပြည့်အ၀မရနိုင်။

ပေါ့ပေါ့တွေးတော့ ရေးရေးမထင်၊ နက်နက်တွေးတော့ လေးခလေးထင်လာသည်။

မဖြစ်နိုင်ရာဘက်က အလေးသာလွန်းနေသည်။

သူ့ကရော ဂျပန်ပြည်မှာ တသက်ပန်လုံး နေနိုင်ပါ့မလား၊ နေရေးထိုင်ရေး စီးပွားရေးအတွက် ပူပင်ကြောင့်ကျစရာမရှိသော ကာမှ ချယ်ရီမြေမှာ ခေါင်းချဖို့အထိ အဆုံးအဖြတ် မရဲသာ။

ကျည်ဆန်ရထားကြီး ယိုကိုဟားမား ဘူတာ ဆိုက်ရပ်သွားသည့်တိုင် တောင်စဉ်ရေမရ အတွေးစဉ်များမှာအနယ်မထိုင်သေး။

နှလုံးသားရေးရာ ပြဿနာပုစ္ဆာကို အဖြေထုတ်ရသည်မှာ သင်္ချာလို ပုံသေတွက်နည်းဖြင့် တွက်လို့မရနိုင်ရာပါလေ။

လွယ်မယောင်နှင့် ခက် တိမ်မယောင်နှင့် နက် ဟု ဆိုရမည်သို့။

* * *



ယိုကိုဟားမား။

နေ့စွဲ၊....၊....၊....။

မော်လေးရေ....

''ပေးပို့လိုက်တဲ့စာကို ဖတ်ရတယ်၊ မာမီကျန်းမာရေးအတွက် ပေါ့ခပေါ့မလုပ်ပါနဲ့၊ အထူးကုဆရာ၀န်ကြီးများနဲ့ပြပါ။ သူတို့ညွှန်ကြားတဲ့အတိုင်းလုပ်ပါ။ မာမီ ကျန်းမာရေးကိစ္စနဲ့ ကားကိစ္စအတွက် ကိုဇော်ဆီကို စာတစောင်သက်သက်ရေးထားတယ်။ ကိုဇော် အိမ်အတွက်တာ၀န်ယူနေတာတွေ ဖတ်ရတော့ အစ်ကိုမြင့် ၀မ်းသာခနရတယ်လေ၊ လေးငါးလအတွင်း ကားပို့နိုင်ဖို့ အစီအစဉ်တွေလုပ်နေတယ်၊ ကားကို ကိုဇော့်နာမည်နဲ့ပဲ ပို့ပေးလိုက်တယ်။

ဗမာပြည်မှာ ကားရွေးဖို့ ထုတ်ဖို့ ကိစ္စတွေလုပ်ရတာအလုပ်သိပ်ရှုပ်တယ်၊ကိစ္စ၀ိစ္စများတယ်၊မော်လေးဆိုလုပ်နိုင်မှာမဟုတ်ဘူး၊ ကားအရွေးအထုတ်လုပ်တဲ့ ကိုယ်စားလှယ်တွေရှိတယ်ဆိုပေမယ့် သူတို့ကိုချည်း အားကိုးလို့မသွား၊ ကိုယ်ကလည်းလှုပ်ရှားနိုင်မှ၊ နို့မဟုတ်ယင် ဂိုဒေါင်ကြီးက နေ့တိုင်းတက်နေတာ။

www.burmeseclassic.com



ဒါအတွက်ဘော့ ကိုဇော် လုပ်လိမ့်မယ်၊ မာမီ့ကို ပြောဖို့က အစ်ကိုမြင့် ပြန်မရောက်မချင်း ကားကို ဘာမှ မလုပ်ဖို့ပဲ၊ နေ့တိုင်း စက်နှိုးပေးဖို့နဲ့ တပတ်ကိုနှစ်ခါလောက် ငါးမိုင်ဆယ်မိုင်လောက် မောင်းပေးဖို့ ကိုဇော့် စာထဲမှာ ထည့်ရေးထားတယ်၊ အစ်ကိုမြင့်လည်း ကားရောက်ပြီး သုံးလေးလအကြာ ဗမာပြည်ကိုပြန်ရောက်မယ်၊ ဂျပန်ပြည်ကို ပြန်ဖို့မပြန်ဖို့ကတော့ ဗမာပြည်ကို ပြန်ရောက်ပြီးမှ အခြေအနေအရဆုံးဖြတ်မယ်။

မိချိုကိုတို့မိသားစုအားလုံးက အစ်ကိုမြင့်ပြန်မယ်ဆိုတာကို သဘောမကျကြဘူး။ မပြန်စေချင်ကြဘူး၊ အစ်ကိုမြင့်တယောက်တည်းအတွက် ကြည့်ယင် တိုးတက်ကြီးပွားမယ့် လမ်းကြောင်းကြီး ထင်းပျနေတာပေါ့။

ဒါပေမယ့် အစ်ကိုမြင့် ဂျပန်မှာမနေချင်ဘူး၊ မပျော်လို့တော့မဟုတ်ဘူး၊ မနေချင်တာ၊ ဂျပန်ပြည်မှာ ဘယ်လောက်ကောင်းကောင်း ကိုယ့်တိုင်းပြည်မှာပဲနေချင်တယ်၊ ကိုယ့်ဘာသာစကားကိုပဲ အားရပါးရပြောချင်တယ်၊ မြန်မာလူမျိုးတယောက် ဖြစ်ပါလျက်နဲ့ မြန်မာစကားမပြောရတာဟာ ဆား မပါတဲ့ဟင်းကို စားနေရသလို ပေါ့ရှရှက်ကြီးဖြစ်နေတယ် မော်လေးရေ။ ပြီးတော့ အစ်ကိုမြင့် နှာခေါင်းနဲ့ ယဉ်ပါးနေတဲ့ မြန်မာဟင်းအနံ့၊ လျှာတွေ့နေတဲ့ ချဉ်ရည်ဟင်းနဲ့ အညာငါးပိထောင်း စပ်စပ်ကလေးကို ခဏခဏပဲ တမ်းတမိနေရတယ်။



ချဉ်ရည်ဟင်းချက်ဖို့ပစ္စည်းတွေဝယ်လို့ရပေမယ့် အစ်ကိုမြင့်က မချက်တတ်တော့ မစားရဘူးပေါ့။ လုပ်ဖော်ကိုင်ဘက်တွေအားလုံးက အစ်ကိုမြင့်ကို ဖော်ဖော်ရွေရွေဆက်ဆံကြတယ်။ အကူအညီပေးကြပါတယ်။ ဒါပေမယ့် စိတ်ထဲမှာ တခုခုလိုနေသလို အမြဲပဲခံစားနေရတယ်။ ဘာရယ်ဆိုတာကိုတော့ မပြောတတ်အောင်ပဲ။ အစ်ကိုမြင့်တို့ မြန်မာလူမျိုးတွေက နဂိုကတည်းက ဒေသစွဲ ကြီးကြတယ်လေ၊ ကိုယ့်တပြည်တည်း တမြေတည်းမှာတောင် အထက်အညာကလူတွေဆို အောက်ရပ်မြေမှာ မပျော်ကြဘူး၊ အောက်ရပ်မြေက လူတွေကလည်း အထက်အညာမှာ မပျော်ကြဘူး၊ အစ်ကိုမြင့်တို့လို ရေခြားမြေခြား ရောက်နေတဲ့လူတွေဆို သာဆိုးတာပေါ့ သူများတိုင်းပြည်ဆိုတာ ခဏပဲပျော်ဖို့ကောင်းတယ်၊ ကြာရှည်ကျတော့ ဘယ်လိုမှမပျော်တော့ဘူး၊ အစ်ကိုမြင့် ဂျပန်ပြည်မှာ ကြာရှည်မနေချင်တဲ့ အကြောင်းတွေ အများကြီးရှိတယ်၊ တခုကတော့ ရာသီဥတု မမျှတတာပဲ၊ အစ်ကိုမြင့်တို့ တိုင်းပြည်က ရာသီဥတု သိပ်မျှတတယ်။ နေလို့ထိုင်လို့ ကောင်းတယ်။ မိုးတွင်းနဲ့ ဆောင်းတွင်းမှာလည်း ချွေးကလေးတစို့စို့ပဲ၊ ကိုယ်ပေါ်မှာ ချွေးလေးစို့ပြီး ချွေးနံ့တသင်းသင်းနဲ့ မနေရတာ ဂျပန်ကိုရောက်ကတည်းက ဆိုပါတော့။

ဒါကြောင့် အစ်ကိုမြင့်နေမယ်လို့ ရည်မှန်းထားတဲ့ ကာလအပိုင်းအခြားကို လျှော့လိုက်တော့မယ်၊ ဒိုင်နာတစီးရှိယင် ကိုယ့်တိုင်းပြည်မှာ လုပ်ကိုင်စားသောက်ဖို့ ပြေ

www.burmeseclassic.com

www.burmeseclassic.com



လည်းမှာပါ၊ အစ်ကိုမြင့်က နဂိုကတည်းက ကားမောင်းလာတာပဲဟာ ဒါကြောင့်လည်း အစ်ကိုမြင့်ပြန်ရောက်မှ ကားကိုစွစီစဉ်မယ်လို့ ရေးလိုက်တာပဲ၊ဒီနေ့မီချိုကိုလာမယ်ဆိုလို့ ဘူတာကိုသွားကြိုရဦးမယ်၊ အစ်ကိုမြင့်လည်း သူ့ကြောင့် ပျော်ရတယ်။ သူ့ကြောင့် စိတ်ညစ်ခနရတယ်... ဘာပဲဖြစ်ဖြစ်လေဂျပန်မှာနေတုန်းတော့ မီချိုကိုဟာ အစ်ကိုမြင့်ရဲ့ ဖဖော်မွန်ကောင်းလေးပဲပေါ့၊ သူ့ကိုမော်လေးလိုပဲ သဘောထားနေရတယ်လေ၊ မော်လေး နဲ့ဆိုးဆိုးတာကို ခံခဲ့ရသလို အခုလဲ ခံနေရတုန်းပဲ။ မီချိုကိုအကြောင်း ဆက်ရေးရယင် စာတမ်းရှည်ကြီး ဖြစ်သွားလိမ့်မယ်။ အစ်ကိုမြင့်နဲ့ မီချိုကိုတို့ ဆက်ဆံရေးဟာ ခုချိန်အထိ ရိုးရိုးသားသား ကင်းကင်းရှင်းရှင်းပဲ ရှိနေတယ်။ စိတ်ဆန္ဒရဲ့အလိုကို မလိုက်မိအောင်တော့ ထိန်းနေရတာပေါ့လေ။

ကဲ...စာလည်း အတော်ရှည်သွားပြီ မာမီ့ကျန်းမာရေးကို ဂရုစိုက်ဖို့မှာယင်း ဒီတပတ်စာကို အဆုံးသတ်လိုက်တော့မယ် မော်လေးရေ....။

အားလုံးရှင်လန်းချမ်းမြေ့ကြပါစေသို့

ကိုမြင့်....

(တစ်ဆယ့်သုံး)

ဇော်ဇော်နာမည်နှင့် ကားပို့ဖို့ စီစဉ်သည့် အချိန် အထိ ဇော်ဇော်တယောက် ဖောက်ချိမငင်သေးပဲရှိနေသည်။ မိမိသိန်းနှင့် တွဲနေစေကာမူ ဣန္ဒြေရရ တည်တည်ငြိမ်ငြိမ်လေး။

ကိုသောင်းညွန့်နှင့် အလုပ်တွဲလုပ်ကြရာ စလုပ်သည့် ဖြတ်စညပ်စလေလံသုပ်ငန်းနှစ်ခုစလုံး အောင်မြင်သွားသည်။

ကိုသောင်းညွန့်၏ အစွမ်းအစနှင့် ဂုဏ်ပတ်မှုကြောင့် အကျိုးအမြတ် မြက်မြက်သက်သက် ရလိုက်သည်။ လေလံလုပ်ငန်းဆိုတာက လျှကြီးဆို ရိုးရိုး လုပ်လို့မရ။ ကိုသောင်းညွန့်က သည်လိုဘက်မှာလျှင်သည်။ အညာကို လိုသလိုကိုင်လည်းကိုင်တွယ်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စလုပ်သည့်လုပ်ငန်း အောင်မြင်မှုကြောင့် ဒေါ်ထက်ဘက် ကိုယ်တိုင် ထိုလုပ်ငန်းအပေါ် စိတ်ဝင်တစားရှိလာသည်။

ဇော်ဇော်လည်း မိမိသိန်းနှင့် ပို၍ ပြေလည်မှု ရှိလာသည်။ မိမိသိန်း၏ လိုက်လျော့မှုမှာ လွန်လွန်ကဲကဲရှိလာသလို သူတို့ နှစ်ယောက်၏ လှုပ်ရှားမှုမှာသွက်လက်လာသည်။

နေရာတိုင်းမှာ သူတို့မျက်နှာဆိုသလို ဇော်ဇော်ကားနှင့် မြို့လုံးပတ်လည် လှည့်နေကြသည်မှာ မိုးလင်းမှမိုးချုပ်သို့ တိုင် အောင်ပင်။

ကိုသောင်းညွန့်ကလည်း သိသည်။ သို့ဘစေ သိသည်ကိုမသိ ယောင် မြင်သည်ကို မမြင်ယောင်ဆောင်နေသည်ပါ။ ဖြစ်သွား သည့်တိုင် သူ့နှစ်ဖြစ်သူ ဘက်က နာစရာမရှိ။ ဖိတ်စဉ်မည် က ပန်းကန်ပဲ့ပေါ် သို့မဟုတ် ရွှေပန်းကန်ပေါ် သို့ဟု ဆိုနိုင်ရာ သည့် အနေအထား။

မသိကျိုးကျွင် ပြုနေသည်။

မိမိသိန်းက ကြိုးကိုင်ကောင်းသည်။ ဇော် ဇော်က ကြိုးဆွဲ ရာဘက်သို့ အလိုက်မြန်သည်။ လတ်လတ်ချစ်နှင့် ကိုစွတုန်းက ဇော်ဇော်ကခေါင်းဆောင်သူ။ မိမိသိန် နှင့်ကျတော့ ဇော်ဇော် ကနောက်လိုက်။ လတ်လတ်ချစ်နှင့်တုန်းက ဇော်ဇော်က ကြိုးဆွဲ သမား လတ်လတ်ချစ်က အရုပ်။ အခု မိမိသိန်းက ကြိုးဆွဲ သမား ဇော်ဇော်က အရုပ်။

အတွေ့အကြုံရင့်ကျက်သည့် ယောကျ်ားသာ များ သည်ပင် ကြိုးဆွဲသမားအဖြစ် အစဉ်မရပ်တည်နိုင်။ အရွှေးအမွေးအမျိုး မျိုးနှင့် တွေ့ကြုံဆုံရသည်ရှိသော် အရုပ်အဖြစ်သို့ ပြောင်းသွား



ကြရ၏။ မယားကြီးကိုနိုင်သလောက် မယားငယ်နှင့်ကျတော့ ပြားပြားဝပ်ရသူ ယောကျ်ားတွေ အများကြီး။ ချစ် ဦး သူ့ အပေါ် ကိုယ်က အလှည့်အပတ် လုပ်နိုင်သလောက် ဒုတိယ၊ တတိယနှင့် တွေ့သည့်အခါ သူတို့ပြုသမျှ နုရသူဘဝသို့ ရောက် ခဲ့သူတွေ ဒုနဲ့ဒေး။ ခုဇော်ဇော်ဘယောက် မိမိသိန်းပြုသမျှ နုံနေ ရပြီ။

ဗိုလ်ချုပ်ဈေးကိုဝင်တိုင်း၊ စိန်ဂျွန်းဈေးကို ရောက်တိုင်း၊ ပြန်အထွက်တွင် မိမိသိန်းလက်ထဲမှာအထုပ်ကြီး အထုပ်ငယ်တွေ တပွေ့ဘပိုက် ပါလာစမြဲ၊ ဗိုလ်ချုပ်ဈေးကို လမ်းကြုံတိုင်း ဝင်သည်။ စိန်ဂျွန်းဈေး၊ လေဟာပြင်ဈေးကို ခဏခဏရောက် သည်။ ဝင်တိုင်း ရောက်တိုင်း ဝယ်သည်။ မိမိသိန်းဝယ်သမျှ ရှင်းတမ်းထုတ်ရသူက ဇော်ဇော်။

ဇော်ဇော်၏ အသုံးစရိတ်မှာ လစဉ်ဂဏန်း လေးလုံး အောက်သို့ ရောက်သည်ဟူ၍ မရှိတော့။ ဂဏန်းလေးလုံး အနက် ထိပ်စီးဂဏန်းမှာ တလထက်တလ ပို၍ ပို၍ ကြီးလာ သည်။

အိမ်ကိုပြသည့် စာရင်းဇယား ကိန်းဂဏန်းများမှာ အမြဲး ဒ မေက်မတည့် ရှိလာရုံမက ကိုသောင်းညွန့်နှင့် စပ်တူလုပ်သည့် လုပ်ငန်းထဲသို့ အငင်းငွေများထပ်၍ ထပ်၍ ထည့်ဝင်ခဲ့သော် လည်း အကျိုးအမြတ်စာရင်းမှာ အတက်ဘက်သို့မပြပဲ အကျ ဘက်သို့သာ ယိမ်းထိုးဆင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထက်ထက် စိတ်ထဲမှာ စနိုးစနောင့် ဖြစ်လာသည်။ သားဖြစ်သူကို မေးသည့်အခါ ပေးလာသည့်အဖြေမှာ ကျေနပ်ဖွယ်ရာ လုံးဝမရှိ။ မရေရာမရာသော လက်မခံနိုင်ရာသော အဖြေကြောင့် ဒေါ်ထက်ထက်ကိုယ်တိုင် ကိုသောင်းညွန့်နှင့်တွေ့ပြီး လုပ်ငန်းအခြေအနေနှင့် စာရင်းအင်းကိစ္စများကို အမေးအမြန်းလုပ်ရသည့် အနေအထားသို့ ရောက်ခဲ့၏။

ကိုသောင်းညွန့်က တတ်နိုင်သမျှ ဖာဖာထေးထေး လုပ်စေကာမူ ဇော်ဇော်ပြထားသည့် စာရင်းမှာ ဖာထေးလို့မရအောင် ရှိနေသည်ကို တွေ့လိုက်ရသဖြင့် သူလည်း အတော်ကို အံ့သြသွားရသည်။

ဒေါ်ထက်ထက်က လုပ်ငန်းအစုရှယ်ယာ ပြန်ခွဲဖို့အထိ စကားဆိုလာသောကြောင့် သူရှင်းပေးခဲ့သည့် စာရင်းမှန်ကို ထုတ်ပြလိုက်ရတော့၏။

ကိုသောင်းညွန့်ကမှန်သည်၊ ကိုယ့်သားဘက်က မမှန်။ ပြဿနာကို အကြောက်အကန် မပြောသာ။ ပြီး....လုပ်ငန်းတွေက လုပ်ဆဲဘန်းသန်း ရှိနေရာ ချက်ချင်း လက်ငင်း အစုရှယ်ယာ ပြန်ခွဲဖို့မဖြစ်နိုင်။ လုပ်ဆဲလုပ်ငန်းများ ပြီးပြတ်သည်အထိ စောင့်ရမည်။

အိမ်ပြန်ရောက်တော့မှ သားအမိနှစ်ယောက် စကားစစ်ထိုးပွဲ ဆင်နွှဲရသည်။



ဇော်ဇော်က သူမဟုတ်တာ မလုပ်ကြောင်း ကာကွယ်ဖို့အတွက် မိမိသိန်းနှင့် သူ့ကိစ္စကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောလိုက်ရာ ဒေါ်ထက်ထက်မှာ ဘာဆက်ပြော၍ ဘာဆက်လုပ်ရမှန်းမသိအောင်ဖြစ်ပြီး ဒေါ်ကြီးစိုးနှင့်တိုင်ပင်ပြီးမှ ဆက်လုပ်စရာရှိသည်များကို ဆက်လုပ်တော့မည်ဟု ဆုံးဖြတ်လိုက်ရတော့၏။

အရွယ်ရောက်နေပြီဖြစ်သည့် သားအတွက် အိမ်ထောင်ရေးကိစ္စကို ကန့်ကွက်လို့မရ။ မိမိသိန်းနှင့်ကိစ္စကိုသာ သဘောတူမတူ ပြောရဆိုရ အဆုံးအဖြတ် ပေးရမည်။ ကိုသောင်းညွန့်တို့အခြေအနေမှာ သဘောမတူနိုင်ရာ အနေအထားမရှိ။ ပြီးတော့ သူတို့နှင့် လုပ်ငန်းစပ်ဘက် လုပ်ဘက်။ နောက်ဆုံး အဆုံးအဖြတ်မှာ ရာနှုန်းပြည့် သဘောတူစေကာမူ အကြောက်အကန် ကန့်ကွက်သည့်အဆင့်သို့ မရောက်။ လူကြီးချင်းစကားပြောဆိုပြီး လူငယ်များကိစ္စ အဆင်ပြေအောင် စီမံပေးသည့်အကြောင်းပြော၍ သားဖြစ်သူနှင့် နားလည်မှု ပြန်ယူလိုက်ရသည်။

တကယ်တော့ ဒေါ်ထက်ထက်နှင့် ဒေါ်ကြီးစိုးတို့က အလိမ္မာသတ်ပြီး ကြိုးရှည်ရှည်နှင့် လှန်ထားလိုက်ခြင်းပါ။

သားကို တဖြည်းဖြည်း နားချမည်။ မဖြစ်နိုင်သည့် အဆုံးကျမှ မင်္ဂလာကိစ္စကို စီစဉ်ပေးမည်ဆိုသည့် သဘောသားညှိပြီးသား။ ဒါပေမယ့် ဇော်ဇော်က မိမိသိန်းဆီ ချက်ချင်း သတင်းပို့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်က အားလုံးသဘောတူသည်။ မင်္ဂလာ ကိစ္စကိုပါ တာဝန်ယူမည်ဆိုသည့် သတင်း။

မိမိသိန်းတို့ဘက်က ဟိုနှယ် သည်နှယ် စကားမဆို။ ကိစ္စ အမြန်ဆုံးပြီးဖို့ မိမိသိန်းက ဇော်ဇော်ကို လောဆော်လာသည်။

ဒေါ်ထက်ထက်တို့မှာ မှန်းချက်နှင့် နှမ်းထွက် မကိုက် ဖြစ်သွားရသည်။ သားဖြစ်သူက နားပူနားဆာ လုပ်လာသောကြောင့် လူကြီးချင်း စကားပြောဆိုပြီး နေ့ကောင်း ရက်မြတ် ရွေးလိုက်ကြရတော့၏။

သမ္မတဟော်တယ်မှာ။

အပြင်အဆင် ခမ်းနားသလို အစားအသောက်များလည်း နာမည်ကြီးသည့်အချိန်။

မင်္ဂလာဆောင် အသွားကြောက်သူများပင်လျှင် သမ္မတ ဟော်တယ်မှာဆိုသည်နှင့် သွားဖို့ တပြင်ပြင်ရှိကြသည်။

စည်ကားသည်၊စားပွဲအားလုံး လူတွေပြည့်ကြပ် သွားရုံမက မိုးတိုးမတ်တတ် သမားတွေသာ ဟိုနားစုစု၊ သည်နားစုစု ရှိနေကြသည်။ ဒါပေမယ့် လက်ဖွဲ့ပစ္စည်း ထင်သလောက်မရလိုက်။ ဖိတ်စာတစောင် အနည်းဆုံး သုံးလေးယောက် လာကြသောကြောင့် မှန် ခြေမကိုက်။

ပွဲစလှသော်သည်း ပွဲသိမ်းမလှ။



နှစ်ဘက်ဆွေမျိုးများ ဆုံရာရှေ့တွင် လက်ဖွဲ့ပစ္စည်းများကို စစ်ဆေးကြရာ လက်ဖွဲ့ပစ္စည်း အပျောက်အရှ မရှိသော်လည်း ငွေသားဖြင့် လက်ဖွဲ့သည့် လက်ဖွဲ့ငွေပါသော စာအိတ်များ အပျောက်အရှရှိနေသည်။ လက်ဖွဲ့ပစ္စည်း လက်ခံရာနေရာ၌ ထိုင်သူများထဲတွင် ဒေါ်ထက်ထက်တို့ဘက်က မပါ။

လွတ်ကနဲ ပွင့်ပွင့်လင်းလင်း ပြောဘတ် ဆိုတတ်သည့် ဒေါ်ကြီစိုး ပါးစပ်ကြောင့် မျက်နှာမလှ ဖြစ်ရသည်သာမက လက်ဖွဲ့ပစ္စည်းအပေါ် သဘောထား မညီမျှမှုကြောင့် ဇော်ဇော်တို့ နေရေးထိုင်ရေးပါ အပြောင်းအလဲ ဖြစ်သွားရသည်။

ပထမအစီအစဉ်က လူနည်းပြီး အိမ်ကျယ်ဘည့် ဒေါ်ထက်ထက်တို့တိုက်မှာ နေဖို့အစီအစဉ်။

အိပ်ရာခမ်းနားကို မိမိသိန်းတို့အိမ်တွင် ပြင်ဆင်ထားသော်လည်းတကယ်နေဖို့စီစဉ်ထားသည်က ဒေါ်ထက်ထက်တို့ တိုက်မှာ။သို့တစေမိမိသိန်းကသူ့အိမ်မှာပဲ နေချင်သေးသည်ဆိုသောကြောင့် ရောင်နောက် ဆံထုံ မပါပဲ ဆံထုံးနောက်သို့ ရောင်ပါ သွားရသည်။

မင်္ဂလာပွဲအပြီး ပြောကြဆိုကြသည့် စကားပြော အဆင် မပြေမှုကြောင့် နေရေးထိုင်ရေး အပြောင်းအလဲ ဖြစ်သွားသည် ဟုလည်း ဆိုနိုင်ရာ၏။

အဲသည်ကတည်းက မိမိသိန်းတယောက် ယောက္ခမအိမ်သို့ တခေါက်မှ မရောက်ခဲ့ပေ။ ဇော်ဇော်ကသာ ကူးချည်သန်းချည် နေခဲ့သည်။မိမိသိန်း၏ အသုံးအဖြုန်းအတွက် ရှာရဖွေရသည်မှာ ခါးချည့်လုမတတ်။

www.burmeseclassic.com

www.burmeseclassic.com



မိဘအိမ်သို့ တပတ်တခါသော်မှ မရောက်နိုင်အောင် အလုပ်များနေရှာသည်။ ကားဝင်ငွေကို အိမ်သို့ တပြားတချပ်သော်မှ ပြန်မပေးနိုင်ရုံမက ကိုသောင်းညွန့်နှင့် လုပ်ထားသည့် အစုစပ်လုပ်ငန်းမှ ငွေများကိုပင် သူတို့၏ အသုံးစရိတ်ထဲသို့ ဖြည့်တင်းနေရသည်။

ကိုသောင်းညွန့်၏ လုပ်ငန်း အခြေအနေမှာ ယခင်ကလို မကောင်း။ ယခင်ကလို မပြေလည်ပဲ ယိုင်နဲ့လာသည့် အပြင် ပါမစ်အတုနှင့် ငွေလေးသောင်းနီးပါး အလိမ်ခံလိုက်ရသဖြင့် လုပ်ငန်းဆက်လုပ်ဖို့ အခက်အခဲတွေ့ရသည့် အနေအထားသို့ ရောက်နေသည်။

လည်လွန်းသည့်ဘီး ချေးသင့် ဆိုသလို ကောင်းရှောင်းကောင်းဝယ် အတည်တကျ မဟုတ်သော လုပ်ငန်းများတွင် ကိုယ်က သူများကို လှည့်ပတ်ခဲ့သလို ကိုယ်ကလည်း အလှည့်အပတ် ခံရတတ်ပါလေ၏။

မိမိ၏ ပြုလုပ်မှု မကောင်းသည်မှ မိမိအပေါ် ပြုလုပ်မှု မကောင်းသည်ကို တလှည့်မဟုတ်တလှည့် တွေ့ကြုံခံရစမြဲရှိတတ်သည်မှာ ဓမ္မတာ။

ကိုသောင်းညွန့် တကယ် အလိမ်ခံလိုက်ရသည်ကို ဇော်ဇော် သိသည်။ သို့တစေ အိမ်ကိုပြန်ရှင်းပြသည့် အခါဒေါ် ထက်ထက် နှင့်ဒေါ်ကြီးစိုးတို့ကလက်မခံကြ။ သားနှင့်တူ ဖြစ်သူ အပေါ် မယုံသင်္ကာ ရှိလာကြသည်။



ခု....ဇော်ဇော်က အတွင်းလူမဟုတ်တော့ အပြင်လူ ဖြစ်နေပြီဟု သဘောမူကြသည်။ ယောက်ဖနှင့် တကြိတ်တည်းတဉာဏ်တည်းဟု စွပ်စွဲပါသည်။ နှစ်ယောက်ပေါင်းပြီး လိမ်သည်ဟု ယိုးစွဲလာသည်။

ကျန်သည့် အရင်းအနှီးကို ပြန်နှုတ်မည်။ ကားကိုလည်း မောင်သူရှာပြီး ကံထရိုက်စနစ်ပေးတော့မည်ဟု အယုံအကြည်မဲ့ စကားဆိုလာသည်။

မိခင်နှင့်ကြီးဒေါ် ကဘက်၊ ဇော်ဇော်ကတဘက် အကြိုအနယ် ပြဿနာဖြစ်သည့်ကြားတွင် ဟိုဘက်သည်ဘက် ဝင်မပါပဲ ကြားနေသူမှာ မော်မော်။

ယောက်ဖနှင့်မယားဖြစ်သူ အိမ်တွင် နေရသော အစ်ကိုဖြစ်သူ မျက်နှာငယ်မှာကိုလည်း စိုးရိမ်သည်။ မိခင်နှင့်ကြီးဒေါ် ပြောသည့် အနေအထားမျိုး မဖြစ်တန်ရာဟု သဘောပိုက်မိသော်လည်း ကိုယ့်သဘောထားကို ပွင့်ပွင့်လင်းလင်း ဝင်မပြောရဲသမို့ ပြဿနာကြားထဲသို့ မဝင်ပဲ နေလိုက်သည်။

သို့တစေ....တင်မောင်မြင့်ထံ ရေးသည့်စာထဲတွင်မူ ဖြစ်ပျက်နေသည့် အိမ်တွင်းရေးအခြေအနေများကိုအပြည့်အစုံထည့်ရေးလိုက်ရုံမက မည်သို့ ဆက်လုပ်သင့်ကြောင်း အကြံဉာဏ်ပေးဖို့ပါ အကူအညီ တောင်းခံလိုက်သည်။

မိသားစုအတွင်း ပြေလည်မှုမရှိပြီဆိုသောအခါ မိသားစုနှင့် ဆက်နွယ်သူ အားလုံး စိတ်မချမ်းမြေ့ ဖြစ်ရသလို ပျော်ရွှင်မှုလည်း ကင်းပလာသည်။

www.burmeseclassic.com

www.burmeseclassic.com



မယားကြိုးဆွဲသည့်အတိုင်းကနေသော တူဖြစ်သူအကြောင်းကို တဖြစ်တောက်တောက် ပြောမဆုံး ရှိနေသူက ဒေါ်ကြီးစိုး။

အခါနိရတိုင်း ပြောသည်။ ပြောဘိုင်းလည်း မိမိသိန်းနာမည်မှာ ထိပ်ဆုံးက ပါလာသည်။ မှိုချိုးမျှစ်ချိုး စကားယိုးဖွဲ့ပုံမှာ သမီးချင်း၊ တူမချင်း မစာနာသည်သာက် ဆိုးသောမိန်းမချင်းမစာနာသည့် အသုံးအနှုန်းတွေ တင်းကြမ်းပြည့်မို့ နားမခံသာအောင် ရှိရသည်။

ဒေါ်ကြီးစိုးမှာ ပွင့်ပွင့်လင်းလင်း ပြောတတ် ဆိုတတ်သော်လည်း ရိုင်းရိုင်းပျပျ အပြောအဆိုမျိုးကို ပြောလေ့ပြောထမရှိ။ ပါးစပ်စည်းအလွန်စောင့်တတ်ခဲ့ပါသော်လည်း သည်တချီတွင်မူ ဒေါ်ကြီးစိုးနှုတ်ထွက် စကားတွေ ဟုတ်ပါ့ရဲ့လားလို့ ပြောစရာသို့နှယ် ရှိပါချေ၏။

အနိမ့်ကျဆုံး မိန်းမရှင် တယောက်ပမာသို့ တင်စားပြောပုံမှာ နှုတ်ထွက်ကြမ်းသည့် ငါးစိမ်းသည်သော်မှ မီအံ့ မထင်။

မိမိသိန်းကြားယင် ဘယ်သို့နေလိမ့်မည်မသိ။ မော်ခမော်ချင် မိမိသိန်းဘက်က နာကျည်းသလို ခံစားလိုက်ရသည်။

ကျေနပ်သည့်အခါ ကြည်သာသည့်အခါ တော်ရုံတန်ရုံထက် ပိုလာသော အပြစ်ကို ခွင့်လွှတ် နိုင်ကြသော်လည်း မကြည်သာ၊ မကျေနပ်သည့် အခါမျိုးတွင် အသေးအမွှားအကြီးအမားဖြစ်အောင် ပုံကြီး ချဲ့ကားသည်မှာ လူမနေ့ သဘာဝသဘောဟု ဆိုရပါမည်လေ။

အတ္တမာနသည် လူတို့၏ သဘောကို အနိမ့်ဆုံး အဆင့်သို့ ဆွဲချတတ်လေရာ ထိုသည်ကို ဆန်းသည်ဟု မဆိုသာ။



သူတို့တူကို၊ သူတို့သားကို မိမိသိန်းက ချိုင်းပြီးမှ ပိုင်းသည်။ ပိုင်းပြီးမှ အပိုင်ကိုင်ထားသည်ဟု သူ့ကို နွားနှင့်နှိုင်း၍ ပြစ်ပြစ်နစ်နစ် ပြောလာသည်ကို ဇော်ဇော်က မခံနိုင်။ သည်အိမ်ကို ဘယ်တော့မှ ခြေဦးမလှည့်။

အိမ်ရိပ်ကိုသော်မှ မနင်းဟု ဆိုစကားပြု၍ အိမ်ပေါ်မှ ဆင်းခဲ့သည်။

သို့တစေ ကားကိုတော့ မထားခဲ့။

မိမိသိန်းကို ဖြစ်ခဲ့သမျှ အပြည့်အစုံမပြော။ အိမ်နှင့်အဆင်မပြေသည့် အကြောင်းကို သဘောလောက်ပဲ ပြောပြလိုက်သည်။

မိမိသိန်းကတော့ ကြိုဆိုပါသည်ပေါ့။ ကိုသောင်းညွန့်ကတော့ သည်အနေအထားမျိုးအထိ မဖြစ်သင့်ဟု ဆိုသည်။

တကယ်တော့ ကိုသောင်းညွန့်က လူကြီးပီပီ အရိုးခံသဘောဖြင့် ပြောသည်မဟုတ်။

မကြာခင် ဒိုင်နာကား ရောက်လာမည်ကို သိထားသဖြင့် အိမ်နှင့် အဆက်အဆံ အဝင်အထွက် မပြတ်စေလို၍ ပြောခြင်းဖြစ်၏။

အကြောင်းရှိသည်။ ကိုသောင်းညွန့် လုပ်ကိုင် နေသည့် လုပ်ငန်းများမှာ ယခင်ကလို မချောင်တော့။ ယခင်က လုပ်သမျှ အဆင်ချောပြေခဲ့သော လုပ်ငန်းများမှာ အဆင်မချောပြေပဲ၊ အထစ်ထစ်အကောက်ကောက် ရှိလာရုံမက အဆိုးအတွင်းဘက်သို့ ရောက်သူတွေ ရောက်နေကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ လှည့်ကွက်များကို အထိန်းအချုပ်၊ အကိုင်အတွယ် တင်းတင်းကြပ်ကြပ် ရှိလာသည်။

အခုတလော လုပ်သမျှ လုပ်ငန်းများမှာ အကျိုးအမြတ် ထားလို့ အရင်းထဲက ပွံ့မထွက်အောင် နည်းကြီး ကြိုးစားပြီး ထိန်းခနရသည်။

လုပ်ငန်း အကျိုးအမြတ် ထွက်မလာစေကာမူ၊ အိမ်သုံး စရိတ်ကို ဘယ်လိုမှ ရပ်တန့်ထားလို့မရ။ အဝင်နှင့်အထွက် ဘယ်သိုမှ မမျှတ။

အလိမ်ခံထားရသဖြင့် အရင်းအနှီး လိုက်အားမကောင်း။ လုပ်ငန်းကြီးများကို လက်မလှမ်းနိုင်။

လုပ်ငန်းသေးများကိုသာ ကောက်သင်း ကောက်သည် လိုက်ကောက်နေရသည်။

မည်သည့်လုပ်ငန်းတွင်မဆို အရင်းနည်းလျှင် အမြတ်နည်း သည်။ လုပ်ငန်းသေးလျှင် အပေးအကမ်း မရက်ရောနိုင် သို့မို့ကြောင့် အလုပ်ဖြစ်သင့်သလောက် မဖြစ်။

အိမ်၏ စီးပွားရေးအခြေအနေ ဘယ်သို့ပင်ရှိစေ၊ မိမိသို့ ကတော့ အသုံးအဖြုန်း နည်းနည်းမှမလျော့၊ ဇော်ဇော်သာ ခါးချိအောင် ရှာနေရသည်။

နှစ်ဘက် အိမ်ထောင်စုအတွင်း ပြဿနာအထွေထွေ မော လည်ဖြစ်ပြီး လိပ်ခဲတင်းလင်း ဖြစ်နေစဉ် တင်မောင်မြင့်ထံ ပို့လိုက်သည့် ကားနှင့်ပတ်သက်သမျှသော စာရွက်စာတမ်း များ ရောက်လာသည်။ သဘော်ရောက်မည့် ခန့်မှန်းရက် ရေးထည့်ပေးလိုက်၏။



ကိုယ်စားလည် ပါဝါလွဲစာမှာ ဇော်ဇော်နာမည်နှင့်။

ဒေါ်ထက်ထက်တို့ ဘာလုပ်ရမည်မှန်းမသိ ဖြစ်သွားကြ သည်။ ကားကို ရောက်ပြီးပြီးချင်း မရွေးပဲ ဆိပ်ကမ်း ဂိုဒေါင်မှာ ကြာကြာထားလို့မဖြစ်။ တနေ့နှစ်ဆယ် စရိတ် တက်နေမည်။ ပစ္စည်းအပျောက်အရှုအတွက်လည်း စိတ်မချရ။ ဂိုဒေါင်ထဲမှာ အထိအခိုက်ရှိနိုင်သည်။

ကားကိစ္စနှင့် ပတ်သက်လို့ တင်မောင်မြင့်ထံ စာရေးဖို့ အစီအစဉ် အပြောင်းအလဲလုပ်ဖို့ အချိန်မရ။ အချိန်ရသည့် တိုင် အပြောင်းအလဲလုပ်ဖို့ မလွယ်။ ဌာနဆိုင်ရာ အဆင့်ဆင့် သို့ တင်ပြရမည်။

ခု....စာကလေးကြော်၊ ခု....ဆီထမင်းကြော်လို့ လုပ်လို့ရ သည်မျိုးမှ မဟုတ်တာ။

သားဖြစ်သူနှင့် ပြန်လည်၍ နားလည်မှုယူရမည်၊ စိတ်ဆိုးလို့ ပြောသည့်အနေမျိုး လုပ်ချမည်။ အိမ်ကဂိုဒေါင်ထဲ ကား ရောက်ဖို့က အဓိက။ သည်လမ်းကလွဲပြီး တခြားလုပ်စရာမရှိ။ ပြောမယ့်သာ ပြောရသည် ဒေါ်ထက်ထက်ရော ဒေါ်ကြီးစိုးပါ ဇော်ဇော်ကို သိပ်ချစ်ကြသည်။

ဇော်ဇော်အပေါ် ဘယ်လောက်ပဲ မကျေနပ် မကျေနပ်၊ ထိုမကျေနပ်မှုကို ရင်ထဲမှာ ကြာရှည်ထိန်းမထားနိုင်။ခုပဲကြည့် ဇော်ဇော် သုံးပတ်လောက် မလာဘူးဆိုယင်ကို သူတို့မှာ နေမထိထိုင်မသာ ဖြစ်နေကြပြီ။ ပါးစပ်က ဖွင့်အံ၍ တ,နေ ကြပြီ။

အခုမနှင့် သားကြားကို ဝင်လိုက်ရသူမှာ မော်ဇော်။

ာ်လည်

www.burmeseclassic.com

www.burmeseclassic.com



ဇော်ဇော် အိမ်သို့ အဝင်အထွက် ပြန်လုပ်မည်ကိုသိသည်။ မိမိသိန်းက ဘယ်သို့မှ မကားမဆို။ ဒိုင်နာကား ရောက်တော့မည့် အကြောင်းကို မိမိသိန်းလည်း သိနေသည်။

ဒိုင်နာရောက်လာယင် ဇော်ဇော်လက်၊ ဇော်ဇော်ခြေ လုပ်နိုင်ခွင့် ရတော့မည် မဟုတ်ပါလား။

ဟိုင်းလက်၊ ဒိုင်နာ၊ ပတ်ဘာလီကာခေတ်မှာ ဒိုင်နာက ဈေးအများဆုံး အလုပ်အဖြစ်ဆုံး ဆိုတော့လည်း ပြောစရာမလို။ ရောက်လာပြီး လက်ထဲရောက်ဖို့သာ အရေးကြီးသည်။ အလှည့်အပြောင်း လုပ်ဖို့ကိုတော့ ပြင်ဆင်ထားရမည်။

ရောက်လာပါပြီ။

ဒိုင်နာအပြာရောင်။

သဘော်သား ကားထဲမှာ အလုပ်အဖြစ်ဆုံး၊ ရောင်းမလား သိန်းနှစ်သိန်း၊ လုပ်စားမလား တနေ့လေးရာ ပြေးမလွတ်။

ကားထုတ်လာပြီး ကတည်းက ဂိုဒေါင်ထဲမှာ နှစ်ပတ်လောက်ပဲ အချိန်မှန် အထုတ်အသွင်းလုပ်သည်။ ယာယီနံပါတ်က ဘာမှလုပ်လို့မရသေး၊ မြို့ပြင်ကိုတောင်မှ ထွက်လို့မရ။

ဆိပ်ကမ်းခွန်ပြေစာ၊ အကောက်ခွန် သွင်းကုန်စာရင်း ကုန်သွယ်ရေး ပါမစ်စသည့် စာရွက်စာတမ်းများကို တင်ပြ၍ အများပြည်သူသုံး လမ်းပေါ်တွင် အသုံးပြုနိုင်ရန် ယာဉ်မှတ်ပုံတင်ခွင့်ကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနသို့ လျှောက်ထားရမည်။



ယာဉ်ပိုင်ရှင် နိုင်ငံခြားသွားရှိနေစဉ်ကာလတွင် ယာဉ်ပိုင်ရှင်မှ ချင်နရယ်ပါဝါနှင့် လွှဲအပ်ထားခြင်းခံရသူက ကားပိုင်ရှင်အဖြစ် လုပ်ပိုင်ဆောင်ရွက်ပိုင်ခွင့်ရှိရာ ဇော်ဇော်က ယာယီမှတ်ပုံတင်ခွင့်ကို သူ့နာမည်ဖြင့် လျှောက်ထားလိုက်သည်။

ယာယီအားဖြင့် သူပိုင်ကား ဖြစ်သွားပါလေပြီ။

မူသေနံပါတ်မယူမီ ယာယီမှတ်ပုံတင် သက်တမ်းကို ရက်ပေါင်း(၃၀)ပေးထားရာ ဇော်ဇော်က သက်တမ်းကုန်ဆုံးရက်အထိ မစောင့်ပဲ မူသေနံပါတ်ယူလိုက်သည်။

ပထမ နံပါတ်အနက်ရမည်။ ပြီးမှ နံပါတ်အနီ ပြောင်းယူရမည်။

ယာယီမှတ်ပုံတင်သက်တမ်း ကုန်ဆုံးရက် ကျော်လွန်ပြီးမှ နံပါတ်ရယူလျှင် သတ်မှတ်သောဒဏ်ကြေးကို ဆောင်ရမည့်အပြင် လက်ရှိရောက်နေသော အကွာရာအစား နှောင်းသော အကွာရာနှင့်နံပါတ်ကို ပေးမည်ဟူသော စည်းကမ်းသတ်မှတ်ချက် ထားရှိသည်ဖြစ်ရာ ဇော်ဇော်က ထိုစည်းကမ်းချက်အောင် ကျော်လွန်သွားမည်ကို စိုးရိမ်သောကြောင့် မူသေနံပါတ်စောစောယူခြင်း မဟုတ်ပါ။

မူသေနံပါတ်စောစောရယင် စောစော အလုပ်ဖြစ်မည်မို့ ယာယီသက်တမ်း ခွင့်ပြုချက် ကုန်ဆုံးအောင် မစောင့်တော့ပဲ မူသေနံပါတ်ကို ရက်စော၍ယူလိုက်ခြင်းဖြစ်၏။

ယာယီနံပါတ်မှ မူသေနံပါတ်ယူရာတွင် နံပါတ်ပေါ်ပေါက်လိုက်ရသည်။ ကိုယ်နှိုက်ချင်သည့်နေ့တွင် နှိုက်လို့ရသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကားပိုင်ရှင်များက မနိုက်ကြ။ တန်းစီပြထားသည့် နံပါတ်စဉ်ကိုကြည့်၍ ကားပိုင်ရှင်တို့ကြောက်သည့် နံပါတ်ပါလျှင် မနိုက်ပဲ တန်းစီပြီး နေ့ကုန်နေခမ်း ထိုင်စောင့်ကြသည်။ တချို့ဆိုလေး ငါး ခြောက်ရက်ဆက်တိုက် ရုံးချိန်အဘိုင်းသွား၍ မနိုက်ဖြစ်ပဲ ပြန်ကြသူများပင် ရှိကြ၏။

ကားပိုင်ရှင်တို့ အကြောက်ဆုံး နံပါတ်နှစ်ခုမှာ ပေါင်းလိုက်ယင် ၁၃ ကျသော နံပါတ်နှင့် ပေါင်းလိုက်ယင် ၁၀ (ဘူ)ကျသော နံပါတ်များဖြစ်၏။

ဘူထက် ဆယ့်သုံးကို ပိုကြောက်ကြသည်။ ဆယ့်သုံးဂဏန်းကားကို အရောင်းအဝယ် လုပ်သည့်အခါ ပေါက်ဈေးထက် ငါးထောင် တသောင်း လျှော့ရောင်းရသည့်အပြင် အကျိုးမပေးဟူသော အယူအဆကြောင့်လည်း ဆယ့်သုံးဂဏန်းကို အသေအလဲကြောက်ကြ ရှောင်ကြသည်ပါ။

ဆယ့်သုံးဂဏန်း ဘူဂဏန်းကို ကြောက်သူရှောင်သူ ရှိသလို ကြိုက်သူလိုက်သူများလည်းရှိသည်။ သို့သော် လက်ညှိုးထိုးပြစရာရှားလောက်အောင် ကြိုက်သူလိုက်သူ နည်းပါးလှ၏။

ကားပိုင်ရှင်တို့ အကြိုက်ဆုံးမှာ နဝင်းကြွေ ဟြင်းကြွေ (၉) ဂဏန်းပါ။

သို့တစေ လယ်တွင်းကိုးခရိုင်နှင့် ဆက်နွယ်ရာ ဒေသများတွင်မူ ၉ ဂဏန်းကို အသေအလဲကြောက်ကြသည်။ ရှောင်သည်။ သူတို့အကြိုက်ဆုံးမှာ ဘူဂဏန်း။

တိုင်းပြည်တပြည်တည်းမှာပင် အထက်နှင့်အောက် မတူကြရယ်စရာတော့ အကောင်းသား။



သချ်ာကို အပေါင်းအနုတ်အမြှောက်အစား လုပ်ရာတွင် အဆုံးသတ်အဖြေထွက်သည်အထိ ပေါင်းရနုတ်ရသည်။ ဥပမာ ၂၅၆ ကိုပေါင်း၍ ဆယ့်သုံးဂဏန်း ရသည်ဆိုပါစို့။ ဆယ့်သုံးတွင် ရပ်ထား၍မဖြစ်ပါ။ ၁ နှင့် ၃ ကို ဆက်ပေါင်းရပါမည်။ သို့ဆိုသော် 'ဈ' အက္ခရာပါသော ကားနံပါတ် ၂၅၆ သည် ဆယ့်သုံးမဟုတ် ၄ ဟူ၍ သတ်မှတ်ရမည်ပါ။ ခု တော့ သည်လို မဟုတ်။

ဘယ်သကောင့်သားက တီထွင်လိုက်သည်မသိ။ အခုယ်ဖြစ် ဆယ့်သုံးဂဏန်းမှာ အပြောင်းအလဲမရှိ အတည် ဖြစ်နေပါသေပြီ။

ဇော်ဇော်က ဆယ့်သုံးတွေဘူတွေကို ဂရုမစိုက်၊ မူသေနံပါတ် အမြန်ဆုံးရဖို့ အရေးဘကြီးသ၍ နိုက် လိုက်ရာ လူမိုက်ကံကောင်းဟု ဆိုရလေမလားမသိ၊ ပေါင်းလိုက်ယင် ၉ ကျသည့် နဝင်းကြွေဟြင်းကြွေဂဏန်းကိုရသွားသည်။ ကဲ... ဒိုင်နာတစီး လက်ထဲရောက်မှတော့....

* * *

www.burmeseclassic.com

www.burmeseclassic.com



ကားရောက်လာပြီးမကြာခင် တင်မောင်မြင့်ထံမှ စာရောက်လာသည်။ ကားကိစ္စအတွက် အမေးအမြန်း ရှိလာသည့်စာ။

ကား ချောချောမောမော ရောက်မရောက်၊ ကားရွေးသည့်ကိစ္စ အဆင်ပြေမပြေ။ ထည့်ပေးလိုက်သော အပိုပစ္စည်းများ အပြည့်အစုံရရဲ့။ ကားကိုဘယ်လိုထားသည်။ ဘယ်အနေရှိသည် စသည်ဖြင့် သိလိုသမျှမေးလိုက်သည့် စာနှင့်အတူ ခွင့်သုံးလ ရမည့်အကြောင်း၊ ခွင့်ရက်စေ့လျှင် ဂျပန်ပြည်သို့ပြန်ဖို့မပြန်ဖို့ကို အခြေအနေအရ ဆုံးဖြတ်မည့်အကြောင်းနှင့် ထုံးစံအတိုင်း မိသားစုမှာကြောင်းသကြောင်းများ ရေးထည့်လိုက်သည်။

တင်မောင်မြင့် အမေးရှိလာသည့် ကားနှင့်ပတ်သက်သမျှ အကြောင်းပြန်စာ ဘယ်လိုရေးရမည်ကို ဒေါ်ထက်ထက် ဒေါ်ကြီးစိုးနှင့် မော်မော်တို့ ခေါင်းချင်းဆိုင်၍ တိုင်ပင်နေရပါလေပြီ။

အိမ်ကကားဂိုဒေါင်ထဲမှာ ဒိုင်နာ ကားမရှိ၊ ကားဟောင်းကြီးသာရှိနေသည်။ ဒိုင်နာက ဇော်ဇော် လက်ထဲမှာ။

ဒိုင်နာကားကိစ္စနှင့်ပတ်သက်၍ဒေါ်ထက်ထက် ဒေါ်ကြီးစိုးနှင့်မော်မော်တို့ ဇော်ဇော်နှင့်ပြောရဆိုရသည်မှာ အာပေါက်လုမတတ် ရှိနေပြီ၊ ပြောရေးဆိုရေးရှိသမျှ စကားကုန် ပြောသော်လည်း ပိုးသာကုန် မောင်ပုံစောင်းမတတ် ဆိုဘိသို့သာ ရှိပါချေ၏။



ဇော်ဇော်၏ တုံ့ပြန်မှုမှာ ကျေနပ်ဖွယ်ရာ တစက်တကွက်မျှ မရှိ။ ကားအတွက် ဘာတွေလုပ်စရာရှိလို့ ညာတွေ လုပ်စရာရှိလို့ ဆိုသော ပါးစပ်အဖြေသာရသည်။ ကားမှာမူ အိမ်သို့ ပြန်မရောက်လာ။

ဒေါ်ကြီးစိုးနှင့် မော်မော်တို့ မသွားချင်သော အိမ်ကို အခေါက်ခေါက် အခါခါ သွားနေရသည်။

မတွေ့ချင်သူများနှင့် ခဏ ခဏ မျက်နှာချင်း ဆိုင်နေရသည်။ စကားမပြောချင်သူများနှင့် ပြောနေရသည် ဆိုနေရသည်၊ သို့သော် သွားတိုင်းမတွေ့။ ပြောတိုင်း အဆင်မပြေဖြစ်ပြီး ပြန်ရသည်။

ဘယ်ပုံလုပ်ရမည်ကို လမ်းစရှာမတွေ့ ဖြစ်နေကြသည်။ ရဲစခန်းတို့ဘာတို့ တိုင်ဖို့ အဆင့်လည်းမရောက်။

သူတို့မှာ စိတ်တထွေထွေ။ သောကတထွေးထွေး။

မော်ကနေ ပျော်နေသူက မိမိသိန်း။

တင်မောင်မြင့်ဆီ အခြေအနေအမှန်ကို ရေးသင့် သော်လည်း ရေးလို့အကြောင်းထူးဖွယ်ရာမရှိ။ သူလည်း ဘာမှတတ်နိုင်မည်မဟုတ်။ စိတ်မချမ်းမြေ့စရာ စိတ်ဆင်းရဲစရာပဲ ဖြစ်လိမ့်မည်။

ပြန်ခါနီးစိတ်မချမ်းသာစရာ သတင်းစကားမပါးလို့။ လုံးဝ အသိပေးလို့ကလည်း မကောင်း။ အုပ်အုပ်ဆိုင်းဆိုင်း မုသားမပါ စကားမချောဆိုဘိသို့ ပါးပါးနပ်နပ်ရေးရန် မော်မော်ကိုပဲ တာဝန်လွှဲလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးစိုးက ရှေးလူကြီးသူမများ ပြောလေ့ပြောထ ရှိသည့်စကားကို ပြောလာသည်။

"ဇော်ဇော် ဆေးမိနေပြီဟူပါ၍...."

ဟုတ်တာ မဟုတ်တာအပထား ဇော်ဇော် အနေအထားက ပြောထိုက်ဆိုထိုက်ရာသို့ ရှိနေပါချေ၏။

တချို့သော ယောကျ်ားများ၏ အသိဉာဏ်ထက်မြက်မှုသည် မိန်းမကြောင့် အသိဉာဏ်နှင့် တွေးခေါ်ဆင်ခြင်မှု၊ ဝေဖန်ပိုင်းခြားမှုများမှာ အဆင့်အနိမ့်ဆုံးသို့ လျောကျသွားတတ်ပါလေ၏။

ဇော်ဇော်ကိုလည်း သည်သို့သော ယောကျ်ားအမျိုးအစားထဲ ထည့်ရပါလေမည်။ ဒိုင်နာကားတစီးလုံးကို စေလိုရာစေနေသူမှာ မိမိသိန်း....။

## (တစ်ဆယ့်လေး)

ဒေါ်ထက်ထက်တို့ ဒေါ်ကြီးစိုးတို့ခမျာ ဒိုင်နာ ကားသစ်ကြီးကို ရွှေညောင်ပင်သို့ ကားပြသွားစဉ်က တခါပဲ စီးဖူးလိုက်သည်။

မော်မော်မှာ ထိုအခါကပင် မစီးဖူးလိုက် အိမ်စောင့် ကျန်နေရစ်ခဲ့သည်။

ကားသစ်ဖြစ်စေ၊ ကားဟောင်းပိုင်ရှင် အပြောင်းအလဲဖြစ်သည့်အခါဖြစ်စေ ဒါမှမဟုတ် ကားချင်းတိုက်လို့ ပြင်ဆင်ပြုပြင်ပြီးခါစဖြစ်စေ၊ ရွှေညောင်ပင်သို့ ကားပြသွားရသည်မှာ အစဉ်အလာတရပ်သို့နှယ် ရှိခဲ့ရာ ဘာကြောင့် ရွှေညောင်ပင်သို့ ကားပြသွားရကြောင်း ဂဃနဏ ခြေမြစ်ဖြစ် မပြော

www.burmeseclassic.com



နိုင်သူ မရှိစေကာမူ ရွှေညောင်ပင်သို့ မသွားသည့်ကား၊ မပြေးသည့်ကားဟူ၍ မရှိစဖူးပေ။

အစိုးရကားများလည်း သွားပြေးရသည်။

ထူးဆန်းလေစွဟု ဆိုရမည်ပါ။

ရွှေညောင်ပင်မှ နတ်ကတော်များပေးလိုက်သည့် ပန်းများကို ညှိုးခြောက်ကြွေလွင့်သွားသည်အထိ ကားခေါင်းတွင် တရိုတသေ စီးနှောင်ထားရသည်။ ရှန်ပန်းထည် အနီစကလေးကို ဂရုတစိုက်ချည်နှောင်ထားရသည်။

ကားတစီး ဆယ့်ငါးကျပ်၊ ပန်းဖိုးကနှစ်ကျပ်။

ဆယ့်ခုနစ်ကျပ်အတွက် အားမွန်းနံ့သာ အနည်းငယ်ပက်ဖြန်းပေးပြီး ကားကိုတပက်ပတ်၍ ရွတ်ဖတ်သည်။ ဘာတွေရွတ်သည်ကို သဲသဲကွဲကွဲ မကြားရ။

ရွှေညောင်ပင်တွင်ရှိသည့် နတ်ရုပ်တုသုံးရုပ်နှင့် မော်တော်ကား ဘယ်လိုဆက်နွယ်မှု ရှိသည်ကို မေးလို့မရ။

နတ်ကတော်ကြီးများက မသိသည်လား။ မကြိုက်သည်လားမသိ။ မေးရှိသည်ကို မဖြေပဲ ရှဘင်းတင်းနှင့် ကြည့်ခြင်းကို ခံလိုက်ရမည်ပါ။

ရှိပါစေ ဝင်လာမစဲ တသဲသဲရှိနေသည့် သဘော်သားကားများအတွက် တစီး ဆယ့်ငါးကျပ်ရခဲ့သော် ဝင်ငွေမှာ နေ့တရာအောက်သို့ ယို့လိမ့်မည်မထင်။

ထိုငွေတွေကို ဘယ်သူများ ရမှာပါလိမ့် ဘယ်သူတွေက သုံးစွဲမှာပါလိမ့်။ နတ်ရုပ်ကြီးသုံးရုပ်ကတော့ ဆိုင်ပေမယ့် မပိုင်လေမှာ သေချာသည်။



ရှိပါစေ... ။

နတ်တွေအကြောင်း သရော်စာ သုံးအုပ်ရေးခဲ့သည့် စာရေးသူသည်ပင် ကားလေးတစီး ဝယ်မိသည့်အခါ အိတ်ထဲက ငွေဆယ့်ခုနစ်ကျပ် ထွက်သွားပါလေသတတ်။

စာရေးသူက ရွှေညောင်ပင်သို့ ကားပြေးရသည်ကို အဓိပ္ပါယ်မရှိသော လုပ်ရပ်အဖြစ် ရှုမြင်သုံးသပ်သော်လည်း ကားမောင်းမည့်ယာဉ်မောင်းဖြစ်သူ၏ ဆန္ဒကို မလိုက်လျော၍မဖြစ်သောကြောင့် လိုက် လျောလိုက်ရသည်ပါ။

ရိုးရာအစွဲအလမ်းဟူသည် ဖျောက်ရန်ခက်ဘိ၏။

နတ်ကတော်ဆိုသူများက ဤသည်ကို အခွင့်ကောင်းယူ၍ သူတို့စားပေါက်ကို လမ်းခင်းဖွင့်ထားရာ ရိုးရာ အစွဲအလမ်းကြီးသူများက ထိုလမ်းကြောင်းကို လွဲဖယ်၍ မရှောက်ဝံ့ ငွေပေး၍ စိုက်လိုက်မတ်တတ် လိုက်နေကြရသည်။

တင်မောင်မြင့် ပို့လိုက်သည့် ဒိုင်နာကား လက်ကိုင်ခွေပေါ်တွင် ရှန်ပန်းထည် အနီစကလေး ချိတ်ဆွဲပြီးသည့်နောက် ဒေါ်ထက်ထက်တို့မှာ ဒိုင်နာကားကို မြင်ရုံသာ မြင်ရ၍ မကြင်ရတော့ပါလေ။

မောင်းသူ ဇော်ဇော်ဘေးတွင် လည်တိုင် ကြော့ကြော့ခေါင်းတမော့မော့နှင့် အမြဲတမ်း တွဲစပ်လျက် လိုက်ပါသူမှာ မိမိသိန်း။

ရန်ကုန်မှာသာမဟုတ် ဗမာပြည်အနှံ့ ဘုရားဖူး ထွက်ပြန်၏။ အသစ်စက်စက် ဒိုင်နာကားနှင့်။

www.burmeseclassic.com

www.burmeseclassic.com



မိမိသိန်း၏ အပေါင်းအသင်းများနှင့် ဇော်ဇော်၏ အပေါင်းအသင်းများ တပြုံတမကြီး လိုက်ပါခဲ့ကြသည်။

ဘုရားဖူးထွက်သွားသည်ကိုဒေါ် ထက်ထက်တို့ပင်မသိလိုက်။ သူတို့ခရီးထွက်သွားပြီး နှစ်ရက်ကြာမှ ဘယ်ဆီသို့ခရီးထွက်သွားသည်ကို သိလိုက်ရ၏။

ဘာမှမတတ်နိုင်။ ကားပြန်ရောက်မှ ဖြစ်သည့်နည်းနှင့် ကားကို ပြန်သိမ်းဖို့ နည်းလမ်းရှာယင်း ကားပြန်အရောက်ကို စောင့်နေရပါလေပြီ။

မဘ်တော်မောင်မှာ ရန်ကုန်တွင်မရှိ။

ဒိုင်နာကားသစ်ကြီးမှာ ရန်ကုန်သို့ ပြန်ရောက်မလာတော့။

ပြည်လမ်းအတိုင်း ထွက်သွားသည့် ဒိုင်နာကားပေါ်မှ အသံသေး၊ အသံကြောင်များမှာ မရပ်မနား ထွက်ပေါ်လျက်။ တဝါးဝါး တဟားဟား ရယ်သံများ ပျံ့လွင့်လျက်။ မူးကြ ရူးကြသည်မှာ မြင်မကောင်း ရှုမကောင်းအောင်ဟု ပြောရမည်သို့ ရှိပါချေ၏။

ပေါင်းတည်စွယ်တော်၊ ရွှေနတ်တောင်၊ ပြည်ရွှေဆံတော်၊ မကွေးမြသလွန်၊ ပုဂံ ညောင်ဦး၊ ပုပ္ပားဘုရားစုံ ရောက်ပြီးသည့်နောက် မန္တလေးသကြန်အမီ မန္တလေးသို့ ရောက်ခဲ့ကြသည်။

မန္တလေးသကြန်မှာ ဗမာပြည်တဝှမ်းလုံး အစည်ကားဆုံးဟု ဆိုရလောက်အောင် ထူးထူးထင်ထင် စည်ကားလှန်းသော်လည်း၊ ရိုးရာယဉ်ကျေးမှု အရိပ်အာသက်မှာ အားပျော့လှန်းလှ၏။ သရုပ်ပျက်သမားတို့၏ လွှမ်းမိုးမှုက ပို၍ ထင်ထင်



ပေါ်ပေါ်ရှိနေသည်။ စင်ပေါ်အကမှာ ရိုးရာအစဉ်အလာကို ထိန်းသိမ်းထားနိုင်သော်လည်းစင်အောက်အက ကားအမိုးပေါ် ခေါင်းပေါ်မှ အကများမှာမူ သရုပ်ပျက်အရိပ် အပြည့်လွှမ်းထင်နေသည်ဟု ဆိုရမည်သို့ ရှိပါချေ၏။

စည်ကားသလောက် ပျော်စရာလည်း ကောင်းပါပေ့။

တချိန်က ရန်ကုန်သကြန်သည် အစည်ကားဆုံး။ ထိုနောက် ရန်ကုန်သကြန်ထက် မော်လမြိုင်သကြန်က စည်ကားမှု သာလွန်သွားခဲ့သည်။ ရန်ကုန်သကြန်နှင့်မော်လမြိုင်သကြန် စည်ကားမှု ရပ်စဲသွားပြီးနောက် ယနေ့အထိ အစည်ကားဆုံး ထိပ်ခေါင်မှာ မန္တလေး။

မန္တလေးသကြန်က စံချိန်တင်ထားဆဲ။

တနှစ် နှစ်ခါ မန္တလေးရထားလက်မှတ် ရာကျော်ဈေး ပေါက်သည်။

တောင်ပြုံးနတ်ပွဲတချိန်နှင့် မန္တလေးသကြန်တချိန်။

သကြန်အချိန် ရောက်ပြီဆိုလျှင် မန္တလေး ကားဈေးမှာ အဆမတန်တက်သွားလေ့ရှိရာ ဂဏန်းလေးလုံးအသေးလောက် ဆိုယင် ကားငှားနိုင်။

ဇော်ဇော်တို့အဖွဲ့က ကိုယ်ပိုင်ကားသစ်နှင့်။

အရှမ်းကုန်ကြ၍ အစွမ်းကုန် ပျော်ကြသည်။

သကြန်အတက်နေ့ မေမြို့ကိုတက်ကြသည်။ မန္တလေးသကြန်က နေ့ဘက်ထက် ညဘက်ပိုစည်သမို့ သူတို့အဖွဲ့က နေ့ဘက်မေမြို့တက်ပြီး ညဘက်မန္တလေးသကြန်မှာ နေ့ဘက်ဆုံး နေ့အစွမ်းကုန် နွှဲပျော်ကြမည်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မေမြို့အဘက်လမ်းခရီးတွင် ရေပက်ကစားသူ နည်းသော်လည်း၊ တကိုယ်လုံး ရွှဲစိုအောင် အပက်ခံရသည်။ မေမြို့မှာ သဲသဲမဲမဲပက်ကြသည်။ ခိုက်ခိုက်တုန်အောင် မဟုတ်ခစကာမျှ တုန်တုန်ယင်ယင်ရှိအောင် အေးသည်။ အဖွဲ့သားများမှာ နဂိုကဘည်းက ယမကာဆို ခေါင်းမခါသူတွေ။ မေမြို့မှာ အာမီရမ်ဖော့ဖော့သီသီမို့ ပါစကာ မာတ်အားသွင်းရာမှ ချာဂျင်လွန်ကုန်ကြသည်။ ရေချိန်ကျော်ကုန်ကြသည်။

ဒိုင်နာခမောင်းသူ ဇော်ဇော်ကိုယ်တိုင် အတော်လေးအရှိန်လွန်နေပြီမို့ အပြန်ခရီးကို မမောင်းနိုင်။ မေမြို့ခရီးမှာ အတက်ခက်ခက်၊ အဆင်းကြမ်းကြမ်းမို့ အတက်ထက် အဆင်းကို ပိုရှိသတိထားရသည်။ ကားမောင်းမကျွမ်းယင် မေမြို့လမ်းနှင့် မဖြစ်။

ဇော်ဇော်ခနေရာဘွင် ဝင်ထိုင်ပြီး ကားလက်ကို ကိုင်သူ မိုက်ကယ်မှာ ကားမောင်းသိပ်မကျွမ်း။ ရန်ကုန်မြေပြန့်လမ်းလောက်ပဲ မောင်းဖူးသည်။ ပြီးသူကာ အမြဲတန်း ကားမောင်းနေသူမဟုတ်။ အိမ်ကကားကို တခါတရံမောင်းရသူ။

သူ တို့ လူ စု ထဲ မှာ ခေါင်း မတ်မတ် ထောင် နိုင် သူကသူတယောက်တည်း။ အဲဒီတော့ မိုက်ကယ်ပဲ မောင်းရတော့မည်။

သူတို့ပြန်တော့ နေညိုရိပ်သန်းခါစ။

နာမည်ကျော် ကိုးထပ်ကွေ့တွင် ဒိုင်နာကားကြီးမှာ လမ်းပေါ်ကနေ ချောက်ဘက်သို့ဆိုးဆင်းသွားသည်။ ဘရိတ်ကိုနင်းပေမယ့်မရ။ မတ်စောက်သည့် ချောက်ထဲသို့ တရှိန်ထိုးကြီး



ကျသွားရာမှ ဘယ်နှစ်ပတ်လောက် လိမ့်ဆင်းသွားသည်မသိ။ ချောက်အဆုံး မြေပြင်ပေါ်ရောက်တော့ ဘီးလေးဘီးမှာ မိုးပေါ်ထောင်လျက်။

ကားဘောဒီ တခုလုံးမှာ ပြားပြားချပ်ချပ်။

ကားပေါ် ပါသူများအနက် တချို့က ချောက်ခရီး မဆုံးခင် လွင့်စဉ်ကျကုန်သည်။ တချို့က ခရီးဆုံးသည်အထိ ကားနှင့်အတူ ရောတွေးပါသွားကြသည်။

သွေးသံတရဲရဲ၊ မြင်မကောင်း ရှုမကောင်း။

ငါးယောက်မှာ ပွဲချင်းပြီး၊ ခုနစ်ယောက်မှာ အတွင်းလူနာအဖြစ် ကုသရမည့် ဒဏ်ရာဒဏ်ချက်ပေါင်းစုံနှင့်။ နှစ်ယောက်သာဒဏ်ရာအနည်းငယ် ရကြသည်။

ထို နှစ်ယောက်ကြောင့်လည်း ဒဏ်ရာပြင်းထန်သူ ခုနစ်ယောက် ဆေးရုံသို့ အချိန်နှီမီ ရောက်ကြသည်ပါ။နို့မဟုတ်ယင် သွေးလွန်ပြီး အားလုံး ကိစ္စချောဖို့ သေချာသည်။

ဒါ့အတွင် ဆေးရုံ ရောက်ပြီးမှ နှစ်ယောက် ကိစ္စချောစာရင်းထဲ ပါသွားရသည်။ ကိစ္စချောသူထဲမှာ မိမိသိန်းလည်း ပါသွားပြီ။ ဒဏ်ရာပြင်းထန်သူထဲမှာ ဇော်ဇော်ပါသည်။

ကားမှာ ရစရာမရှိ။

ထာဝရနှစ်လုံးနှင့် အင်ဂျင်ပဲ အကောင်း ပြန်ရနိုင်မည့်အနေအထား။ အင်ဂျင်သည်ပင် ပကတိ အကောင်းအတိုင်း ပြန်မရနိုင်။ ဖရိမ်လည်း အတော်ကြီးနာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်သိန်းကျော် စျေးခေါ်နိုင်သည့် ဒိုင်နာမှာ သုံးလေးသောင်းသော်မှစျေးမရနိုင်တော့။ စျေးမရတာ ရတာအပထား။ ချောက်ထဲက ကား ကုန်းပေါ် ပြန်ရောက်ဖို့ပင် အနည်းဆုံး လေးငါး ခြောက်ထောင် ကုန်လိမ့်မည်။

ရန်ကုန်အရောက် ပြန်ယူဖို့ကတော့ စိတ်ကူးထဲသို့သော်မှ ထည့်လို့မဖြစ်။

ဒိုင်နာ ယိုင်သွားပြီမို့ နေ့ချင်းညချင်း မြေနီကုန်းပို့ရမည့် အဆင့်သို့ ရောက်သွားပါလေပြီ။

ငါတကောကောပြီး ထင်ရာစိုင်းခဲ့သူ မိမိသိန်းမှာ အရွယ်မလွန်မီ ရုပ်ပျက်ဆင်းပျက် အသေမလှသလို မိဘကို စိတ်ဆင်းရဲအောင်လုပ်ခဲ့သူ ဇော်ဇော်မှာလည်း ဆေးရုံပေါ်တွင် အခြေမလှ...။

မကောင်းမှုပြုသော် မကောင်းရိပ် ထင်မည်။ ကောင်းမှုပြုသော် ကောင်းရိပ် ထင်မည်။ ကောင်းမှု မကောင်းမှု၏ တန်ပြန် အရိပ်သည် မိမိတို့ ပြုလုပ်မှုပေါ်တွင်သာ တည်ပါလေ၏။

* * *



ဒိုင်နာကားနှင့် သူတို့အဖြစ်အပျက်ကို နှစ်ရက် ကြာပြီးမှ အိမ်ကသိရသည်။

မန္တလေးမှ ရိုက်လိုက်သည့် သံကြိုးစာတစောင်။

ဇော်ဇော်တို့နှင့် အတူ ပါသွားသည့် သိန်းဝင်းတိုးက ဒေါ်ထက်ထက်ကို လိပ်မူ၍ ရိုက်လိုက်သည့် သံကြိုးစာ။

“ဇော်ဇော် ဒဏ်ရာ အပြင်းအထန်ရပြီး မန္တလေးဆေးရုံသို့ ရောက်နေသည်၊ စိုးရိမ်ရသည့် အခြေအနေရှိသည်။

သံကြိုးစာမှာ ထိုမျှသာ။

ကားမှောက်သည့်အကြောင်းမပါ။ သို့တစေ ကား တစုံတရာ ဖြစ်ပြီလို့တော့ တွက်နိုင်ရသည်။

သံကြိုးစာကိုဖတ်သူက မော်မော်။ မော်မော် အခြေအနေကို ထိန်းထိန်းသိမ်းသိမ်း ပြောပြသည်။

ဒေါ်ထက်ထက်ကတော့ မလိုက်နိုင်။ ဒေါ်ကြီးစိုးနှင့် မော်မော်တို့ လိုက်သွားကြဖို့ စီစဉ်ရသည်။ ရထားလက်မှတ် ရဖို့ ဘမလွယ်။ နေ့ချင်းလိုက်မသွားနိုင်။ နောက်တနေ့ ညကိုးနာရီ ရထားနှင့်မှ လိုက်သွားရသည်။

အတွေးစဉ်လှိုင်းထဲတွင် မြုပ်ချည်ပေါ်ချည် လူးလွန့်ကျန်ရစ်ခဲ့သူမှာ ဒေါ်ထက်ထက်။

မော်တော်ကား တစုံတရာ ဖြစ်သွားယင် တင်မောင်မြင့်ကို ပြန်ရှင်းရမှာပ။ ဇော်ဇော်ကို အတန်တန် တားမြစ်ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ကားကို မသုံးဖို့အကြောင်း ပြောပေမယ့် မရသည့်အကြောင်း ပြောလို့ ယုံပါ့မလား။

သူ ကားပို့ပြီးမှဇော်ဇော် ပျောက်ချိဝင်သွားသည်ကိုကော ပြောလို့ ယုံပါ့မလား။

ဇော်ဇော်က သားအရင်း၊ သားအရင်းမို့ မပြောရက်မဆို ရက် အလိုလိုက်လွန်တာပါဟု ထင်လေမလား။ ပင်လယ်ရပ် ခြားမှာ ကုပ်ကုပ်ကပ်ကပ် စုဆောင်းရှာဖွေသမျှ သဲထဲရေသွန် ဖြစ်ရလေခြင်းဟု ယူကြုံးမရ ဖြစ်ခဲ့သော်....။

အတွေးစဉ်အမျိုးမျိုးနှင့် ရစ်ထွေးနေသည့် ဒေါ်ထက်ထက် မှာ အိပ်လို့မပျော်။ စားလို့မကောင်း။ စိတ်ဆင်းရဲမှု ဝေဒနာ ဆိုးကြီးကို ပိုက်ထွေးနေရရှာပါလေပြီ။

* * *

ဇော်ဇော်အဖြစ်ကို မမြင်ရသေးခင်က ဘယ်လို ဆူပူကြိမ်း မောင်းလိုက်မည်။ ဘယ်လို ပစ်ပစ်ခါခါ ပြောလိုက်မည်ဟု မောင်းတင်သွားသည့် ဒေါ်ကြီးစိုးမှာ ဆေးရုံ ခုတင်ပေါ်က ဇော်ဇော်ကိုတွေ့လိုက်သည်နှင့် တင်သွားသည့် မောင်းခလုတ်ကို မဆွဲနိုင်တော့။ မျက်ရည်များသာ တဘွားဘွား စီးကျနေသည်။



ဘဝဆုံးနေပြီဖြစ်သည့် ဇော်ဇော် အဖြစ်ကို တွေ့လိုက်ရာ စကား တလုံးသော်မှ မပြောနိုင်ရှာ။

မျက်နှာတခုလုံး ပတ်တီးအဖွေးသားနှင့် မျက်လုံးပေါက် ကလေးကိုသာ မြင်ရသည်။ ဇော်ဇော်ရုပ်သွင် ဘယ်သို့ရှိနေမည် ကို မခန့်မှန်းနိုင်ရာ။ ညာဘက်လက်ကို ကျောက်ပတ်တီး ကိုင် ထားသည်။

ဗယ်ဘက်ခြေထောက်ကို စီးထားသည့် ပတ်တီးမှာ ဘုလုံး ကြီး ဖြစ်နေသည်။ ခြေထောက်တဘက် မရှိတော့။ ပေါင်လယ် ငုတ်တိုကို မမြင်ရ။ သွေးစများ ထင်စွန်းနေသည့် ပတ်တီးလုံး ကြီးကိုသာ တွေ့ရသည်။

ဇော်ဇော်က ဖွင့်နိုင်သမျှသော မျက်လုံးကလေးကို ဖွင့်၍ ကြည့်နေပုံမှာ သနားစရာအသွင် ထင်းထင်းပပ ပေါ်လွင်နေ သည်။

မျက်ရည်များ ရစ်ဝိုင်းလျက်။

မော်မော်မှာ အစ်ကိုဖြစ်သူကို မကြည့်ရက်သမို့ တချိန် လုံး မျက်နှာလွှဲနေသည်။ လက်ကိုင်ပဝါနှင့် မျက်လုံးမှာ တရစပ် ထိလိုက်ခွာလိုက် ရှိနေသည်။

အဖြစ်အပျက် အပြည့်အစုံကို သိ လိုက်ရပြီး သည့်နောက် တူအရီး နှစ်ယောက်စလုံး အရုပ်ကြိုးပြတ်ပမာသို့ ရှိသွားရပါ ချေ၏။

ဒေါ်ကြီးစိုးမှာ ရင်ဘတ်စည်တီး၊ တဖြစ်ဖြစ်တော့ တောက် ပြောမဆုံး။ မော်မော်ကတော့ သက်ပြင်းသွင် သွင်....။

www.burmeseclassic.com

www.burmeseclassic.com



ကားကိစ္စအတွက် မလုပ်တတ် မကိုင်တတ်။ ဘာဆက်လုပ်ရမှန်းလည်း မသိ။ ဆွေမျိုးမကင်းသည့် တည်းခိုအိမ်က ဦးဘသိန်းတို့နှင့် တိုင်ပင်ရသည်။

ဦးဘသိန်းက ကား မန္တလေးရောက်သည်အထိ လုပ်ကိုင်ပေးမည်ဟု တာဝန်ယူလိုက်သမို့ ရင်ပူလျော့သွားရသည်။ နို့မဟုတ်ယင် အခက်။

ဒေါ်ကြီးစိုးတို့မှာ မန္တလေးတွင် ဆက်နေရအခက်၊ ပြန်ရအခက် ဖြစ်နေကြသည်။

လူမမာကိုသည်အတိုင်း ထားခဲ့ဖို့ကလည်း မဖြစ်။ ရန်ကုန်ကို မပြန်လို့ကလည်း မရ။ ဒေါ်ထက်ထက်အတွက် နောက်ဆံတတင်းတင်း ရှိနေကြသည်။

ဒေါ်ကြီးစိုး မန္တလေးမှာနေခဲ့ပြီး မော်မော်ကို ရန်ကုန်ပြန်လွှတ်ဖို့ အစီအစဉ်ပဲ လုပ်ရတော့မည်၊ သို့တစေ....။

မော်မော် ရန်ကုန်ပြန်ဖို့အတွက် ဦးဘသိန်းတို့က စိတ်ချရသည့် ခရီးဖော်ကို ရှာပေးသော်လည်း ဒေါ်ကြီးစိုးမှာ တူမလေးကို တယောက်တည်းပြန်လွှတ်ဖို့ စိတ်မချ။ သူပါလိုက်သွားပြီး ကားကိစ္စအတွက် ငွေယူ၍ ချက်ချင်း ပြန်လာမည့် အစီအစဉ် ရေးဆွဲလိုက်ရသည်။

ဇော်ဇော် မွေးလိုက်သည့်မီးမှာ ဘယ်ချိန်တွင် ဘယ်သို့ ငြိမ်းမည်မသိ။ ခုတော့ တရှိန်ရှိန်တောက်နေဆဲ။ ထိုမီးရှိန်၏ အပူဟပ်ခြင်းကို မိသားစုတစုလုံး ခံဝေခံစားနေရပါလေပြီ။

နောက်ပိုင်း ရှင်းစရာတွေကလည်း တထွေးတပုံးကြီး။



ဒေါ်ထက်ထက်ကို အဖြစ်ဒုက္ခ အပြည့်အစုံပြော၍ မရလောက်အောင် ကားပျက်စီးသွားသည့် အကြောင်းကို မပြောပဲ ဇော်ဇော် အခြေအနေကိုသာ အမှန်အတိုင်း ပြောပြလိုက်ရသည်။

ဒေါ်ထက်ထက်မှာ ကားအတွက်ထက် သားအတွက် အပူခတ်ပြီး သူပါ မန္တလေးလိုက်မည် တကဲကဲဖြစ်နေသည်။

သားသမီး ဘယ်လောက်ဆိုးဆိုး၊ ဖြစ်လာပြီဆိုတော့လည်း မိဘများမှာ မနေနိုင်၊ လျစ်လျူရှုနိုင်၊ မီးတောက်ထက် ပြင်းသောအပူ ရင်မှာ ကပ်ရပြီ။

ဇော်ဇော်ကို ရန်ကုန်ဆေးရုံကြီးသို့ ရွှေ့မည့်အကြောင်း ပြောဆိုနှစ်သိမ့်ခဲ့၍ မန္တလေးသို့ မလိုက်စေခဲ့၊ ဒေါ်ကြီးစိုး တယောက်တည်း မန္တလေးသို့ ဆန်ခဲ့ရသည်။

"ဒီတခါ ကျွန်တော် နောက်ထပ် မမိုက်တော့ပါဘူး။ ကျွန်တော်ဟာ အသက်ရှင်ရုံကလွဲလို့ လုံးဝအသုံးမကျတဲ့ လူတယောက် ဖြစ်သွားပါပြီ၊ ကျွန်တော် ဘဝလဲ ပျက်သွားပါပြီ။ အသက်ရှင်နေလို့လဲ အကြောင်း မထူးတော့ပါဘူး၊ ဘဝ ဆုံးသွားပါပြီ ဒေါ်ကြီးရယ်.... ကျွန်တော့်ကို........ ကျွန်တော့်ကို"

ဆေးရုံခုတင်ပေါ်မှ ရှိုက်ကြီးတငင်ငို၍ ပြောလိုက်သော ဇော်ဇော်စကားလုံးများမှာ ဒေါ်ကြီးစိုး နားထဲတွင် ပဲ့တင်ခတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ဒေါ်ကြီးစိုးနှုတ်ဖျားမှာ တုံ့ပြန်စကားမဆိုခဲ့။ ရင်ထဲကတော့ စကားဆိုမိလိုက်သည်။

"မင်း နောက်ထပ် မိုက်ချင်လို့လဲ မိုက်လို့မှ မရတော့ဘဲ ကိုးလို့"

* * *

မော်ခမော် မန္တလေးက ပြန်ရောက်ပြီး သုံးရက်အကြာ သံကြိုးစာတစောင် ရောက်လာသည်။

ဘန်ကောက်မှ ရိုက်လိုက်သည့် သံကြိုးစာ။

"မော်လေးရေ"

"အစ်ကိုမြင့် နက်ဖြန်ညနေ မင်္ဂလာဒုံလေဆိပ်ကို ရောက်မည်။ လေဆိပ်မှာ မိသားစု စုံစုံညီညီ တွေ့ချင်သည်။

တင်မောင်မြင့်

ခေတ္တ ဘန်ကောက်။

* * *



တင်မောင်မြင့်မှာ တိုကျိုမှ ဂျေ၊ အေ၊ အယ်လ်နှင့် ရောက်လာပြီး၊ မြန်မာပြည်သို့ ဘီ၊ အေ၊ စီ လေယာဉ်ဖြင့် ခရီးဆက်ရမည် ဖြစ်သော်လည်း လေယာဉ်ပတ် မသင့်သောကြောင့် ဘန်ကောက်မှာ တနေ့တာနားပြီး ထိုင်းအဲယားဝေး လေယာဉ်နှင့် ခရီးဆက်ရမည်မို့ အထူးသံကြိုး ရိုက်လိုက်ခြင်း ဖြစ်၏။

မော်လေးမှာ သံကြိုးစ ကိုကိုင်ပြီး ငိုင်တွေသွားသည်။

ဒေါ်ထက်ထက်အမေးစကားကိုပင် ချက်ချင်းပြန်မဖြေနိုင်။

အခြေအနေအရပ်ရပ် ချောမွေ့ ပြေပြစ်နေတုန်းမှာသည် သံကြိုးစာမျိုး ဖတ်လိုက်ရယင် မော်မော်တယောက် ဆွေ့ဆွေ့ ခုန်နေပြီပေါ့။

ပျော်လိုက်မည်မှာ ဘာပြောကောင်း။

ခုတော့....။

ဒေါ်ထက်ထက်ကို သံကြိုးစာပါအကြောင်း ပြောပြလိုက်ရာ အပြုံးရိပ်အငွေ့ ကွယ်ပျောက်နေသည်မှာ အတန်ကြာနေပြီဖြစ်သည့် ဒေါ်ထက်ထက်မျက်နှာပေါ်တွင် လှိုက်လှိုက်ထင်ထင် အပြုံးရိပ်များ ယှက်ဖြာသွားသည်။

သို့တစေ တခဏမျှသာပါ။

ယှက်ဖြာသွားသည့် အပြုံးရိပ်မှာ လျှပ်ပြက်လိုက် သလို တခဏသာ ရှိသွားပြီး ချက်ချင်းပင် ညှိုးရိပ်ဖုံးထင်သွားသည်။

ပြီးတော့ မျက်ရည်များအံထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာခြင်းနှင့် ဝမ်းနည်းခြင်း ရောယှက်လျက်၊
မော်မော့မျက်လုံးအိမ်မှာလည်း မျက်ရည်များ ပြည့်လျှံလျက်...။
"သမီး ကားအ ခြအနေ ဘယ်လိုရှိတယ်ဆိုတာ မာမီ့ကို အမှန်အတိုင်းပြောစမ်း"
မော်မော်တွေနေသည်။
ပြီးမှ လှသွယ်သောနှုတ်ခမ်းကလေးကို ကိုက်လိုက်၏။
"ကားက တော်တော့ကို ပျက်စီးသွားတယ်မာမီ"
"သုံးလို့ကော ရဦးမှာလား"
"ရနိုင်ပါတယ်မာမီ၊ ဒါပေမယ့် တော်တော် ပြင်ရလိမ့်မယ်"
"ဒါဆို မာမီတို့ တခုခုဆုံးဖြတ်ရလိမ့်မယ်သမီး"
"ဘယ်လိုများလဲ မာမီ"
"ဖေဖော်လုပ်သမျှ မာမီ့မှာတာဝန်ရှိတယ်သမီး အဲဒီတော့"

x

(တစ်ဆယ့်ငါး)

တိုင်စီပေါ်မှာ သူတို့နှစ်ယောက်ယှဉ်တွဲလျက်။
မီချီကိုမျက်နှာညှိုးနေသည်။ စကားလုံးဝမပြော၊ သူပြန်မည်ဆိုကတည်းက မီချီကို၏ ရွှင်မြူးသော အပြုံးရိပ်ကိုလုံးဝမမြင်ရတော့။
သူခေါ်ယင် လိုက်လာသော်လည်း နှုတ်မရွှင် အပြုံးရိပ်မထင်။
သူတို့...မည့် ဘီယာဆိုင်ရှေ့အထိ ကားမောင်းလိုမရ၊ ကားရပ်သည့်နေရာတွင်ဆင်း၍ ခြေလျင်လျှောက်ခဲ့ရသည်။
သူတို့ဆီမှာ ဘီယာဆိုင်နှစ်မျိုးရှိသည်။
တန်းစီပြီး သောက်ပြန် ဘီယာဆိုင်ကတမျိုး။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲကုလားထိုင်နှင့် စားပွဲရှိသည့် ဘီယာဆိုင်က တမျိုး။ 'အဆာဟီ' ဘီယာမှာ နာမည်ကြီးသလောက် သောက်လို့ကောင်းသည်။ ချိုမြမြရှာတတအရသာမှာ လျှာပေါ်တွင် စွဲစွဲထင်ထင်ရှိဘိ၏။ လည်ချောင်းတွင်းသို့ ဆင်းသွားပုံမှာ အေးတမြမြ။

အဆာဟီဘီယာကို တကြိမ်သောက်ပြီးလျှင် နောက်တကြိမ်ခေါ်မခေါ်သော၊ အဆာဟီဘီယာနှင့် အမဲကင်မှာ လိုက်ဖက်လွန်းလှ၏။

"မီချိရဲ့ လှပတဲ့အပြုံးကို မမြင်ရတာ တပတ်ကျော်သွားပြီနော်"

"မီချိ မပြုံးတတ်တော့ဘူးကိုမြင့်"

"အိုတိုဆန်နဲ့ အိုကာဆန်တို့လဲ စိတ်မကောင်း ဖြစ်နေကြတယ် မီချိ"

"အသက်ပါတဲ့အပြုံးကို ဖန်တီးလို့မရဘူးကိုမြင့်"

"ဒီနေ့ ကိုမြင့် မီချိကို နှလုံးသားကတိတခု ပေးမလို့"

"ပြောလေ...."

"ကိုမြင့် ဂျပန်ပြည်ကို ဆက်ဆက်ပြန်လာမယ်ဆိုတဲ့ကတိ"

"တကယ်ပြောတာနော်"

"တကယ်ပါမီချိ"

မီချိကို၏အပြုံးရိပ်မှာ နှုတ်ခမ်းလွှာပေါ်တွင်သာ မက မျက်လုံးထဲမှာပါ ရှင်ရှင်မြမြ ပေါ်ပေါ်လွင်လွင်။

နှလုံးကြည်တော့ အပြုံးလည်းရှင်သည်ပါ။



ပြန်မည့်နေ့က တိုကျိုလေဆိပ်သို့ မစ္စတာနာကာဘာနီနှင့် မီချိကိုတို့ လိုက်ပို့ကြသည်။

မစ္စတာနာကာတာနီက မျက်နှာမကောင်း၊ မီချိကိုက ပြုံးမဲ့မဲ့၊ သူလည်း မျက်ရည်ရစ်ဝိုင်းလာသည်။

သံဇကာကြိုးကိုဖြတ်လို့ လွယ်ကောင်းလွယ်မည် ဖြစ်သော်လည်း သံယောဇဉ်ကြိုးကို ဖြတ်တောက်ရန်မှာမူ....။

လေယာဉ်ပေါ်သို့တက်ရန် လျှောက်လှမ်းလာသည့် သူ၏ခြေလှမ်းများမှာ တုံ့ဆိုင်းနှေးကွေးနေသည်။ လည်ပြန်ကြည့်လိုက်တိုင်း မရပ်မနားလှုပ်ယမ်းနေသည့် မီချိကို၏လက်ကလေးကို မြင်နေရသည်။ လေယာဉ်ပေါ်တက်သည်အထိလှုပ်နေဆဲ။

အဝေးမြင်ကွင်းမသဲကွဲသော်လည်း မီချိကို မျက်ရည်သွယ်နေလိမ့်မည်မှာ သေချာသည်။ သူလည်း မျက်ရည်လည်နေသည်။

တိုကျိုမြို့ကြီးမှာ ဝေး၍ဝေး၍ ကျန်ရစ်ခဲ့လေပြီ။

ဂျာလ် လေယာဉ်ကြီးမှာ မှောင်မိုက်သော လေဟာပြင်နယ်ကို ဖြတ်သန်းလျက်....။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဘန်ကောက်လေဆိပ်မှာလည်း လေယာဉ် အဝင်အထွက်များသည်။ လေယာဉ်ပေါင်းစုံ ရပ်တန့်ထားသည်ကို ကြည့်လိုက်ရုံနှင့်လေယာဉ်အဝင်အတွက် ဘယ်သို့ရှိမည်ကိုခန့်မှန်းနိုင်ရာ၏။

စည်ကားသည်။ သို့ဘစေမရှင်း အနောက်တိုင်းယဉ်ကျေးမှု အရိပ်အငွေ့ များ ပြည့်လျှမ်းနေသည်။ အားလုံးအနောက်တိုင်း ဆန်လွန်းနေသည်။

ထိုင်းအဲယားဝေးစ်(ခေါ်) ယိုးဒယားလေကြောင်း ကုမ္ပဏီမှ လေယာဉ်ကြီးမှာ ခရမ်းရောင်သစ်ခွပန်း တံဆိပ်ကြီးနှင့်။ လေယာဉ်ကိုယ်ထည်ကြီးမှာ ငွေရောင် တောက်ပနေသည်။

တိုက်ျိုမှစီးလာသည့် ဂျားလ်သေယာဉ်ကြီးလောက် မကြီး။ ဂျားလ်က ဘိုးရင်း ၇၄၇။ ထိုင်းလေယာဉ်က ဘိုးရင်း ၇၂၇။

လေယာဉ်ပေါ်တက်ပြီး အပေါက်ဝက လှမ်းဝင်လိုက်သည်နှင့် ထိုင်းလေကြောင်း အမှတ်တံဆိပ်ဖြစ်သော သစ်ခွပန်းတပွင့်ကို လေယာဉ်မယ်ကလေးက လှမ်းပေးလာသည်။

သစ်ခွပန်းအစစ်မဟုတ်။ ပလပ်စတစ်ပန်းပွင့်ကလေး။

သစ်ခွပန်းနှင့်အတူ ပလပ်စတစ်အိတ်တလုံးပေးပြီးမှ ထိုင်ခုံနေရာလိုက်ချပေးသည်။

လေယာဉ်မယ်ကလေးမှာ ချစ်စရာလေး။ သူ့ အပြုံးက နှစ်လိုဖွယ်ရာ၊ သူ့ လှုပ်ရှားဟန်က သွက်သွက်လက်လက် ငြိမ့်ငြိမ့်သက်သက်။



ရှေ့ထိုင်ခုံ နောက်ကြောအိတ်ထဲမှာ သတင်းစာနှင့် စာအုပ်များ ထည့်ထားရာ တင်မောင်မြင့်က စာအုပ်တအုပ်ကို ဆွဲထုတ်ယူလိုက်သည်။

“အာဇာစီဒီး မဂ္ဂဇင်း”

ထိုင်းနိုင်ငံမှ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော လစဉ်ထုတ် မဂ္ဂဇင်း။

အာရှတိုက်နိုင်ငံပေါင်းစုံတို့၏ ရှုခင်းသာဓာတ်ပုံများ၊ ခရီးသွားဆောင်းပါးများ၊ တခေတစောင်း လေ့လာချက်များ၊ တော်တော်ကြီး စုံစုံလင်လင်ပါသလို ဖတ်ချင်စဖွယ် အပြင်အဆင်ကလည်း စံချိန်မှီ။

တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရမလေမလားမသိ။ မြန်မာပြည်အကြောင်းပါသည့် ခရီးသွား ဆောင်းပါး တပုဒ်လည်း ပါသည်။ ဓာတ်ပုံတွေက ဝေဝေဆာဆာ။

ပုပ္ပါးတောင်ကသပ်၏ ရှုခင်းသာတို့ ထောင့်အမျိုးမျိုးကနေ ဇွန်းမှန်ဘီလူးနှင့် ရိုက်ထားသော ဓာတ် ပုံများမှာ ဝေဝေဆာဆာ၊ ဓာတ်ပုံဆရာ၏ လက်စွမ်းကို မချီး ကျူး ပဲ မနေသာအောင် ရိုက်ချက် များမှာ လက်ရာ မြောက်လွန်းလှ၏။

ပုပ္ပါးမယ်တော်ဟုဆိုသော ရုပ်တုကို မျက်နှာပြည့် ရောင်စုံ ဖလင်နှင့် ရိုက်ထားသည့်ပုံမှာ လှလှပပ။ ရုပ်တုပုံ အသေးစိတ် ပေါ်လွင်သည်။

ဒါ့ထင်မကာ ။ ရွှေဖျဉ်းညီနောင်ရုပ်တုနှင့် နတ်စင်များပုံ။ နတ်ဝင်သည်များ နတ်ပူးပြီး ကခုန်နေကြပုံ။

www.burmeseclassic.com

www.burmeseclassic.com



တောင်ပြုံးပွဲမှာ နတ်ဆက်ပစ္စည်းများ စားစရာသောက်စရာများ ခင်းကျင်းပြင်ဆင်ထားပုံ။

"လူလည်း မသုံး၊ ဘုန်းလည်း မရှိ၊ ယုဘ်သွံ ဘိန်း" ဟု လော်ကနီတိ အဆိုရှိသော မိန်းမလျာ နတ်ကတော်များ၏ အပြော်အဆင်ပုံများ။

တောင်ပြုံးပွဲလာ နတ်အနွယ်အဝင်များနတ်ရုပ်ကြီးများကို ဖက်ရမ်းနမ်းရှုံ့နေကြပုံ၊ ကခုန်နေကြပုံ စသည်စသည်ဓာတ်ပုံများ အစုံအလင်ပါသည်။

ဓာတ်ပုံအားလုံးမှာ ရောင်စုံပုံတွေ။ ရိုက်ထားပုံမှာ ပြတ်ထင်လွန်းနေသည်။

သို့ဘစေ ဆောင်းပါးအရေး ဖသားမှာမူ မပီပြင်၊ အသေအချာခလေ့လာပြီး ရေးထားသည်မဟုတ်။ ဟိုမေးသည်ခမေး မေးပြီး အပေါ်ရုံရုပ်၍ ရေးထားသည်ကို ဖတ်လိုက်ရ၏။

တင်မောင်မြင့် စီးလာသည့် လေယာဉ်မှာ ဘန်ကောက်မှ ထွက်၍ ရန်ကုန်တွင် တထောင့်နားပြီး နယူးဒေလီနှင့် ကိုင်ရိုစသည့် အနောက်ခြမ်းသို့ ခရီးဆက်မည့် လေယာဉ်ဖြစ်ရာ နေ့လယ်စာကျွေးမည့် အစီအစဉ်လည်းပါသည်။

မြန်မာပြည်သို့ တနာရီသာသာပဲ စီးရမည်။

သူ့အတွက်ပါ နေ့လယ်စာ လာပေးသော်လည်း မယူလိုက်၊ ဝမ်းသာလုံးဆို့ပြီး ရင်ပြည့်နေသည်။

လေယာဉ်မယ်ကလေးက အင်္ဂလိပ်စကား ဆိုလာသည်။ ဝတ္တရားကြေပြွန်သည့် အင်္ဂလိပ်စကား၊ ညှော့ဝတ်ကြေပြွန်သည့် အင်္ဂလိပ်စကားပါ။



"ဘာများအကူအညီ ပေးရပါမလဲရှင်"

သူမ ပြောသည့် အင်္ဂလိပ်စကား အသံထွက်မှာ မြန်မာဆန်သည်။

"ကျွန်တော့်အတွက် နေ့လယ်စာ မလိုပါဘူး၊ သံပုရာရည် ဗူးပဲပေးပါ"

"ဘာဖြစ်လို့ပါလဲရှင်၊ ကျွန်မတို့လေယာဉ်က ချက်ပြုတ်တဲ့ လက်ရာကို မနှစ်သက်လို့ပါလား....အမိန့်ရှိပါရှင်"

"မဟုတ်ပါဘူး ခင်ဗျာ၊ နေ့လည်စာအတွက် ကျွန်တော့်ဗိုက်က နေရာမပေးနိုင်လို့ပါ ကျေးဇူးတင်ပါတယ်"

"ရှင်က ဂျပန်လူမျိုးထင်တယ်"

"မဟုတ်ပါဘူး....ကျွန်တော်မြန်မာလူမျိုးပါ"

"တိုကျိုကလာတာဆိုတော့ ဂျပန်လို့ပဲ ထင်တယ်လေ၊ ရှင်က ဂျပန်နဲ့ သိပ်တူတာပဲနော် သံပုရာရည်အစား ဘီယာ သုံးဆောင်ပါလားရှင်"

"ကျေးဇူးတင်ပါတယ် ကြိုက်တာသာပေးပါ"

ဘီယာဗူးနှင့် ဖန်ခွက်လှလှကလေးကို လင်ဗန် လှလှလေးပေါ်တင်ယူလာသည်။လက်သုတ်ပဝါတထည်နှင့်တွဲပေးလိုက်။

"ဂျပန်အချိုမှုန့် တခုခုများ သုံးဆောင်လိုပါသလား"

"တော်ပါပြီ၊ ကျေးဇူးတင်ပါတယ်"

ညှော့ဝတ်ကြေပြွန်ပုံမှာ လိုသက်ထက် ပိုနေသည်ဟု ဆိုရမည်လို့။

www.burmeseclassic.com

www.burmeseclassic.com



သံပူးထိပ်က ကွင်းကလေးကို ဆွဲဖွင့်ပြီး ဖန်ခွက်ထဲ ထည့်တော့ပဲ ခပ်ဖြည်းဖြည်း စုပ်ယူလိုက်သည်။ လူကြီးလူကောင်း မဆန့်ချင်နေ။ သည်လိုသောက်ရတာက ပို၍ အရသာရှိသည်။

လေယာဉ်ပေါ်မှ ငုံ့ကြည့်လိုက်တော့ပြာမှိုင်းမှိုင်း ပင်လယ်ပြင်ကြီးကို တွေ့လိုက်ရပါပြီ။ မုတ္တမပင်လယ်ကွေ့ကို ကျော်ဖြတ်နေပါပြီ။

ဂျိုင်းမြစ်၊ အတ္တရံမြစ်နှင့် သံလွင်မြစ်တို့မှာ ပိတ်အုပ်ရှည်ကြီးများ ဖြန့်ချထားဘိသို့ ရှိပါချေ၏။

ထိုမှ မြင်ကွင်း ပြောင်းသွားသည်။

စိမ်းလန်းသော သစ်တောကြီးများ၊ တောင်တန်းတောင်စွယ်များ။

လေယာဉ်မှာ အမြင့်မှ အနိမ့်သို့။

ရန်ကုန်မြစ်ဝမှသည် ရွှေရောင်တဝင်းဝင်းနှင့် ရွှေတိဂုံစေတီတော်မြတ်ကြီး လှမ်းမျှော် ဖူးတွေ့လိုက်ရ၏။

ရင်ထဲမှာ တလှပ်လှပ်၊ မျက်ရည်များ ရစ်သိုင်းလာသည်။ ဝမ်းသာရခြင်း ခံစားမှုမှာ ဖော်ပြခြင်းငှာ မစွမ်းသာ။

လေယာဉ်ကြီးမှာ တဖြည်းဖြည်း နိမ့်ဆင်းလာပြီးနောက် မင်္ဂလာဒုံလေဆိပ် ပြေးလမ်းနှင့် ထိသွားပုံမှာ ငြိမ့်သက်လှန်းလှ၏။

လှမ်းမောတမ်းတခဲ့ရသည့် အမိမြေသို့ ပြန်လည်ရောက်ရှိပါလေပြီ။



လေယာဉ်တံခါးကြီး ပွင့်သွားပြီ။ လှေကားပေါ်မှဆင်းပြီး မြေကြီးပေါ် ခြေချမိသည်နှင့် ရင်ထဲမှာ ကြည်နူးစိတ် ဝေဖြာသွားရသည်။

လေဆိပ်အတွင်းမှာ....။

ဌာနဆိုင်ရာကိစ္စများ လုပ်ကိုင်ဆောင်ရွက်နေစဉ် ရင်ခုန်သံပို၍ မြန်လာသည်။ တလှပ်လှပ် ဖြစ်နေသည်မှာ လျော့မသွား ဝမ်းသာမျက်ရည်များမှာ ပို၍သာ ရစ်သိုင်းလာနေသည်။

ချစ်သောမေမေ၊ ချစ်သောညီမလေးနှင့် တွေ့ရတော့မည်။

လေဆိပ်၏ ပြည်ပဧည့်ခန်းဆောင်တွင်။

"မာမီ"

"သားကြီး"

တင်မောင်မြင့်က ဒေါ်ထက်ထက်ကို သိုင်းဖက်ထားသလို ဒေါ်ထက်ထက်ကလည်း တင်မောင်မြင့်ကို သိုင်းဖက်ထားသည်။ သားအမိနှစ်ယောက် သိုင်းဖက်ထားပုံမှာ တင်းတင်းကြပ်ကြပ်ရှိဘိ၏။

မျက်ရည်များ။

ပြန်ခွာလိုက်ကြသည်။

အငိုမျက်လုံး အပြုံးမျက်နှာနှင့်။

ပြီးတော့မှ တင်မောင်မြင့်က မော်မော်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။

"ညီမလေး နေကောင်းတယ်နော်"

"ကောင်းပါတယ် အစ်ကိုမြင့်"

"နှစ်ယောက်စလုံးမှာ အငိုမျက်လုံး အပြုံးမျက်နှာနှင့်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ကြီးစိုးတို့ ကိုဇော်တို့ကော"

"မပါလာဘူးအစ်ကိုမြင့် မန္တလေးသွားနေကြတယ်"

"အားလုံးနေကောင်းကြတယ် မဟုတ်လား"

"ကောင်းပါတယ်အစ်ကိုမြင့် အစ်ကိုမြင့် သိပ်ဝလာတ[ာ] နော်.."

မော်မော်က စကားလမ်းကြောင်းပြောင်းပေးလိုက်သည်[...] လေဆိပ်ပြင်ပသို့ ထွက်ခဲ့ကြသည်။

ပေါင်းဟောင်း သင်းဟောင်းများက အပြေးအလွှ[ား] ရောက်လာပြီး အားပါးတရ နှုတ်ဆက်ကြသည်၊ အပြုံးချ[ို] ပြိုင်လျက်။

တချိန်က သူ တိုင်စီ ဒရိုင်ဘာအဖြစ် လုပ်ခဲ့ နေခဲ့ရသ[ော] နေရာ။

ဘဝဟောင်းကို သူမမေ့ပါ။

သူငယ်ချင်း အုန်းမြင့်က သူ့ကားနှင့်လိုက်ပို့သည်။ အ[...] မြင့်မောင်းသည့်ကားမှာ နံပါတ်နီဂျစ်ကားမဟုတ်တော့နံပ[...] နက်နှင့် ဖယ်မလီယာ ကြည်ပြာရောင်။

တလမ်းလုံး မော်မော်အသံက စည်စည်ဝေဝေ။

ဒေါ်ထက်ထက်၏အပြုံးမှာ ဖန်တီး လုပ်ယူ ထားသ[ော] အပြုံး။

မပြောမပြီးသည့် ပြဿနာကို ပြောရတော့မည်ပါလေ[ား]

× × ×

(တဆယ့်ခြောက်)

"ဒီလိုဖြစ်လိမ့်မယ်လို့ ကျွန်တော် လုံးဝမထင်ခဲ့ဘူးမာမီ၊ [...]ဇော်ဟာ ဘယ်သူ့မျက်နှာကိုမှ မထောက်ပဲ ထင်ရာစိုင်းပြီး [...]ပ်တာကိုတော့ ခွင့်မလွှတ်သင့်တော့ဘူး ထင်တယ် မာမီ"

"အစကတည်းက မာမီရဲ့ အမှားပေါ့ သားရယ်၊ 'သား [...]မီးကိုချစ်ယင် အလိုမလိုက်ရဘူး'ဆိုတဲ့ ရှေးလူကြီးသူမတွေရဲ့ [စက]ားကို မာမီကပယ်ခဲ့တာကိုး၊ မာမီ စိတ်ထောင်းကိုယ်ကြေ [...]နေတာလဲ သူ့ကြောင့်ပဲပေါ့ သားရယ်၊ ခုတော့ မာမီ [...]ကို ပြတ်ပြတ်သားသား ဒဏ်ခတ်ရတော့မယ်"

သည်သို့သောစကားကို ပြောချိန်အထိ ဒေါ်ထက်ထက်မှာ [...]သား ဇော်ဇော်ဘယ်အခြေအနေအထားသို့ ရောက်နေပြီကို [...]သိသေးပေ။

www.burmeseclassic.com

www.burmeseclassic.com



တင်မောင်မြင့်မှာ ဒိုင်နာကား သတင်းကို ကြားလိုက်ကတည်းက အကြီးအကျယ် စိတ်ဓာတ် ကျသွားသည်။ သူ့ ရည်မှန်းချက်များလည်း ပျောက်ပြယ်သွားပြီ။

သူကြိုးစားခဲ့သမျှ သဲထဲရေသွန် ဖြစ်ရပေပြီ။

သူ့ရင်ထဲမှာ ခံစားချက်တွေ မွန်းသိပ်နေသည်။ မကျေနပ်မှု နာကျည်းခံပြင်းမှု အစိုင်အခဲက ထုနှင့်ထည်နှင့်အပြည့်အသိပ်။

ခံစားနေရသည့် ခံပြင်းနာကျည်းမှု၊ မကျေနပ်မှုတွေကို ဖွင့်အံထုတ်ရလျှင် စကားတွေ ကျ ပြီး လွန်ကုန်တော့မည်မို့ နှုတ်မလွန်အောင် ထိန်းထိန်းသိမ်းသိမ်း ပြောနေရသည်။

ဒေါ်ထက်ထက်ကို အမေရင်းပမာသို့ တွယ်တာ ချစ်မြတ်နိုးလွန်းလှသော ပြောချင်သမျှ ဆိုချင်သမျှကို မျိုသိပ်နေရသည်။ ခံပြင်း နာကျည်းမှုများနှင့် မကျေနပ်မှုများကို မျိုသိပ်ပြီး ထိန်းသိမ်းထားရသည်မှာ မလွယ်ကူ ခက်ခဲလှဘိ၏။

စိတ်ထဲရှိသလောက် ပြောလိုက် ဆိုလိုက်ချင်သော်လည်း မပြောသာ။

တသက်ပန်လုံး တင်ရှိလာသည့် ကျေးဇူးတရားကို ကားတစီးနှင့် မလဲချေနိုင်။

တကယ်တော့ ဇော်ဇော်အပေါ်မှာ ယုံမှားမိသည့် ကိုယ့် အမှားလည်း ပါသည်မဟုတ်ပါလား။

ခွင့်လွှတ်ဖို့ကိုတော့ ဘယ်လိုမှ စဉ်းစားလို့ မရ။ ဥပဒေကြောင်းအရ အရေးယူပြီး မှတ်လောက်သားလောက်အောင် ဆုံးမဖို့ ဆုံးဖြတ်ချက်ကို ရင်မှာ ပိုက်ထွေးထားဆဲ။



သူ့ဆုံးဖြက်ချက်ကို ဒေါ်ထက်ထက်အား ဖွင့်မပြော။

မော်မော်၏ ညှိုးငယ်လွန်းသော မျက်နှာ ရိပ်ကြောင့် တင်းမာနေသောစိတ်ကို ဖြေလျှော့လိုက်ရသည်။

ပြီး ဒေါ်ထက်ထက်၏ အစီအစဉ်နှင့် ဆုံးဖြတ်ချက်က သူ့ သဘောထားကို ရှုပျော့သွယ်သွားစေခဲ့သည်။ ပစ္စည်းကို မက်လို့ မဟုတ် ဒေါ်ထက်ထက်၏ မျှတသောသဘောထားကြောင့်ပါ။

"သားကို မာမီ အစီအစဉ်နဲ့ ဆုံးဖြတ်ချက်ကို ပြောပြမယ်၊ သမီးလဲနားထောင်"

"ဇော်ဇော် လုပ်ခဲ့သမျှ အမှားတွေ အားလုံးဟာ မာမီ အပေါ်မှာတာဝန်ရှိတယ်၊ ခုမာမီပြောမယ့်ကိစ္စဟာ သူ့ အပေါ် ဒဏ်ခတ်ဖို့ မာမီ စဉ်းစားဆုံးဖြတ်လိုက်တာပဲ၊ သားကို အလျော် အစားပေးတဲ့သဘော မဟုတ်ဘူး၊ ဒီခြံနဲ့တိုက်ဟာ လေးသိန်း ကျော် ပေါက်ဈေးရှိတယ်၊ ဒီခြံနဲ့တိုက်ကို ရှေ့နေရှေ့ရပ် စုံညီရှေ့ မှာ စာချုပ်ပြီး သားနဲ့သမီး ကို လွှဲပေးမယ်၊ နာမည်လဲ တခါ တည်း ပြောင်းပေးမယ်၊ ဇော်ဇော် ဘာ မှ မကန့်ကွက်စေရဘူး၊ မနှောင့်ယှက်စေရဘူး၊ သားပို့လိုက်တဲ့ကားကို သူရသင့်ရထိုက် တဲ့ အမွေစုလို့ပဲ သဘောထားပြီး သူ့လက်ထဲ အပ်လိုက်တော့၊ သူ့ဆော့ ရိုက်ဆင်းလာယင် သူလုပ်ချင်တာလုပ်ပါစေ၊ အတွင်း ပစ္စည်းတွေကို မာမီသေတဲ့အခါ ခွဲယူကြ၊ ဘာတွေရှိတယ်ဆိုတာ ရှေ့နေရှေ့မှာ စာရင်းလုပ်ပေးထားမယ်၊ အဲဒါ မာမီ့အစီအစဉ်နဲ့ ဆုံးဖြတ်ချက်ပဲ၊ မာမီရဲ့ အစီအစဉ်နဲ့ဆုံးဖြတ်ချက်ကို သားရော

www.burmeseclassic.com



သမီးပါ ဖေဖေဒါက လုံးဝမတက်ရဘူး၊မပြင်ရဘူး၊ မာမီ အဖေသ ဖြောင့်စေချင်ယင် မင်းတို့နှစ်ယောက်စလုံး မာမီ အစီအစဉ်ကို သဘောတူရလိမ့်မယ်”

ဒေါ်ထက်ထက်က တိုတိုနှင့်လိုရင်းကို တွဲတိုးကြီး ပြောချလိုက်ရာ သည်သို့သော စကားမျိုး ပြောလိမ့်မည်ဟု ထင်မှတ်မထားသမို့ နှစ်ယောက်စလုံး အံ့သြတကြီးဖြစ်ပြီး အံ့အားသင့်လျက် တယောက်နှင့်တယောက် အကြည့်ချင်း ဆုံသွားရသည်၊

တင်မောင်မြင့်မှာ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိ၊ အတန်ကြာမှ တုံ့ပြန်စကား ဆိုလိုက်ရသည်။

“မာမီရယ်... သားမှာ ဒီလိုစိတ်ထားမျိုး သဘောမျိုး လုံးဝမရှိပါဘူး၊သား ရဲ့ရည်မှန်းချက် ပျက်သွားလို့သာ ယူကြုံးမရဖြစ်ပြီး ပြောမိတာပါ၊မာမီပစ္စည်းကို ရကောင်းစေ ဆိုတာမျိုး သားဘယ်တုန်းကမှ မမျှော်ကိုးခဲ့ပါဘူး၊သား ဂျပန်ပြည်ကို ပြန်မသွားချင်လို့ ဒီကားနဲ့ လုပ်စားတော့မယ်လို့ ဆုံးဖြတ်ခဲ့တာပါ၊ ဒီရောက်တော့ ဘယ်လိုမှမမျှော်လင့်တဲ့ အခြေအနေကို ကြုံတွေ့ရလိုက်ရတော့ ရင်ထဲမှာ နင့်ကနဲနေအောင် ခံစားလိုက်ရပါတယ်၊ ဒီကားဟာ သားတယောက်တည်းအတွက် မဟုတ်ပါဘူး၊ တမိသားစုလုံးအတွက်ပါ၊ ကိုဇော်က တကိုယ်ကောင်း လုပ်သွားတော့....”

တင်မောင်မြင့်မှာ ပြောနေယင်း မျက်ရည်များ သွယ်စီးလာသည်။ သားအမိနှစ်ယောက်မှာလည်း မျက်ရည်မဆည်နိုင်။



မိုက်မဲသူ တယောက်အတွက် တမိသားစုလုံးမှာ နှလုံးသည်းပွတ် ကြိမ်မီးအုံးသည့်သို့နှယ် ခံစားနေရပါလေပြီ။

တင်မောင်မြင့် အိပ်လို့မပျော်၊ ဒေါ်ထက်ထက်နှင့် မော်မော်တို့လည်း အိပ်လို့မပျော်။

* * *

ရန်ကုန်မှာ တနေ့သာနေပြီး တင်မောင်မြင့် မန္တလေးသို့ လိုက်သွားသည်။ ကားကိစ္စအပြင် ဇော်ဇော်နှင့်တွေ့ဖို့။

ရင်ထဲမှာ မှန်းသိပ်ကြုပ်ခဲ့နေသော ခံစားချက်များကို ဇော်ဇော်နှင့် မျက်နှာချင်းဆိုင်ပြီး ဖွင့်အံလိုက်ချင်သည့် ဆန္ဒမှာ တားမနိုင်ဆီးမရ ရှိနေသည်။

လက်သီးပေါက်ပေါက် ထိုးပြီး၊ နင့်နင့်ပိုးပိုး ပြောလိုက်ရယင် မှန်းသိပ်ကြုပ်ခဲ့နေသည့် ခံစားချက်များ လျော့ပါးသွားလိမ့်မည် ထင်၍ပါ။

ကားနှင့် ဇော်ဇော်ကို မတွေ့ရခင် ဒေါ်ကြီးစိုးနှင့် အယင်တွေ့ရ၏။

ကားရှိရာကို လိုက်ပို့သည်။မျက်စိကိုငုံ့မှိတ်၍ မျက်နှာလွှဲပြီး ချက်ချင်း လှည့်ထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကားထားသည့် နေရာတွင် ငါးမိနစ်သော်မှ မကြာ။

ဒေါ်ကြီးစိုးက တင်မောင်မြင့် ဘယ်သို့ခံစားနေရသည်ကို ရိပ်မိလိုက်သည်။ ဇော်ဇော်နှင့် မတွေ့စေချင်။

တင်မောင်မြင့်က မနေ။

ဇော်ဇော်ရှိနေသည့် အခန်းထဲသို့ဒေါ်ကြီးစိုးနှင့် ဇော်ဇော်တို့ ရှေ့ဆင့်နောက်ဆင့် ဝင်သွားကြသည်။

တင်မောင်မြင့် နှုတ်ဖျားမှ ဟာကနဲ အာမေဍိတ်သံ လွတ်ကနဲ ထွက်သွားရသည်။

ဇော်ဇော်က ခုတင်ပေါ်မှာ ခြေလှဲချ၍ ထိုင်နေသည်။ ခြေထောက် တချောင်းတည်း၊ ပေါင်လယ်သာသာမှ ဖြတ်ထားသည့် ငုတ်တိုမှာ ခုတင်စွန်းပေါ်တွင် တင်လျက်။ မျက်နှာတခုလုံးကို ရစ်သိုင်းစည်းနှောင်ထားသည့် ပတ်တီးများကို ဖြုတ်ပစ်လိုက်စေကာမူ ပလာစတာများမှာ မျက်နှာပြင်တခုလုံး ပွစာကျဲနေသည်။

ဇော်ဇော်၏ နှုတ်ခမ်းပေါ်မှာ ... 

ဇော်ဇော်၏ နဂိုရုပ်သွင် လုံးဝမပေါ်လွင်တော့။

တင်မောင်မြင့်လည်း ဒေါ်ကြီးစိုးနည်းတူ မောင်းပြုတ်သွားသည်။

ခေါင်းကို သာသာလေး ခါယမ်းလိုက်မိ၏။

တင်မောင်မြင့် နှုတ်ဖျားမှ နှင့်နှင့်ပိုးပိုး အပြောမျိုး ထွက်မလာတော့၊ ထွက်လည်း မထွက်ရက်။

မပြောရက်မဆိုသာ ရှိသွားသည်မှ ကရုဏာစကားလုံးများသာ ပြေပြေလျှောလျှော ထွက်သွားသည်။



ဇော်ဇော်မှာ မာန်လုံးဝ မရှိတော့ပြီ၊ သူ့အမှားကို သူဝန်ခံ ယင်း အနိမ့်ကျဆုံးသော စကားလုံးများဖြင့် တောင်းပန် စကား ဆိုနေပုံမှာ ဇော်ဇော်လေပေါက်ကဲမှ ဟုတ်ပါလေစ ဟု ဆိုရမည်သို့ ရှိပါချေ၏။

တင်မောင်မြင့် ရင်ထဲမှာ တလှပ်လှပ် ဖြစ်လာသည်။ မျက်ရည် လည်လာသည်။ ခွင့်လွှတ်နှစ်သိမ့်သည့် စကားလုံးများသာ ကရားရေသွန်ဘိသို့။

မိဘ ညီအစ်ကို မောင်နှမသားချင်းများက ခွင့်လွှတ်သည့်တိုင် လောကဓံတရား၏ ဒဏ်ခတ်ခြင်းကိုမူ မလွဲမသွေ ဆက်လက်ခံစားရတော့မည် ပါလေ။

www.burmeseclassic.com

www.burmeseclassic.com

(တစ်ဆယ့်ခုနစ်)

မန္တလေးအပြန်ခရီးတွင် ရင်ထဲမှာ မွန်းသိပ်ကြပ်တောင့်နေသည့် ခံစားမှုများ လုံးဝပြေလျော့သွားပါလေပြီ။

ဇော်ဇော်တယောက် မိုက်ချင်သော်မှ မိုက်နိုင်စွမ်းမရှိတော့ပြီ။ သူများပြုမှ နေရမည့် သူ့ဘဝတွင် ထင်ရာမစိုင်းနိုင်ပြီမို့ အမွေခွဲဝေရေးပြဿနာကို လုံးဝ လျစ်လျူရှုရန် ဆုံးဖြတ်လိုက်၏။

ဒိုင်နာကားကို မျက်မြင်အခြေအနေအတိုင်း ရောင်းမည်၊ မပြည့်ဝသေးသည့် ရည်မှန်းချက်ကို ဆက်လက် အကောင်အထည်ဖော်ရန် ဂျပန်ပြန်ဖို့ ဆုံးဖြတ်ချက်ကို အခိုင်အမာ ချမှတ်လိုက်ပါပြီ။



"သားရဲ့မြင့်မြတ်တဲ့ ခွင့်လွှတ်မှုကို မာမီရဲ့နှလုံးသားထဲမှာ ထာဝရ သိမ်းဆည်းထားပါမယ် သားရယ်။ မာမီတို့အတွက် ဘာပစ္စည်းမှ မပို့ပါနဲ့၊ သားရဲ့ရည်မှန်းချက် အောင်မြင်ဖို့ကိုသာ အာရုံထားပြီးလုပ်ပါ။ မာမီထားခဲ့တဲ့ အမွေအနှစ်တွေကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်နိုင်မယ့် သူဟာ သားပါပဲဆိုတာကိုတော့...."

ဒေါ်ထက်ထက်မှာ ရှေ့စကာမဆက်နိုင်တော့။ ရင်ထဲဆို့နစ်မှုကို မျက်ရည်များ သွန်ထုတ်၍....။

တင်မောင်မြင့်က ဒေါ်ထက်ထက် လက်နှစ်ဘက်ကို ဆုပ်ကိုင်ပြီး လှိုက်လှဲသော နှစ်သိမ့်စကားဖြင့် မျက်ရည်များကို သိမ်းဆည်းပေးလိုက်သည်။

"မာမီစိတ်ချမ်းချမ်းသာသာနဲ့ ကျန်းမာအောင်သာနေပါ၊ ကျွန်တော် အသက်ရှင်နေသမျှ အားလုံးအတွက် တာဝန်ယူသွားပါမယ်။ ဒါဟာ ကျွန်တော်ရဲ့ နှလုံးသား ကတိပါပဲ မာမီ...."

"သာဓုကွယ်....သာဓု သားကတော့ ဘုန်းကြီးလို့သက်ရှည်မှာပါ"

လေဆိပ်သို့ သုံးယောက်စလုံး လိုက်ပို့ကြသည်။ ဇော်ဇော်မပါ၊ ဇော်ဇော်ကို ခွင့်လွှတ်နှစ်သိမ့်စကားဆိုပြီး အိမ်မှာ ထားခဲ့ခဲ့သည်။ ချိုင်းထောက်နှင့် လမ်းလျှောက်နေရသည်မှာ အသားမကျသေး။

လေဆိပ်ဧည့်ခန်းမှာ ဝိုင်းဖွဲ့ထိုင်နေသည့် မိသားစု မျက်နှာများပေါ်မှာ ကြည်ကြည်မြမြ အပြုံးပန်း ပွင့်လန်းနေသည်

www.burmeseclassic.com



"ကျေးဇူးပြု၍ နားသောတဆင်ပါရှင်"

'ဘန်ကောက်မြို့သို့ အက်ဖ်နှစ်ဆယ့်ရှစ် လေယာဉ်နှင့် လိုက်ပါမည့် ခရီးသည်များ အသင့်ပြင်ထားရန် နှိုးဆော်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ရှင်"

"သား သွားတော့မယ်နော် မာမီ၊ ညီမသွားတော့မယ် ဒေါ်ကြီးစိုး၊ ညီမလေး၊ မာမီနဲ့ဒေါ်ကြီးစိုးကို ဂရုစိုက်နော် ကိုဇော်ကိုလည်း အားမငယ်စေနဲ့"

မျက်ရည်ဝိုင်းလျက် ပြုံးတူခေါင်းညိတ်လိုက်ကြသည်။

ပြည်ပလေဆိပ် ဧည့်ဆောင်တံခါးဝ မရောက်ခင် ကပ်လျက် ပါလာသူ ဒေါ်ကြီးစိုးက တိုးညှင်းသောစကား ဆိုလာသည်။

"နဖူးစာဆိုတာရှာလည်းတတ်ပါတယ်ကွယ်၊လည်ချင်းလည်ယင် ကိုယ့်တိုင်းပြည်မှာပဲ လည်ပါကွယ်၊ မော်မော်အတွက်"

တာ်မောင်မြင့်က တုံ့ပြန်စကားမဆို ခေါင်းညိတ်လိုက်သည်။

ပြေးလမ်းပေါ်တွင် တရိပ်ရိပ် ပြေးနေသည့် လေယာဉ်ကြီးမှာ လေထဲသို့ ကြွတက်သွားရာမှ လေဟာပြင်နယ်ထဲသို့။ အောက်သို့ငုံ့ကြည့်လိုက်သည်။

မြင်ကွင်းမှာ မပီပြင် မှုန်ဝါးဝါးနှင့်။

* * *



ဝ်ကျိုလေးင်ပ်တုင် ‹ စောင့်ကြိုနေမည့် မိချိုကို၏အပြုံးမှာ "ခွင့်လွှတ်ခြင်းသည် ကြီးမားမြင့်မြတ်သော အောင်မြင်မှုပါလေ"

နားကြပါဦးစို့

စာချစ်သူများကို အစဉ်လေးစားလျက်

ကျော်မြသန်း

၈၆၊ ဇန်နဝါရီလ–၁၆။

www.burmeseclassic.com